

www.burmeseclassic.com
ဉာဏ်ဝင်းစာပေ
မြစိမ်းခင်

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၅၀၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၆၆၀၈၀၇

**ထုတ်ဝေခြင်း**
ဒုတိယအကြိမ်
၂၀၀၇၊ ဩဂုတ်လ

**အုပ်ရေ**
၁၀၀၀ အုပ်

**တန်ဖိုး**
သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်

**စီစဉ်သူ**
ဒေါ်ရွှေရွှေမော်

**ထုတ်ဝေသူ**
ဒေါ်ရွှေရွှေမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်ခင်နွဲ့ (၀၆၅၅၆၇)
ငွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး
ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၃၁ လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့၏ မိုင်ဒါဈေး။

အတန်းလိုက် စနစ်တကျအကွက်ချကာ ကုန်ပစ္စည်းမျိုးစုံ ရောင်းချနေသော ဈေးအတွင်းဝယ် ဈေးသွားဈေးဝယ်များက စည်ကားလွန်းလှပါသည်။

ဈေးရှေ့ အဝင်ပေါက်မှ သစ်လွင်တောက်ပသော ကား လှလှလေးတစ်စီးက ညင်သာစွာ ထိုးဆိုက်လာကာ ကားများ ရပ်ထားရာနေရာတွင် အသာလေး ဝင်ရပ်လိုက်ပါသည်။

နောက်ဆုံးပေါ် ကားလှလှက အစိမ်းရောင်တောက်တောက် မှို့ နံနက်ဦး နေရောင်ခြည်တွင် ထင်ထင်ရှားရှား ပေါ်လွင် နေရသည်။

ဗျားပန်းခပ်မျှ သွားလာနေကြသော လူအများထဲမှ တချို့သော လူများက ထိုကားလေးကို စိတ်ဝင်စားစွာ လိုက်၍ လှမ်းကြည့်နေမိကြ၏။

ကားလေးရပ်သွားပြီးနောက် ကားဘေးမှ တံခါးပေါက် တလေး ဟာခနဲ ပွင့်သွားပြီး လှပသော ခြေထောက်လေး တစ်ချောင်း အရင်ထွက်လာ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြေဖမိုး ဝင်းဝင်းလေးက စီးထားသော ပင်စယ်လ်ဟီး ဒေါက်မြင့်ခွါသေး ဖန်ဖိနပ်လေးနှင့်အတူ မြေကြီးပေါ်သို့ ခြေချ မိပြီးနောက် နောက်ခြေလေးတစ်ဖက် စုံထောက်မိပြီးချိန်မှာ အစိမ်းရောင် ဝတ်စုံလေးနှင့် မိန်းကလေးတစ်ဦး ဘွားခနဲ ပေါ်လာပါတော့သည်။

အို ... လှလိုက်တာ။

ကျက်သရေရှိလိုက်တဲ့ မိန်းကလေး။

ကားကစိမ်းစိမ်း၊ လူကလည်း အစိမ်းရောင်မင်းသမီးလေး။

လူတွေ စိတ်ဝင်စားသွားကြ၏။

ကြည့်ပါဦး ...

မြစိမ်းရောင်မင်းသမီးဟုပင် ခေါ်ရတော့မလို ဖြစ်နေသော အမျိုးသမီးလေး၏ လက်ဝတ်ရတနာများကလည်း အားလုံး စိမ်းဖန့်နေသော မြသားလက်လက်ကလေးများဖြင့် ပြုလုပ် ထားသည်။

မြနားကပ်၊ မြလည်ဆွဲ၊ မြလက်ကောက်၊ မြလက်စွပ်။

အို ... အစိမ်းရောင်ကို အထူးပင်စုံမက်နှစ်သက်ဟန်တူသော မိန်းကလေး၏ မျက်ဝန်း ရွှန်းရွှန်း လှလှလေးတွေကလည်း အေးအေးစက်စက် စိမ်းစိမ်းကားကားဟု ဆိုရလောက်အောင် ခပ်တင်းတင်းကလေး မော့ချီထားပါသော်လည်း ရက်ရက် စက်စက် လှလွန်းသော မျက်နှာ၏အလှကို လျော့မသွားပါပေ။

အမျိုးသမီးက သူမ၏ ဖွေးနု ဥနှစ်နေသော လက်ချောင်း လှလှလေးဖြင့် ကားထဲမှ တစ်စုံတစ်ရာကို လက်ကမ်းနေပြန် ပါသည်။





ဟော ...

ကားထဲမှ ငါးနှစ်အရွယ်သမီးလေးတစ်ယောက် အမျိုးသမီး ၏ လက်ကိုဆွဲကာ ထွက်လာပြန်သည်။

အဖြူဆွတ်ဆွတ် ဂါဝန်ပွပွ အနားတွန့်ဇာလှလှလေးတွေ နှင့်မို့ ကလေးမလေး၏ ပန်းဆီသွေးလို ရဲနေသော မျက်နှာနုနု ဖောင်းဖောင်းလေးမှာ ဂျပန် ကော်ပတ်ရုပ်ကလေးအလား ချစ်စရာကောင်းလွန်းလှ၏။

ကလေးမလေးကို ခပ်ငုံ့ငုံ့ကလေး လှမ်းဆွဲနေသော အမျိုးသမီး၏ မျက်နှာလေးမှာ ကြင်နာယုယမြတ်နိုးမှုဟူသော ရသစုံမျက်နှာဖြင့် ကြည်စင်နေရသည်။

"မေမေ"

"ဟင် ... သမီး၊ ဘာလဲ"

"ကြေးအိုး သောက်မယ်နော်"

"ဈေးထဲ အရင်ဝင်ရအောင်လေ သမီးရယ်"

"ဟင့်အင်း ... ဟင့်အင်း၊ ကြေးအိုးအရင်သောက်ချင်တယ် မေမေရဲ့၊ နော်"

"အင်း အင်း ... ကောင်းပါပြီကွယ်၊ လာ ... သမီး"

ပြုံးယောင်ယောင်လေးပြောရင်း ကြေးအိုးဆိုင်ရှိရာဘက်သို့ သားအမိနှစ်ယောက်လက်တွဲကာ လျှောက်သွားကြပါသည်။

"လှလိုက်တာနော်၊ ဝါဝါဝင်းရွှေလား ထင်ရတယ်"

"လှတာထက် ကျက်သရေရှိတာက ပိုတယ်"

"ကလေးလေးကလဲ ချစ်စရာလေး"

www.burmeseclassic.com

www.burmeseclassic.com



"သားအမိမှန်း မျက်နှာလေးနှစ်ခုက သိပ်သိသာတာပဲ"

"အတော့်ကို ချမ်းသာမယ့်ပုံဖဲ"

"ဝတ်စားထားတာကရော၊ ကားရော အစိမ်းရောင်ဆိုတော့ မြစိမ်းမင်းသမီးဖြစ်မယ်"

"ထွင်တာလားမသိ"

"မျက်နှာလေးက ထွင်တဲ့ပုံမဟုတ်ဘူးထင်တယ်၊ ခံစားချက်မျက်နှာမျိုး"

"ဟုတ်တယ် ... အစိမ်းရောင် ဆိုတာ တော်ရုံတန်ရုံလူရဲ့ အသားအရောင်နဲ့ သိပ်မလိုက်ဘူး၊ အသားဖွေးတဲ့ အရောင်၊ ဒါတောင် ... အဲဒီ အမျိုးသမီးလေးရဲ့ အသားအရောင်က ဝင်းဝင်းစက်စက်လှလွန်းလို့ အရောင်က သူ့အလှကို မဖုံးနိုင်တော့ဘူး"

ဈေးထဲရှိ ဈေးဝယ်ဈေးသယ်တို့၏ တီးတိုးဝေဖန်သံလေးများ ပွစိပွစိထွက်လာကြ၏။

သူတို့အားလုံး စိတ်ဝင်စားနေကြသော အမျိုးသမီး၏ အမည်မှာ မြစိမ်းခင် ဖြစ်ပါသည်။

မှန်ပါသည်။ အစိမ်းရောင်ကိုနှစ်သက်လွန်းသော မြစိမ်းခင်ပါ။

မြစိမ်းခင်အနေဖြင့် တော်ရုံတန်ရုံ အပြင်ထွက်ခဲတတ်ပါသည်။

စိတ်လိုလက်ရ တစ်ခါတစ်ရံမှသာ ဈေးလာတတ်သဖြင့် သူမအား သိသူ နည်းပါးလှ၏။



မြစိမ်းခင် အပြင်ထွက်ခဲသလို တစ်ခါတလေမှ ထွက်ပြန်လျှင်လည်း အစွမ်းကုန်ပြင်ဆင်ပြီးမှထွက်တတ်တာမို့ မြင်သူတိုင်းက တငေးတမော ကြည့်မိရစမြဲ မဟုတ်ပါလား။

ပြီးတော့ မြစိမ်းခင်ပြင်ဆင်သမျှအဝတ်အစားနှင့် လက်ဝတ်လက်စားများကလည်း အစိမ်းရောင်ပါသော အဝတ်အထည်နှင့် ရတနာများသာ ဖြစ်စေရသည်။

ကျန်အရောင် ကျန်ရတနာများ လုံးဝမသုံး။

မြစိမ်းခင်သုံးသော အစိမ်းရောင်များက ကျောက်စိမ်းရောင် တောက်တောက်၊ နို့နှစ်စိမ်းရောင်၊ အစိမ်းရင့်ရင့်၊ အစိမ်းပုပ်အရောင်များသာ။

ရတနာဆိုလျှင်လည်း မြ ကို ပုံစံအမျိုးမျိုး၊ ကျောက်စိမ်းပုံစံအမျိုးမျိုးကိုသာ အလဲအလှယ်ပြုလုပ်ထား၍ ဝတ်ဆင်သည်။

ခုလည်း ပုလဲရှုံ ကျောက်စိမ်းရောင် ရင်စေ့လက်ရှည်နှင့် ထိုင်းစစ်လုံချည် ကျောက်စိမ်းရောင်ဝတ်စုံကို သေသပ်ချပ်ရပ်စွာ ဝတ်ဆင်ထားသဖြင့် သွယ်လျပြည့်တင်းသော ကိုယ်လုံးသွယ်သွယ်လေးနှင့် လိုက်ဖက်လွန်းနေရ၏။

သားအမိနှစ်ယောက် ကြေးအိုးသောက်ပြီးနောက် ဈေးထဲသို့ ဝင်၏။

လိုအပ်သောပစ္စည်းများ ဝယ်သည်။

လူတွေ၏ မျက်စိက မြစိမ်းခင်တို့ အရိပ်ကွယ်သည်အထိ တမေ့တမော ငေးကြည့်မိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခြမ်းပြီး အထုပ်တွေပွေ့ကာ ထွက်လာသော မြစိမ်းခင်တို့ သားအမိအား ဈေးအဝင်နား ကွမ်းယာဆိုင်ဘေးမှ လူတစ်ယောက်က မမှိတ်မသုန် ကြည့်နေလေသည်။

ထိုလူ၏ အဝတ်အစားများမှာ အကွက်မပေါ်တော့သော ရှပ်အင်္ကျီ လက်တို အဟောင်းလေးနှင့် ချည်ကြမ်းလုံချည်အဟောင်းတို့ကို သိမ်ငယ်ချို့တဲ့စွာ ဝတ်ထားပါသည်။

သူ၏မျက်ဝန်းများတွင် ...

ဝမ်းနည်းကြေကွဲခြင်း

နှမြောတမ်းတခြင်း

နောင်တရခြင်း

မဝံ့မရဲဖြစ်ခြင်းစသော အရိပ်များ တရိပ်ရိပ်ဖြတ်ပြေး နေကြလေသည်။

မြစိမ်းခင်က ကားဆီရောက်လျှင် ပစ္စည်းထုပ်များကို ကားအမိုးပေါ် ခဏလေးတင်ပြီး ကားတံခါးကို ဖွင့်ကာ သမီးငယ်အား အရင်ဝင်ခိုင်း၏။ ပြီးလျှင် ပစ္စည်းထုပ်များ ပြန်ယူပြီး ကားနောက်ခန်းဆီ လှမ်းတင်လိုက်၏။ အားလုံးပြီးသော် ကားထဲသို့ ဝင်ရန် ကားတံခါးကို ကိုင်လိုက်သည်နှင့် ...

"စိမ်း"

ခေါ်သံကြောင့် ဆတ်ခနဲ ဖြစ်သွား၏။

အသံလာရာသို့ ခေါင်းလေးငဲ့ပြီး လှည့်ကြည့်လိုက်ရာ ...

"ဟင် ..."



မြစိမ်းခင်၏ မျက်ဝန်းများတွင် ရှုံ့မဲ့မုန်းတီး နာကြည်းလှစွာသော ခံစားချက်များ ချက်ချင်း ဖြစ်ထွန်းလာရပြီး ချာခနဲ မျက်နှာလွှဲကာ ကားထဲသို့ဝင်ရန် ကြိုးစားလိုက်၏။

သို့သော် မြစိမ်းခင်ကတော့ ကားထဲရောက်သွား၏။ ကားတံခါးကို ထိုလူဖမ်းဆွဲထားသဖြင့် တံခါးပိတ်မရဘဲ ဖြစ်နေ၏။ ထိုလူက ကိုယ်လေးကိုင်း၍ ...

"စိမ်းရယ် ... စိမ်းနဲ့ ခဏလေး စကားပြောပါရစေနော်"

"အို ... ရှုပ်ရှုပ်ယှက်ယှက်၊ ရှင် ဖယ်ပါ"

မြစိမ်းခင်က တင်းမာသော မျက်နှာထားဖြင့် ပြောပြီး ကားတံခါးကို ရုတ်တရက်ဆောင့်ဆွဲကာ ဒိုင်းခနဲနေအောင် ပိတ်ချလိုက်တော့၏။

"အား ..."

တံခါးညပ်နေသဖြင့် နာကျင်စွာအော်လိုက်သော ထိုလူကို မြစိမ်းခင်က စိမ်းကားစူးရဲသောမျက်ဝန်းများဖြင့် တစ်ချက်ကြည့်ပြီး ကားစက်နှိုးလိုက်၏။

"စိမ်း"

သွေးခြည်ဥနေသော လက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ထိုလူက ဝမ်းခေါင်းသံကြီးဖြင့်ခေါ်ကာ ကားရှေ့ဝယ် သွားရပ်နေလိုက်ပြီး ...

"စိမ်းရယ် ... မောင် တောင်းပန်ပါတယ်၊ ခဏလေး စကားပြောပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဖယ်မလား မဖယ်ဘူးလား၊ တစ်ခွန်းပဲပြော၊ ရှင်နဲ့ ကျွန်မ ဘာမှ ပြောစရာစကား မရှိဘူး၊ ရှေ့က ဖယ်"

"မဖယ်ပါရစေနဲ့ စိမ်းရယ်၊ စိမ်းကို မောင် တောင်းပန်စကား တွေ ပြောပြီးမှ ..."

"အို ... ကျွန်မမှာ အချိန်မရှိဘူး"

"ဆယ်မိနစ်လောက်ပါ စိမ်းရယ်"

မြစိမ်းခင် နှုတ်ခမ်းကို ကိုက်ရင်း အံကြိတ်လိုက်၏။

ဈေးရှေ့မှာမို့ လူတွေက မျောက်ပွဲကြည့်သလို စိတ်ဝင်စားစွာ ကြည့်နေကြသည်မို့ ...

ရှက်ခြင်း၊ ဒေါသထွက်ခြင်း၊ နာကြည်း မုန်းတီးခြင်း စသော ခံစားချက်များစွာဖြင့် တံခါးကို ဖျတ်ခနဲဖွင့်ကာ ဆင်းလိုက်ပြီးမှ ခါးတစ်ဖက်ထောက်ကာ ...

"ဒီမှာ ... ရှင် အသေခံပြီး ရှေ့ကပိတ်ထားပေမယ့် ကျွန်မ ထောင် အကျမခံနိုင်ဘူးရှင့်၊ ရှင့်လို ယုတ်မာတဲ့လူနဲ့ ကျွန်မရဲ့ ကားနဲ့လဲ မထိချင်ပါဘူး၊ သနလွန်းလို့"

"စိမ်းရယ်၊ မောင်လေ ..."

"ဒီမှာ ... ရှင် အရှက်မရှိတိုင်း ပေါက်ကရ လျှောက်ပြောမနေပါနဲ့၊ ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မသိခဲ့ဖူးဘူး၊ ရှေ့က ဖယ်ပါ၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့"

ပြောရင်း မြစိမ်းခင် လက်တစ်ဖက်က ကားဟွန်းကို အဆက် မပြတ် နှိပ်လိုက်၏။ ကားဟွန်းသံကြောင့် ဈေးရှေ့မှ ယဉ်ထိန်း



ရဲကြီးက လှမ်းကြည့်သဖြင့် မြစိမ်းခင်က ယဉ်ထိန်းရဲ ရှိရာ လမ်းဘေးသို့ သွားကာ ...

"တစ်ဆိတ်လောက် ကူညီပါရှင့်၊ ကျွန်မရဲ့ ကားရှေ့မှာ လူရမ်းကားတစ်ယောက် နှောင့်ယှက်နေလို့"

ရဲကြီးက ခေါင်းညိတ်ပြရင်း လိုက်လာပါသည်။

ပြီးနောက် ကားရှေ့မှ ကားခေါင်းကို လက်နှစ်ဖက်ထောက်ကာ ခေါင်းငိုက်စိုက်ချ မူးနေဟန်တူသော လူရမ်းကားအား လည်ကုပ်မှဆွဲကာ ဘေးဖယ်ပေးလိုက်၏။ ထိုလူက ယက်ကန် ယက်ကန် ပါသွားရင်း ...

"စိမ်း"

"ကျေးဇူးတင်ပါတယ် ရှင်"

ရဲကြီးအား ကျေးဇူးတင်စကား ပြောအပြီး မြစိမ်းခင်က ကားထဲဝင်ကာ ကားလေးကို လျှောခနဲ မောင်းထွက်သွားပါ တော့သည်။

နောက်ကြည့်မှန်ထဲမှ ထိုလူ၏ လက်တစ်ဖက်မြှောက်ကာ လှမ်းခေါ်သော ဟန်နှင့်အတူ ရဲကြီး၏ လက်ဝါးစောင်းက မြှောက်ခနဲတက်သွားပြီး ရိုက်ချလိုက်သဖြင့် ငိုက်ခနဲဖြစ်သွား သည်ကို မြင်လိုက်ရလျှင် မြစိမ်းခင်၏ တင်းတင်းစေ့နေသော နှုတ်ခမ်းလေးက ကွေးကွေးလေး ဖြစ်သွားကာ ခပ်မဲ့မဲ့ ပြုံးပစ် လိုက်ပါတော့သည်။

"မမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သမီးအသံကြားမှ မြစိမ်းခင်သတိဝင်လာရပြီး လက်တစ်ဖက်ဖြင့် သမီးကို လှမ်းဖက်လိုက်ရသည်။

"ခုနက သူတောင်းစားလား ဟင် မေမေ"

"ဟင်"

ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရသော သမီး၏ အမေးကို ရုတ်တရက်မဖြေမိ။

"အရူးကြီးလားဟင် မေမေ၊ သမီး ကြောက်လိုက်တာ"

"အို ... သမီးရယ်"

မျက်လုံးလေး ကလယ် ကလယ်နှင့် သမီးလေးကို တင်းတင်းလေး ဖက်လိုက်ရင်း ...

"ရူးနေတဲ့ သူတောင်းစားကြီးပါ သမီးရယ်၊ ခုတော့ ကြောက်စရာ မလိုတော့ဘူးလေ၊ ရဲကြီးက ဖမ်းသွားပြီ"

"ဟုတ်တယ်နော် မေမေ ... အရူး သူတောင်းစားကြီးက ကြောက်စရာ မုန်းစရာ ကောင်းတယ်၊ ရဲကြီးကို ကျေးဇူးတင်လိုက်တာ မေမေရယ်"

"သမီးရယ်"

သမီးလေးအား လက်တစ်ဖက်ဖြင့်ပွေ့ထားရင်း ကားကို ဂရုစိုက်စွာ မောင်းနေရ၏။

မြစိမ်းခင်၏ရင်ထဲမှာတော့ ဒဏ်ရာဟောင်းတို့က တစစ်စစ် နာကျင်လာရသည်။

ဒေါသကြောင့် မျက်ဝန်းမှာ နီရဲစိုစွတ်လာကြသည်။



မြစိမ်းခင် အံတစ်ချက်ကြိတ်ရင်း မျက်နှာလေးကို ဆတ်ခနဲ ခါပစ်လိုက်၏။

အို ... စိတ်ဆင်းရဲစရာတွေ ဘာလို့ ခေါင်းထဲသွင်းရမှာလဲ။

မတွေးဘူး ... မတွေးဘူး။ လူမဆန်တဲ့လူအတွက် ငါ ဘာလို့ စိတ်လှုပ်ရှားရမလဲ။

ဟွန်း ... မုန်းတယ်။ တူးတူးခါးခါးကို မုန်းတယ်။

တစ်သက်လုံး မကျေဘူး။ ဘယ်ဘဝရောက်ရောက် အခဲ မကျေနိုင်ဘူး။

"တောက်"

"ဟင် ... မေမေ"

ခံစားရလွန်းသောစိတ်ဖြင့် တောက်တစ်ချက် ခေါက်လိုက်မိသောကြောင့် သူပွေ့ထားသော သမီးလေးခမျာ ဆတ်ခနဲ တုန်သွားရှာသဖြင့် မြစိမ်းခင်မှာ ကမန်းကတန်း စိတ်ကို ထိန်းလိုက်ပြီးမှ ...

"အို ... လန့်သွားလား သမီးရယ်၊ မေမေ သတိလစ်သွားလို့ကွယ်"

"မေမေ ဘာဖြစ်လဲဟင်၊ စိတ်ဆိုးနေလား မေမေ"

"အင်း ... မေမေ စိတ်ဆိုးသွားတယ် သမီးရယ်"

"ခုနက အရူးသူတောင်းစားကြီး လာနှောင့်ယှက်လို့လား ဟင်"

"အေးပေါ့ သမီးရယ်"

"ဟော ... အိမ်ရောက်ပြီ"

ဉာဏ်ဝင်းစာပေ
www.burmeseclassic.com

www.burmeseclassic.com



ကားလေးက လှမခံ့ညားသော တိုက်ဝါဝါကြီး၏ ရှေ့မှာ တံ့ခနဲ ရပ်သွား၏။

"ပွမ်"

ကားသံကြောင့် အိမ်ဖော်မလေးတစ်ယောက် ပြေးထွက်လာပြီး ကားပေါ်မှဆင်းသွားသော မြစိမ်းခင်တို့သားအမိဝယ်လာခဲ့သော အထုပ်များကို လှမ်းယူကာ အိမ်ထဲဝင်သွားပါတော့သည်။

"ဟော ... သမီးတို့ ပြန်လာကြပြီကိုး၊ ဘာတွေစားခဲ့သလဲ မီးမီးရယ် ဟင်၊ ဘွားဘွားကို ပြောပါဦး"

ဧည့်ခန်းတွင် တရားစာဖတ်နေသော ဒေါ်ခင်ထားက သမီးနှင့် မြေးကို ကျေနပ်ပြုံးလေးဖြင့်ကြည့်ကာ မေးလိုက်ပါသည်။

မီးမီး ဟုခေါ်သော မြေးမငယ် စမ်းသော်တာခင်လေးက ဘွားအေဆီ ပြေးကာ ရင်ခွင်ထဲ ဝင်ထိုင်ရင်း ဒေါ်ခင်ထား၏ မျက်နှာကို မော့်ကြည့်ပြီး ...

"ဘွားဘွား"

"ဟော"

"မီးမီးတို့လေ ကြေးအိုးသောက်ခဲ့တယ်"

"ဟုတ်လား ... ကောင်းရဲ့လား မီးမီးရဲ့"

"သိပ်ကောင်းတယ် ဘွားဘွားရဲ့ ပြီးတော့လေ ..."

အပြင်သွားစီးဖိနပ်ကို တိုက်ထဲစီးသောဖိနပ်နှင့် လဲလှယ်စီးနေသော မိခင်ဖြစ်သူ မြစိမ်းခင်အား တစ်ချက်လှမ်းကြည့်ရင်း...

"ဈေးမှာလေ အရူးသူတောင်းစားကြီးတစ်ယောက်နဲ့ မေမေနဲ့ ရန်ဖြစ်တယ် ဘွားဘွားရဲ့"





"ဟဲ့ ... ဘယ်လို၊ ဘာပြောတယ်၊ ဘာဖြစ်ကြတယ်"

ဒေါ်ခင်ထားက ပျာပျာသလဲ မေးနေသဖြင့် မြစိမ်းခင်က သက်ပြင်းလေးတစ်ခုကိုမသိမသာချရင်းဘာမှမဖြစ်သလိုလိုနှင့် ...

"ဩော် ... အရက်မူးနေတဲ့ လူရမ်းကား၊ အို ... ဟို ... ဟို အရူးလိုလို၊ သူတောင်းစားလိုလို လူတစ်ယောက် ကားရှေ့မှာ ရှုပ်နေလို့ ... ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး မေမေရယ်၊ ယာဉ်ထိန်းရဲကို အကူအညီတောင်းပြီး ရှင်းခိုင်းလိုက်ရတယ် အဟင်း"

ခပ်ပေါ့ပေါ့ သူ ပြောသော်လည်း ... ဒေါ်ခင်ထားက မျက်မှောင်ကြုတ်၍ ...

"ဟိုအကောင်များလား သမီးရယ်"

"အို ... မဟုတ်ပါဘူး မေမေရဲ့ တခြားပါ"

"အေး ... အေး၊ အသွားအလာ သတိထားပါကွယ်၊ အင်း ပြောသာ ပြောရတယ်၊ သမီးကလဲ အပြင်ထွက်ခဲပါဘိသနဲ့၊ မေမေကတော့ ဟိုအကောင် ထပ်ပြီး နှောင့်ယှက်မှာကို ပူနေမိတယ်ကွယ်"

"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ မေမေရယ်၊ ပြီးတော့ သမီးကလဲ နုလပိန်းတုံး ထုံထုံအအမိန်းမ မဟုတ်ပါဘူး၊ တစ်ခါပဲ အညာခံမယ်"

"မေမေတော့ ကိုယ်မွေးတဲ့မျောက် ကိုယ်ပြန်ခြောက်တဲ့ အဖြစ်မို့ ဒုတိယအကြိမ် ပြန်ပြီးပတ်သက်လာရမှာ သေမလောက် ကြောက်မိတယ် သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



“သမီးက ကိုယ်တိုင် အမိကခံစားရတဲ့သူမို့ ဘဝအဆက်ဆက်တောင်မှ မှတ်မိနေရင် ဝေးဝေးက ရှောင်မှာပါ မေမေ၊ ဒီဘဝမှာတော့ အဲဒါနဲ့ပတ်သက်ပြီး ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး မေမေရယ်”

“အေးကွယ်၊ သာဓု ... သာဓု၊ မေ့မေ့သမီးနဲ့ မြေးမလေးတို့ကို သနားမဆုံးပါဘူးကွယ်၊ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲပြည့်စုံပါစေ၊ မိစုံဖစုံမဟုတ်တဲ့ ဘဝလေးဟာ အင်မတန်မှ သနားစရာကောင်းတာမို့ မေမေ့မြေးမငယ်လေးကို အစစ လိုလေသေးမရှိအောင် ဂရုစိုက်ပြီး အလိုလိုက်ရတော့မှာပေါ့လေ”

“ကားမောင်းရတာ ခေါင်းထဲ အုံတုံတုံဖြစ်နေလို့ သမီး ခဏသွားလှဲလိုက်ဦးမယ်နော် မေမေ”

“အေး ... အေး၊ သွား ... သွား သမီး”

“လာ ... သမီး၊ အဝတ်လဲလိုက်ရအောင်”

သမီးငယ်ကို လက်ဆွဲ၍ အပေါ်ထပ် အိပ်ခန်းရှိရာသို့ တက်လာခဲ့၏။

သားအမိနှစ်ယောက် အိမ်နေဝတ် ပေါ့ပါးချောင်ချိသော အဝတ်ပွပွကို ရွေးကာ လဲလှယ်လိုက်ပြီးနောက် ...

“သမီး ... အောက်မှာ သွားဆော့နော်၊ မေမေ ခဏလှဲလိုက်ဦးမယ်”

“ဟုတ်ကဲ့ မေမေ”

သမီးလေး ပြေးဆင်းသွားတော့ မြစိမ်းခင်က ခုတင်ပေါ်သို့ လှဲရန် လျှောက်လာလိုက်ပြီး အစိမ်းနုရောင်အခံမှာ တရုတ်နဂါး





အနီရဲရဲပုံပါသော အိပ်ရာခင်းလှလှကို ဆွဲလှန်ပြီးမှ အသာလေးလှဲချလိုက်၏။

ရေမြှုပ်မွေ့ရာက မြစိမ်းခင်တစ်ကိုယ်လုံးကို တစ်ထွာခန့်လောက် နစ်ဝင်သွားအောင် အိစက်ညက်ညောနေပါသော်လည်း အာထိအတွေ့အာရုံ ခံစားမှုကင်းမဲ့စွာ မျက်နှာကြက်ဖြူဖြူလေးကို အဓိပ္ပာယ်မရှိ ငေးကြည့်နေမိ၏။

မျက်စိမှိတ်ထားလိုက်တော့ ...

ထိမထင်သောအမူအရာ။

ပမာမခန့်အပြောများနှင့် နားထဲသို့ သံပူရည်အလား စီးဝင်သွားသောစကားသံများက အသည်းနှလုံးမှာ နစ်ဝင်သန္ဓေစွဲသွားစေတော့၏။

“သွားစမ်းကွာ ... စိတ်ညစ်ရတဲ့အထဲ ဒီကလေးက တကျည်ကျည်နဲ့”

“ဟော့ ... တခြားမှာ သွားအိပ်ကြ၊ နားငြီးတယ်၊ အိပ်ရေးပျက်တယ်”

“ဘာလို့ အလုပ်တိုက်ကို လိုက်လာတာလဲ၊ ကျုပ်ဟာ ခင်ဗျားလင်ကြီးမှန်း လူတိုင်းသိတယ်၊ ဘာမှ မဈာပ်တိုင် လာတက်ပြနေစရာမလိုဘူး၊ တောက်”

“ဟာ မလိုက်နဲ့ မလိုက်နဲ့၊ သူငယ်ချင်းတွေက ဝိုင်းဟားမယ်”

“ဒီလို ပုံပျက်ပန်းပျက် ဖြစ်မယ်မှန်းသိရင် အစကတည်းက မယူဘူးကွာ”



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်ရင် ကွာလိုက်လေ၊ အေး ... မယားပစ္စည်းကို လင်လဲ တစ်ဝက်ပိုင်တယ်နော်"

"မယားငယ် မဟုတ်ဘူးကွ၊ မယားပြိုင် မယားပြိုင် သိလား။ မြန်မာ့ထုံးတမ်းစဉ်လာ ဥပဒေမှာ ယောကျ်ားတစ်ယောက်ဟာ သူ လုပ်ကျွေးနိုင်ရင် မယားဘယ်နှယောက်ယူယူ ကန့်ကွက်လို့ မရဘူးကွ"

"ငါကိစ္စမှာ မင်း ဘာမှဝင်မရှုပ်နဲ့ စိမ်း"

"မင်းကို စိတ်ကုန်နေတာ ကြာလှပြီကွ"

"မင်းကို ငါ့မိန်းမလို့ ပြောရမှာ သိပ်ရှက်တယ်ကွ သိလား"

"အို ..."

မြစိမ်းခင် နားနှစ်ဖက် တင်းကျပ်စွာပိတ်ကာ ခေါင်းခါလိုက်မိသည်။

မကြားချင်ဘူး။ မကြားချင်ပါဘူး။

ခါးသီးသော အချိန်ကာလတွေရဲ့ အကြောင်းကို လုံးဝ ပြန်မတွေးချင်ပေမယ့် လေးနှစ်လုံးလုံး ပြည့်ဖုံးကားချထားပါသော အတိတ်ပန်းချီကားကြီးက နေ့ခင်းက အဖြစ်ကြောင့် တရေးရေး ပြန်လည်ပီပြင်ထင်ရှားလာရပြန်လေပြီ။

ဩော် ... ကျေးဇူးရှိမှ ကျေးစွပ်တတ်တယ်ဆိုတဲ့ စကား။

ကိုယ်ဖမွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်တယ်ဆိုတဲ့ စကားတွေဟာ မြစိမ်းခင်တို့အတွက် သက်သက်ရှိခဲ့လေရော့သလားနော်။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

မော်လမြိုင်မြို့မှ သူဌေးကြီး ဦးချမ်းသာနှင့် သူဌေးကတော် ဒေါ်ခင်ထားဆိုလျှင် မသိသူ မရှိသလောက်ပါပင်။

ချမ်းသာကြွယ်ဝရခြင်း၏ အကြောင်းရင်းကလည်း လုံလုံလောက်လောက်ရှိ၏။

မော်လမြိုင်-မုဒုံသွား ကားလမ်းမဘေးရှိ ရာဘာတောကြီးများနှင့် မဆုံးနိုင်သော လယ်ကွင်းကြီးများကို ဦးချမ်းသာနှင့် ဒေါ်ခင်ထားတို့ ပိုင်ဆိုင်ပါသည်။

နှစ်ဖက်မိဘထံမှ အမွေရသော ရာဘာခြံနှင့် လယ်များကြောင့် တစ်နှစ်တစ်နှစ် ဦးချမ်းသာတို့ဝင်ငွေမှာ မနည်းမနောပါပေ။

အဘယ်ကြောင့်ဆိုသော် ဦးချမ်းသာက တစ်ဦးတည်းသော ရာဘာခြံပိုင်ရှင် သူဌေးသားဖြစ်သလို ဒေါ်ခင်ထားကလည်း လယ်ရှင်သူဌေး၏ တစ်ဦးတည်းသောသမီး ဖြစ်သောကြောင့် ပါတည်း။

သို့သော် ... ထိုခြံနှင့် လယ်များကို ဦးချမ်းသာကိုယ်တိုင်သာရောက် ကြီးကြပ်စရာမလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချယုံကြည်ရသော လူယုံတော် ဦးရွှေမောင်ကို လုံးဝ ဥဿုံလွှဲအပ်ထားသဖြင့် တစ်နှစ်တာအခွန်ဆောင်ပြီး ကျန်သော စပါးများကို ရောင်းတန်ရောင်း၊ လှောင်တန်လှောင်၊ ရာဘာများလည်း ထွက်သမျှ ရောင်းချပြီးလျှင် ငွေထုပ်ပိုက်၍ ဦးရွှေမောင်က ဦးချမ်းသာဆီ လာရောက်ပုံအပ်ပေးစမြဲ။

သစ္စာရှိလူယုံတော်ကြောင့် ဦးချမ်းသာတို့ လုံးဝလှည့်ကြည့်စရာ မလိုတော့။

မြို့ပေါ်မှာ ဇိမ်နဲ့စားရုံပါပဲ။

ဒါပေမဲ့ ဦးချမ်းသာဆိုသည့်အတိုင်း ချမ်းသာဖို့ နည်းလမ်းမှန်သမျှ ဥပဒေနှင့်လွတ်ကင်းလျှင် ကြိုးစားပမ်းစားလုပ်သည်။

'ချမ်းသာပွဲရုံ' ဟူသော ဆိုင်းဘုတ်ဖြင့် ဧရာ၊ ကြက်သွန်၊ အာလူး၊ ပဲများကို လှောင်သည်။ ဖြန့်သည်။

ဒေါ်ခင်ထားကလည်း အိမ်မှာ အလကားမနေ။ ငွေတစ်ရာကို နှစ်ကျပ်တိုးဖြင့် ရွှေအပေါင်လက်ခံသည်။

သည်တော့ တစ်နှစ်တစ်နှစ် ဦးချမ်းသာနှင့် ဒေါ်ခင်ထားမှာ ဝင်ငွေအတွက်က များများလာရပြီး ပို၍ပို၍ ချမ်းသာလာရလေတော့သည်။

ဦးချမ်းသာနှင့် ဒေါ်ခင်ထားတွင် ရှုမငြီးသော ချစ်စရာတစ်ဦးတည်းသောသမီးကား မြစိမ်းခင်ပင် ဖြစ်လေသည်။

ဆွေရာသီကျောင်းပိတ်လျှင် မြစိမ်းခင်တို့ သာယာကုန်းရွာကို သွားလည်နေကျဖြစ်သည်။





သာယာကုန်းရွာတွင် ဦးချမ်းသာ၏လူယုံတော် ဦးရွှေမောင်ရှိသည် မဟုတ်ပါလား။

တစ်နှစ်တွင်တစ်ခါ ပုံမှန်ရောက်လာတတ်သော မြစိမ်းခင်တို့သားအမိကို အစစအရာရာ လိုလေသေးမရှိ ဦးရွှေမောင်နှင့်ဒေါ်အေးနုတို့က ပြုစုကြသည်။

ဦးရွှေမောင်တို့ကလည်း ကိုယ့်ကျေးဇူးရှင် သားအမိကိုတစ်ခါတလေ ရောက်တုန်းရောက်ခိုက် စိတ်အေးချမ်းသာစွာနားနေနိုင်ရန် အလွန်ဂရုစိုက်ကြ၏။

ကိုယ့်ဆီရောက်ခိုက် ကိုယ့် ကျေးဇူးရှင်တွေ၏ စိတ်မှာညည်းသည့်အကြောင်းကြောင့်မှ ထင့်ခနဲ မမျက်သွားစေရပါ။

ဒေါ်ခင်ထားတို့ကလည်း ဦးရွှေမောင်တို့ကို အလုပ်ရှင်အလုပ်သမားဟူ၍ လုံးဝ သဘောမှာမထားဘဲ သွေးသားရင်းခြာမောင်နှမများပမာ အရေးပေး ဆက်ဆံရှာပါသည်။

သူဌေးကတော် သူဌေးသမီးဟူ၍ မာန်မာနလုံးဝမရှိပါ။

ရောက်လာတိုင်းလည်း ဦးရွှေမောင်၊ ဒေါ်အေးနုတို့ မိသားစုအတွက်အဝတ်အစား၊ စားစရာများ၊ ဖွယ်ဖွယ်ရာရာလက်ဆောင်များ ပါလာစမြဲပင်။

"ဒီမယ် ကိုရွှေမောင်နဲ့ မအေးနုရေ ... ကျွန်မတို့ကို အထူးညှိသည်ကြီးတွေလို သိပ်ပြီး အလေးထား နေရာပေးနေလို့ဦးရွှေမောင်တို့လဲ စိတ်ကျဉ်းကျပ်တယ်၊ ကျွန်မတို့လဲ နေရထိုင်ရတာ မလွတ်လပ်ဘူးလေ၊ ဒါကြောင့် ဘာမှ ထူးထူးထွေထွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မလုပ်နေနဲ့နော်၊ ဧည့်သည်အနေခက်အောင် လုပ်ရင်တော့ မြန်မြန်ပြန်ပြေးမှာပဲ"

ဤသို့သော ဒေါ်ခင်ထားပါ။

ဦးချမ်းသာကတော့ ဒေါ်ခင်ထားတို့ သားအမိအား ပို့ရုံကြိုရုံမျှသာ နေသည်။

ပွဲရုံကိစ္စက အလုပ်များသည် မဟုတ်ပါလား။

ဒေါ်ခင်ထားနှင့် မြစိမ်းခင်တို့က တစ်ပတ်တန်သည်၊ ဆယ်ရက်တန်သည် စသဖြင့် နေတတ်လေသည်။

ဦးရွှေမောင်နှင့် ဒေါ်အေးနုတွင် သားသမီး သုံးယောက်ရှိသည်။

သားအကြီးဆုံး မင်းမေချမ်းကတော့ မြစိမ်းခင်နှင့် ရွယ်တူပင်။ ဆယ်တန်းဖြေထား၏။

အငယ်နှစ်ယောက်က မိန်းကလေးများဖြစ်ကြသည်။ စန္ဒာနှင့် သီတာ ညီအစ်မနှစ်ယောက် ဖြစ်လေသည်။ ခြောက်တန်းနှင့် လေးတန်း ရောက်ကြပေပြီ။

ယခုနှစ်လည်း ကျောင်းပိတ်သည်နှင့် မြစိမ်းခင်တို့သားအမိကို ပို့ပြီးဦးချမ်းသာပြန်သွားပေပြီ။ ဦးရွှေမောင်ကမြစိမ်းခင်အား -

"စာမေးပွဲဖြေနိုင်လား သမီး"

"ဖြေနိုင်တယ် ဦးလေးရဲ့ ကိုချမ်းကော ဖြေနိုင်ရဲ့လားဟင်၊ ခု ကိုချမ်း ဘယ်သွားလဲဟင် ဦးလေး"

"ဖြေနိုင်တယ် ပြောတယ်သမီးရဲ့ အခုရာတာခြံဘက်သွားနေတယ်ကွယ့်၊ မိုးချုပ်ရင် လာလိမ့်မယ်"





"ဪ — ဒါနဲ့ ညီမလေးတို့ကော ဖြေနိုင်လား"

"ဟုတ်ကဲ့ ... မမစိမ်း၊ ဖြေနိုင်ပါတယ်"

"ဟုတ်လား ... အောင်မှာပါနော်၊ ကဲ ... လာ လာ မမစိမ်း ညီမလေးတို့အတွက် အချဉ်ထုပ်တွေနဲ့ သကြားလုံးတွေ၊ ပီကေတွေ ယူလာတယ်၊ ဝေပေးမယ်နော်"

"ဟေး ... ဒါမှ တို့ မမစိမ်း"

သမီးများအားကြည့်၍ ဒေါ်ခင်ထားနှင့် ဒေါ်အေးနုတို့က ပြုံးနေကြသည်။

ဒေါ်ခင်ထားက ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"အဲဒါပဲကြည့်စမ်း မအေးနုရေ သမီးလေးက တစ်ယောက်တည်း၊ မောင်နှမကလဲ မရှိရှာတော့ သူ့ခမျာ သိပ်ပြီး အဖော်လိုရှာတယ်"

"အစ်မခင်ထားကလဲ တစ်ယောက်တည်းပဲ မွေးထားတာကိုးနော်"

"အောင်မယ်လေး မအေးနုရယ်၊ ကျွန်မတို့ကလဲ မွေးချင်လိုက်တာ တစ်ဒါဇင်လောက်အထိကို မွေးပစ်လိုက်ချင်ပါရဲ့ရှင်၊ ဒါပေမဲ့ သားသမီးအကျိုးပေးကို နည်းတာပါ။ သမီးတစ်ယောက်တည်း ရှားရှားပါးပါး ရထားလို့ ငုံထားမတတ် တုန်နေအောင် ချစ်နေရတာပါ"

ခပ်လှမ်းလှမ်းမှ စားစရာတွေ ဝေပုံကျခွဲနေသော သမီးများအား လှမ်းကြည့်ရင်း ဒေါ်ခင်ထားက ပြောလိုက်သဖြင့် ဒေါ်အေးနုက ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်မိပေါက်တစ်ယောက်ထွန်းဆိုသလို စိမ်းက အရွယ်နဲ့ မလိုက်အောင် လိမ္မာတယ်နော်၊ ပြီးတော့ အပျိုဘော်လဲဝင်လာလို့ နေမယ်၊ ချောလာလိုက်တာမှ အရမ်းပဲ"

"အင်း ... သူမှာ ဒီက ကိုချမ်းတို့၊ စန္ဒာနဲ့ သီတာတို့ကိုပဲ မောင်နှမ အရင်းတွေလို ခင်မင်ပြီး သံယောဇဉ် ဖြစ်နေတာ၊ ကျောင်းပိတ်ရင် ဒီကိုလာဖို့ တကြွကြွနဲ့၊ ဟိုဟာဝယ်ရ ဒီဟာဝယ်ရနဲ့ သူမှာ ဗျာကို များနေရော မအေးနုရဲ့"

"ဟုတ်တယ်နော်၊ ဒီက သားနဲ့ သမီးတို့ကလဲ ကျောင်းပိတ်ပြီဆိုရင် စိမ်းကို မျှော်ရတာ အမောပဲ အစ်မခင်ထားရဲ့၊ စိမ်းက ချမ်းသာတဲ့ မိဘက ပေါက်ဖွားလာတယ်ဆိုပေမယ့် ဘဝင်မမြင့်ဘူး၊ သွေးမကြီးဘူး၊ အဆင့်အတန်း မခွဲဘူး ဆိုတော့ သူ့ကို ခင်ခင်မင်မင် ဆက်ဆံရတာပေါ့ အစ်မရယ်"

"ပစ္စည်းသခင်ရပါ မအေးနုရယ်၊ ကျွန်မတို့မှာ အဲဒီလိုစိတ် ဘယ်တော့မှ မရှိပါဘူး၊ သမီးကိုလဲ မရှိအောင် အမြဲ ဆုံးမနေရတယ်"

"ဲ ... စကားပြော ကောင်းနေတယ်၊ အုန်းသီးနုရည်လေး သောက်လိုက်ရအောင်"

ခြံထွက်အုန်းစိမ်းရည်က ချိုအေးအေး မွှေးသင်းသင်းလေးနှင့် အရသာရှိလှ၏။

ညနေ ရေမိုးချိုးချိန်ရောက်တော့လည်း ဒေါ်ခင်ထားနှင့် မြစိမ်းခင်တို့အတွက် စန္ဒာတို့ညီအစ်မက ရေတွင်းမှာ ရေငင်ပေးကြလေသည်။ မြစိမ်းခင်က ...





"မမစိမ်း ခပ်ယူမယ် ညီမလေးရဲ့"

"ဟင့်အင်း ... မခပ်ရပါဘူး မမစိမ်းရယ်၊ တော်ကြာ မမစိမ်း လက်သည်းလှလှလေးတွေ ကျိုးကုန်ဦးမယ်"

စန္ဒာက မြစိမ်းခင်၏ ဖောင်းဖောင်းသွယ်သွယ် လက်ချောင်းလှလှလေးများကို ငေးကြည့်ရင်း ပြောလိုက်၏။

"အို ... မကျိုးအောင် ခပ်မှာပေါ့ စန္ဒာရယ်"

"မရပါဘူး မမစိမ်းရဲ့၊ စန္ဒာတို့ဆီ တစ်ခါတလေမှ လာတာ စန္ဒာ လုပ်ပေးပါရစေ၊ မမတို့အိမ်မှာဆိုရင် ခလုတ်လေး လှည့်လိုက်တာနဲ့ ဘုံပိုင်ရေတွေ ဝေါခနဲ ကျလာမှာပေါ့နော်"

"ဘုံပိုင်ရေက မအေးဘူး စန္ဒာရဲ့၊ နွေရာသီမှာ ရေတွင်းရေ ချိုးရတဲ့အရသာကို မမစိမ်း သိပ်သဘောကျတာပဲ၊ အေးစိမ့်ပြီး လူကို လန်းလန်းဆန်းဆန်း ရှိလွန်းလို့လေ"

"အခုလဲ အားရပါးရချိုးပါ မမစိမ်းရယ်၊ စန္ဒာတို့က ခပ်နေကျမို့ ဘာမှအပန်းမကြီးပါဘူး၊ မလုပ်ဘူးတဲ့ မမစိမ်းမှာ တော်ကြာ လက်တွေဘာတွေ နာနေဦးမယ်"

"ကဲ ... ကဲ ဒါဆိုလဲ ချိုးလိုက်မယ်နော်"

"ချိုးပါ မမစိမ်းရဲ့"

ရေစည်ထဲ ခပ်ထည့်ပေးသော ရေတွင်းရေ အေးစိမ့်စိမ့်ကို အားပါးတရ ချိုးလိုက်လေတော့သည်။

ညနေ ထမင်းစားချိန်ရောက်တော့ ဒေါ်အေးနုက ...

"မြိန်မြိန်စားနော် အစ်မ ခင်ထားနဲ့ သမီး စိမ်း၊ ဟင်းတွေက ငါးသလောက်ကို ဆီပြန်လေးချက်ပြီး နံနံပင်ရွက် အုပ်ထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါက ငါးသလောက်ဥကြော်၊ ဒီဘက်က ငါးခုံးလေးချဉ်ကို ဆီစိမ်း၊ ကြက်သွန်ဖြူနီ ငရုတ်သီးစိမ်းလေးနဲ့ သုပ်ထားတဲ့ ငါးချဉ်သုပ်၊ ပြီးတော့ သရက်ကင်းကြွပ်ကြွပ်လေးနဲ့ ငါးပိရည်ကျို၊ အရည်သောက်ဟင်းက သပြူသီးနဲ့ ပုစွန်ဆိတ်ကလေးကို ချိုချဉ်လေး အအီပြေအောင် ချက်ထားတယ်"

"ဟင်းတွေက စုံလိုက်တာ ဒေါ်လေးရယ်၊ ဒေါ်လေး ပင်ပန်းနေတော့မယ်"

"အဆင်ပြေလို့ စားရတာပါ သမီးစိမ်းရယ်၊ ကဲ(... စားနော်၊ အားရပါးရစား ကြားလား၊ စားပါဦး အစ်မခင်ထားရယ်၊ လက်ရာပြောင်းမို့ ခံတွင်းမှ တွေ့ပါ့မလား မသိဘူး"

"မြိန်မှာပါ မအေးနုရယ် ... တစ်ခါတလေ လက်ပြောင်းလက်လွှဲလေး စားရတာ တစ်မျိုးကောင်းပါတယ်"

"ဒါဆိုလဲ အားရှိပါးရှိ စားပေတော့ အစ်မခင်ထားရေ"

"ဘာလဲ ဒေါ်လေးရဲ့ ... စားစား အားမှ မနာဘဲကိုးလို့ဆိုသလိုလား"

"မဟုတ်ဘူး မမစိမ်းရဲ့၊ စားစား ကိုယ့်အိမ်မှတ်လို့စားနေတာလားပါ"

မြစိမ်းခင်၏စကားကို စန္ဒာကဝင်နှောင့်လိုက်သဖြင့် အားလုံးရယ်မိကြလေတော့သည်။

ဦးရွှေမောင်က ဒေါ်ခင်ထားအား လေးလေးစားစား ဦးချဖယ်ကာ ခပ်ထည့်ပေးပြီး ...





"အစ်ကိုကြီးတစ်ယောက်တော့ ... ပျင်းနေမယ် ထင်ပါရဲ့ အစ်မရယ်"

"အမယ်လေး ကိုရွှေမောင်ရယ်၊ ရှင့်အစ်ကိုကြီးက ပျင်းဖို့နေနေသာသာ သူ့ပွဲရုံကိစ္စနဲ့ အိပ်ချိန်လေးတစ်ချက်ပဲ အားရှာ၊ အနားယူရရှာတာပါ။ ကျွန်မတို့ရှိလဲ အေးအေးဆေးဆေး စကားပြောချိန်ရယ်၊ ထမင်းလက်ဆုံ မျက်နှာချင်းဆိုင်စားချိန်ရယ်ဆိုတာ တစ်ပတ်တစ်ခါလောက် အနိုင်နိုင်ပါ။ နေ့ရောညရော အလုပ်များနေလွန်းလို့ တစ်ခါတစ်ခါ စိတ်မျှားတောင် ညစ်မိပါရဲ့"

ဒေါ်ခင်ထားက ဟင်းချိုလေး တစ်ဇွန်း ခပ်သောက်ရင်း ပြောလိုက်၏။ ဦးရွှေမောင်က ...

"အစ်ကိုကြီးက ဒုတိယအရွယ်မှာ ဥစ္စာရှာ ဆိုတဲ့ စကားအတိုင်း အချိန်ရှိတုန်း လုံ့လထုတ်နေတာ ဖြစ်မှာပါ အစ်မရယ်၊ အသက်ကြီးလာရင် အေးအေးလူလူ အနားယူပြီး ထိုင်စားရအောင်ပေါ့"

"အို ... ကိုရွှေမောင်ရယ်၊ အစ်မခင်ထားတို့မှာ ဆယ်သက်စားမကုန်ကဲ့ စည်းစိမ်ပုံကြီးနဲ့ပဲ၊ အစ်ကိုကြီး အလုပ်မလုပ်လဲ ဘာမှမထိခိုက်ပါဘူး၊ ဒါပေမဲ့ အစ်ကိုကြီးကကို အအားမနေတတ်တဲ့ ဝါသနာပါ"

"အဲဒီလောက်လဲ မဟုတ်ပါဘူး မအေးနုရယ်၊ အသင့်အတင့်လောက်ပါပဲ၊ အလုပ်မရှိရင် လူဟာ စိတ်တွေလေတယ် မဟုတ်လား၊ ဒါပေမဲ့ ကိုချမ်းသာကျတော့ အလုပ်ထဲမှာပဲ လူရော စိတ်ပါနှစ်ထားတာမို့ လွန်တယ် ပြောနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ စကားလဲပြော၊ စားလဲစားပါ အစ်မရယ်၊ သမီးကလဲ စားလေ၊ ငါးသလောက်ဥကြော် ထည့်ပေးပါ၊ မအေးနုရဲ့"

"စားပါတယ် ဦးလေးရဲ့ ... ငါးသလောက်ဥဆို မြစိမ်းခင်ရဲ့ အကြိုက်လေ၊ အဟင်း ..."

"ဒါဆိုလဲ စားပါဗျာ၊ စားပါ"

ထမင်းစားပြီးတော့ ရေနွေးအကြမ်းကို လက်ဖက်သုပ် ပုစွန်ခြောက်နိုင်းချင်းနှင့် အုန်းထန်းလျက်တို့ကို ကျွေးပါသည်။

မြစိမ်းခင်က အုန်းထန်းလျက် တစ်တုံးပြီးတစ်တုံး စားရင်းမှ သတိတရနှင့် ...

"ဟင် ... ကိုချမ်းတစ်ယောက် အခုချိန်ထိ ပြန်မလာသေးဘူးနော်"

"လာနေပြီ မမစိမ်း၊ ရေတွင်းမှာ ရေချိုးနေလို့"

သီတာက ဝင်ဖြေပါသည်။ ဒေါ်ခင်ထားက လက်ဖက်လေးတစ်ဇွန်း ခပ်စားရင်း ...

"ကိုချမ်းက ရာဘာခြံကို ဘာသွားလုပ်တာလဲ ကိုရွှေမောင်၊ အလုပ်သမားတွေကို သွားကြည့်တာလား"

ဒေါ်ခင်ထားစကားကြောင့် ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့ တစ်ယောက်ကို တစ်ယောက် ပြိုင်တူကြည့်မိကြရင်း ဒေါ်အေးနုက ...

"မဟုတ်ဘူး ... အစ်မရဲ့ သားက ကျောင်းစရိတ်လေး ကူမိအောင် ဆိုပြီး ရာဘာစေး သွားသွားခြစ်နေတာလေ"

"ဟင် ... ဟုတ်လား"





"အို ... ကိုချမ်းက လုပ်တတ်လား ဦးလေးရဲ့"

"တတ်ပါတယ်ကွယ်၊ သင်ပေးမယ့်လူလဲ ရှိတယ်လေ"

"ကလေးပင်ပန်းမှာပေါ့ ကိုရွှေမောင်ရယ်"

ဒေါ်ခင်ထားက သားသမီးချင်း စာနာစိတ်ဖြင့် ပြောလိုက်ပါသည်။

"နေပါစေ ... အစ်မ၊ ဒါမှ လုပ်အားရဲ့တန်ဖိုးကို ကလေးတွေ လက်တွေ့ကျကျ နားလည်လာအောင် ... တမင်ပဲ ကျွန်တော် မတားဘူး"

ဦးရွှေမောင်က ရေနွေးကြမ်းကို မှုတ်ကာ သောက်ရင်း ပြောလိုက်၏။

"ဒါနဲ့ ... ကိုချမ်းအောင်ရင် တက္ကသိုလ်တက်နိုင်းမလားဟင် ဦးလေး"

မြစိမ်းခင်က မေးလိုက်ရာ စန္ဒာက ...

"ကိုကိုပြောနေတယ် မမစိမ်းရဲ့ ... ဆယ်တန်းအောင်ရင် အလုပ်တစ်ခုခုလုပ်ပြီး စာပေးစာယူနဲ့ပဲ တွဲယူတော့မယ်တဲ့"

"သြော် ... ဟုတ်လား"

"ဟော ... ကိုကိုလာပြီ"

"ပင်ပန်းသွားပြီလား ကိုချမ်းရဲ့၊ ဘယ်နှယ်လဲ ရာဘာစေး ခြစ်နေတယ်ဆို"

ဒေါ်ခင်ထားက အသားညိုညို၊ အရပ်ရှည်ရှည်နှင့် ရည်မွန်သော မင်းမေချမ်းကို လှမ်းမေးလိုက်သဖြင့် မင်းမေချမ်းက လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းပါဘူး ဒေါ်ဒေါ်၊ ပြီးတော့ ကျွန်တော် ဝါသနာလဲ ပါလို့ပါ။ ပျော်စရာတောင် ဖြစ်သေးတယ်ဗျ"

"ဟုတ်လား ... ကိုချမ်းက အရပ်ကြီး အတော်ရှည်ထွက်လာ တယ်နော်"

"အဟင်း"

သူ့အား ဂရုတစိုက်ကြည့်ကာ ပြောလိုက်သော ဒေါ်ခင်ထား စကားကြောင့် မင်းမေချမ်း ရုတ်တရက် မျက်နှာမထားတတ် သလို ဖြစ်သွားလေသည်။ ပြီးမှ မြစိမ်းခင်အား ...

"စိမ်းတို့ မပြန်သေးဘူး မဟုတ်လား"

"ဟဲ့ ... သားကလဲ၊ ဒီနေ့မှ ရောက်တဲ့ဟာကို"

"ဘာလဲ ... ကိုချမ်းက စိမ်းတို့ကို ပြန်စေချင်နေပြီလား"

"အာ...မ...မဟုတ်ပါဘူးစိမ်းရဲ့ ကြာကြာနေပါပြောမလို့ဟာ၊ စကားက လောကြီးပြီး အဆင်မပြေ ဖြစ်သွားတာပါ"

"အဟင်း ... ယင်း၊ မသိဘူးလေ ... စိမ်းက လန့်တောင် သွားတယ်"

"ဒီနှစ်သကြၤန် ရိုးဂိုးဘုရား သွားရအောင်"

"စည်လား"

"အရှမ်းစည်တယ်"

"ဟယ် ... အဟုတ်၊ သွားမယ်နော် မေမေ"

"ဩော် ... မေမေတို့က အသက်ကြီးပြီ သမီးရဲ့ သမီးတို့ မောင်နှမတွေပဲ သွားကြပေါ့"





သာယာကုန်းရွာနှင့် မလှမ်းမကမ်းမှာသာရှိသော ရိုးဂိုးရွာ ဘုရားပွဲသည် နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပမြဲဖြစ်၏။

ထိုနေ့ရောက်လျှင် အနီးအနားမှလည်းကောင်း၊ မလှမ်း မကမ်းမှ လည်းကောင်း၊ ရပ်ဝေးမှ လည်းကောင်း ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် တဖွဲဖွဲလာရောက်တတ်ကြသည့် လူများကြောင့် အထူးစည်ကားလှပေသည်။

အထူးသဖြင့် မော်လမြိုင်မှ လူအတော်များများက ရိုးဂိုး ဘုရားပွဲကို ပျော်ပါးစွာ သွားတတ်ကြလေသည်။

ကားလမ်း အဆင်ပြေနေသဖြင့် ကြက်ပျံမကျ စည်ကားပေ တော့ မပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... ဘုရားပွဲကို ဒါနဲ့ သွားရမလား ကိုချမ်းရဲ့"

အိမ်ရှေ့ ကကြိုးဆင်ကာပြင်ဆင်နေသော လှည်းယဉ်ကြော့ကို တအံ့တသြ လက်ညှိုးလေးထိုးရင်း မြစိမ်းခင် မေးလိုက်၏။

သန့်စွမ်း ဝဖြိုးကာ ဖေါက် အရပ်ကောင်းကောင်း၊ အမွေးအရောင် ဝါပြောင်ပြောင်တို့ဖြင့် လည်တိုင်လေးတွေ မော့မော့ထားကာ နက်နက်ချွန်ချွန် ဦးချိုဝိုင်းဝိုင်းကို ဆီသုတ်ထားသဖြင့် ပြောင်လက်နေပါသော နွားဝါဆင်တူလေးနှစ်ကောင်က တစ်ပုံတည်းမှ အမြွာအလား ခွဲမရအောင် တူလွန်းနေရ၏။

ပြီးတော့ ကနုတ်ပန်းတွေ ထွင်းထုထားသော လှည်းရုံတိုင်နှစ်ဖက်စလုံးကလည်း နောက်မြီး ကော့ကော့လေးတွေမှာ သိုးမွေး ပန်းဖွားလုံးလေးတွေကို လှပစွာ ချိတ်ဆွဲထားပြန်၏။

ကိုချမ်းက လှည်းအိမ်ထဲမှာ ပထမ ကောက်ရိုးများ ဖြန့်ခင်းထည့်လိုက်၏။

ကောက်ရိုးပေါ်မှ သင်းဖြူးတစ်ချပ်ထပ်ခင်းလိုက်ပြီးနောက်-

"ကဲ ... တက်တော့၊ ရပြီ"





နွားမတပ်သေးခင် မြစိမ်းခင်တို့ကို အရင်တက်ခိုင်းပြီးမှ လှည်းထမ်းပိုးကို မ,တင်ကာ ကကြိုးစုံလင် ဆင်ထားသော နွားနှစ်ကောင်ကို ထမ်းပိုးအောက် ဆွဲသွင်းယူပြီး တပ်ဆင်လိုက်လေတော့သည်။

"ချွင် ... ချွင် ... ချွင်"

"ဂလုံ ... ဂလုံ ... ဂလုံ"

နွားနှစ်ကောင်စလုံး၏ လည်ပင်းအောက်တွင် သားရေပတ်ပြားမှာတပ်ထားသော ကြေးချူလုံးကလေးများနှင့် ခေါင်းလောင်းငယ်ကလေးများအသံက သာယာစွာ ထွက်ပေါ်လာပါတော့သည်။

မြစိမ်းခင်က ခေါင်းလောင်းတွေ၊ ချူလုံးတွေ၊ ပန်းဖွားတွေနှင့် အလှဆင်ထားသော လှည်းယဉ်ကြော့ကြော့ ဦးမော့မော့ပေါ်မှ စန္ဒာနှင့် သိတာတို့အကြား ဝင်ထိုင်ကာ သဘောအကျကြီးကျနေလေတော့၏။

"ပျော်စရာကောင်းလိုက်တာနော်"

"ရွှေဝါတို့ ညီနောင်လဲ ပျော်နေကြတယ် မမစိမ်းရဲ့ ကြည့်ပါလား၊ ခေါင်းတွေကို မော့ထားလိုက်တာများ ထောင်နေပါရော"

"ဟုတ်တယ် ... ဟုတ်တယ်၊ 'ဘုရားပွဲကို လှည်းနဲ့ဆို' လို့ဆိုထားတဲ့ မရွှေဖဲကလေးထဲကလိုပဲနော် ဟင်း ... ဟင်း ... ဟင်း"

"ကဲ ... အဆင်သင့်ဖြစ်ရင် ထွက်မယ်"

"ရဟန်းဒီပဲ၊ မေမေရေ ... သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းခင်က ညှော့ခန်းရှေ့မှ ထွက်ကြည့်နေသော မိခင်ကို လှမ်းပြောလိုက်ရာ ဒေါ်ခင်ထားက ပြုံး၍ ခေါင်းညိတ်ပြရင်း…

"အေး … အေး ကောင်းကောင်းထိုင် သမီး၊ မျက်နှာသုတ်ပဝါကြီးကြီး ပါပြီလား"

"ပါတယ် မေမေရဲ့ … ဒီမှာ"

ငုဝါရောင်အမွေးပွပွမျက်နှာသုတ်ပဝါ၏ အလယ်တည့်တည့်မှ အနီရဲရဲ နှင်းဆီနီကြီး တစ်ပွင့်က ရဲရဲစိုစိုနှင့် တောက်ပနေလေသည်။

"ချွင် ချွင် ချွင် … ဂလုံ ဂလုံ ဂလုံ"

လှည်းယဉ်လေး ထွက်ပါပြီ။

"အဟင်း … ဟင်း၊ ဆိုဖာပေါ် ထိုင်ရသလိုပဲနော်၊ သိပ်ကောင်းတာပဲ၊ စိမ်းဖြင့် တစ်ခါမှ လှည်းမစီးဖူးလို့လား မသိဘူး ပျော်လိုက်တာ"

ကောက်ရိုးထူထူ ခင်းထားသဖြင့် လှည်းသွားနေစဉ် အိခနဲ အိခနဲ ထိုင်ရသော အရသာကို မြစိမ်းခင်က အသစ်အဆန်းဖြစ်ကာ ကျေနပ်သဘောကျစွာ ပြောလိုက်လေသည်။

မင်းမေချမ်းတို့ မောင်နှမများက မြစိမ်းခင်ပျော်နေသည်ကို ကြည့်ရင်း သူတို့လည်း ပျော်မိကြ၏။

"ကိုချမ်းက လှည်းလဲ မောင်းတတ်တယ်နော်"

မြစိမ်းခင် စကားကြောင့် မင်းမေချမ်းက ပြုံးရယ်ရင်း —

"တောသားပဲ စိမ်းရဲ့၊ လှည်းတော့ လူတိုင်းမောင်းတတ်တယ်ဗျာ၊ ကားနဲ့ လှည်းနဲ့ ဘယ်ဟာစီးလို့ကောင်းလဲစိမ်း …ဟင်"





"တစ်မျိုးစီပဲ ကိုချမ်းရဲ့ လှည်းစီးရတဲ့အရသာကိုတော့ စိမ်းကြိုက်သွားပြီလေ"

"ဗွမ်း"

"အမေ့"

"ဟား … ဟား … ဟား"

"ဟင်း … ဟင်း … ဟင်း"

"မမစိမ်း လန့်သွားလား"

"အင်းပေါ့ … ရုတ်တရက်ကြီး ဆိုတော့"

လမ်းဘေးမှ ကလေးများ လှမ်းပက်လိုက်သော ရေကြောင့် စိုသွားသော စိမ်းက မျက်နှာသုတ်ပဝါဖြင့် သုတ်ပစ်ရင်း ပြောလိုက်၏။ ပြီးမှ …

"စောစောစီးစီး ရေပက်နေပြီနော်၊ ပြီးတော့ … နှစ်ဆန်းတစ်ရက်နေ့ဆိုရင် မော်လမြိုင်မှာ သိပ်မပက်ကြတော့ဘူးလေ"

"ဒီမှာက နောက်ဆုံးနေ့အဖြစ်နဲ့ သဲသဲမဲမဲပက်တာ စိမ်းရဲ့၊ တစ်နှစ်စာပေါ့"

"ဟော … ဟော … ရေပက်တော့မယ် မမစိမ်း၊ ပဝါကြီးမြှားထားနော်"

"အင်း … အင်း"

"ဗွမ်း"

"အမေ့"

"ဟင်း … ဟင်း … ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား၊ စိမ်းတော့ ရေတစ်ခါပက်တိုင်း လန့်နေတော့မယ် ထင်ပါရဲ့ဗျာ"

"အဟင်း ... ဟင်း ကိုချမ်းကလဲ၊ ရေပက်မယ်မှန်းသိလျက်နဲ့ ရေနဲ့ ထိရမှာကို ကြောက်လဲ ကြောက်၊ ပျော်လဲ ပျော်နဲ့ ရင်ထဲမှာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ မပက်တပက် အချိန်လေးကို သိပ် အသည်းယားတာပဲ သိလား"

"အဲဒါ အဟုတ်ပဲ မမစိမ်းရဲ့ ... စန္ဒာတို့လဲ အဲလိုပဲ၊ ပျော်စရာကြီးနော်"

"ဟုတ်တယ် စန္ဒာရဲ့ မမစိမ်းတော့ တစ်ခါမှ မကြုံဖူးလို့လား မသိဘူး၊ အဆန်းပဲ၊ ဟင် ရှေ့မှာ ပက်ဦးမယ်ထင်တယ် စန္ဒာရေ"

မြစိမ်းခင်က ပြောပြောဆိုဆို သုံ့ပဝါထူထူ လှလှကြီးကို ခေါင်းလေးလုံအောင်ခြုံလိုက်ပြီး ပုနေအောင်ဝပ်လိုက်တော့၏။

ဘာသံမှလည်း မကြားရ။ ရေလာသံလည်း မကြားပါလား။

စိတ်ထဲ ခိုးလိုးခုလု ဖြစ်လွန်းလှ၏။

သကြန်ရေရယ် ... လာမယ်ဆိုရင်လည်း လာပါတော့။

တထိတ်ထိတ်နဲ့ စောင့်နေရတာ အသည်းယားလှပါဘိနဲ့။

"ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း၊ မမစိမ်းရဲ့ မော့ကြည့်ပါဦး၊ ရေပက်ဖို့ မဟုတ်ဘူး"

ကိုချမ်းနဲ့ သီတာတို့၏ ရယ်သံကြားမှ မြစိမ်းခင် မရဲတရဲ လေး ပဝါကြီးလှစ်ကာ လှမ်းကြည့်လိုက်၏။

"ဟင်"





"မုန့်လုံးရေပေါ်နဲ့ ဆီထမင်းထုပ်တွေ လှူနေပါတယ်ရှင်၊ သုံးဆောင်သွားကြပါဦး"

မြစိမ်းခင်တို့နဲ့ရွယ်တူ ကောင်မလေးတွေ မောင်းထောင်ခွက် ဟု ခေါ်သော သတ္တုရေအင်လေးတွေကိုင်ကာ မုန့်လှူနေကြ [illegible]တို့။

"စိမ်းက ရေပက်တယ် ထင်နေတာ"

ရှက်ကိုးရှက်ကန်းလေးပြောရင်း လှည်းနံ့ဘေးဝယ် ရောက် နေသော မိန်းကလေးတွေထဲမှ မုန့်လုံးရေပေါ်ဖက်ကတော့လေး နှင့် ငှက်ပျောဖက် စိမ်းစိမ်းလေးဖြင့် ထုပ်ထားသော ဆီထမင်း ထုပ်ကို လှမ်းယူလိုက်၏။ အထုပ်ကိုဖြေလိုက်တော့ ...

"ဟယ် ဆီထမင်းလေးက ငါးခြောက်ထောင်းကြော်နဲ့နော်"

"ဟုတ်တယ် ... မမစိမ်းရဲ့၊ ဆီထမင်းကို အုန်းနို့နဲ့ ထိုးထား တာ မွှေးနေတာပဲ၊ ပူပူနွေးနွေးလေး စားလိုက်ပါဦး မမစိမ်းရဲ့"

"သီတာတော့ အုန်းသီးဖတ်နိုင်းချင်းနဲ့ မုန့်လုံးရေပေါ်ပဲ စားမယ်၊ အား ... လာ ... လာ ... ရှူး ... ဖရူး ... ဖရူး ... ထိပြီ၊ မျှော်သီး ထိပြီဗျို့"

"အဟင်း ... ဟင်း ... ဟင်း"

"ဟား ... ဟား ... ဟား၊ ကောင်းတယ်၊' ကောင်းတယ်၊ သီတာက အစားငမ်းတာကိုး၊ မုန့်လုံးရေပေါ်က သကြန်တွင်းဆို အထဲတဥ္စာပနာဟာ ထန်းလျက်ခဲ သိပ်မဖြစ်တတ်လို့ မမစိမ်း တော့ ဆီထမင်းပဲ အား ... ဖူး ... ဖူး ထိပြီ ... ထိပြီ၊ မမစိမ်းလဲ ထိပြီ သီတာရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဟွန်း ... ဟွန်း"

"ဟိုး ... ဟိုး ... ဟိုး"

ပျော်ရွှင်ကြည်နူးစွာ ရယ်ကြပါတော့သည်။

"ဟင် ... ကိုချမ်းနဲ့ စန္ဒာက ငရုတ်သီး မမိဘူးလား"

"တို့က ဘုန်းနဲ့ကံနဲ့လူပါ စိမ်းရဲ့၊ ဘယ်ထိ ... အမယ်လေးဗျ"

"ခစ် ... ခစ် ... ခစ်၊ ကောင်းတယ်၊ ကိုချမ်းလဲ ထိမှ"

"မမစန္ဒာလဲ မိတာပဲ မမစိမ်းရဲ့"

သီတာပြောမှ ပြုံးနေသောစန္ဒာကိုကြည့်ပြီး မြစိမ်းခင်က ...

"ဟင် ... စန္ဒာ မစပ်ဘူးလား"

"ဟင့်အင်း ... မစပ်ပါဘူး မမစိမ်းရဲ့"

"ဟယ် ... တကယ်မစပ်ဘူး"

"မမစန္ဒာက ငရုတ်သီးပိုး ဟုတ်လား"

"အင်းပေါ့ ... ငရုတ်သီးပိုးဆိုတာ အစပ်ကို ဘယ်ဖြုံမလဲ၊ အိမ်မှာ အစပ်အစားနိုင်ဆုံးဟာ မမစန္ဒာပဲ"

"အို ... ကြည့်စမ်း၊ စန္ဒာ ဣန္ဒြေတောင် မပျက်ဘူးနော်"

အစပ်ဒဏ်ကြောင့် မျက်နှာနှင့်နားရွက်တွေရဲကာ မျက်ရည်များပင် လည်နေသော မြစိမ်းခင်အား မင်းမေချမ်းက ...

"ရော့ ... စိမ်း၊ အစပ်ပြေ သကြားလုံး ငုံထားလိုက်"

"ဟယ် ... ကျေးဇူးပဲ ကိုချမ်းရယ်၊ တကယ်ပါပဲ၊ စိမ်းဖြင့် လျှာကို ပြုတ်ပြီထင်နေတာ၊ သိပ်စပ်တာပဲ"

မင်းမေချမ်း လှမ်းပေးသော သကြားလုံးကို အားရဝမ်းသာ ယူရင်း မြစိမ်းခင် ငုံထားလိုက်တော့၏။ စန္ဒာက ...





"စန္ဒာတို့လဲပေးပါ ကိုကိုရဲ့"

"ကုန်ပြီ"

"ဟွန်း ... ကိုကို မတရားဘူး၊ မျက်နှာလိုက်တယ်၊ မမစိမ်းကျ ပေးပြီးတော့"

"စိမ်းက ညည်းတို့လို ဂျမ်းဒေါ်မှ မဟုတ်တာ၊ စပ်နေတာ သနားစရာ"

"သီတာတို့ကျ ကိုကို မသနားဘူး ... ဟုတ်"

"တူမလားဟ၊ စိမ်းက ဧည့်သည်ပဲ"

"အမယ် ... ကိုကိုက မမစိမ်းကို စန္ဒာတို့ထက် ပိုချစ်တာကိုး"

"အို"

"ဟာ ... ဒီကောင်မလေး"

မင်းမေချမ်းနှင့် မြစိမ်းခင်တို့က စန္ဒာ လွှတ်ခနဲ ပြောလိုက်သော စကားကြောင့် တစ်ယောက်ကိုတစ်ယောက် ရှက်ယောင်ဝဲဝဲ မဝံ့မရဲကြည့်ကာ ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားကြပါတော့သည်။

လှည်းယဉ်လေးက ချူသံလေး သံစုံပေးကာ မော့်မော့် ကြော့ကြော့ ပြေးနေပါသည်။

ဘုရားအနီး အသိအိမ်တစ်အိမ်မှာ လှည်းနှင့်နွားကို အပ်ထားပြီး ဘုရားဝင်းထဲ ဝင်လာကြ၏။ မြစိမ်းခင်က ...

"ရေစိုဝတ်ကြီးနဲ့ လမ်းသွားရတာ တစ်မျိုးကြီးပဲနော်"

တကယ်ပင် ရှက်ကိုးရှက်ကန်းနိုင်သည့် အဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေလဲ ဒီလိုချည်းပဲဆိုတော့ အဆန်းမဟုတ်ဘူးပေါ့ မမစိမ်းရဲ့"

"အင်း ... ဟုတ်တယ်နော်"

ဘုရားပွဲလာသူအားလုံးလိုလို ရေတွေ ရွှဲရွှဲစိုနေကြ၏။

ဒါပေမဲ့ ဘယ်သူမှ ရှုံ့တိုးရှုန့်တန့်မဖြစ်။

သူလိုကိုယ်လို ပုံမှန်သွားလာနေကြ၏။

"ဟော ... ကိုချမ်းတို့ မောင်နှမတွေပါလားကွယ့်၊ လာကြ လာကြ၊ သင်္ကြန်ထမင်းလေး စားကြရအောင်"

အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်က လှိုက်လှဲဖော်ရွေစွာ ခေါ်နေသဖြင့် မင်းမေချမ်းက ...

"လာ ... စိမ်း၊ စားရအောင်"

"ဟင့်အင်း ... မစားရဲဘူး ရှက်တယ်"

"ရှက်တယ်"

"အင်းလေ ... ဒါလောက် လူတွေများနေတဲ့ဟာကို၊ စိမ်းတော့ မစားချင်ဘူး ရှက်တယ်"

"လာပါကွယ့် ... ကလေးမလေးက ရှက်တယ်ထင်တယ်၊ အဒေါ် ဟိုအနားက အကွယ်လေးမှာ ပြင်ကျွေးမယ်လေ၊ သူက ဧည့်သည်လား ကိုချမ်းရဲ့"

"ဟုတ်တယ် ဒေါ်လေး၊ အဖေ့သူငယ်ချင်းရဲ့ သမီးလေ၊ တစ်ခါမှ ရိုးရိုးဘုရားပွဲမလာဘူးလို့ ခေါ်လာတာ"





"အို ... ဟုတ်လား၊ လှလိုက်တာကွယ်၊ ချစ်စရာလေး၊ လာပါ ကလေးမရဲ့ ဒီနားမှာ ဘယ်သူမှ မမြင်ဘူး၊ လှည်းနဲ့လာကြသလား ကိုချမ်း"

"ဟုတ်ကဲ့ ... ဒေါ်လေး"

"လှည်းဆောင့်တာနဲ့ ဗိုက်ဆာလာရောပေါ့၊ ဟဲ့ ... စန္ဒာနဲ့ သီတာက မမကိုခေါ်ရလေ"

"ဟုတ်ကဲ့ ... ဒေါ်လေး၊ လာပါ မမစိမ်းရဲ့၊ ဒေါ်လေး ပြောသလိုပဲ လှည်းဆောင့်လို့ စန္ဒာတို့တော့ ဗိုက်ဆာနေပြီ"

နောက်ဆုံးတော့ ရှက်ရှက်နှင့် မဏ္ဍပ်ထဲဝင်လာကာ သင်္ကြန်ထမင်းကို စားရတော့၏။ ပွပွမွမွနှင့် ဖွေးဖွေးဆွတ်နေသော ထမင်း။

ဖယောင်းနှင့် နံ့သာသင်းထားသော အမွှေးရည်။

လေးစိတ်ခွဲ ကြက်သွန်နီဖတ်နိုင်းချင်းနှင့် ငါးခြောက်ထောင်းကြော်၊ သရက်သီးစိမ်းစိမ်းကို သဘော်ခြစ်နှင့်ခြစ်၍ သုပ်ထားသော အချဉ်သုပ်။ ငရုတ်သီးခြောက်ရှည်ရှည် အတောင့်လှလှကို အတောင့်လိုက် ကြွပ်ကြွပ်ကလေးကြော်ထားသော ငရုတ်သီးကြော်။

ထမင်းပွပွထဲ သင်းရည်ဆမ်းကာ ငါးခြောက်ထောင်းကြော် မြုပ်၍မြုပ်၍ စားရသည်မှာ အရသာထူးကဲလှပါဘိ။

သရက်သီးသုပ်ကိုလည်း ချဉ်ငန်စပ်လေးမို့ ရေစိမ်ထမင်းနှင့် လိုက်ဖက်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီးတောင့်ကြော် ကြွပ်ကြွပ်ကလေးကို တကျွတ်ကျွတ် ကိုက်ကာ အားပါးတရစားနေသော စန္ဒာအား မြစိမ်းခင်က ...

"မစပ်ဘူးလား ဟင် စန္ဒာ"

"စားလို့ကောင်းတယ် မမစိမ်းရဲ့ မွေးမွေးကြွပ်ကြွပ်လေးနဲ့ စားကြည့်ပါလား"

"ဟင့်အင်း ... စပ်မှာကြောက်တယ်"

မြစိမ်းခင်က မျက်နှာလေးရှုံ့ ပခုံးလေးကျုံ့ကာ ပြောသဖြင့် မင်းမေချမ်းက ရယ်ရင်း ...

"ကျက်အောင်ကြော်ထားတဲ့ ငရုတ်သီးတွေက သိပ်မစပ်တော့ဘူး စိမ်းရဲ့၊ သင်္ကြန်ထမင်းစားတာ ငရုတ်သီးကြော်နဲ့မှ လိုက်တယ်၊ စားကြည့်လေ"

"တော်ပါပြီ ကိုချမ်းရယ်၊ စိမ်းက အစကတည်းက အစပ်ကို မကြိုက်ဘူး၊ အချိုအဆိမ့်တွေပဲ ကြိုက်တယ်"

"သီတာတော့ အစပ်မကြိုက်ပေမယ့် အခုလို သင်္ကြန်ထမင်းနဲ့ တွဲတဲ့ ငရုတ်သီးကြော်ကိုတော့ ကြိုက်တယ် မမစိမ်းရဲ့"

"ကြိုက်ရင်စားလေ သီတာရဲ့"

မင်းမေချမ်းတို့ မောင်နှမတွေ စားနေပုံကိုကြည့်ရင်း စိမ်း မြိန်မြိန်ရှက်ရှက် ဖြစ်နေမိ၏။

ဒါပေမဲ့ ငရုတ်သီးကြော်ကိုတော့ စိမ်း လုံးဝမစားရဲပါ။

ခူနတုန်းက ထိထားသော မိုးမျှော်သီး၏ အစပ်ရှိန်က အခုထိ မပြယ်ချင်သေး။





မြစိမ်းခင် ကြိုက်တတ်တာက သရေစာဆို အချိုအဆိမ့် သွန်ကဲသော ချောကလက်၊ မလိုင်လုံး၊ မြေပဲ၊ အုန်းထန်းလျက် စသော အစာများ။

ထမင်းနှင့်စားရန် ဟင်းများဆိုလျှင်လည်း ငါးသလောက်ဥ၊ ဝက်သားပေါင်း၊ ပုစွန်တုပ်၊ ဘဲသားနှပ်စသော စားစရာများသာ။ မိန်းကလေးပေမယ့် တခြားသူတွေလို အချဉ်အစပ်လုံးဝမကြိုက်။

မေမေကပင် တစ်ခါတလေ သမီးကြိုက်တဲ့ အစာတွေက ဘုတ်ဆုံဖြစ်မယ့် အစာတွေချည်းပဲလို့ ပြောတတ်၏။ ဖြစ်ခါမှ ဖြစ်ရော၊ ကြိုက်တာကိုး၊ ဘယ်တတ်နိုင်မလဲ။

သင်္ကြန်ထမင်းစားပြီးတော့ ဘုရားထဲဝင်ကာ ဝတ်ပြုကြ၏။

"ဟာ ... ချောတယ်ကွ၊ မေပိတောက်ဝါလေး"

ပိတောက်ဝါရောင် စိုစိုတောက်တောက်ဝတ်စုံနှင့် မြစိမ်းခင်အား ကာလသားတချို့က မကြားတကြားတစ်မျိုး၊ ပြောင်တစ်မျိုးနှင့် ...။

"ဟော့ ... ညီမ၊ ရှာလိုက်ရတာကွာ ဘယ်သွားနေလဲ"

"ပိတောက်ခက်လေးရယ်၊ ချစ်တယ်"

"အမယ် ... ကြည့်စမ်း၊ အိမ်မှာနေခဲ့လို့ ပြောထားရက်နဲ့ ချစ်က ဒီရောက်နေပြန်ပြီကွ"

"ခင်ပိတောက်ရေ၊ ကိုကို့အသက်"

စသော မထိတထိ ရိသဲ့သဲ့စကားများ။

မင်းမေချမ်းကိုလည်း အလွတ်မပေး။

"ယောက်ဖရေ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေယောက်ဖခဲရေ"

"ညီလေးရေ၊ ကောင်းကောင်းပြန်နော်၊ လမ်းမှာ မကျကျန်ခဲ့စေနဲ့ အစ်ကိုပိုတောက်ခက်လေးကို" စသော စကားများကြောင့် မင်းမေချမ်းမျက်နှာကြီး မည်းနေ၏။

မြစိမ်းခင်မျက်နှာလေးမှာလည်း ရဲနေတော့သည်။

ဩော် ... သကြံန်ဆိုတော့ စိတ်လွတ်ကိုယ်လွတ် ပါးစပ်အရသာခံတတ်သော လူပျော်လူသရမ်းများအတွက် ခွင့်လွှတ်ရမည် မဟုတ်ပါလား။

ကိုယ်ထိလက်ရောက် စော်ကားလာတာမဟုတ်တော့လည်း အောင့်သက်သက်နိုင်လှ၏။

ဘုရားပွဲကို ကြီးကြပ်သော အဖွဲ့များကလည်း ထိန်းထိန်းသိမ်းသိမ်း ရှိပါသည်။

ဣန္ဒြေပျက်အောင် ရုပ်ဆိုးအောင် အစအနောက် မသန်ကြရပါ။

မကြားတကြားလေးသာ စ,ကြ နောက်ကြပါသည်။

"တော်ပြီ ... တော်ပြီ၊ နောက်ဆိုမလာရဲတော့ဘူး၊ ပါးစပ်သိပ်သရမ်းတာပဲ"

မြစိမ်းခင်က စိတ်ရှုပ်စွာပြောလိုက်သဖြင့် မင်းမေချမ်းက...

"ဒါကြောင့် မောင်နဲ့ နှမ လာဖို့မကောင်းတာလို့ ပြောကြတာ စိမ်းရဲ့၊ လူသရမ်းတွေက ပါးစပ်အရသာခံသမျှ ငြိမ်နေရလို့၊ တော်ရုံတန်ရုံစိတ်နဲ့ ဘယ်လွယ်မလဲ"

"ဟုတ်တယ်နော်၊ ခုတောင် ကိုကို့မျက်နှာကြီး မည်းလို့"





သီတာက သွက်လက်စွာ ပြောလိုက်ရာ မင်းမေချမ်းက ...

"ဟ ... စိမ်းကို ဒါလောက်ပြောနေတာ ငါက ကျောက်ကျောနေပက်တဲ့ မျက်နှာနဲ့ ခပ်ပြောင်ပြောင် ကြောင်ပြနေရမလား"

"အင်းလေ ... မမစိမ်းကို စန္ဒာဖြင့် အားနာလိုက်တာ"

"သကြံန်ဆိုတော့ ဒီလိုပဲ နေမှာပေါ့လေ ... နော်၊ ရုပ်ပျက်ဆင်းပျက် မနောက်တာပဲ တော်လှပြီ"

မြစိမ်းခင်က လူကြီးသူမပုံစံဖြင့်ပြောလိုက်မှ မင်းမေချမ်းက...

"တစ်ခါတလေ မူးနေတဲ့လူရမ်းတွေရှိရင် သူတို့အတွက် ထိတ်တုံးက အဆင်သင့်ထားထားတယ်လေ စိမ်းရဲ့"

"ဩော် ... ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်"

"ရွှစ် ... ရွှစ်၊ မေတ္တာရေစင်ပါနော် ညီမ"

"အို"

စကားတပြောပြောနှင့် လာကြသော မြစိမ်းခင်တို့အား ရှုတ်တရက် နောက်ကျောမှ ရေစိုလိုက်တာနှင့်အတူ ရှိသ့ဲသဲ့ပြောလာသော လူသုံးလေးယောက်။

လှည့်ကြည့်လိုက်တော့ ကော်သေနတ်ကလေး ထိပ်မှာနှင်းဆီဖူးတပ်ပြီး ရေမွှေးရည်ဖြင့် ပက်လိုက်ခြင်းပါ။ ချက်ချင်းမြန်လှည့်ကာ ဆက်လျှောက်လိုက်၏။

"ချောတယ်ကွ တကယ်ပဲ"

"ဘယ်မှာနေလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာလဲ ညီမလေးရဲ့"

"လိုက်ပို့မယ်နော်"

"ခေါ်မယ်မဟုတ်လား"

နောက်မှ ထပ်ကြပ်မကွာလိုက်ကာ ပြောနေခြင်းကြောင့် မင်းမေချမ်းက ...

"အစ်ကိုတို့ တကယ်လိုက်မလား"

"ဟင် ... အေးပေါ့ လိုက်မှာပေါ့ ဘာလဲ ရွှေယောက်ဖက ခေါ်မယ်လား"

ခပ်သွက်သွက်လူတစ်ယောက်က မျက်နှာပြောင်ပြောင်နှင့် စပ်ဖြဲဖြဲပြောလိုက်၏။

မင်းမေချမ်းက ခပ်လှမ်းလှမ်းက တဖြည်းဖြည်းလာနေသော စစ်ဂျစ်ကားစိမ်းလေးကို လှမ်းညွှန်ပြရင်း ...

"အတော်ပဲ၊ ဟိုမှာ ... လာကြို့တဲ့ တပ်က ကားလာနေပြီ အို ... အို ... နေဦးလေ၊ လိုက်မယ်ဆို၊ အိမ်ရောက်မှ ဖေဖေနဲ့ မိတ်ဆက်ပေးမယ်လေ၊ နေပါဦးဗျ၊ ဘယ်လိုလဲ"

"အဲ ... အဲ နေပါစေတော့ကွာ၊ ကျေးဇူးပဲ ... အဟဲ သွားမယ်နော်"

"အဟင်း ... ဟင်း ... ဟင်း ... ကိုကိုက ပိုင်တယ်နော်"

ရှုံ့ရွှတ်လူနောက်တွေ ခပ်သွက်သွက်ကလေး နောက်လှည့် ပြေးပါလေပြီ။





"ကိုချမ်းက ဖြတ်ထိုးဉာဏ်ကောင်းတယ်နော်၊ တော်သေးရဲ့ စိမ်းဖြင့် စိတ်ညစ်နေတာ"

"ဒီလူတွေ ဒီလိုမှမလုပ်ရင် တောက်တဲ့လို ကပ်ပါနေမှာ စိမ်းရဲ့ ဒါကြောင့် တမင်ထွင်လိုက်တာ၊ ကဲ ... လှည်းဆီရောက်တော့မယ်၊ ပြန်ကြရအောင်"

လှည်းတပ်ပြီး ပြန်ခဲ့ကြလေသည်။

အတွေ့အကြုံဆန်းကို စိမ်း သဘောကျပါသည်။

အနည်းငယ် စိတ်ရှုပ်ရတာကလွဲရင် ပျော်စရာကောင်းသည့် မိုးဦးဘုရားပွဲပင်။

စေတနာရှင်များ၏ အလှူအတွက် မြန်မာတို့၏ ချစ်စရာ ဓလေ့ကို ဖော်ကျူးနေသည် မဟုတ်ပါလား။

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com

သာယာကုန်းရွာမှာ မြစိမ်းခင်တို့ ဆယ်ရက်တိတိ နေ၏။

ခုတော့ ... ပြန်ဖို့အတွက် အသင့်ဖြစ်နေပါပြီ။

လာကြိုသည့် ဦးချမ်းသာက ကားနောက်ခန်းပေါ် တောင်းနှင့် အပြည့်ထည့်ထားသော ပစ္စည်းများကိုကြည့်ရင်း ...

"ဘာတွေတုံး မအေးနုရဲ့ များလှချည်လားဗျ"

ဒေါ်အေးနုက ပြုံး၍ ...

"ခြံထွက်တွေပါ အစ်ကိုကြီးရယ်၊ ကြီးကြီးကျယ်ကျယ်တွေ မဟုတ်ပါဘူး"

တောင်းထဲမှာတော့ အုန်းထန်းလျက်၊ မြေပဲလှော်၊ အခွံနွှာထားသော ထန်းသီးနှများ၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး။ တောင်းဘေးမှာ သီးမွှေးငှက်ပျောသီးခိုင်ကြီးက ဝဝတင်းတင်းနှင့် စားချင်စဖွယ်ပါပဲ။

ဒေါ်ခင်ထားက အားနာသလိုကြည့်ရင်း ...

"မအေးနုရယ် ... ရွှေဖရုံသီးတစ်လုံးဆို ရပါပြီ၊ အငယ်လေး တစ်လုံး ထားခဲ့ပါ"

"ဟင် ... မေမေ၊ အဲဒါ စိမ်းအတွက် သက်သက် ဒေါ်လေး ပေးတာလေ"





"အို ... သမီးကလဲ၊ ဒီမှာ အကြီးကြီးတစ်လုံး ပါသားပဲဟာ"

"ဟင့်အင်း ... စိမ်းက ဒေါ်လေး တစ်နေ့ကပေါင်းကျွေးသလို အိမ်ရောက်ရင် ပုပုကို ပေါင်းခိုင်းမလို့ မေမေရဲ့ သိလား"

"ဪ ... ဪ၊ ကဲ ဒါဆိုလဲ ပြီးရော၊ မေမေက အားနာလို့ သမီးရယ်"

"ရပါတယ် အစ်မခင်ထားကလဲ၊ အိမ်မှာလဲ အများကြီး ကျန်သေးတယ်၊ တစ်နှစ်တစ်နှစ် ကိုင်းကထွက်တာ မနည်းဘူး အစ်မရဲ့"

"သမီးကတော့ အကောင်းဆို ကြုံကြုံဖန်ဖန် လုပ်စားခိုင်းတတ်ပါတိနဲ့၊ ဟိုတစ်နေ့က မအေးနုလက်ရာ သူ လျှာလည်သွားပြီလေ"

"ဒေါ်လေး အဲဒါပေါင်းနည်းလေး ပြန်ပြောပြပါဦး"

ဒေါ်အေးနုက ပြုံးပြီး ...

"မခက်ပါဘူးသမီးရယ်၊ ရွှေဖရုံသီး ခပ်ငယ်ငယ်၊ အဲ အခုလို တွဲကောသီးအရွယ်လောက်ပေါ့၊ အညှာပိုင်းက ထိပ်ကို ပုံမပျက် လှီးယူပြီး အထဲက အစေ့နဲ့ အူတွေကို စင်အောင်ယူထုတ်လိုက်ရတယ်၊ ပြီးရင် ... ဝက်သား သုံးထပ်သားကို အနေတော် အတုံးပြားပြားလေးတွေတုံးပြီး ကြက်သွန်ဖြူ-နီ၊ ချင်း၊ အချိုမှုန့်၊ ငံပြာရည်၊ ဆီလေးနည်းနည်းနဲ့ နာနာနယ်ထားတဲ့အစာကို ရွှေဖရုံသီးထဲ ထည့်လိုက်ပြီး၊ ခုနက လှီးထုတ်လိုက်တဲ့အညှာဖုံး အပိတ်လေးနဲ့ အသာလေး ပိတ်လိုက်ရတယ်၊ အဲ ... ပြီးတော့မှ ပေါင်းအိုးနဲ့ ဖြစ်ဖြစ်၊ ပေါင်းအိုးမရှိရင် သတ္တုအိုး ခပ်ကြီးကြီးထဲ ရေထည့်၊



www.burmeseclassic.com

www.burmeseclassic.com



ခုနက ရွှေဖရုံသီးကို ဇလုံစောက်စောက်ထဲ ထည့်ပြီး ရေအိုး အလယ်တည့်တည့်မှာ ချပြီး အဖုံးဖုံး၊ ပေါင်းတင်ပေတော့၊ ခပ်ကြာကြာလေး ဆူလာရင် အထဲက သွတ်ထားတဲ့ ဌာပနာက အရသာနဲ့ အဆီတွေ ရွှေဖရုံသီးအသားထဲ နစ်ဝင်စိမ့်ဝင်သွားပြီး နူးညံ့အိထွေးတဲ့ ရွှေဖရုံသီးပေါင်း အရသာကောင်းကောင်း ရပြီ ပေါ့ကွယ်"

"မှတ်မိပြီ ... ဒေါ်လေးရေ၊ အိမ်ရောက်မှ ပုပုကို ဆင့်ပွား သင်တန်းပေးပြီး အကောင်အထည် ဖော်ခိုင်းရမယ်၊ စိမ်းဖြင့် ဘယ်လိုကြိုက်မှန်းကို မသိဘူး"

မြစိမ်းခင်အပြောကြောင့် ဒေါ်ခင်ထားက ပြုံးရယ်ရင်း ...

"သမီးက အဆီအဆိမ့် အချိုတွေ ကြိုက်တာကိုးကွယ်၊ မေမေဖြင့် သိပ်အိတာပဲ၊ တစ်နေ့က လုပ်ကျွေးတဲ့ ထန်းသီးနုနု ဖာလူဒါသဘောမျိုး ကျမှာပေါ့၊ ထန်းသီးနုနုလေးတွေကို ပါးပါး မျှားပါးလှီးပြီး အုန်းနို့နဲ့ သကြားဖျော်ရည်နဲ့ဆမ်း စိမ်ပြီး စားရ-တာလေ၊ အဲဒါလဲ ကြိုက်တယ်မဟုတ်လား သမီး"

"ကြိုက်တာပေါ့ မေမေရဲ့၊ ပူအိုက်တဲ့ နေ့လယ်ခင်းမှာ ရေခဲ မရှိတာတောင်မှ ထန်းသီးနုတွေက အေးစိမ့်စိမ့်လေး၊ ချိုမွှေးမွှေး လေးနဲ့အုန်းနို့ဆမ်းပြီးစားလိုက်ရတော့ တစ်ခါတည်း မျက်တောင် ကို စင်းချင်လာရော"

"အဟား ... ဟား ... ဟား၊ သမီးပြောလိုက်တဲ့ အစားတွေ အကြောင်း ကြားရတာ ဖေဖေတောင် အိပ်ငိုက်ချင်ချင်ဖြစ်လာ ပြီကွယ်"





ဦးချမ်းသာ အပြောကြောင့် အားလုံး ရယ်လိုက်ကြပြီးမှ ဒေါ်ခင်ထားက ...

"အဲဒါသာကြည့်တော့ မအေးနုရေ၊ သူကြိုက်တဲ့ အစားတွေ က အဆီခါတ် လွန်ကဲနေတဲ့အတွက် တက်တုန်းအရွယ်မှာ တစ်အားစားရင် ပုံမရှိပန်းမရှိဖြစ်လာမှာ ပူနေရတယ်၊ သမီးက ဖြင့် စားရရင်ပြီးရောပဲ၊ ဒါလောက်စားနေတာတောင် သူ ဝ,မလာ ဘူး၊ တော်ရုံပဲ ရှိတယ်၊ ကျွန်မဖြင့် အံ့ရော"

"ဟာ ... မခင်ထားရဲ ခင်ဗျားသမီးက စားလဲစား၊ အနားကလဲ မနေဘူးလေ ... ကိုယ်လက်လှုပ်ရှားမှုတွေနဲ့၊ ရေကူးရတာနဲ့၊ ကျောင်းမှာ ပြေးရတာနဲ့၊ ဘော်လီဘောကစားရတာနဲ့ ဘယ်က လာ အဆီပြင်တွေစုနိုင်တော့မလဲ၊ စားသမျှအားဖြစ်ပြီး ကျစ်ကျစ် လျစ်လျစ် ဖြစ်နေတာပေါ့၊ ခင်ဗျားတို့လို ငယ်ငယ်တုန်းက အပြင် တစ်ခါတစ်ခါထွက်ရင် ဗိုက်ပူမှာစိုးလို့ ထမင်းအငတ်ခံပြီး အလှ မပျက် အောင့်အည်းခံနေတဲ့ခေတ်မဟုတ်တော့ဘူးဗျ ဟဲ ... ဟဲ"

"ဘာ ... ဟဲ ဟဲ ဟဲ လဲ"

ဒေါ်ခင်ထားက ဦးချမ်းသာအား မျက်စောင်းလှမ်းထိုးရင်း နှုတ်ကိုးရုက်ကန်းလေး ပြုံးနေပါသည်။ ဦးချမ်းသာက ...

"ကဲ ကဲ နေမပူခင်သွားစို့၊ ချိန်းထားတဲ့ကိစ္စကရှိသေးတယ်"

"သွားမယ်နော် ... ကိုရွှေမောင်နဲ့ မအေးနု"

"သွားမယ်နော် စန္ဒာနဲ့ သီတာ၊ နောက်နှစ်မှာ မမစိမ်းကို မျှော်နေဦးနော်"

"ဟုတ်ကဲ့ ... မမစိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"တာ့တာ ... သွားမယ်"

လက်ကလေးပြကာ ဦးရွှေမောင်တို့မိသားစု ကျန်ခဲ့၏။

မင်းမေချမ်းက အစောကြီးကတည်းက ရာဘာခြံထဲသွားလေ ပြီ ဖြစ်သည်။

တစ်နေ့ညနေ ဦးချမ်းသာ အလုပ်မှ စောစောစီးစီး ရောက် လာသဖြင့် ဒေါ်ခင်ထားက ...

"ဟင် ... ဒီနေ့ စောလှပါလား ကိုချမ်းသာ"

ဦးချမ်းသာက လက်ဆွဲအိတ်ပြားလေးကို ဒေါ်ခင်ထားအား လှမ်းပေးရင်း ...

"အေးကွာ၊ ကိုယ်လက်မအီမသာဖြစ်ချင်သလိုလိုနဲ့ စောစော ပြန်လာခဲ့တယ်"

ဒေါ်ခင်ထားက ဆွဲအိတ်ပြားလေးကို အနီးရှိရှိုးကေ့စ်လေး ပေါ် လှမ်းတင်လိုက်ပြီးမှ ...

"ကိုယ်ပူလား ကိုချမ်းသာ"

"ဟင့်အင်း ... ကိုယ်လက်ကိုက်ခဲတာလောက်ပဲ"

"အကိုက်အခဲပျောက်ဆေးသောက်မလား၊ နို့ သွားယူလိုက် မယ်"

"နို့နဲ့မသောက်ချင်ဘူးကွာ၊ ရေနွေးပူပူလေးနဲ့ပဲသောက်မယ်"

"အင်း ... အင်း ထိုင်ဦးမလား၊ ဒီမှာ ခဏလောက်"

"အိပ်ရာထဲမှာပဲ အညောင်းဆန့်ရင်း စန့်စန့်လေး အိပ်ချင် တယ်ကွာ"



"ဒါဆိုလဲ အဝတ်လဲပြီး လှဲနေနော်၊ ကျွန်မ ဆေးနဲ့ ရေနွေး ယူလာခဲ့မယ်"

"အေးကွာ"

ခဏအကြာတွင် ဒေါ်ခင်ထားက ဦးချမ်းသာအတွက် ဆေးနှင့် ရေနွေးယူပြီး အခန်းထဲ ဝင်လာပါသည်။

ခုတင်ပေါ် ဝယ် လှဲနေသော ဦးချမ်းသာက တံတောင်ဆစ် ထောက်ကာ ထ,ရင်း ဆေးပြားလေးကို သောက်လိုက်၏။

ဒေါ်ခင်ထားက ဦးချမ်းသာ၏ခြေသလုံးကို နှိပ်ပေးရင်း ...

"အင်း ... ကိုချမ်းသာလဲ အလုပ်ဒဏ် တော်တော်လေးပိနေ တယ်၊ ကိုယ့်ကျန်းမာရေးလဲ ဂရုစိုက်ဦး ... ကိုချမ်းသာရယ်၊ ခုတလော အိပ်ချိန် စားချိန်တောင် မမှန်ဘူး"

"အချိန်နဲ့ အရွယ်ရှိတုန်း လုပ်ရတာပါ မခင်ထားရယ်၊ အင်း တ်တာက စိတ်ချရပြီးမျက်နှာလွှဲနိုင်တဲ့ လူတစ်ယောက်ယောက် ရှိရင် ငါ ဒါလောက် မပင်ပန်းရဘူးပေါ့ကွာ"

"အင်း ... သမီးနေရာမှာ သားယောကျ်ားလေးဆိုရင် ဖအေ ကို ကူညီလို့ရပြီပေါ့ ကိုချမ်းသာရယ်၊ ကျွန်မတို့မှာလဲ သားသမီး ဘနာကလဲ ရှားပါးတာကိုးရှင့်"

"ဒါနဲ့ ... သမီး ဘယ်သွားလဲ မခင်ထား"

"မီးဖိုထဲမှာ ပုပုနဲ့ ခေါက်ဆွဲကြော် ကြော်နေကြတယ်လေ"

"အင်း ... အစားအသောက်ဘက်ကတော့ ကျုပ်သမီးလေး စိတ်ချရပါဗျာ"

ဦးချမ်းသာ သဘောကျစွာ ပြောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သားသမီးနည်းတာ ကုသိုလ်ပဲပေါ့ မခင်ထားရယ်၊ တစ်နေ့ကျရင် သမီးနဲ့ပတ်သက်လာရမယ့် သမက်ကိုပဲ သားအမှတ်နဲ့ မျက်နှာလွှဲရမှာပေါ့ကွာ"

"ရှင့်သမီး အကောင်းကြိုက်ပုံ၊ အစားပုပ်ပုံနဲ့တော့ တော်ရုံယောကျ်ားနဲ့တော့ မဖြစ်ဘူး ကိုချမ်းသာရေ"

"ဘာဖြစ်လဲကွာ ... ကိုယ်တို့ရှာထားသမျှ ရှိသမျှတွေဟာ ဒီသမီးအတွက်ပဲ မဟုတ်လား၊ ကြိုက်လို့စားတာ စားပါစေကွာ၊ ဒါလောက်စားတာနဲ့ မွဲမသွားနိုင်ပါဘူး"

"သြော် ... ရှင်၊ မွဲတော့ဘယ်မွဲမလဲလေ၊ ဒါပေမဲ့ လင်ကောင်းသားကောင်းရမှ ဒီစည်းစိမ်တွေက မြဲမှာကိုး ... ကိုချမ်းသာရဲ့ တော်ကြာ ယောက္ခမပစ္စည်းတွေကို အခန့်သား ထိုင်ဖြုန်းတဲ့ သမက်ဆိုရင်တော့ ငါးပါးမှောက်ပေ🙂ရော့ပဲ"

"နို့ နေပါဦး ... မခင်ထားရဲ့ သမီးမှာ ရည်းစားတွေ ဘာတွေ ရှိနေပြီလားကွ ... ဟင်"

"အို ... တောက်တီးတောက်တဲ့၊ သမီးက ကလေးစိတ်ပဲ ရှိသေးတယ်"

"အင်း ... ကလေး ကလေးနဲ့ ယောက်မ မြင်းစီးထွက်သွားမယ့် နော် ... ခင်ဗျားသမီးက ဆယ့်ခြောက်နှစ် ကျော်သွားပြီဗျ"

"သိပါတယ်၊ အဲဒီလိုကိစ္စတွေကို မေမေနဲ့ ပွင့်ပွင့်လင်းလင်း ပြောရမယ်၊ ဘာမှ ရှက်စရာ ကြောက်စရာ ထိန်ချန်စရာမရှိဘူး မေမေလဲ သမီးရဲ့ရှေ့ရေးအတွက် အကောင်းဆုံးအကြံပေးပုဂ္ဂိုလ် ဖြစ်ချင်တယ်လို့ ပြောထားပြီးသား"





"ဒီတော့ သမီးက ပြောလား"

"ဘာကိုလဲ"

"သြော် ... သူ့ကို ဘယ်သူက ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပေါ့ကွာ"

"ပြောတာပေါ့ရှင် ... သမီးက လုံးဝ စိတ်မဝင်စားသေးဘူး တဲ့ ရှင်"

"သားသမီးယုံ စုံလုံးကန်းဆိုတဲ့ စကားပုံလဲ မမေ့နဲ့နော်"

"မမေ့ပါဘူး ကိုချမ်းသာရယ်၊ သမီးက အလိမ္မာလေးပါ"

"ကောင်းပါလေ့ဗျာ"

"အခုလို နှိပ်ပေးတာ ဘယ့်နှယ်နေလဲ ... ကောင်းရဲ့လား ကိုချမ်းသာ"

"အင်း ကောင်းတယ်ကွာ၊ ဇက်ကြောလေးပါ ဆွဲပေးပါဦး"

"ဆွဲပေးမယ်လေ၊ သြော် ကိုချမ်းသာ"

"ဟင် ... ဘာလဲ မခင်ထား၊ ဘာပြောမလို့လဲ"

"ကျွန်မ တစ်ခု သွားစဉ်းစားမိတယ်"

"ဘာကိုလဲ"

"သြော် ... ရှင်က အလုပ်ပင်ပန်းတယ်မဟုတ်လား၊ မျက်နှာလွှဲ ကိုယ်ခွဲ မရှိလို့လေ"

"အေးလေ ... အဲဒါ ဘာလုပ်ရမလဲ"

"မန်နေဂျာတစ်ယောက်လောက် ငှားလိုက်ပါလားလို့ ဒါဆို ရှင်လဲ သက်သာသွားမယ်"

"မင်း ပြောတာကမှ နောက်ကျသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငှားပြီးပြီလား"

"မငှားရသေးပါဘူး"

"အို ... ရှင့်စကားကလဲ"

"ဆုံးအောင် နားထောင်ပါဦးကွာ၊ ငါ ခုနက မင်း ပြောသလို စိတ်ကူးရှိခဲ့ဖူးတယ်"

"အင်းလေ ... မကောင်းဘူးလား"

"ခက်တာက ... အခုထိ စိတ်ချရမယ့်လူ မတွေ့သေးဘူး မခင်ထားရေ ... ပွဲရုံလုပ်ငန်းကလဲ ငွေတွေက လေး ငါးသိန်း လောက် မြှုပ်ထားတာမို့ မသမာစိတ်ရှိတဲ့လူ ငှားမိရင် ကိုယ့်ရှုံး ကိုယ့်ပြန်ပတ် ဖြစ်သွားလိမ့်မယ်၊ ကိုရွှေမောင်တို့လို စိတ်ဓာတ် မျိုး ရှိတဲ့လူက ခပ်ရှားရှားပဲ မခင်ထားရေ"

"ကိုရွှေမောင်ဆိုလို့ ကျွန်မ သတိရပြီ ကိုချမ်းသာ"

"ဟင် ... ဘာကိုလဲ"

"ကိုရွှေမောင့်သားလေး ကိုချမ်းကို ဆိုရင် အဆင်ပြေမလား မသိ"

"မန်နေဂျာ နေရာလား"

"ချက်ချင်းတော့ ဘယ်ရဦးမလဲရှင်၊ တဖြည်းဖြည်း နားလည် လာရင်ပေါ့"

"ငယ်တယ်လို့ ငါ မြင်တယ် မခင်ထားရဲ့"

"လူငယ်ပေမယ့် အသိစိတ်ကလေးတော့ ရှိရှာပုံရတယ်၊ အခုဆို ကျောင်းစရိတ် ကာမိအောင် ... တဲ့၊ ရာဘာခြစ်နေပါ ရောလား ..."





"အလုပ်ကို တန်ဖိုးထားတဲ့ အသိစိတ်ကလေးတော့ ချီးကျူး ရမှာပဲ၊ ကိုရွှေမောင့်သားဟာ ကိုရွှေမောင်လိုပဲဆိုရင် ဘာပြော ရမှာ လိုလဲကွာ၊ ကောင်လေးက ကလေးလေး ရှိသေးတယ်"

"ဆယ်တန်းဖြေထားတယ်လေ၊ သမီးထက် တစ်နှစ်လောက် များ ကြီးတယ်"

"မင်းက သဘောကျနေလား"

"ဘာကိုလဲ ... ဘာကိုဆိုလိုတာတုံး"

"အလုပ်ပေးဖို့ ဆိုတာကိုပါ၊ ဘာတွေ အတွေးချော်နေပြန် တာလဲ"

"ရှင် ပြောမှ အတွေးတွေက ဝင်လာရတယ်၊ သမီးနဲ့ အရွယ် ချင်း မတိမ်းမယိမ်းဆိုတော့ တကယ်လို့ခေါ်မယ်ဆိုရင် အိမ်မှာ ပဲ ထားရမှာပဲ၊ ဖြစ်ပါ့မလားလို့ တွေးမိတယ်လေ"

"ဟွန်း ဟွန်း၊ မခင်ထားကတော့ မုန့်ဆီကြော်က ဘယ်နေ မှန်း မသိသေးဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုသလို ဖြစ်နေ ပြီကွာ"

"ကျွန်မက သမီးရှင်လေ၊ ဖြစ်ရမှာပေါ့၊ ကိုယ့်သမီးလေး ဝါးလုံး နင်းမလား၊ ဝါးခြမ်း နင်းမလား ... တွေးပူနေမိတာက မိခင်တိုင်းပဲ ကိုချမ်းသာရဲ့"

"အင်းပါ ... မင်းတွေးတာ သဘာဝကျပါတယ်၊ ကိုချမ်းရဲ့ အရည်အချင်းကို ငါလဲ မြင်ပါတယ်ကွာ၊ ကိုရွှေမောင့်သားဟာ ကိုရွှေမောင်လိုပဲ လာရမှာပေါ့ ... မဟုတ်ဘူးလား တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးကလဲ ရှားပါးနေတော့ ကိုရွှေမောင်တို့ပဲ အနီးစပ်ဆုံး ရှိတာ၊ ငါ့ကိုရွှေမောင့်ကိုခေါ်ပြီး ပြောလိုက်မယ်"

"ခုနက ကျွန်မပြောတာ စဉ်းစားပါဦးလားလို့ ကိုချမ်းသာ"

"ဘာကိုလဲ"

"ဩော် ... ကိုချမ်းကိုခေါ်ရင် ဒီခြံထဲမှာပဲ ထားမဖြစ်မယ် ဆိုတော့ ကိုယ့်မှာ အရွယ်ရှိ သမီးလေးနဲ့မို့"

"အဲဒါ ဘာဖြစ်လဲ မခင်ထားရဲ့ ... နီးစပ်သွားရင် ပိုတောင် ကောင်းသေးတယ်"

"အလို ... ဘယ်လိုပြောလိုက်တာလဲ ကိုချမ်းသာရဲ့"

"ဟာကွာ မခင်ထားရာ၊ မျက်မွေးတစ်ထောက် မကြည့်နဲ့ကွ မျက်မွေးတစ်ဆုံး ကြည့်ရတယ်၊ တို့မှာ စည်းစိမ်ဥစ္စာဆိုတာ ပြည့်စုံ သလောက် ဖြစ်နေပြီပဲကွာ၊ သမီးတစ်သက် စားမကုန်ပါဘူး အေး ...လိုနေတာက သမီးအတွက် ဒီစည်းစိမ်တွေကို စည်းစနစ် ကျကျ ထိန်းသိမ်းချုပ်ကိုင်တတ်တဲ့ခင်ပွန်းပဲ လိုတယ်၊ မင်းရဲ့စိတ် ထဲမှာ မင်းသမီးကို ဂုဏ်ရည်တူ၊ အဆင့်အတန်းတူ သူဌေးသား တစ်ယောက်ယောက်နဲ့လို့ မျှော်မှန်းနေတယ် မဟုတ်လား၊ မှား လိမ့်မယ်မခင်ထား၊ အဆင့်ချင်းတူလာရင် ပခုံးချင်း ယှဉ်လာ တော့မယ်ကွ၊ ဘယ်မှာ အပိုးကျိုးကျိုးနဲ့ အနွံအတာ ခံတော့မလဲ တို့မှာ နောက်ထပ် စည်းစိမ်မရှိလဲ အကြောင်းမဟုတ်ပါဘူးကွာ လူကောင်းလူတော်တစ်ယောက်ပဲ လိုအပ်တော့တယ်၊ အခု ငါ ပြောနေတာက ကိုချမ်းနဲ့ သဘောတူတယ်လို့ ပြောတာမဟုတ်





ဘူးနော်၊ အဖြစ်ကိုပြောတာ ... တကယ်လို့ ဖြစ်လာခဲ့ဦးတော့ အကြောင်းမဟုတ်ဘူး၊ လက်ခံနိုင်တဲ့လူဖြစ်တယ်ဆိုတာလောက် ပါပဲ"

"ရှင် ပြောပုံက သမက်ကို တကူးတက အခွင့်အရေးပေးပြီး အိမ်ပေါ် ခေါ်တင်သလို ဖြစ်မနေဘူးလား"

"မင်း စိတ်ပူလို့သာ ပြောရတာပါ၊ တော်ကြာ သမီးလဲ တောလိပ်တက်မယ်၊ တကယ်လို့ ကိုချမ်းကို ခေါ်ဖြစ်တယ်ပဲထား၊ တိုက်အနောက်ဘက်က တန်းလျားမှာပဲ ထားမှာပဲ ... ပြီးတော့ တစ်နေကုန် ပွဲရုံမှာအချိန်ကုန်မယ့်ကိစ္စ၊ မင်းသမီးနဲ့တွေ့ဖို့ ငြိဖို့ ဆိုတာ မနည်းကြီးကို ကံဆိုက်ပါမှပဲဟ။ မင့်သမီးကလဲ တောလိပ် ကျောင်းသူဖြစ်လာရင် ... အိမ်က အလုပ်သမားကို ခေါင်းထဲ ထည့်ဦးမှ"

"သမီးမှာ အဆင့်အတန်းခွဲတဲ့စိတ် မရှိပါဘူးရှင်၊ ကိုချမ်းကို မောင်နှမလို ခင်ရှာတာပါ ကိုချမ်းသာရယ်"

"အေးလေ ...ဒါဆိုလဲပြီးရောပေါ့၊ မင်းပေးတဲ့အကြံ မဆိုးဘူး၊ ငါ သဘောကျတယ်"

"ရှင် ပင်ပန်းလွန်းလို့ ပြောရတာပါ"

"ဟုတ်ပါတယ် ...ငါမှာ သမီးနဲ့ ဇနီးနဲ့ စကားပြောချိန်တောင် ခပ်နည်းနည်း၊ ဒီနေ့တော့ ကိုယ်လက်ကိုက်ခဲတဲ့ဝေဒနာကြောင့် သာ အခုလို ဆွေးနွေးဖြစ်တာ၊ အဖိုးတန်တဲ့ အကြံဉာဏ်ကောင်း ထုတ်ပေးတဲ့ မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

"ရပါတယ်ရှင်၊ ကဲ ... ဘယ့်နှယ်နေသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ စကားကောင်းကောင်းနဲ့ ဈေးတောင် နည်းနည်း စို့ချင်လာတယ်"

"ဈေးစို့လာတော့ ကိုက်တာ ခဲတာ သက်သာသွားမှာပေါ့ အဝတ်လဲလိုက်မလား"

"ကောင်းသားပဲ"

"တစ်ခုခု စားမလား၊ နေ့ခင်းတုန်းက ရှင် ထမင်းနည်းနည်းပဲ စားတယ်မဟုတ်လား"

"မေမေရေ ခေါက်ဆွဲကြော်ရပြီ ... အသည်းအမြစ်များများ ဆီရွှဲရွှဲနဲ့ မွှေးနေတာပဲ၊ ပုပုကို ဟိုတယ်ကြော် ကြော်ခိုင်းတဲ့ စပယ်ရှယ်လေး ယူလာရမလား"

"ထမင်းစား စားပွဲမှာပဲ ပြင်ထားပါ သမီးရေ၊ ညည်းဖေဖေလဲ နည်းနည်း ကျွေးရအောင်"

သားအမိနှစ်ယောက် အပြန်အလှန်ပြောနေသံကို အဝတ်လဲနေသော ဦးချမ်းသာက တပြုံးပြုံးနှင့် ခေါင်းညိတ်ရင်း ...

"ကျောင်းတွေ မဖွင့်ခင် ... ခင်ဗျားသမီးက မီးဖိုချောင် စပယ်ရှယ်လစ် ဝင်လုပ်နေတယ်ပေါ့ ... ဟုတ်လား"

"မပြောပါနဲ့တော့ရှင်ရေ၊ သူပဲ စဉ်းစားတတ်၊ စားလဲစားတတ်၊ လုပ်လဲလုပ်တတ်တယ်"

"ဘာလဲ ... ဦးကြီးပုရဲ့ ချက်နည်းပြုတ်နည်းငါးရာကြီး ကိုင်ပြီး တော့လား"

"အဲဒါလဲ ပါတာပေါ့၊ သမီးက ဝါသနာကိုကြီးတယ်ရှင့်၊ ချက်ရကြော်ရမယ်ဆိုရင် သူ့မှာ မမောနိုင်မပန်းနိုင်၊ အစတုန်းက





ချက်နှာတွေ လက်တွေမှာ အိုးမဲတွေ ခဏခဏပေတာပေါ့၊ အခုတော့ အဆင်ပြေလာပြီလေ၊ ပုပုက သမီး ပါးစပ်ညွှန်ကြား သမျှ ဒိုးကလေးလို မှတ်နေအောင် လုပ်ပေးတာ"

"ဒါပေမဲ့ ... ကိုယ့်စိတ်ထဲမှာ သမီးတော်တာ သူ့အမေရဲ့ ခြေဖျားကိုတောင် မမီသေးဘူးလို့ ထင်တယ်ဗျ"

"ဟင်းနော် ... အဘိုးကြီး"

ဒေါ်ခင်ထားက ဦးချမ်းသာလဲပြီးသော အဝတ်ဟောင်းများ ကို အခန်းထောင့်ရှိ လျှော်ခြင်းထဲ သွားထည့်ရင်း ပြုံးပြုံးကြီး မျက်စောင်းထိုးကာ ပြောလိုက်သဖြင့် ...

"မှန်တာပြောတာဗျာ၊ ဟောဒီက မခင်ထားရဲ့လက်ရာလေး ဆို လျှာမှာစွဲလွန်းလို့ ကိုယ် ဘယ်တုန်းက အပြင်မှာ ထမင်းစား ဘူးလို့လဲ၊ ကဲ ..."

"ကဲပါ ... ကလေးကလား၊ လာ ... အောက်မှာ သမီး စောင့်နေတယ်"

"ဟိုး ... ဟိုး ... ဟိုး ... အဘွားကြီးရဲ့ ရှက်ကိုးရှက်ကန်း အမူအရာလေးကလဲ တစ်မျိုးဗျ"

"ဟွန်း ... ဘာအဘွားကြီးလဲ"

"နို့ ... ခင်ဗျားပဲ ကျုပ်ကို ခုနက အဘိုးကြီးဆို"

"အသက်လေးဆယ် ကျော်နေပြီပဲ၊ အဘိုးကြီး မဟုတ်ရင် ဘာလဲ၊ ကာလသား ပေါက်စလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအနောက်နိုင်ငံတွေမှာ အသက်လေးဆယ်ကျော်မှ ဘဝစ,သတဲ့ဗျား"

"ဒါက အနောက်နိုင်ငံမဟုတ်ဘူး ... တော်ရွှေ မြန်မာပြည် မြန်မာပြည်"

"အင်းပါ... မြန်မာပြည်မှန်းသိလို့ မြန်မာလိုပြောနေတာပေါ့ အဘွားကြီးရဲ့"

"လာပြန်ပြီ ဒီအဘွားကြီး"

"အဟွန်း ... ဟွန်း မခင်ထားကလဲ ခင်ဗျားကို အဘွားကြီးလို့ ပြောရင်လဲ မကြိုက်၊ ဘာလဲ ... ကောင်မလေးလား၊ ကျုပ်တို့ မြန်မာအမျိုးသမီးတွေဟာ တယ်ပြီး နုချင်ကြတယ်နော်၊ ပါးရေတွန့်နေတဲ့ အမယ်ကြီးအိုကို မမကြီးလို့ခေါ်ရင် အံမယ် ကြည်နေရော၊ လက်ရှိအသက်ထက် လူတိုင်းလိုလို တစ်ဝက်လောက် လျှော့ပြီး ငယ်ချင်နေကြတာဗျ"

"အဲဒီအထဲ ကျွန်မ မပါပေါင်"

"မပါတဲ့လူကလား အပြင်တစ်ခါထွက်ရင် မှန်ရှေ့တပြင်ပြင်နဲ့ မပြီးနိုင်တာလေ"

"အို တော်ရိလျော်ရိတော့ပြင်ရမှာပေါ့ရှင်၊ ကျွန်မရုပ်ဆိုးရင် ရှင်ပဲ မျက်နှာငယ်ရမှာပေါ့"

"အခုလဲ လှပါတယ်ကွာ၊ လိပ်ခါး၊ ဖားဖင်၊ ပြောင်းဖူးဖက်ဆေးလိပ်ရှိပ်လေးဗျ"

"ကဲ ... ကဲ အဲဒီရှိပ်လေးကိုပဲ ရှင်က စွဲလှချည်ရဲ့ဆို"





"ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း"

ဝဝဖိုင့်ဖိုင့်လေးနှင့် စိုစိုလုံးလုံးကိုယ်လုံးနှင့် ဒေါ်ခင်ထား၏ သီမထင်ဟန် မခို့တရို့အပြောကြောင့် ဦးချမ်းသာ ရယ်တော့ ဒေါ်ခင်ထားပါ ရောယောင်ကာ ရယ်မိလေတော့သည်။

ေ ေ ေ



www.burmeseclassic.com

www.burmeseclassic.com

“ထမင်းစားပြီးရင် အိမ်ရှေ့ကို ခဏလာခဲ့ဦး ကိုချမ်း”

“ပြောစရာရှိလား အဖေ”

“အေး”

“ဟုတ်ကဲ့ ... လာပါ့မယ် အဖေ”

“အေး ... အေး၊ စား ... စား အဖေစောင့်နေမယ်”

ထမင်းစား အရင်ပြီးသွားသော ဦးရွှေမောင်က လက်ဆေးရင်း ပြောလိုက်သဖြင့် ထမင်းကို အားရပါးရ စားနေသော မင်းမေချမ်းက ဇဝေဇဝါလေးဖြစ်ကာ ပြန်မေးလိုက်ခြင်းဖြစ်၏။

ဦးရွှေမောင်အပြင်ရောက်သွားတော့ မင်းမေချမ်းက ထမင်းစားနေသော မိခင် ဒေါ်အေးနုနှင့် ညီမများကို ကြည့်ပြီး ...

“အမေ”

“ဟေ”

“အဖေ ဘာပြောမလို့လဲ ဟင်၊ အမေ ... သိလား”

ဒေါ်အေးနုက ခပ်တွေတွေလေး စဉ်းစားဟန်ပြုရင်း ...

“အမေလဲ သေသေချာချာမသိဘူး သားရဲ့ ဒါပေမဲ့ ဒီနေ့ မင်းအဖေ မြို့ကိုသွားတယ်”





ရာဘာစေးခြစ်နေသော မင်းမေချမ်းက အဖေ မြို့သွားမှန်း မသိ။

“မြို့သွားတယ် ... ဟုတ်လား အမေ၊ ဘာသွားလုပ်လဲဟင်”

“အစ်ကိုကြီးက မှာလိုက်လို့လေ ခဏလာပါဦးဆိုလို့”

“အလုပ်ကိစ္စတွေနေမှာပေါ့ အမေရာ၊ အဖေ ကျွန်တော့်ကို ပြောမှာ ဦးချမ်းသာနဲ့ မပတ်သက်ဘူးထင်တယ်”

“အဲဒါတော့ အမေလဲ မသိဘူး သား၊ မင်းအဖေနဲ့ အမေ စကားကို ကောင်းကောင်းမပြောရသေးပါဘူး၊ သူ မြို့ကရောက်လာပြီး လယ်ထဲခဏသွားသေးတယ်၊ အမေလဲ ချက်ပြုတ်နေတာပဲလေ၊ ပြီးတော့ ရေမိုးချိုး၊ ထမင်းစားချိန်ရောက်မှ မင်းအဖေ ပြန်ရောက်လာတာကွယ့်၊ ကဲပါလေ စား၊ စားပြီးတော့သိမှာပေါ့”

“ဟုတ်ကဲ့ ... အမေ”

ဒေါ်အေးနု စားပြီးထွက်သွား၏။

မင်းမေချမ်း ပြီးလို့ အပြင်ထွက်သွားချိန်မှာ ဧည့်ခန်းထဲတွင် အဖေက ဆေးပြင်းလိပ်ခဲလျက်၊ အမေက ဖက်ဖြူဆေးပေါ့လိပ်ခဲလျက် ထမင်းလုံးစီနေကြလေသည်။

“လာ ... သား၊ ထိုင်”

ဒေါ်အေးနုဘေးတွင် မင်းမေချမ်း ဝင်ထိုင်ရင်း အဖေ့ကို အကဲခတ်လိုက်၏။

ဦးရွှေမောင်က တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံရ၏။

အမေက အဖေ့ကို အကဲခတ်ရင်း ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေမောင်"

"ဟင်"

"ဒီမှာ သားရောက်နေပြီလေ၊ ရှင် ဘာပြောမလို့လဲ"

"ဩော် ... အေး ... အေး၊ ဒီလိုသားရဲ့ ... အဟမ်း"

ဦးရွှေမောင်က ချောင်းတစ်ချက်ဟန့်ရင်း မင်းမေချမ်းကို ကြည့်ကာ ပြောလိုက်၏။

"ဒီနေ့ အဖေ့ကို အစ်ကိုကြီးခေါ်တယ်"

"ဟုတ်ကဲ့"

"အစ်ကိုကြီးက ဘာတဲ့လဲ ကိုရွှေမောင်ရဲ့၊ ပြောပါဦး"

အားမလို အားမရဟန်နှင့် ဒေါ်အေးနု ဝင်ပြောတော့ ဦးရွှေမောင်က ...

"အဲဒါပြောမလို့ပဲ ခေါ်တာဟ၊ ဘယ့်နှယ် အလျင်လိုနေ ရတာတုံးကွ"

"ရှင်က ပါးစပ်ခြေလှမ်း ကျဲနေတာကိုး၊ သိချင်လှပြီရှင့်"

"သိချင်ရင်နားထောင် အစ်ကိုကြီးကပြောတယ်၊ သူ့အလုပ် အဲ ... သူ့ပွဲရုံလုပ်ငန်းမှာ အကူသဘော လူတစ်ယောက် လိုချင် တယ်တဲ့၊ သူ့လက်ထောက်ပေါ့ကွာ"

"စာရေးမရှိဘူးလား အဖေ"

မင်းမေချမ်းက ဝင်မေးလိုက်၏။

"စာရေးတော့ရှိတာပေါ့၊ ဒါပေမဲ့ အခုလိုတာက အစ်ကိုကြီး မျက်နှာလွှဲရတဲ့ စိတ်ချယုံကြည်ရတဲ့ လူယုံသဘောမျိုးပေါ့ကွာ"





"ဩော် ... ဩော် ဒီကလယ်တွေခြံတွေကို ရှင်နဲ့မျက်နှာလွှဲ ထားရတဲ့ ရှင့်လိုမျိုး လူတစ်ယောက်ဆိုပါတော့ ကိုရွှေမောင်ရဲ့"

"အေးပေါ့ ... သူစိမ်းတစ်ယောက်ယောက်ကို မန်နေဂျာ သဘောမျိုးငှားရင်လဲ ဖြစ်တာပဲ၊ ခက်တာက ... ပွဲရုံထဲမှာ လည်ပတ်နေတဲ့ငွေတွေက ငါးသိန်းလောက်ရှိနေတော့ ဟော်နဲ့ လူတို ဘယ်စိတ်ချရမလဲကွာ၊ စာရင်းလိမ်ပြပြီး သုတ်သွားရင် ခက်လား၊ ဒီတော့ သားကလဲ သူနဲ့တွဲပြီး အလုပ်သင်သဘော ပေါ့လေ၊ သူလဲ နည်းနည်း သက်သာလာအောင် ထားပါလားတဲ့ အဲဒါ ... သားက ဘယ်လိုသဘောရလဲ"

"သားက ငယ်သေးတော့ ရှင့်ပွဲရုံက စာရင်းအင်းတွေကို နားလည်ပါ့မလား၊ နိုင်လဲနိုင်ပါ့မလား ကိုရွှေမောင်ရဲ့"

"အစ်ကိုကြီးက သင်ပေးမှာလေ၊ တဖြည်းဖြည်းတော့ ကျွမ်းကျင်လာမှာပေါ့"

"အဖေက ဘာပြန်ပြောခဲ့သလဲ အဖေ"

"အဖေက သားကို မေးဦးမယ်လို့ ပြောခဲ့တယ် သား"

ဒေါ်အေးနုက မင်းမေချမ်းကို ကြည့်ပြီး ...

"အမေတို့မှာ အစ်ကိုကြီးနဲ့ အစ်မခင်ထားတို့ကျေးဇူးတွေက ဆပ်မကုန်နိုင်အောင် ရှိတယ်နော်သား၊ အခုလုပ်နေတဲ့ ကိုင်းပြင် ကြီးကိုလဲ အလကားပေးထားတာ သားအသိပဲလေ၊ ကိုယ့်ကို ဆွေမျိုးသားချင်း သွေးရင်းချာလို အားကိုးလို့ ခုလို အကူအညီ တောင်းတဲ့ကိစ္စကို မငြင်းသင့်ဘူးကွယ့်"

ဒေါ်အေးနုစကားကြောင့် မင်းမေချမ်းက ပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငြင်းဖို့စဉ်းစားနေတာ မဟုတ်ပါဘူး အမေရာ၊ ဖြစ်မှဖြစ်ပါ့မလားလို့ တွေးနေတာပါ၊ ဦးကြီး ဦးချမ်းသာတို့အတွက်ဆို ကျွန်တော်တို့မိသားစုက ဝန့်ကျွေးတစ်ခုလို အလုပ်အကျွေးပြုနေရတဲ့ဘဝမို့"

"ဟဲ့သား"

"ဟင်"

မင်းမေချမ်း၏ ခံစားချက်စကားကြောင့် ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့ မျက်လုံးအပြူးသားနှင့် အံ့ဩအားသင့်ကာ ကြည့်မိကြတော့၏။ ဒေါ်အေးနုက ...

"ဘယ်လိုပြောလိုက်တာလဲ သားရယ်"

"ဒီမှာသား"

ဦးရွှေမောင်က ခေါင်းခါလျက် ခေါ်လိုက်ပြီးမှ ...

"သား အယူအဆတွေ မှားနေပြီ၊ အဖေတို့မှာ ဘာဝန့်ဘာအတုံ့အလှည့်မှ မရှိဘူး၊ ဆန်ပေးလို့ ဆေးရတယ်လို့ သားခပ်ရိုင်းရိုင်း ပြောချင်လဲ ပြောနိုင်တယ်၊ အေး ... ဒါပေမဲ့ သားသိထားဖို့က သားတို့ အဖေတို့ အခုလို အခြေနဲ့ အနေနဲ့ လူတစ်လုံး သူတစ်လုံးဘဝနဲ့ နေနိုင်တာဟာ အစ်ကိုကြီးတို့ ကျေးဇူးကြောင့်ပဲဆိုတာ သား ငြင်းလို့မရဘူး၊ ဘာလဲ ... သားရဲ့ စိတ်ထဲမှာ လယ်လုပ်သူ လယ်ပိုင်၊ ခြံလုပ်သူ ခြံပိုင်ဖြစ်ရမယ်ဆိုတဲ့ သဘောထားလား၊ အဲဒီလို သဘောထားရင် အဖေတို့ဘဝဟာ ဒီ့ထက် အဆများစွာ နိမ့်ဆင်းပြီး အင်မတန်သိမ်ဖျင်းယုတ်မာတဲ့ ကျေးဇူးကန်းတဲ့စိတ်ဓာတ်ပဲ သား၊ သူတစ်ထူးရဲ့ ကျေးဇူးကို





သိတတ်မှ 'လူ' လို့ခေါ်တယ်၊ လူဆိုရင် လူစိတ်ရှိမှ တန်ဖိုးရှိတယ်၊ သူဌေးရဲ့လူယုံအဖြစ်နဲ့ အေးအေးချမ်းချမ်း နေရတဲ့အဖေတို့ကို မနာလိုသူတွေက သားကို တစ်ဖက်လှည့်နဲ့ 'မင်းအဖေဟာ အလကားပါကွာ၊ နွားပဲ၊ ကိုယ့်လက်ခုပ်ထဲကရေကို သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်နိုင်လျက်သားနဲ့ အမိပွာယ်မဲ့ သစ္စာရှိပြနေတယ်'လို့ ပြောတဲ့လူ ရှိချင်ရှိမှာပဲ၊ အေး ... အဖေဟာ လူများတွေရဲ့ အပြောမှာ 'နွား'ဖြစ်ရတာကို ဂုဏ်ယူတယ် သား၊ ပြောတဲ့လူတွေက နွားလောက်မှ အသုံးမကျတဲ့ ကောက်ကျစ်ယုတ်မာတဲ့ မြေခွေးယုတ်တွေကွ၊ ဒီလယ်တွေ ခြံတွေဟာ တကယ့်ပိုင်ရှင်အစစ်အမှန်က ဦးချမ်းသာနဲ့ ဒေါ်ခင်ထားပဲ၊ သူတို့ ဘဝပေးတုသိုလ်နဲ့ သူတို့ချမ်းသာတဲ့ဟာကို ကိုယ်က မတော်လောဘစိတ်ဝင်ပြီး သွားတပ်မက်နေလို့ ဘာအကျိုးရှိမလဲ၊ ကိုယ့်ကို စိတ်ချယုံကြည်စွာနဲ့ မျက်နှာလွှဲပစ်ထားလေ ကိုယ့်မှာ တာဝန်ကြီးလေပဲ၊ ရွှေမောင်ဟာ ဝတ်လို့လျှာပေါ်မှာ မြက်ပေါက်သွားပါစေ၊ သူများဝစ္စည်းကို မတရားသဖြင့် ဘယ်တော့မှ မလိုချင်ဘူးသား၊ သစ္စာရှိတဲ့ ရိုးသားဖြောင့်မတ်တဲ့ အကျင့်စာရိတ္တကောင်းတဲ့ဂုဏ်ကို သေတဲ့အထိ ခန္ဓာကိုယ်နဲ့ တစ်ပါတည်း ယူသွားမယ့်လူပါ၊ ကျေးဇူးသိတတ်ပါ သား၊ ကျေးဇူးကန်းရင် ဒုက္ခပင်လယ်ဝေ ဆတ်တယ်ဆိုတာ မှတ်ထားပါကွာ၊ ကဲ အခု သားက ဆန္ဒမရှိဘူးဆိုရင်လဲ အဖေ စကားလှအောင် အကြောင်းပြန်လိုက်ရုံပဲပေါ့၊ အဖေပြောတာ သေချာစဉ်းစားရင် သား သဘောပေါက်လာလိမ့်မယ်လို့ အဖေထင်တယ် သား"



www.burmeseclassic.com

www.burmeseclassic.com



သား၏ လွဲမှားနေသော ခံယူချက်ကို လမ်းမှန်ရောက်စေရန် ရှည်လျားစွာ ပြောလိုက်ရသဖြင့် မောသွားသော ဦးရွှေမောင်က ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်၏။ မင်းမေချမ်းက ခေါင်းငုံ့လျက်ပင်။

ဒေါ်အေးနုက ...

"မှန်တယ်သားရဲ့ ... အစ်မခင်ထားတို့က အမေတို့ကို အလုပ်ရှင်၊ အလုပ်သမား သဘောမထားတတ်တာ သားလဲ အမြင်ပဲဟာ၊ အားလုံးနဲ့ ခင်မင်ရင်းနှီးပြီး ဆွေမျိုးတွေလိုပဲ မဟုတ်လား ... စိမ်းဆိုရင် လာရင် လှိုက်လှိုက်လှဲလှဲ သူ့မောင်နှမ အရင်းတွေလိုပဲ"

ထိုအခါမှ မင်းမေချမ်း ခေါင်းမော့လာပြီး ...

"ကျွန်တော် ... သဘောပေါက်ပါပြီ အဖေ၊ သား မှားပါတယ်၊ ဦးကြီးကို ကျွန်တော် ကူညီပါ့မယ်၊ အဖေ့ အကြောင်းပြန်လိုက်ပါတော့"

မင်းမေချမ်းစကားကြောင့် ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့ မျက်နှာ ကြည်လင်သွားကြ၏။

"အင်း ... ကောင်းပါလေ့ သားရယ်၊ အဖေကတော့ ကိုယ့်ကို စိတ်ချယုံကြည်စွာနဲ့ အားကိုးတကြီး အကူအညီတောင်းတဲ့ ကိစ္စတစ်ခုကို ခေါင်းခါလိုက်ရဖို့အရေး အင်မတန်မှ ဝန်လေးနေတာကွာ"

"ကျွန်တော် ကူညီပါ့မယ် အဖေ၊ ခုနက ပြောမိတဲ့အတွက် ခွင့်လွှတ်ပါနော် အဖေ"





"အေး ... အေး၊ မသိလို့ ပြောမိတာပဲ သားရယ်၊ ကိစ္စမရှိပါဘူး၊ သား ခုလို အမြင်မှန်ရသွားတာကိုပဲ အဖေ ဝမ်းသာပါတယ်ကွာ"

"အစ်ကိုကြီးက ... ဘယ်တော့လောက် လိုမယ်တဲ့လဲ ကိုရွှေမောင်"

"လိုတာကတော့ အခုချက်ချင်းပဲကွ၊ ခုတလော ပင်ပန်းလို့ အစ်ကိုကြီး ခဏခဏ မကျန်းမမာဖြစ်တယ်တဲ့၊ ဒီတော့ လုပ်ငန်းသဘော နားလည်အောင် အစ်ကိုကြီးက သူနဲ့တွဲပြီး သူ သင်ပေးသွားမယ်တဲ့"

"ဒါဆိုလဲ ... တစ်ရက်နှစ်ရက်လောက် သားပစ္စည်းတွေ ပြင်ပြီးမှ သွားပါရစေ အဖေ"

"အေးကွာ ... ရပါတယ်"

"နေရေးထိုင်ရေးက ဘယ်လိုစီမံထားသလဲ ကိုရွှေမောင်"

"သားအတွက်လား မအေးနု"

"ဟုတ်တယ်လေ"

"ဟိုရောက်ရင် အစ်ကိုကြီးတို့ စီစဉ်ပေးလိမ့်မယ်ပေါ့ကွာ၊ အေး ... လခကတော့ တစ်လ နှစ်ရာငါးဆယ်က စပေးမယ်တဲ့၊ စားတာက ဟိုက ကျွေးမယ်"

"ဟုတ်ကဲ့ အဖေ၊ ကျွန်တော် အလုပ်တစ်ဖက်နဲ့ စာပေးစာယူတက်ဖို့ ပိုအဆင်ပြေသွားတာပေါ့"

နှစ်ရက်အကြာမှာ မင်းမေချမ်း မော်လမြိုင်သွားဖို့ အသင့်ဖြစ်နေပါပြီ။ ပစ္စည်းများများ မပါ။ အိပ်ရာလိပ် တစ်လိပ်နှင့် သေတ္တာတစ်လုံးမျှပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ထိုင်ဦး သား၊ သား မသွားခင် အဖေ မှာစရာရှိတာ မှာလိုက်ဦးမယ်"

ရေနွေးကြမ်းပိုင်းထဲ ဝင်ထိုင်ရင်း မင်းမေချမ်းက ...

"ဘာမှာမလဲ အဖေ"

အဖေကိုယ်တိုင် လိုက်မပို့နိုင်သဖြင့် သူ တစ်ယောက်တည်း သွားရမည်။

ဦးရွှေမောင်က ဆေးတံကို တစ်ဖွာရှိုက်လိုက်ရင်း ...

"ဒီလိုသားရဲ့၊ အဖေပြောမှာက အခုရှစ်မှ နောင်ရှင်းတယ် ဆိုတဲ့ စကားလိုပေါ့ကွာ၊ သားကို အဖေတို့မိသားစုရဲ့ကိုယ်စား ကိုယ့်ကျေးဇူးရှင် မိသားစုတွေကို လိုအပ်တဲ့အကူအညီ အတတ်နိုင်ဆုံးပေးသွားဖို့ သွားရောက် လုပ်ကိုင်နေထိုင်တဲ့ ကာလတစ်လျှောက်မှာ မလိုလားအပ်တဲ့ ပြဿနာတွေ မပါစေချင်လို့"

"အဖေ ဘာကိုဆိုလိုတာလဲဟင်"

မင်းမေချမ်းက တကယ်ပင် နားမလည်စွာမေးလိုက်ခြင်းပါ။

"ဒီလိုလေ သားရဲ့၊ အခု သားသွားနေရတဲ့ အစ်ကိုကြီး ဦးချမ်းသာမှာ တစ်ဦးတည်းသောသမီးလေး မြစိမ်းခင်ဟာ သားနဲ့ အရွယ်တူဖြစ်နေတယ်"

အဖေ့စကားကို သူ နားလည်မိလာသလိုလိုရှိလာပါသည်။

"ပုထုဇဉ်ဆိုတော့ အနေနီးစပ်မှုရှိရင် စိတ်ဝင်စားမှုဆိုတာ နောက်ကပါလာတော့မှာပဲ၊ ဒီနေရာမှာ ကိုယ့်အခြေအနေနဲ့ ကိုယ့်နေရာကို သားက သတိကြီးစွာနဲ့ အသိ ရှိစေချင်တယ်၊ အစ်ကိုကြီးတို့ဟာ အဆင့်တွေ အလွှာတွေ မခွဲတတ်ဘူးလို့





ဆိုပေမယ့် သူတို့ရဲ့တစ်ဦးတည်းသော သမီးလေးရဲ့ ရှေ့ရေးကို စဉ်းစားဆုံးဖြတ်တဲ့ နေရာမှာ ..."

"ကျွန်တော် နားလည်ပါပြီ အဖေ ... ကိုယ့်ဘက်က စည်းမပေါက်ဖို့ မဟုတ်လား၊ အဖေတို့အနေနဲ့ သားကို သားရေပေါ်အိပ် သားရေနားစားတဲ့လူအဖြစ် ရောက်သွားမှာစိုးတယ် မဟုတ်လား၊ စိတ်ချပါ အဖေနဲ့ အမေရာ၊ သား ဒီလိုအဖြစ်မျိုး မရောက်အောင် နေထိုင်ပါ့မယ်၊ သားရဲ့စိတ်ထဲမှာ တစ်နေ့ကျရင် ကိုယ့်လုပ်အားနဲ့ ကြီးပွားချမ်းသာတဲ့လူတစ်ယောက် ဖြစ်ဖို့ဆိုတဲ့ အတွေးပဲရှိတယ်၊ ဦးကြီးဆီက သင်ပေးသမျှ အတတ်ပညာတွေဟာ ကျွန်တော့်ရည်ရွယ်ချက်အတွက် အထောက်အပံ့ဖြစ်စေလိမ့်မယ်လို့ ထင်ပါတယ် အဖေ"

ရဲဝံ့စွာ ကတိပေး ပြောဆိုလိုက်သော မင်းမေချမ်းအား ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့က ကြည်နူးပီတိဖြစ်လျှစွာ ကြည့်ရင်း ...

"အေး ... အေး သာဓုပါကွယ်၊ သားဟာ အကြီးဆုံးသားမို့ အဖေနဲ့ အမေတို့ရဲ့ အချစ်ဆုံး လက်ရုံးဆိုလဲ မမှားဘူးပေါ့၊ ဖြစ်တတ်တဲ့သဘာဝမို့ ပြောရတာပါ၊ သားဟာ အဖေ့သားပီပီ မဟုတ်မတရား မတော်တရော်လုပ်မယ့်လူ မဟုတ်ဘူးဆိုတာလဲ အဖေတို့ယုံကြည်ပါတယ်၊ ယောက်ျားနဲ့ မိန်းမဆိုတာ ချဉ်သီးနဲ့ ဆားလိုပဲ သား၊ ချဉ်သီးနဲ့တွေ့မှ ဆားကအရည်ပျော်တတ်သလို ယောက်ျားလေးက အရင်မစရင် ဘယ်မိန်းကလေးမှ တုံ့ပြန်လို့ မရဘူးကွယ့်၊ မိန်းမကျွန်ခြေဆိုတာ မြင့်မြတ်တဲ့မိန်းကလေးတိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မှုတာယ်၊ တစ်သက်လုံး ခင်မင်ယုံကြည်ခဲ့ကြတဲ့ မိသားစုနှစ်ခုဟာ ခရှော်လင့်တဲ့ ပြဿနာကြောင့် မျက်နှာချင်းဆိုင်လို့မရတဲ့အဖြစ်မျိုး မရောက်စေရအောင် သားက အတတ်နိုင်ဆုံး ထိန်းသိမ်းပါလို့ ဖေဖေ မှာချင်တယ်”

“စိတ်ချပါ အဖေ၊ အဖေတို့ကို မျက်နှာပျက်အောင်လုပ်တဲ့ သား မဟုတ်ပါဘူး ဆိုတာ သား အလုပ်နဲ့ သက်သေပြပါ့မယ်”

“အေးကွယ် … အမေ့သား သွားလေရာ ချစ်ခင်ကူညီသူပေါ်များပြီး တိုးတက်ကြီးပွားပါစေ”

ကန်တော့လိုက်သော မင်းမေချမ်းအား ဒေါ်အေးနုက ကျေနပ်ကြည်နူးစွာ ဆုပေးလိုက်ပါသည်။ မင်းမေချမ်းက သေတ္တာတစ်ဖက်၊ အိပ်ရာလိပ် တစ်ဖက်ဆွဲ၍ …

“သွားမယ် အဖေ”

“အေး … အေး”

❦ ❦ ❦



ချမ်းမြေ့ရိပ်မြုံသို့ မင်းမေချမ်း ရောက်လာပါပြီ။ ဦးချမ်းသာနှင့် ဒေါ်ခင်ထားက လှိုက်လှဲစွာ ကြိုဆိုကြ၏။ ဦးချမ်းသာက …

“ကိုယ့်အိမ်ကိုယ့်ရာလို လွတ်လွတ်လပ်လပ်နေပေါ့ ကိုချမ်း၊ နောက်နေ့မှ ဦးကြီးနဲ့ ပွဲရုံကိုသွားကြရအောင်”

“ဟုတ်ကဲ့ … ဦးကြီး”

“ကိုရွှေမောင်နဲ့ မအေးနုတို့ နေကောင်းတယ် မဟုတ်လား ကိုချမ်း”

ဒေါ်ခင်ထားက မေးသဖြင့် မင်းမေချမ်းက …

“ဟုတ်ကဲ့ … အဖေနဲ့ အမေတို့ နေကောင်းကြပါတယ် ဒေါ်ဒေါ်”

“အေးကွယ် … ဒီမှာတော့ သွေးသားအရင်းအချာလို လိမ်လိမ်မာမာနေပေါ့ ကိုချမ်းရယ်၊ မင်းရဲ့ဦးကြီးက သူ မျက်နှာလွှဲလို့ရအောင် လုပ်ငန်းသဘောတွေကို သင်ပေးလိမ့်မယ်”

“ဟုတ်ကဲ့ … ဒေါ်ဒေါ်၊ ကျွန်တော့်ကိုလဲ အမြင်မတော်တာ၊ လိုအပ်တာရှိရင် ပွင့်ပွင့်လင်းလင်း သွန်သင်ဆုံးမပါ ဦးကြီးနဲ့ ဒေါ်ဒေါ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး၊ မင်းအတွက်ပေးထားတဲ့ အခန်းလေးကို သဘောကျရဲ့လားကွယ်၊ အိမ်က ကောင်မလေးတွေကို ရှင်းခိုင်းထားရတယ်၊ အဆင်ပြေတယ် မဟုတ်လား"

မင်းမေချမ်းကို ဒရိုင်ဘာမူတူးနှင့် ခြံစောင့် ဂေါ်ရခါးကြီး ဖြစ်သော ဦးအောနှင့်အတူ တိုက်အနောက် တန်းလျားမှာ တစ်ခန်းပေးထားခြင်း ဖြစ်၏။

"သဘောကျပါတယ် ဒေါ်ဒေါ်"

"အေး ... အေး ထမင်းကိုတော့ ဒီမှာပဲစားပေါ့၊ ပွဲရုံသွားတဲ့ နေ့တွေမှာ အိမ်က ချိုင့်နဲ့ပို့ပေးမယ်၊ ညနေစာကိုတော့ ဒေါ်ဒေါ်တို့ မိသားစုနဲ့ပဲ အတူတူစားပေါ့၊ ဟုတ်လား ... ကိုချမ်း"

"ဟုတ်ကဲ့ ... ဒေါ်ဒေါ်၊ ကျွန်တော့်အတွက် ပင်ပန်းနေမလား မသိဘူး၊ အခန်းထဲမှာ ကျွန်တော့်ဟာကျွန်တော် ချက်စားလဲ ဖြစ်ပါတယ် ဒေါ်ဒေါ်"

သူ့စကားကြောင့် ဦးချမ်းသာက အားပါးတရရယ်ရင်း ...

"ဟား ... ဟား ... ဟား ကိုချမ်းရာ၊ မင်း ထမင်းချက်စားနေမှတော့ အလုပ်ကိုဘယ်အချိန်သွားရတော့မလဲကွ ဟော လုပ်မနေပါနဲ့၊ ဦးကြီးတို့ဆီမှာ စားရေးသောက်ရေးအတွက် မင်း ဘာမှခေါင်းထဲမထည့်နဲ့၊ အချိန်တန်ရင် စားဖို့ အဆင်သင့် ရှိနေတာတောင်မှ တစ်ခါတလေ အလုပ်ကများလာရင် နေ့လယ်စာ ငတ်ပြီးသွားရတဲ့အဖြစ်တွေလဲ မနည်းတော့ဘူးကွာ၊ မင်း လုပ်ရင်းနဲ့ တွေ့လာရပါလိမ့်မယ်ကွာ"





"ဟုတ်တယ် ... ကိုချမ်းရဲ့ ဘာလို့ ချက်စားရမလဲ၊ မင်းအတွက် ဒေါ်ဒေါ်တို့မှာ ဘာမှ အပန်းမကြီးသွားပါဘူးကွယ်၊ အားနာ နေလို့လား၊ ဘာမှ အားမနာနဲ့ ပြီးတော့ မင်း စားချင်တာ ရှိရင်လဲ ပြောပေါ့၊ ပုပု လုပ်ပေးလိမ့်မယ်"

"ရပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် စားပါတယ်"

"အေး ... အေး ကောင်းတာပေါ့၊ အစားမရွေးတာ ကောင်းတယ်ကွယ့်"

"ဒီနေ့တော့ နားနားနေနေ နေဦးပေါ့ကွာ၊ နက်ဖြန်မှပဲ..."

"ဟုတ်ကဲ့ ကျွန်တော် အခန်းဆီသွားတော့မယ်နော် ဦးကြီး"

"အေး ... အေး"

"ဟဲ့ ... ဟဲ့ ခဏနေဦး ကိုချမ်း"

"ဘာခိုင်းစရာရှိလဲ ဒေါ်ဒေါ်"

"မရှိပါဘူးကွယ်၊ မီးဖိုမှာ ပုပုနဲ့ သမီး နေ့ခင်းသရေစာ တစ်ခုခုလုပ်နေကြတယ်၊ ဒါဒါ စားသွားဦး၊ ပြီးမှ သွားနားပေါ့၊ ထုရေ ... မပြီးသေးဘူးလားကွယ့်"

ဒေါ်ခင်ယားက ပြောရင်း တစ်ဆက်တည်းပင် မီးဖိုထဲသို့ လှမ်းမေးလိုက်သဖြင့် မြစိမ်းခင်က လေးထောင့် စတီးဗန်းလေး ကိုကာ ထွက်လာရင်း ...

"ပြီးပြီ မေမေရေ့ ... လာနေပြီ"

အငွေ့တထောင်းထောင်း ထနေသော ဖောက်ပန်းကန် အိုးလုံးကိုကြည့်ရင်း ဦးချမ်းသာက

"ဘာတွေလဲ သမီးရဲ့၊ အားပါးပါး ... မွှေးနေတာပဲဗျား"



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းခင်က ဗန်းကို စားပွဲပုလေးပေါ် အသာတင်ရင်း ...

"ရခိုင်ငှက်ပျောသီး ဝဝမှည့်မှည့်ကို အုန်းနို့နဲ့ သကြားနဲ့ ရောပြီး ပေါင်းထားတာလေ ဖေဖေ၊ ကောင်းမှ ကောင်း"

ပြောရင်း ဦးချမ်းသာအတွက် တစ်ခွက်လှမ်းပေးလိုက်၏။

"မေမေ့အတွက် နည်းနည်းပဲထည့်ပါ သမီးရယ်"

"မကြိုက်လို့ ...ား မေမေရဲ့"

"ကြိုက်ပါတယ် ... ခုတလော ချောင်းနည်းနည်းဆိုးချင်နေလို့"

"ဟုတ်ကဲ့ ... မေမေ"

မြစိမ်းခင်က အသင့်ယူလာသော လိုက်ပွဲပန်းကန်ထဲ အနည်းငယ် ကဲ့ထည့်ပြီးမှ ဒေါ်ခင်ထားကို ပေးလိုက်၏။ ပြီးမှ မင်းမေချမ်းအား တစ်ခွက်လှမ်းပေးရင်း ...

"စားနော် ... ကိုချမ်း၊ တစ်အိုးကြီး လုပ်ထားတယ်၊ ကိုချမ်းအတွက်တော့ အဆန်းမဟုတ်တော့ဘူး ထင်တယ်နော်၊ စိမ်းသာယာကုန်းသွားလည်တုန်းက ဒေါ်လေး လုပ်ကျွေးခဲ့ဖူးလို့လေ"

မြစိမ်းခင်က သူ့အတွက် ပုပု ယူလာသော ပန်းကန်လေးကို လှမ်းယူရင်း ပြောလိုက်၏။ ဦးချမ်းသာက နူးအိချိုမွှေးဆိမ့်ရသာစုံ ငှက်ပျောသီးပေါင်းကို တစ်ဇွန်းခပ်စားရင်း ...

"အင်း ... ကောင်းတယ် ကောင်းတယ်၊ စားနော် ကိုချမ်း။ မင်း ဒီမှာဆိုရင်တော့ စားရပါလိမ့်မယ်ကွာ၊ အမျိုးမျိုး သမီးက ဝါသနာလဲပါ၊ အကောင်းလဲ ကြိုက်တာနဲ့"

"အဲဒါ ... မကောင်းဘူးလား ဖေဖေရဲ့"





"ကောင်းပါတယ်ဗျာ ... သမီး ဝါသနာပါတော့ ဖေဖေတို့ စွယ်ဖွယ်ရာရာ စားရတာပေါ့"

"ဟင်း ... ဟင်း ... ဟင်း၊ ဖေဖေက မြှောက်ပြီ"

"အို ... တကယ်ပြောတာ သမီးရဲ့ မီးဖိုချောင်အလုပ်ဆိုတာ လုပ်ချင်စိတ်ရှိပေမယ့် လုပ်တတ်ဦးမှကိုး ... ခု ဖေဖေ့သမီးက ဝါသနာလဲ ပါတယ်၊ လုပ်ချင်စိတ်လဲ ရှိတယ်၊ လုပ်လဲ လုပ်စားတတ်တယ်ဆိုတာ နည်းတဲ့ အရည်အချင်းလားဗျ၊ တော်ရုံတန်ရုံ မိန်းကလေးတွေ သမီးကို မီဖို့ရှားတယ်၊ အကောင်းစားတတ် ကြိုက်တတ် စားနိုင်တာလေ၊ ဟဲ ... ဟဲ"

ဦးချမ်းသာက ချီးမွမ်းသလိုလိုနှင့် စ,လိုက်သဖြင့် မြစိမ်းခင်က နှုတ်ခမ်းစူရင်း ...

"ဟွန့် ... ဖေဖေနော်၊ ဒါဆို ... သမီး အကုန်လုံး စားပစ်လိုက်ရမလား"

"အမယ်လေးဗျာ ... သူများတွေ စိတ်ကောက်ရင် မစားတော့ဘူး၊ ကျုပ်သမီး စိတ်ကောက်ပုံကလဲ လန့်စရာဗျ၊ အကုန်စားပစ်မယ်တဲ့၊ ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... ဟင်း"

"စား ... ကိုချမ်း၊ သူတို့ သားအဖက ဒီလိုပဲ၊ အဖေကလဲ သမီးကို နို့စို့အရွယ်လောက်အောက်မေ့ပြီး အမြဲ စ,နေကျကွယ့်"

ဒေါ်ခင်ထားက ပြုံးပြုံးလေး ဝင်ပြောမှ မင်းမေချမ်းလည်း ရှောယောင် ရယ်မောကာ မုန့်ပန်းကန်ကိုကိုင်၍ ဆက်စားနေတော့၏။ မြစိမ်းခင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ထည့်ပါဦး ကိုချမ်းရဲ့"

"တော်ပြီ … စိမ်း၊ ကိုယ် ဝ,သွားပြီ၊ မနိုင်တော့ဘူး"

"သမီး ငှက်ပျောသီးပေါင်းက ချိုစိမ့်အရသာ လွန်ကဲနေတော့ နည်းနည်းစားတာနဲ့ အီသွားတာပဲကွယ့်"

ဒေါ်ခင်ထားက မုန့်ပန်းကန်ကို ထားလိုက်ရင်း ပြောပြီး ရေနွေးကြမ်း ထည့်ထားသော ဂွမ်းကပ်ကြွတ်ကိုဖွင့်ကာ ရေနွေး ပန်းကန်လုံး အသေးလေးများမှာ ထည့်ပေးနေလေသည်။

"သမီးတော့ ကြိုက်တယ် မေမေ"

"အင်း … သမီး အချိုအဆိမ့် ကြိုက်တာက လွန်တယ်ကွယ့်၊ ငယ်ငယ်တုန်းကဆို ချောကလက်များ အတောင့်လိုက် အကပ်လိုက် ပိုက်ပြီး စားတာ၊ မလိုင်ခဲတွေဆို အထုပ်လိုက် တစ်ထိုင်တည်း စားတာလေ"

"သွားပိုးတွေ ဘာတွေ မဖြစ်ဘူးလား ဒေါ်ဒေါ်"

"ဖြစ်ပြီလား ကိုချမ်းရဲ့၊ သွားပိုးကိုက်ရင် တအီအီတကျည်ကျည် ငိုနေပါရော၊ ငယ်သွားကျွန်လို့ ကြီးသွားလဲတော့မှ အချိုတွေ စားပြီးတိုင်း သမီးရဲ့ ပါးစပ်ကို ရေနဲ့ ပလုတ်ကျင်းပစ်ခိုင်းရတယ်"

"အချိုအဆိမ့်စားတာများရင် ခန္ဓာကိုယ်မှာ အဆီတွေစုပြီး မဘုတ်ဆုံ ဖြစ်နေဦးမယ် စိမ်းရဲ့"

မင်းမေချမ်းက ပြုံးပြီး ကျီစယ်သလို ပြောလိုက်သဖြင့် စိမ်းက အစားမပျက်ဘဲ …





"မဖြစ်ပေါင် … စိမ်းက ကိုယ်လက်လှုပ်ရှား ပုံမှန်လုပ်တယ်လေ ကိုချမ်းရဲ့"

"မှန်တယ် ကိုချမ်းရဲ့ သမီးက ဝမယ်ဆိုရင် ဝတာ ကြာရောပေါ့ကွယ်၊ ငယ်ငယ်လေးကတည်းက ဒီအစာတွေကိုပဲ သူ့မှာ စုံစုံမက်မက်ကို စားနေကျမို့ ထွားတာကလဲ အရွယ်နဲ့ မမျှဘဲ၊ ဒေါ်ဒေါ်တို့ မြန်မာအမျိုးသမီးတွေမှာ အရပ်ငါးပေလေးလက်မဆိုတာ ခပ်ရှားရှားလို့ ပြောနိုင်ပေမယ့် သမီး အခု ငါးပေလေး ရှိတယ်၊ နောက်ထပ် မြင့်လာဦးမှာပဲ၊ အသက်မှ ဆယ့်ရှစ်နှစ်မပြည့်သေးတာ၊ အနည်းဆုံး ငါးပေခွဲလောက်တော့ မြင့်မှာပါပဲ၊ ဝိတ်ကရော ခုကို ပေါင် တစ်ရာ့အစိတ်လေ၊ ကဲ … ဒါပေမဲ့ သူ့အရပ်၊ သူ့ဝိတ်နဲ့ မျှနေတော့ ဝတယ်လို့ မဆိုနိုင်သေးဘူး၊ စားလဲ စားတယ်၊ လှုပ်ရှားမှုတွေလဲ စနစ်တကျ လေ့ကျင့်နေတော့ အသားတွေဟာ သိပ်သည်းကျစ်လျစ်ပြီး မလိုတဲ့နေရာတွေမှာ အပိုမရှိ ဖြစ်နေတာပေါ့"

"ကိုချမ်း အရပ် ဘယ်လောက်ရှိလဲ ဟင်"

မြစိမ်းခင်က မေးသဖြင့် မင်းမေချမ်းက …

"ငါးပေ လေးတော့ ကျော်တယ်"

"စိမ်းထက် နည်းနည်းပဲ မြင့်မယ်၊ ဒါပေမဲ့ … ကိုချမ်းက ပါးပါးသွယ်သွယ်ဆိုတော့ အများကြီးမြင့်တယ်လို့ ထင်ရတယ် နော် မေမေ"

"ကိုချမ်းလဲ တက်လာဦးမှာပဲ၊ ဒီအရွယ်တွေက တရှိန်ရှိန်နဲ့ တက်မှန်းမသိ တက်နေတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထားက ထောင်ထောင်မောင်းမောင်းနှင့် ပြည့်ဖြိုး တင်းရင်းနေသော သမီးနှင့် ရှည်ရှည်သွယ်သွယ် မင်းမေချမ်းကို ကြည့်ရင်း ပြောလိုက်၏။

"ကဲ ... ကဲ စကားပြောလို့ ကောင်းပါရဲ့၊ ကိုချမ်းလဲ နားချင်မယ် ထင်တယ်၊ ငါတော့ သမီး မုန့်တန်ခိုးပြပြီပေါ့၊ တစ်ရေးလောက် မှေးလိုက်ဦးမယ်"

"ကျွန်တော်လဲ သွားဦးမယ်ဗျာ"

"ညနေစာကို ငါးနာရီခွဲမှာ စားမယ်နော် ကိုချမ်း၊ နေ့တိုင်း နေ့တိုင်း"

မြစိမ်းခင်က ပြောသည်ကို ဒေါ်ခင်ထားက ...

"ကွယ် ... သမီးကလဲ၊ စည်းကမ်းတကြီးပုံစံနဲ့ မပြောပါနဲ့၊ ကိုချမ်း စားချင်တဲ့အချိန်ပြောပေါ့၊ ပုပုတစ်ယောက်လုံး မီးဖိုထဲမှာ အမြဲရှိနေတာပဲ၊ ကိုချမ်းတို့က ထမင်းစား စောတတ်တယ် ဟုတ်လား"

"ရပါတယ် ... ဒေါ်ဒေါ်၊ ကျွန်တော် လာခဲ့ပါ့မယ်"

ဦးချမ်းသာနှင့်မင်းမေချမ်းထွက်သွားတော့မှ မြစိမ်းခင်က...

"ကိုချမ်းတစ်ယောက် သူ့အိမ်ကို သတိရနေတယ် ထင်တယ်နော် မေမေ"

"ရချင်လဲ ရမှာပေါ့ သမီးရယ်၊ ဘာလဲ... သမီးက ကိုယ့်စိတ်နဲ့ စာလို့လား"

"အင်းပေါ့ ... မေမေရဲ့၊ စိမ်းဆို အိမ်နဲ့ ဝေးနေရင် အိမ်ကို သိပ်လွမ်းတာပဲ"





"ခုတော့ ... ပြောတာပဲလေ သမီးရေ"

"အမယ် ... ကြည့်နေပါ မေမေရဲ့"

"မေမေ့သမီးက ကြည့်လေ ချောလေပါကွယ်၊ ဖြူဖြူဖွေးဖွေး ရှုဆေးငါးကြီးလိုပဲ"

"ဟင် ... မေမေ့ဥပမာက သမီးကို ငါးနဲ့ တူခိုင်းတယ်ပေါ့၊ နှိပ်လိုက်တာ"

"ကဲ ... ဒါဆိုရင် လုံးကြီးပေါက်လှ မှုစ်စွံပေါက်ကြီးလိုပဲကွယ်"

"ဟွန့် ... အဲဒါကမှ ပိုဆိုးသေး၊ မှိုစ်နဲ့တူတယ် ဆိုကတည်းက အရင်းကြီးကြီး အဖျားချွန်ချွန်နဲ့ လှပါဦးမလား မေမေကလဲ"

"အဲဒါဆို ကျုပ်လဲ မလျှောက်တတ်တော့ဘူး မမရေ"

"မေမေကလဲ တူခိုင်းပါလားလို့ ပပဝတီတို့ ဥမ္မာဒန္တီတို့နဲ့"

"ဟဲ့ ... အဲဒါတွေ မေမေမှ မမြင်ဖူးတာ"

"စာအုပ်ထဲမှာလေ၊ သိပ်ချော သိပ်လှတဲ့ အကြောင်းတွေ ရေးထားတာပဲဟာ"

"အေး အေး၊ အဲဒီ ပပဝတီနဲ့ ဥမ္မာဒန္တီတို့လှတယ်ဆိုတာ သွယ်သွယ်လျလျ၊ ပါးပါးနွဲ့နွဲ့နဲ့ လေတိုက်ရင် ယိမ်းသွားနိုင်လောက်အောင် ပျော့ပျောင်းနူးညံ့တဲ့ အလှမျိုး၊ မေမေ့သမီးကျတော့ ဟိုခေတ်တုန်းကလို ခြေတစ်လှမ်း ကုဋေတစ်သန်းတန် ပုံစံမှ မဟုတ်ဘဲ၊ ဒေါက်နဲ့ အရပ်နဲ့ ထောင်ထောင် မောင်းမောင်း ခိုင်ခိုင်ထည်ထည်ကြီးဆိုတော့ ... တစ်ပုံစံစီပေါ့၊ သမီးလိုပုံက မြန်မာအမျိုးသမီးနဲ့ မတူဘူးကွယ့် ... အနောက်နိုင်ငံသူတွေလို



www.burmeseclassic.com

www.burmeseclassic.com



ထွားကျိုင်းတဲ့ ခန္ဓာကိုယ်နဲ့ ပေါ်လွင်ထင်ရှားတဲ့ အလှမျိုး၊ ရှားပါးတဲ့ အလှမျိုးကွယ့်"

"မေမေပြောမှ စိမ်း ဘဝင်မြင့်ချင်လာပြီနော်"

"ဘဝင်မြင့်တယ်ဆိုတာ အရှုံးတစ်မျိုးပဲ သမီးရဲ့"

"အမယ်လေး ... ရှုံးတော့ မရှုံးပါရစေနဲ့တော့၊ ဘဝင်လဲ မမြင့်ပါဘူး မေမေရဲ့"

"စိတ်သာ အဓိကပါကွယ်၊ အပေါ်ယံအလှဆိုတာ အရေပြား တစ်ထောက်ပါပဲ၊ စိတ်ရင်း ဖြူစင်ရင် အမြဲတမ်း လှနေမှာပဲ"

"စိတ်ကောင်းတစ်ခု အရင်းပြုပေါ့၊ ဟုတ်လား ... မေမေ"

"အေးပေါ့ ... စိတ်ဆန္ဒရဲ့ စေစားချက်ကြောင့် မျက်လုံးက တစ်ဆင့် လူတွေရဲ့ သဘောမနောကို ခန့်မှန်းနိုင်တယ် မဟုတ်လား၊ မျက်လုံးဆိုတာ စိတ်ရဲ့ ပြတင်းပေါက်တွေ သမီးရဲ့ မျက်နှာက ဘယ်လိုပဲ ဟန်ဆောင်ထားထား မျက်လုံးက ဖုံးကွယ်လို့ မရတတ်ဘူးလေ"

"သမီးတော့ တစ်ခါမှ မညာဖူးပါဘူးနော် မေမေ"

"မေမေ့သမီး ဘယ်တော့မှ မညာတတ်ပါစေနဲ့လို့ မေမေ ဆုတောင်းပါတယ်ကွယ်"

"သမီးမှာ မေမေ့အပေါ် ဘာအကြောင်းမှ ညာစရာမရှိပါဘူးနော်"

"ခု လောလောဆယ် မရှိပေမယ့် နောင် ရှိလာရင်ကော"

"စိတ်ချပါ မေမေ၊ မရှိစေရဘူး၊ ရှိလာရင်လဲ ဘာလို့ညာမလဲ၊ သမီးအပေါ် ဒါလောက် အလိုလိုက်တဲ့ ဖေဖေနဲ့ မေမေ ပဲဟာ"





"အေး ... သာခု သာခုပါကွယ်၊ သမီးစကားနဲ့ဆို မေမေ စိတ်ချမ်းသာလိုက်တာ"

"သမီး အလိမ္မာပါနော်"

"ဟုတ်ပါသတဲ့ကွယ်၊ သမီး အလိမ္မာပါပဲ"

သားအမိနှစ်ယောက် ကြည်နူးစွာနှင့် ဟက်ဟက်ပက်ပက် ရယ်လိုက်ကြလေသည်။

ညနေပိုင်းထမင်းစားချိန်ရောက်တော့လည်း ဒေါ်ခင်ထားက

"လာ ... ကိုချမ်း၊ ဒီနေ့တော့ ထူးထူးဆန်းဆန်း မင်းဦးကြီးနဲ့ ထမင်းလက်ဆုံ စားရတော့မယ် ... ခါတိုင်းဆို မိုးစုံးစုံးချုပ်မှ ရောက်လာတတ်တယ်လေ"

"ဟုတ်တယ်ကွ ... ဒီနေ့ ပွဲရုံမှာ အလုပ်နည်းနည်း ပါးတာနဲ့ ညနေပိုင်း တစ်ပိုင်းလုံးလုံး အနားရနေတယ်၊ လာ ... ထိုင် ကိုချမ်း စားရအောင်"

ဆုံလည်စားပွဲတွင် ဝင်ထိုင်ရင်း မင်းမေချမ်း လက်ဆေးလိုက်၏။

မြစိမ်းခင်က ဦးချမ်းသာနှင့် ဒေါ်ခင်ထားတို့အကြားတွင် ထိုင်သည်။ မင်းမေချမ်းက ဦးချမ်းသာ၏ဘေးတွင် ဝင်ထိုင်ခြင်း ဖြစ်သည်။

ဒေါ်ခင်ထားက ဦးချမ်းသာ၏ပန်းကန်ထဲသို့ ဟင်းများကို အနည်းငယ်စီ ဦးဦးဖျားဖျား ခပ်ထည့်ပေးလိုက်ပြီးမှ ...

"အားမနာဘဲ စားနော် ကိုချမ်း၊ ဟင်းတွေက ဝက်သားနီချက်၊ ငါးခူကြော် ကြွပ်ကြွပ်လေး၊ ဒါက မုန်လာဥ ပိုးတီချဉ်သနပ်၊

www.burmeseclassic.com

www.burmeseclassic.com



အရည်သောက်က ကန်စွန်းရွက် ချဉ်ရည်ဟင်း၊ ဒီဘက်က ငါးပိသုပ်၊ တို့စရာက ခရမ်းကြွပ်သီးနဲ့ မီးအုံးထားတဲ့ ရုံးပတီသီးတွေနဲ့ ရေနွေးသတ်ထားတဲ့ ဂေါ်ဖီထုပ်ရွက်တွေလေ စားနော် မြိန်မြိန်စား”

ထမင်းစားနေစဉ် ဧည့်ခန်းထဲမှ တယ်လီဖုန်းမြည်လာသဖြင့် မြစိမ်းခင်က ...

“ပုပုရေ ဖုန်း နည်းနည်းထူးလိုက်ပါဦး၊ ဘယ်ကလဲမသိဘူး”

ပုပုထွက်သွားပြီး မကြာခင် ပြန်ဝင်လာ၏။

“ရန်ကုန်က ဦးအေးလွင်တဲ့၊ အစ်ကိုကြီးနဲ့ စကားပြောချင်လို့တဲ့”

ထမင်းစားနေသော ဦးချမ်းသာက ကမန်းကတန်း လက်ဆေးကာ ...

“သြော် အေး ... အေး၊ လာပြီ ... လာပြီ ပွဲရုံကို ပို့လိုက်တဲ့ ကုန်ကိစ္စမှတ်တယ်”

သုတ်သုတ်ကလေးထွက်သွားသော ဦးချမ်းသာအား ကြည့်ပြီး ဒေါ်ခင်ထားက ...

“အဲဒါပဲ ကြည့်တော့ ကိုချမ်းရေ၊ သူမှာ ထမင်းစားရတာ ဆောင် ဇိမ်မရှိရှာဘူး၊ ကိုယ်ပိုင်အလုပ်ဆိုတော့ အချိန်အခါ ရယ်လို့ ကန့်သတ်ထားလို့ မရဘူး မဟုတ်လား”

“ဟုတ်ကဲ့ ... ဒေါ်ဒေါ်၊ ဒါကြောင့် ဦးကြီးပင်ပန်းတာ ဖြစ်မှာပါ၊ ကျွန်တော်လဲ အတတ်နိုင်ဆုံး ကြိုးစားပြီး ဦးကြီးကို ကူညီပါ့မယ်ဗျာ”





“အေးကွယ် ... ဒေါ်ဒေါ်တို့မှာ သွေးသားရင်းချာ ဆွေမျိုးတွေ နည်းတဲ့အတွက် ကိုချမ်းတို့ မိသားစုကိုပဲ ဆွေမျိုးအမှတ်နဲ့ ယုံယုံကြည်ကြည် အားကိုးပြီး အကူအညီတောင်းမိတာပါကွယ်”

“ဟုတ်ကဲ့ ... အဖေနဲ့ အမေကလဲ ကျွန်တော့်ကို ဒေါ်ဒေါ်ပြောသလိုပဲ ပြောပါတယ်”

“ကိုရွှေမောင်တို့ကတော့ တစ်မိဝမ်းတည်းပေါက်တဲ့ တစ်အူတုံဆင်း မောင်နှမတွေလို ဖြစ်နေပါပြီ ကိုချမ်းရယ်။ မင်း ဦးကြီးကလဲ ကိုရွှေမောင်ကို သူ့ညီအရင်းလို သိပ်ပြီး ဘဲယောဇဉ်ရှိတာကွယ့်၊ ခုလဲ ... ကိုချမ်းတို့ကလွဲရင် သူ ဘယ်သူ့ကိုမှ စိတ်မချတာသာ ကြည့်”

“ထမင်း ထပ်ယူဦး ကိုချမ်း”

“နည်းနည်းပဲ စိမ်း၊ နေ့ခင်းက မုန့်စားထားလို့ ရင်ခံချင်နေတယ်”

“ဟော ... စိမ်း တရားခံဖြစ်နေပြီနော်”

“ဟာ ... မဟုတ်ပါဘူး၊ ကားစီးလာရလို့ နည်းနည်း နွမ်းနေတာပါ”

“ထမင်းစားပြီးရင် အစာကြေဆေးလေး သောက်လိုက်၊ ဆီးပါးဆေးတစ်ထုပ် ပေးလိုက်ပါ သမီးရယ်”

“ဟုတ်ကဲ့ ... မေမေ”

ထိုစဉ် ဦးချမ်းသာ ဝင်လာသဖြင့် ...

“ဘာတဲ့လဲ ကိုချမ်းသာ”



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်က ကုန်တွေ အခု ညတွင်းချင်းကို ရောက်မယ်တဲ့၊ အဲဒါကြောင့် ကိုယ် ဟိုဘက်ကမ်းကိုကူးပြီး ကုန်ကား သွားစောင့်မလို့"

"ထမင်း ဆက်စားဦးလေ ကိုချမ်းသာ"

"ရပြီ ... ဝသွားပါပြီ၊ အတော်ပဲ ကိုချမ်းရေ၊ နောက်ဆိုရင် ကိုချမ်းလုပ်ရမယ့် အလုပ်တွေပေါ့၊ ဒီနေ့ ပွဲဦးထွက် ဈေးဦးပေါက်ပြီ၊ စားပြီးရင် တို့တွေ မုတ္တမဘက် ကူးရအောင်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဦးကြီး"

"ဟဲ့ ... ဝအောင်စားပါ ကိုချမ်းရယ်"

"ဝပြီ ... ဒေါ်ဒေါ်၊ ရပါပြီ"

"ကိုချမ်းက ဦးဆုံး လုပ်ငန်းခွင်ဝင်ဖို့အတွက် စိတ်လှုပ်ရှားနေပြီ မှတ်တယ်"

"အဟင်း"

လက်ဆေးနေသော မင်းမေချမ်းအား စိမ်းက နောက်လိုက်သဖြင့် ပါးစပ်ပိတ်ရယ်ရင်း မင်းမေချမ်း အပြင်ရောက်သွားလေပြီ။

ꩻ ꩻ ꩻ



"ဘယ့်နှယ်လဲ ကိုချမ်းသာ၊ ကိုချမ်းတစ်ယောက် အဆင်ပြေရဲ့လား"

တစ်ညနေ ထမင်းစားသောက်ပြီး ... ဒေါ်ခင်ထားက လက်ဖက်အစ်ကလေး ကမ်းပေးရင်း မေးလိုက်၏။

မင်းမေချမ်း ပွဲရုံမှ ပြန်မလာသေး။

ဦးချမ်းသာက ဆီစိမ်ထားသော လက်ဖက် (လူကြီးသုပ်)ကို ကော်ဇွန်းဖြူဖြူလေးနှင့် တစ်ကော် ကော်စားလိုက်ရင်း ...

"ကောင်လေးက မဆိုးဘူးကွ၊ အကွက်မြင်တယ်"

"ဘယ်လိုမြင်တာလဲ"

"အိုကွာ ... ပွဲရုံလုပ်ငန်းဆိုတော့ သယ်တာ၊ ချတာ၊ ထားတာ၊ သိုတာတွေကအစ အဖိတ်အစဉ် အလေအလွင့်မရှိအောင် နည်းအောင် လုပ်ကိုင်တတ်တာရယ်၊ ပြီးတော့ ... အရေးအကြီးဆုံးက ဆက်ဆံရေး"

"ကိုချမ်းက စကားအေးကအေးနဲ့ ကိုချမ်းသာရယ်၊ ဆက်ဆံရေးက ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီကောင် အိမ်မှာသာ စကားနည်းတာ၊ ပွဲရုံမှာ အပြောအဆို ကျွမ်းကျင်တယ်ကွ၊ ဘယ်ကုန်က ဘယ်လိုဖြစ်လို့ ကောင်းတယ် စသည်ဖြင့်ပေါ့၊ သူပြောသွားတာ ဝယ်သူတွေ စိတ်တိုင်းကျပြီး ကျေနပ်လို့ဗျား"

"အို ... တကယ်လား"

"အေးပေါ့ ... ကိုယ်တောင် အံ့သြမိလို့ မင်း ပွဲရုံမှာ လုပ်ဖူးသလားလို့ မေးမိသေးတယ်"

"တောက်တီးတောက်တဲ့ ... ကိုချမ်းနဲ့ နီးစပ်တဲ့ အလုပ်မှ မဟုတ်တာ"

"အံမာ ... ခင်ဗျား ကိုချမ်းက ဘာပြောတယ် မှတ်သလဲ"

"ဘာတဲ့လဲဟင်"

"ပွဲရုံမှာတော့ မလုပ်ဖူးပါဘူးတဲ့ ... သူ့ကျောင်းနေဖက် တစ်ယောက်က ပွဲရုံပိုင်ရှင်သားဖြစ်လို့ အလည်လိုက်ရင်းနဲ့ လေ့လာထားခဲ့ဖူးတာပါတဲ့လေ"

"ဩော် ... ဩော် မဆိုးဘူးနော်"

"ဒါပေါ့ ... ဘယ်နေရာမဆို လေ့လာတတ်ရင် မှတ်သားတတ်ရင် ကိုယ့်အတွက် အတတ်ပညာတွေ အသိပညာတွေ တိုးလာတယ် ဆိုသလိုပေါ့"

"ရော့ ... ရေနွေးသောက်ဦး၊ အင်း ... ရှင့်မလဲ ကိုချမ်း ရောက်မှပဲ နည်းနည်း အေးအေးဆေးဆေး ရှိတော့တယ်"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ... ချမ်းသာပွဲရုံဟာ ကိုချမ်းရောက်လာပြီးမှ ပိုပြီး အရောင်းအဝယ်သွက်လာတယ်





မခင်ထားရေ၊ လချုပ်စာရင်းတွေမှာ အမြတ်ငွေတိုးနေတာဟာ ကိုချမ်း အရည်အချင်းကြောင့်ဆိုလဲ မမှားဘူး"

"ဒါဖြင့်ရင်လဲ သူ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ရမှာပေါ့ရှင်"

"အေး ... ကိုယ်လဲ စဉ်းစားနေတယ်၊ အပိုင်မဟုတ်ပေမယ့် သူ သုံးလို့ရအောင် ဆိုင်ကယ်တစ်စီး ဝယ်ရမလားလို့၊ ကားဆိုရင်လဲ ဝန် ကြီးတယ်"

"ကောင်းသားပဲ ကိုချမ်းသာ၊ အရှည်သဖြင့်ကြည့်ပြီး နောက်ဆိုရင် အရစ်ကျဖြစ်ဖြစ် ဘောက်ဆူးသဘောဖြစ်ဖြစ် ပေးချင်လဲ ပေးရတာပေါ့၊ ဝယ်လိုက်ပါရှင်"

"အေး ... အေး၊ တစ်နေ့က ဆိုင်ကယ်တစ်စီး ရောင်းချင်တယ်လို့ ကားပွဲစားလုပ်နေတဲ့ ကိုစံမောင် ပြောထားတာရှိတယ်၊ အဲဒါ အဆင်ပြေရင် ဝယ်လိုက်မယ်ကွာ"

"ကောင်းတယ် ကိုချမ်းသာ၊ ဒါမှလဲ ကိုချမ်းလဲ လိုအပ်သလို လွတ်လွတ်လပ်လပ် သုံးလို့ရအောင်၊ ဒါနဲ့ ... ဟိုဘက်ပွဲရုံနဲ့ကိစ္စ ကိုချမ်းကို ပြောထားလားဟင်"

ချမ်းသာပွဲရုံနှင့် အမြဲတမ်းလိုလို ပြိုင်ဘက်အဖြစ် စီးပွားတောင်းနေသောပွဲရုံမှာ ကပ်လျက်ရှိသည့် 'ထွန်း' ပွဲရုံ ဖြစ်၏။

ထွန်းပွဲရုံပိုင်ရှင် ဦးထွန်းမောင်နှင့် ဦးချမ်းသာတို့မှာ အပြင်ပန်းအားဖြင့်သာ မေးပြောခေါ် ထူးရှိပေမယ့် အတွင်းစိတ်များက ပြိုင်လျက်ရှိကြသည်။ ဦးချမ်းသာကရေနွေးကြမ်းသောက်ရင်း

"ခုဆိုရင် ... တို့ပွဲရုံက အသာရနေတဲ့သဘော ရှိတယ်ကွ၊ ဟိုကောင့်ပွဲရုံက မန်နေဂျာလုပ်နေတဲ့ သူ့တူဟာ အပေါက်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သလောက် စေးနဲ့စစ်စီတော့ မိတ်တွေ မမြဘူးလေ၊ ခု ကိုချမ်း ရောက်လာတော့ လူငယ်ပီပီ ပေါင်းတတ်သင်းတတ် ပြောဆို တတ်နဲ့မို့ တစ်ပန်းသာနေပြီပေါ့ကွာ"

ဦးချမ်းသာပြောသလို ချမ်းသာပွဲရုံက လုပ်ငန်းတိုးတက်မှုမှာ တရှိန်ရှိန် တက်နေလေသည်။

ကိုချမ်းက ကိုယ့်အကျိုးအမြတ်ရဖို့ တစ်ခုတည်းကို ကြည့်။

အရှည်သဖြင့် မိတ်မပျက် ဆက်ဆံသွားနိုင်အောင် အသာ အနာ သိပ်ထည့်မတွက်ဘဲ လိုက်လျောဆက်ဆံတတ်သဖြင့် ကိုချမ်းနှင့် ဆက်ဆံရသည့် ဖောက်သည်တိုင်းက စိတ်တိုင်းကျ ကျေနပ်နေကြရသည် မဟုတ်ပါလား။

"ဒါဆို ... ပွဲရုံလုပ်ငန်းနဲ့ ကိုချမ်း အဆင်ပြေတယ်လို့ ဆိုရမှာ ပေါ့နော် ကိုချမ်းသာ"

"အေးပေါ့ ... ထွန်းမောင်ကတော့ သူ့လူတွေ တို့ဆီ ရောက် ရောက်လာလို့ သိပ်ပြီး ကြည်တဲ့ပုံ မပေါ်ဘူးကွ"

"အို ... ဘာဆိုင်လို့လဲရှင်"

"အေးလေ ... မဆိုင်ဘူးပေါ့၊ စျေးရောင်းသမားဆိုတာ ပိုပေး တဲ့ဆီပဲ ရောင်းချင်မှာပေါ့ကွာ၊ သူတို့က သိပ်နှိမ်ထားတော့ ဖောက်သည် ဘယ်မြဲမလဲ၊ တို့မှာက ကိုယ့်အတွက် အသင့် အတင့်ကျန်ရင် ရပြီဆိုပြီး ဝယ်တာပဲ၊ ထွန်းမောင်တို့က ဝယ်ရင် ချင့်ချင့်၊ ရောင်းရင် နင့်နင့်ကလေး လိုချင်နေတော့ ဘယ်ကိုက် တော့မလဲကွာ"





ဦးချမ်းသာက ပြောရင်း ... လက်ဖက်အစ်ကလေးတို လက်လှမ်းလိုက်၏။

"တော်ပြီနော် ကိုချမ်းသာ၊ တော်ကြာ အိပ်မပျော်ဖြစ်ဦးမယ်"

"အေးကွ ... လက်ဖက်သားနုနုကလဲ လျှာပေါ်မှာ အရသာ စွဲလွန်းလို့ စားချင်နေမိတယ်၊ တော်ပြီ ... တော်ပြီ"

ထိုစဉ် မင်းမေချမ်း ရောက်လာ၏။ ဦးချမ်းသာက ...

"ကုန်တွေ အရောက်နောက်ကျလို့လား ကိုချမ်း"

"ဟုတ်ကဲ့ ... ဦးကြီး၊ ရထား နောက်ကျနေလို့"

"ဘာတွေလဲ"

"ငရုတ်၊ ပဲ၊ ကြက်သွန်နဲ့ အာလူးတွေပါ၊ ကျန်တဲ့ ဆီ၊ ပဲဖတ်၊ နှမ်းဖတ်နဲ့ ရေနံမည်း၊ ရေနံပေပါပုံးတွေက နောက်တစ်ပတ်မှတဲ့"

"အေး ... အေး၊ ဒီနေ့ဝင်တာ ဘယ်လောက်ဖိုးရှင်းရသလဲ"

"သုံးသောင်းကျော်ဖိုးပါ ဦးကြီး"

"ကဲ ... ကဲ ရေမိုးချိုး၊ မီးဖိုမှာ ပူပူ အဆင်သင့် ပြင်ထားတယ်၊ ဆာရောပေါ့ကွယ်"

"ရပါတယ် ... ဒေါ်ဒေါ်၊ ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်"

"အေး ... အေး"

မင်းမေချမ်း ထွက်သွားတော့ ဦးချမ်းသာက ...

"ဒါနဲ့ ကိုချမ်းအခန်းလေးမှာ စားစရာခြောက်တွေ ထားပေး ဖြစ်သလား မခင်ထား"

"ထားပေးထားပါတယ် ကိုချမ်းသာ၊ သူဆာတဲ့အချိန် စားနိုင်အောင် နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်နဲ့ ဘီစကစ်ဘူးတွေ ပူပူ သွားပို့ထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... သူ့ခမျာ ဒီမှာ လာလာစားနေရတာ အားနာနေမလားလို့၊ ဒီအရွယ်တွေက တက်တုန်း ဆာတုန်း အစားနိုင်ဆုံး အရွယ်တွေ မဟုတ်လား။ အချိန်မရွေး စားနိုင်အောင် အရန်သင့် ထားပေးပါကွာ"

"ဟုတ်ကဲ့ပါရှင် ... စိတ်ချပါ"

"အင်း ... ဘာလို့လိုနဲ့ ကိုချမ်း ဒီရောက်တာ သုံးနှစ်တောင် ရှိပြီနော် မခင်ထား"

"ဟုတ်ပါရဲ့ရှင် ... ခုဆို ကောင်လေးက စားပေးစာယူ တတိယနှစ်ပေါ့"

"သမီးနဲ့အတူတူ ကျောင်းပြီးမှာပဲလေ၊ သားသမီးချင်း ကိုယ်ချင်းစာမိပါတယ်ကွာ၊ သမီးက အချိန်တန် ကိုယ်တိုင်ကားမောင်းပြီး ကျောင်းကို အကြေးသား တက်နေရုံပဲ၊ ကိုချမ်းက အလုပ်တစ်ဖက်နဲ့ ဘွဲ့ရအောင် ကြိုးစားရှာတယ်"

"ကောင်လေးက ဘွဲ့ရရင် တခြားမှာ အမှုထမ်းအလုပ် လုပ်မှာလားဟင် ကိုချမ်းသာ"

"ဒါတော့ ကာယကံရှင်ရဲ့ဆန္ဒကို ငါ ဘယ်ပြောနိုင်မလဲကွာ၊ ဘာလဲ ... မင်းက ပွဲရုံအတွက် စဉ်းစားမိလို့လား"

"ဒါပေါ့ရှင်၊ သူ့ကြောင့် အဆင်ပြေပြေ လည်ပတ်နေနိုင်တာ မဟုတ်လား၊ ရှင်လဲ အေးအေးလူလူ နံ့ဘေးက ကြပ်မတ်ပေးရုံပဲ ဆိုတော့ ဘယ်လောက်သက်သာသလဲ၊ တခြားတစ်ယောက်ယောက်သာဆိုရင် အခုလိုအဆင်ပြေဦးမှကိုး"





"ဒါဖြင့်လဲ ကိုချမ်းကို ပွဲရုံမှာမြဲအောင် လုပ်နိုင်တဲ့တစ်နည်းပဲ ရှိတယ်"

"ဘာလဲဟင် ကိုချမ်း"

"ဘွဲ့ရရင် မင်းသမီးနဲ့ ပေးစားလိုက်ပေါ့ကွ"

"အို ... ကျွန်မက အဟုတ်မှတ်လို့၊ ကိုချမ်းသာကလဲ"

"ဘာလဲ ... မင်း သဘောမတူဘူးလား"

"အိမ်ထောင်ရေးကိစ္စဆိုတာ ကိုယ်က တိုက်ရိုက်ဆက်ဆံတော်သက်ရတဲ့လူမှ မဟုတ်တာရှင်၊ သမီးလေးရဲ့ဆန္ဒကိုပဲ အဓိကထားမယ်"

"မတော်တရော်တွေနဲ့ တွေ့လာရင်ကောကွာ"

"သမီးက အဲဒီလို မိုက်လုံးမကြီးပါဘူး ရှင်"

"အင်း ... ကိုယ့်ငါးချဉ်တော့ ကိုယ်ချဉ်ကြတာပဲလေ"

"ရှင်ကလဲ"

"မဟုတ်ပါဘူးကွာ၊ ငါက အဖြစ်ကို ပြောတာပါ"

"သမီး လက်ခံမယ်ဆိုရင် ကိုချမ်းကို ကျွန်မတို့ မကြိုက်စရာ ရှိပါဘူးရှင်"

"အေး ... ကောင်းပါလေ့ကွာ၊ ကောင်းပါလေ့"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ မြစိမ်းခင် ကာယလေ့ကျင့်ခန်း မလုပ်နိုင်။

မနေ့က ဘော်လီဘော ကစားရင်း လက်ခေါက်သွား၏။

လက်ကောက်ဝတ်နှင့် လက်ချောင်းလေးတွေ နာနေသည်။ သည်တော့ ကျောင်းသွားဖို့ မောင်းရန် အခက်အခဲ ဖြစ်နေတော့သည်။

မနက်စာစာ ကော်ဖီဝိုင်းမှာပင် ဖေဖေက ရိပ်သာအတွက် အဆောက်အအုံတစ်ခု တိုးချဲ့လျှရန်ဟူသော ကိစ္စဖြင့် အပြင်သွားရန်ရှိနေသည်။

မြစိမ်းခင်က ပေါင်မုန့်ကို ကြက်ဥ၊ သကြား ခေါက်ထားသော အရည်ထဲစိမ်ပြီး ထောပတ်နှင့် ကြော်ထားသည်ကို တစ်ကိုက်ကိုက်ရင်း

"အဲဒါမှ ဒုက္ခပဲ၊ ဒီနေ့မှ ကလပ်စ်ကလဲ တိုက်တိုက်ဆိုင်ဆိုင် စောစောရှိတယ် မေမေရဲ့"

"ဪ ... သမီးရယ်၊ မေ့နေလိုက်တာ၊ ကိုချမ်း ရှိနေတယ်လေ၊ ကိုချမ်းကို ပို့ခိုင်းပါကွယ်"

"ဟင် ... ကိုချမ်းက ပွဲရုံမသွားသေးဘူးလား"





"သွားမှာပေါ့၊ ပွဲရုံမသွားခင် ခဏလေးပို့ပေးဖို့ ပြောရမှာပေါ့"

"ဟွန်း ... အားနာစရာကြီး၊ ပွဲရုံနဲ့ ကျောင်းက အရှေ့နဲ့အနောက်"

"တစ်ခါတလေပဲကွယ်၊ ဒါနဲ့ သမီးလက်က သက်သာရဲ့လား၊ နောက်ဆို ဆင်ခြင်ပါကွယ်"

"သက်သာတယ် မေမေ၊ ညက ဘမ်းလိမ်းပြီး အဝတ်နဲ့ ဝတ်ပြီး အိပ်တယ်လေ၊ တော်သေးရဲ့ ဘယ်လက်မို့လို့၊ ညာလက်သာဆို ကျောင်းပျက်ပြီပဲ"

"အခန့်မသင့်ရင် အဲဒီလိုပဲ ဖြစ်တတ်တယ်၊ ကိုယ်က သတိရှိမှပေါ့"

"ကဲ ... ဒါဆို ကိုချမ်းကို သမီးပဲသွားခေါ်မယ်နော် မေမေ"

"အေး ... အေး"

ခုဆို မင်းမေချမ်း အိမ်ထဲဝင်သည်ဆိုလို့ ဦးချမ်းသာနှင့် လုပ်ငန်းကိစ္စပြောရန်နှင့် ညနေစာစားရန် အချိန်မျှသာဖြစ်သည်။

နံနက်စာစာ ကော်ဖီပင် လာ၍မသောက်တော့။

အဆင်သင့်ပေးထားသော နို့ဆီ၊ သကြားတို့ဖြင့် လိုသလို ဖျော်သောက်ယူသည်။ နံနက်စာ လက်ဖက်ရည်ပွဲအတွက် မုန့်များကို ပုပုက နေ့စဉ်ပို့ပေးတတ်၏။

မနက်စာစာနှင့် နေ့ခင်းအတွက်ကိုမူ ပွဲရုံမှာပင် အိမ်မှ ချိုင့်ဖြင့်ပို့၍ စားရသဖြင့် မင်းမေချမ်းနှင့် မြစိမ်းခင်တို့ တစ်ခါတလေ တစ်ပတ်ပြည့်၍ တစ်ခါမှ မျက်နှာချင်း မဆိုင်မိတတ်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းခင်က ကျောင်းမှာ အချိန်ကုန်သလို မင်းမေချမ်းက ပွဲရုံမှာသာ အချိန်ကုန်တတ်သည် မဟုတ်ပါလား။

တိုက်ဆိုင်မှုရှိပါမှသာ ညနေစာ ထမင်းဝိုင်းမှာ ဆယ်ခါ တစ်ခါလောက်သာ ဆုံမိတတ်ကြ၏။

အဲဒါကလည်း မြစိမ်းခင် ကျောင်းမှ စောစောပြန်ရောက်ပါမှ မင်းမေချမ်းကလည်း ပွဲရုံလုပ်ငန်း နည်းနည်းပါး၍ အိမ်ကို မိုးမချုပ်ခင် ပြန်ရောက်ပါမှပင်။

ခုတော့ မင်းမေချမ်းနှင့် မတွေ့ရတာတောင် အတော်လေး ကြာသွားပါပြီ။

သုံးခန်းတွဲ တန်းလျားရှေ့ရောက်တော့ ဖေဖေ့ကို ရိပ်သာ ပို့ရန် ဒရိုင်ဘာမူတူးဆင်းလာသည်နှင့်ဆုံသဖြင့် မြစိမ်းခင်က–

"မူတူး၊ ကိုချမ်းရှိလား"

"ရှိတယ် ဆပ်၊ ကိုရှမ်း ဝိတ်မနေတယ် ဆပ်"

မူတူးက ကိုချမ်းကို ကိုရှမ်းဟုပင် ခေါ်တတ်၏။ ကားမဝိ ပေ။ မင်းမေချမ်းနေသော အခန်းဘေးမှ ဘေးအဆွယ်လေးချ ကာ အားကစားခန်း လုပ်ထားပါသည်။

မြစိမ်းခင်က အခန်းဝမှနေ၍ ...

"ကိုချမ်း၊ အို ..."

"တင်"

မြစိမ်းခင်အသံကြောင့် အလေး မ,နေသော ကိုချမ်းက ရုတ်တရက် လှည့်ကြည့်လိုက်သဖြင့် ...

အပေါ်ပိုင်း ဗလာ၊ အောက်ပိုင်းကိုယ်ကျပ် ဘောင်းဘီတို လေး တစ်ထည်ဖြင့် မင်းမေချမ်း၏ တောင့်တင်းကြံ့ခိုင်သော





ခန္ဓာကိုယ် အချိုးအဆက်ကြီးကို ဘွားခနဲ မြင်လိုက်ရသော မြစိမ်းခင်မှာ ရှက်ရှက်မွှန်မွှန်ဖြစ်၍ အပြင်ဘက်သို့ ကမန်း ကတန်း လှည့်နေလိုက်ရတော့၏။

အို ... မြစိမ်းခင် ရင်ထဲမှာ တစ်ခါမှမခံစားဖူးတဲ့ ရင်ခုန်ခြင်း ဆိုတဲ့ ဝေဒနာတစ်ခု ဖြန်းစားကြီး ကပ်ငြိကာ ထူထူပူပူ ဖြစ်နေ လေသည်။

မင်းမေချမ်းကလည်း ခါတိုင်းကဲ့သို့ လွတ်လွတ်လပ်လပ် ဘယ်သူမှ မလာတတ်သဖြင့် စိတ်ချလက်ချ ဗိုက်ပြားများကို မနေခြင်းပါ။

ခု မြစိမ်းခင် ရောက်လာတော့မှ အတော်လေး အားနာသွား တာ အနီးရှိ တန်းပေါ်မှ ကိုယ်သုတ်မျက်နှာသုတ်ပဝါကို ဆွဲယူ ပတ်လိုက်သည်။

"ဟာ ... စိမ်း၊ ဆောရီးနော်"

ရှက်လည်းရှက် အားနာလှစွာ မျက်နှာနီနီနှင့် တောင်းပန် ရင်း ...

"ကိစ္စရှိလား စိမ်း"

ထိုအခါ မြစိမ်းခင်၏ မျက်နှာရဲရဲလေးက မင်းမေချမ်းအား ရှိန်းခနဲ ကြည့်ရင်း ...

"ကျောင်းပို့ခိုင်းမလို့ပါ၊ စိမ်း မနေ့က ဘော်လီဘောပုတ်ရင်း ခြေတစ်ခေါက်သွားလို့ ကား မမောင်းနိုင်ဘူး ကိုချမ်းရဲ့၊ မူတူးကလဲ ဖေဖေ့ကို ရိပ်သာသွားပို့နေရတယ်၊ ကိုချမ်း အချိန်ရပါ့မလားခင် ဗျားလဲနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရပါတယ် စိမ်းရဲ့ ကိုယ်ပို့ပေးမယ်လေ၊ ကဲ ... စိမ်း အဆင်သင့်စောင့်နေတော့၊ ကိုယ် ဆယ့်ငါးမိနစ်လောက်ကြာရင် လာမယ်၊ ရေချိုး ကော်ဖီသောက်ဦးမယ်"

"အင်း ... အင်း၊ ဒါဆို စိမ်း သွားမယ်နော်"

"ကောင်းပြီ"

မင်းမေချမ်းရှေ့မှ ထွက်လာရသော မြစိမ်းခင်မှာ ရင်ဖိုသလိုလို၊ ရှက်သလိုလို စသော ဘာလိုလို ခံစားမှုများဖြင့် ထူပူနေဆဲ ဖြစ်လေသည်။ စိတ်ထဲမှလည်း ...

ကြည့်စမ်း ... ကိုချမ်းကို မတွေ့ရတာ အတော်ကြာသွားပြီပဲ၊ သူ့ခန္ဓာကိုယ်ကြီးက တောင့်တောင့်တင်းတင်း ကြွကြွခိုင်ခိုင်နဲ့ သိပ်ယောက်ျားပီသနေပါလား၊ ရင်အုပ်၊ လက်မောင်း၊ ကြွက်သား အဖုဖု ထုထုပြီး ခရာချင်စရာရယ် လို့ ဆိုထားတဲ့ သီချင်းလိုပါပဲ၊ အရင်တုန်းက ကိုချမ်းဟာ ပိန်ရှည်ရှည် ညိုကျစ်ကျစ်နဲ့ပါ။

ဪ ... ခုတော့ အရိပ်ထဲမှာ အေးအေးချမ်းချမ်း အလုပ်လုပ်ပြီး ဆီဦးထောပတ်တွေစား၊ အားကစားလိုက်စားနေပြန်တော့လည်း အပြောင်းလဲကြီး ပြောင်းလဲသွားလိုက်တာ၊ ခန့်ခန့်ချောချော ယောက်ျားပီသလိုက်တဲ့ အချိုးအဆက်တို့ ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက် ဖြစ်နေပါရောလားနော်။

နဂို ညိုမောင်းသော အသားအရေက အဖြူဘက်သို့ ခပ်လုလုနှင့် ညိုဝင်းဝင်းကလေး ဖြစ်နေသည်က ကျန်းမာသော ကိုယ်ခံအားနှင့် စိုစိုပြည်ပြည် ဖြစ်နေရသည်။ မြစိမ်းခင်ရယ် ... ညီးက ကိုချမ်းကို ရုတ်တရက် မြင်လိုက်ရတာနဲ့ ဘာလို့ ရင်ဖိုသွားရတာလဲ။

ကိုယ်လုံးပေါ် မှန်ရှေ့မှာ တောင့်တင်းပြည့်ဖြိုး အဆက်အပေါက်လှပသော ကိုယ်လုံးနှင့် မြစိမ်းခင်တစ်ယောက် စိတ်ကူးတွေ ယဉ်နေပါလေပြီ။

၃၆-၂၃-၃၇ စသော အချိုးအဆက်နှင့် ငါးပေခွဲလောက် ရှည်သော အရပ်အမောင်းနှင့် မြစိမ်းခင်၏ ဖြူဝင်းချောမွတ် စိုပြည်သော အသားနှင့် ခရမ်းပြာရောင် ဝတ်စုံလေးက ဟပ်နေအောင် လိုက်ဖက်လွန်းလှ၏။

မျက်နှာကို အနုစိတ် ခြယ်မှုန်းရင်း ဒီနေ့မှ ဘာလို့ ဒါလောက် လှချင်နေတာပါလိမ့်ဟုလည်း တွေးနေမိ၏။

ညီညာပြေပြစ်သော နဖူး၊ မည်းနက်သော မျက်ခုံးထူထူ၊ ပေါ်လွင်သော နှာတံ၊ ဖောင်းမို့မို့ ပါးပြင်၊ ထူမယောင်ယောင်နှင့် ပိရိသေသပ်သော နှုတ်ခမ်းစူစူတို့က မြစိမ်းခင်၏ အလှ ဆောက်သရေများပင်။

နားမှာတော့ တစ်ဖက်ကို သုံးရတီလောက်ရှိသည့် အသည်းပုံ ဇာရုံစိန်နားကပ်၊ ရင်ညွန့်လောက်အထိ ရှည်သော ဆွဲကြိုး မှင်မျှင်သေးသေးကလေး၏အဖျားမှာ အသည်းပုံ စိန်လော့ကတ်သီးနှင့် အသည်းပုံ စိန်လက်စွပ်တို့က မြစိမ်းခင်၏ သာမန် ကျောင်းတက် အိမ်နေ ဝတ်နေကျ ဖြစ်လေသည်။

"ပွမ်"

"ဟော"







www.burmeseclassic.com

www.burmeseclassic.com



အောက်မှ ကားဟွန်းသံကြောင့် မှန်ရှေ့မှ မခွာနိုင်ဖြစ်နေရသော မြစိမ်းခင်မှာ မှန်တင်ခုံနှင့် ကပ်လျက် စာကြည့်စားပွဲပေါ်မှ အနီရဲရဲ သိုးမွေး ပန်းဖွားများပါသော လွယ်အိတ်ကို ဆွဲယူကာ ဆင်းခဲ့လေတော့သည်။

ပေါ်တီကိုအောက်မှာတော့ မြစိမ်းခင်၏ ကိုရိုလာ နို့နှစ်ရောင် နံဘေးမှာ ကိုချမ်းက ရပ်နေသည်။

ဂျီကျူစပို့ရှပ် နု့သာ့ရောင်နှင့် သမင်ရောင် ဘောင်းဘီရှည် ဝတ်ထားသော ကိုချမ်း၏ဟန်က အပြတ်သားနားနေတော့၏။ ဧည့်ခန်းထဲတွင် တရားစာအုပ်နှင့် ထိုင်နေသော ဒေါ်ခင်ထားအား မြစိမ်းခင်က ...

"မေမေ ... သမီး သွားတော့မယ်နော်"

"သြော် ... အေး အေး၊ ကိုချမ်းရေ မူတူး မအားလို့ကွယ်"

"ရပါတယ် ဒေါ်ဒေါ်"

"မေမေ"

"ဘာလဲ သမီး"

"ညနေကျရင် မူတူးကို လာကြိုခိုင်းပါနော်"

"အေး ... အေး မေမေ ပြောလိုက်မယ်"

"ကဲ ... သွားစို့ ကိုချမ်း"

မင်းမေချမ်းက မြစိမ်းခင်အား တစ်ချက်ကြည့်လိုက်ပြီးမှ ခေါင်းညိတ်ကာ ကားထဲဝင်ထိုင်လိုက်၏။ မြစိမ်းခင် ရင်ထဲမှာ ကိုချမ်းအကြည့်ကြောင့် ဒိန်းခနဲ လှုပ်သွားရ၏။

ကားလေးက ခြံဝင်းမှ လျှောခနဲ ညင်သာစွာ ထွက်လာပြီးမှ လမ်းမပေါ် ရောက်သည်နှင့် တရိပ်ရိပ် ပြေးနေတော့၏။





"ကိုချမ်းတို့ စာပေးစာယူ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ် စိမ်း"

"အလုပ်တစ်ဖက်နဲ့ဆိုတော့ ... စာကျက်ချိန် နည်းမယ် ထင်တယ်နော်"

"ရပါတယ်၊ အနီးကပ်မှာ ဖိကြိုးစားလိုက်ရင် ဖြစ်တယ်လေ"

"အကူအညီလိုရင် ဟိုလေ ... ကျောင်းစာနဲ့ ပတ်သက်တဲ့ အကူအညီတွေလိုအပ်ရင် စိမ်းကိုပြောပေါ့"

"ကောင်းပါပြီဗျာ"

"ကိုချမ်း ဘယ်တော့လောက် အိမ်ပြန်ဖြစ်မလဲဟင်"

"ဘာလုပ်ဖို့လဲ စိမ်း"

"သြော် ... တခြားမဟုတ်ပါဘူး၊ စန္ဒာနဲ့ သီတာတို့အတွက် အဝတ်စလေးတွေ ပေးလိုက်ချင်လို့ပါ"

"ဒီလထဲမှာတော့ ... ပြန်ဖြစ်မယ်မထင်ဘူး စိမ်း၊ ပွဲရုံက ကုန်တွေ ဆက်တိုက် ဝင်ဖို့ရှိတယ်၊ နောက်လမှပဲ"

"အင်းလေ ... ပြန်ဖြစ်ရင်သာ စိမ်းကို ကြိုပြောနော်"

"ကောင်းပါပြီဗျာ"

မင်းမေချမ်းက ပွဲရုံမှာ အလုပ်အနည်းအများပေါ် ကြည့်ပြီး ပြန်လေ့ရှိသဖြင့် ပုံမှန်ရယ်လို့မဟုတ်။

တစ်ခါတလေ လေးငါးလလောက်ကြာမှ တစ်ခေါက် ပြန်ဖြစ်၏။ အမေကပင် ...

"အမေ့သားက ကြာလေ မြို့သွေးမြို့မွေး ပေါ်လာလေပဲ ကွယ်၊ ကြည့်စမ်း ... စိုစိုပြည်ပြည်နဲ့ ထွားကျိုင်းသန်မာလိုက်တဲ့ ကိုယ်လုံးကြီး၊ အားရစရာကြီးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းတွေ ပခုံးတွေကိုင်ပြီး ကျေနပ်အားရနေတတ်သည့် ဒေါ်အေးနုပါပင်။ ညီမလေးတွေကလည်း ...

"ကိုကိုက ရုပ်ရှင်မင်းသား နေအောင်နဲ့ တူတယ်ပော့၊ ဒါပေမဲ့ နေအောင်လို မပိန်ဘူး၊ ခန့်ခန့်ချောချောကြီး"

"ကိုကို ... ဟိုမှာ ဘာတွေ စားရလဲဟင်"

"ဟင် ... ဝိတ်မတယ် ဟုတ်လား ကိုကို၊ ကြည့်လဲလုပ်နော်၊ တော်ကြာ ချိုင်းမှာ အနာပေါက်နေတဲ့ ပုံစံနဲ့ ကားကားကြီး ဖြစ်နေဦးမယ်"

တစ်ခါတလေ ပြန်သွားလျှင် တစ်ယောက်တစ်ပေါက်နှင့် ညီမတွေက တတွတ်တွတ် မေးမဆုံး၊ ပြောမဆုံးတော့။

"မမစိမ်းက သိပ်သဘောကောင်းတာပဲနော် ကိုကို"

"အံမယ် ... ကိုကိုလာတိုင်း တစ်ခုခုပေးလိုက်လို့ ပြောတာ မဟုတ်ပါဘူး"

"ကိုကို မမစိမ်းကို မကြိုက်ဘူးလားဟင်"

"ကြိုက်ဖို့နေနေသာသာ တစ်ခါတလေ တစ်ပတ်ပြည့်လို့ တစ်ခါမှ မတွေ့ရတတ်တာမျိုးလဲ ရှိတယ်ဟ၊ ပြီးတော့ စိမ်းက သူဌေးသမီး၊ ကိုကိုက အလုပ်သမား"

"အချစ်မှာ အဆင့်အတန်း မရှိပါဘူးနော် ကိုကို"

"အောင်မာ ... မိစန္ဒာနော်၊ ကလေးက ကလေးစကား ပြော"

"အင်း ... အင်း၊ ကလေးစကား ပြောရရင်တော့လေ စန္ဒာတော့ မမစိမ်းကို သိပ်ပြီး ချစ်တာပဲ၊ ယောက်မလဲ သိပ်တော်ချင်တာပဲ သိလား ကိုကိုရဲ့"





"ဟာ ... ဒီကောင်မလေး"

"တကယ်ပြောတာ ကိုကိုရဲ့"

"မပြောရဘူး ညီမရဲ့၊ တော်ကြာ ကိုကို သားရေပေါ်အိပ် သားရေနားစား ဖြစ်သွားဦးမယ်၊ အဖေ့ကို ဘယ်လို ကတိတွေ ပေးထားရတယ်ဆိုတာ သိတယ် မဟုတ်လား"

"ဒါဆို ကိုကိုက ချစ်မိရင်တောင်မှ အောင့်ထားမယ်ပေါ့"

"ဒါပေါ့"

"ဟွန့် ... စိတ်ညစ်စရာကြီး"

စန္ဒာ၏ နှာခေါင်းရှုံ့လိုက်သော အမူအရာကြောင့် သူ ပြုံးမိသွားရ၏။

"ကိုချမ်း"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com

"ကိုချမ်း"

"အဟင်း ... ဟင်း"

"ဟင် ... ဘာရယ်တာလဲ ကိုချမ်းရဲ့ စိမ်းခေါ်နေတာ မကြားဘူးလား"

"ဩော် ... ဟော် ... ဟော်၊ မ ... မရယ်ပါဘူး စိမ်းရယ်"

"အံမယ်... ပြောင်လိမ်တယ် ကြည့်၊ ခုနက အဟုတ်ရယ်နေတာကို"

"ဟာ ... အဲ ... အဲဒါက ပွဲရုံက အလုပ်သမားတွေကို စဉ်းစားမိပြီးသူတို့ပြောတဲ့ ရယ်စရာစကားကို သတိရသွားလို့ပါ စိမ်းရဲ့ ကဲ ... ဘာပြောမလို့လဲ"

"စိမ်းကို ကျောင်းပို့ရလို့ ကိုချမ်းနောက်ကျနေပြီလို့"

"ကိစ္စမရှိပါဘူးဗျာ၊ တစ်ခါတလေပဲ ပွဲရုံမှာ အလုပ်နည်းနည်းပါးနေပါတယ်"

မြစိမ်းခင်ကို ကျောင်းပို့ပြီးမှ အိမ်ပြန်၍ ကားကိုထားပြီး ဆိုင်ကယ်နှင့် ပွဲရုံကို ဆက်သွားရမည်ဖြစ်သည်။

"ဒါနဲ့ ... စိမ်းရဲ့လက်က အတော်နာသွားလား"





"မနေ့ကဆိုရင် ရောင်နေတာ ကိုချမ်းရဲ့"

မြစိမ်းခင်ကပြောရင်း ပတ်တီးပတ်ထားသော ဘယ်လက်ကို မြှောက်ပြသည်။

"ညက နာမှာပေါ့၊ မကိုက်ဘူးလား"

"ကိုက်တာပေါ့ ကိုချမ်းရဲ့၊ အင်နယ်လ်ဂျက်ဆင်သောက်ပြီး ဘမ်းထူထူလေး ပွတ်လိမ်းပြီး ပတ်တီးနဲ့စည်းတော့မှ နည်းနည်းသက်သာတာ၊ မနက်မိုးလင်းတော့ ... လက်ချောင်းလေးတွေကွေးရင် နာနေရော၊ လက်ကောက်ဝတ်ထိနာနေတော့ ကားဘယ်မောင်းလို့ ရတော့မလဲ၊ ကိုချမ်းကိုတော့ အားနာပါတယ်၊ စိမ်းက ကျောင်းပျက်ရမှာ သိပ်ဝန်လေးတာ"

"စိမ်း အားနာတယ်ပြောတိုင်း ကိုယ် စိတ်မကောင်းဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"စိမ်းအပြောက စိမ်းကားတဲ့သဘော၊ မခင်မင်တဲ့ သဘောသက်ရောက်နေတယ်လေ"

"ဩော် ... ကိုချမ်းကလဲ၊ ကိုချမ်းမှာ အလုပ်တစ်ဖက်နဲ့မို့ပါ"

"ရပါတယ်လို့ ပြောပြီးပြီပဲ စိမ်းရဲ့"

"ကဲ ... ကဲ ဒါဆို ဘွာတေးနော်၊ ဘွာတေး"

"စိမ်းနဲ့ မတွေ့မိတာတောင် အတော်လေး ကြာသွားပြီနော်"

"အင်းလေ ... ဟုတ်ပါရဲ့၊ တစ်အိမ်တည်းနေပြီး မတွေ့ဖြစ်ကြဘူးဆိုရင် သူများတွေ ရယ်မလား မသိဘူး၊ စိမ်းကလဲ ကျောင်းဆင်းရင် ကစားကွင်းထဲမှာ အချိန်ဖြုန်းပြီးမှ အိမ်ကို ပြန်တတ်တာနဲ့ ကိုချမ်းကလဲ မိုးချုပ်မှပြန်ရောက်တာနဲ့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



ချင်း သိပ်မကွာတာတောင်မှ မဆုံဖြစ်ကြဘူးနော်၊ စိမ်းကလဲ ပြန်ရောက်တာနဲ့ ရေချိုး၊ ထမင်းစားပြီးရင် အပေါ်ထပ်မှာပဲ အနေများတော့ ဆုံခဲသားပဲလေ"

"ကိုယ်လဲ အချိန်မှန်မရှိပါဘူး။ အိမ်ကို အစောဆုံးရောက်တဲ့နေ့ဟာ ခြောက်နာရီပဲ၊ ဒါကလည်း တစ်ခါတလေမှပါ။ အများအားဖြင့်တော့ ခုနစ်နာရီခွဲ ပတ်ဝန်းကျင်လောက်မှာပဲ များပါတယ်"

"အဲဒီအချိန်တွေဆို စိမ်း စာကျက်နေပြီ"

"မတွေ့ရတာကြာလို့လားမသိဘူး စိမ်းက သိပ်ပြီးချောလာတာပဲ"

"အို ... ကိုချမ်းကလဲ"

"တကယ်ပြောတာပါ"

"မုန့်ဝယ်ကျွေးမယ်လေ၊ စိမ်းက အမြောက်ကြိုက်၊ ဟော ဟော ... ညာဘက်ခြမ်းက လှေကားထိပ်မှာ ရပ်ပါကိုချမ်း၊ သူငယ်ချင်းတွေ စောင့်နေတယ်"

ညိုညာဖြောင့်တန်းသော မော်လမြိုင်တက္ကသိုလ် အဝင်ဝ၏ အဆုံး၊ ထိပ်တည့်တည့်မှာ ကြီးမားခန့်ထည်သော တက္ကသိုလ် အဆောက်အအုံကြီးက ဟိန်းဟိန်းမတ်မတ် ကြိုဆိုနေလေသည်။

ကားလမ်းအဆုံးမှာ အဆောက်အအုံသို့ဝင်သည့် အုတ်လှေကား ခုံးခုံးကွေ့ကွေ့ကြီးက ရှိနေပြီး ညာဘက်အခြမ်းတွင် မိန်းကလေးသုံးဦးက ရပ်နေလေသည်။ မင်းမေချမ်းက မိန်းကလေးသုံးဦးရှေ့ ကားလေးကို ညင်သာစွာရပ်ပေးရ၏။





"ညနေ ဘယ်အချိန်လောက် စိမ်းပြန်ချင်လဲ"

"မကာစားနိုင်ဘူးဆိုတော့ သုံးနာရီခွဲလောက်မှာ လာကြိုနိုင်ပါလို့ မေမေ့ကို ပြောပေးပါနော်ကိုချမ်း"

"ကိုယ်အားရင် ကိုယ်ပဲ လာကြိုမယ်လေ"

"အို ... အားနာ"

"ဟော ... ပြောပြန်ပြီ၊ ဒီအားနာ"

"အဟင်း ... ဟင်း ... ကဲပါ၊ ကိုချမ်းသဘောပဲ"

တံခါးဖွင့်ပြီးဆင်းလိုက်တော့ မိန်းကလေးသုံးဦးဝိုင်းလာပြီး...

"လှဲ့ဝင်းတို့က စိမ်းမလာတော့ဘူးထင်နေတာ၊ လက်နာတာ ဘယ်နှယ့်နေလဲ"

"နာနေသေးလို့ ဟောဒီက ကိုချမ်းကို အကူအညီတောင်းပြီး ပို့ခိုင်းရတာလေ၊ မူတူးကလဲ မအားတာနဲ့၊ ဩော် ... ကိုချမ်း ခဏလောက်၊ စိမ်းသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့"

ကားထဲမှ မင်းမေချမ်း ထွက်လိုက်ရ၏။ မြစိမ်းခင်က

"ကိုချမ်း၊ ဒါက စိမ်းရဲ့ အခင်မင်ဆုံးသူငယ်ချင်းတွေလေ။ လှဲ့ဝင်း၊ သက်မာ၊ ဇာဇာတဲ့ ကိုချမ်းကတော့ မင်းမေချမ်းတဲ့ ဖေဖေ့ပွဲရုံက"

"ဩော် ... သိရတာဝမ်းသာပါတယ်နော် ကိုချမ်း"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်"

"ကိုချမ်းက စာပေးစာယူ တတိယနှစ်လေ"

"အို ... အလုပ်တစ်ဖက်နဲ့ပေါ့"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရင်က တစ်ခါမှ မတွေ့ဖူးဘူးနော်၊ စိမ်းလက်နာတာကိုပဲ ကျေးဇူးတင်ရမယ်၊ ဇာဇာတို့တော့ ညည်းဖို့ အစ်ကိုတစ်ယောက် တိုးလို့လေ"

"ရပါတယ်ဗျာ၊ အားလုံးကိုပဲ စိမ်းကိုခင်သလို ခင်မင်ပါ့မယ်၊ ခိုင်းစရာရှိလဲ အားမနာနဲ့ဗျ"

"အဟင်း ... ဟင်း ... ဟင်း၊ ကိုချမ်းက သူတို့အကြောင်း မသိသေးလို့"

"ဟော ... ကြည့်၊ စိမ်းက အခုကတည်းက တွန့်တိုနေပြီဟော့"

"အို ... သက်မာကလဲ"

"ဟို ... ဟို ... ကျွန်တော်သွားမယ်ဗျ၊ ပွဲရုံ ဆက်သွားရဖို့ ရှိသေးလို့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ မကြာမကြာ လာပါနော် ကိုချမ်း"

"အဟင်း"

သက်မာက ပြောင်စပ်စပ်နှင့် အတည်လိုလို ပြောလိုက်သဖြင့် မင်းမေချမ်းမှာ နှုတ်ခမ်းစေ့ကာ ရယ်ရင်း ကားထဲဝင်ထိုင်ကာ လက်တစ်ဖက်မြှောက်ပြ၍ မောင်းထွက်ခဲ့ပါတော့သည်။

"ကဲ ... ကဲ ... လာခဲ့ ... လာခဲ့၊ စစ်ဆေး မေးမြန်းစရာတွေ ရှိတယ်"

လှဲ့ဝင်းက မြစိမ်းခင်၏ လက်ကိုဆွဲကိုင်ရင်း ပြောလိုက်ရာ မြစိမ်းခင်က ...

"ဟင် ... ဘာလဲ လှဲ့ဝင်းရဲ့ ဘာမေးမလို့လဲ"





"အံမာ ... အိပ်ပျော်ဟန် မဆောင်ပါနဲ့နော် မရွှေချော၊ သက်မာတို့က အသာလေး လှုပ်နှိုးမယ့်လူ မဟုတ်ဘူး၊ ချိတ်နဲ့ကို ထိုးထိုးပြီးနှိုးမှာ သိလား၊ ကဲ မှန်မှန်ပြောစမ်း"

"ဘာကို ပြောရမှာလဲ"

"အို ... စိမ်းမှာ ဒါလောက်နဲ့တောင့်တင်းဖြောင့်စင်းတဲ့လူ ချောချော ရှိနေတယ်ဆိုတဲ့အကြောင်း ဘာလို့မပြောသလဲ"

"ဟာ ... ဒုက္ခပါပဲ၊ ကိုချမ်းနဲ့ စိမ်းကို အထင်မှားနေကြပြီကွာ၊ စိမ်းတို့က ရိုးရိုးပါ"

အစကရိုးရိုး နောက်တော့ တစ်မျိုးတိုးလို့ တည်တည် ဆိုလိုက်သဖြင့် လှဲ့ဝင်းက ...

"တကယ်ပဲ စိမ်း ... နင့်ကား ဝင်လာကတည်းက တို့က လှမ်းကြည့်နေတာ၊ အံမာ ဇာတ်လိုက်တွေက ဘာတွေပြောပြီး ကြည်လာကြသလဲ မသိဘူး။ နှစ်ယောက်လုံး ပြုံးပြုံးနဲ့၊ တို့တွေ့ပါ ဓာတ်ကူးသွားသေးတယ်"

"ကဲ ... ပြောစမ်း၊ ဘာတွေပြောလာလဲ"

"အား ... ပြောတာတွေက ဟိုရောက်ဒီရောက်နဲ့ ဘယ်မှတ်မိတော့မလဲ သက်မာရဲ့"

"အဲဒီထဲက မှတ်မိသလောက်လေး ပြောပြစမ်းပါဟာ၊ အရသာခံချင်လွန်းလို့"

ဇာဇာက စပ်ဖြဖြဝင်ပြောသဖြင့် မြစိမ်းခင်က အကျပ်ရိုက် သွား၏။

"ကဲပါ ဘာတွေမှန်းလဲမသိဘူး၊ အဓိပ္ပာယ်မရှိတာတွေ၊ ဘာ မုန့်သွားစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အာ … အာ … အဲလိုတော့ လမ်းမလွှဲနဲ့လေ၊ မေးထားတာလေ ဖြေစမ်းပါ စိမ်းရဲ့"

"ဒုက္ခပါလားနော်"

"အင်းပေါ့၊ သူငယ်ချင်းတွေရဲ့ သိချင်စပ်စုချင်တဲ့ ဒုက္ခကို သိတယ် မဟုတ်လားလို့"

ပြောလေတဲ့လေမို့ မြစိမ်းခင်က…

"ညနေ လာကြိုရမယ့် အချိန်ကို မေးတာပါဟာ"

"အဲဒါ ပြုံးစရာလားလို့ ပယ်တယ်၊ နောက်တစ်ခု ထပ်ပြော"

သက်မာက တရားသူကြီး လေသံနှင့်ပြောလိုက်ရာ ကျန်နှစ်ယောက်က ခေါင်းညိတ်ထောက်ခံနေသဖြင့် မြစိမ်းခင်က စဉ်းစားဟန်ပြုပြီး

"စိမ်းက အားနာတတ်လို့ ပြောတာပါ။ သူ့မှာ အလုပ်တစ်ဖက်နဲ့ မဟုတ်လား"

"ဟွန်း … ဟွန်း အားနာတယ်ပြောတာနဲ့ ပြုံးရရောလား။ ဒါလည်း မဟုတ်နိုင်ဘူး"

ဇာဇာက စုံထောက်စတိုင် ပခုံးတွန့်၍ ပြောလိုက်ရာ

"မသိတော့ဘူးဟာ ပြောတာကတော့ ဒါပဲ"

"ဒါပေါ့ … ဒါပေါ့ အပြောတခြား အလုပ်တစ်ခြားဆိုတာ"

"အင်းလေ … မိစိမ်းနော်၊ ပြုံးစရာ စကားမဟုတ်တဲ့ဟာကို နှစ်ယောက်စလုံးက ပြုံးလာကြတယ်ဆိုတော့ ဧကန္တဗိုက်ထဲက ကုလားဘုရားလှည့်နေကြပြီနဲ့ တူတယ်"

"အာ … လှဲ့ဝင်းနော်၊ သိပ်နောက်တာပဲ"





"အဟုတ်ပြောတာ စိမ်းရဲ့၊ မင်းရဲ့ ကိုချမ်းက သိပ်ပြီး ချောတာပဲနော်"

"ဘာလဲ သက်မာရဲ့၊ နင်က ကြားထဲက သွားရည်ယိုနေလို့လား"

ဇာဇာက သက်မာမေးစေ့အောက်က သွားရည်သုတ်ပေးသလို လုပ်ရင်း ပြောလိုက်ရာ

"ကိုချမ်းနဲ့သာဆိုရင် သေပျော်ပါပြီကွာ"

သက်မာအပြောကြောင့် လှဲ့ဝင်းက …

"အောင်မယ်လေး"

"ဟင် … လှဲ့ဝင်း၊ ဘာဖြစ်လို့လဲ"

"အို … နင်တို့ မကြားလိုက်ဘူးလား"

"ဘာလဲဟ"

"စိမ်းရဲ့ရင်ခုန်သံလေ၊ ဗိုင်းခနဲတောင်မြည်တယ်"

"ကဲဟာ … ကဲဟာ၊ နောက်ဦး နောက်ဦး၊ တော်ပြီ နောက် ကိုချမ်းကို လိုက်မပို့ခိုင်းရဲတော့ဘူး။ ဟုတ်လဲ မဟုတ်ဘဲနဲ့ သိပ်အစဆိုးတာပဲကွာ"

"အံမာ … မဟုတ်လို့ မကျေမနပ်ဖြစ်နေတာမဟုတ်လား၊ ဟုတ်ရင်တော့ ငြိမ်ပြီး ပြုံးနေမှာပေါ့နော် စိမ်း"

"ကြည့်ပါလား၊ သက်မာနော် စိမ်းကိုပဲ စနေတော့မှာလား၊ ဟာ … ကလပ်ချိန်နီးပြီ သွားကြစို့"

"အေးဟဲ့ … ဟုတ်တယ်။ ကလပ်စ်ပြီးမှ ဆက်မယ်နော် စိမ်း"

"မသိဘူး … မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟော ... စိမ်းတယောက် ဟန်ဆောင်ပန်ဆောင်နဲ့ စိတ်ကောက်ပြသွားပြီကွာ"

သူငယ်ချင်းများ၏ အစအနောက်သန်မှုကို သိနေသဖြင့်လည်း စိမ်းစိတ်ဆိုး၍မရ၊ စိတ်ဆိုးလျှင် ပိုပြီး စမှာ သေချာသည်။

ကလပ်စ်ထဲမှာ လက်ချာလိုက်နေရင်းကပင် ဇာဇာက

"ကိုချမ်းရယ်"

တိုးတိုးလေး ညည်းလိုက်သဖြင့် စိမ်းက မျက်စောင်းခဲလိုက်ရသေး၏။

"မိန်းမနော် ... တော်တော်ကဲ"

လေသံဖြင့် ကျိတ်ကျိတ်ကလေး မာန်ရ၏။ သက်မာက...

"စိမ်း"

"ဟင်"

သက်မာက တစ်ခုခု ပြောမလိုလို ပါးစပ်ပြင်ပြီးမှ လဲ့ဝင်းက သက်မာ၏ ပေါင်ကို မသိမသာ လှမ်းဆိတ်ပြီး ရှေ့မှ ဆရာကို မေးထိုးပြလိုက်မှ သက်မာက ...

"နောက်မှ ... နောက်မှ"

ပြောပြီး လက်ချာကို ကြိုးကြိုးစားစား လိုက်ရေးဟန်ဆောင်နေလေ၏။ ကလပ်စ်ပြီးတော့မှ သက်မာက ...

"ဟင်း ... ငါလေ မနည်းအောင့်ထားရတယ်ဟာ"

"ဘာလဲ ... စားထားတာများလို့ လက်ထရိန်သွားချင်နေလို့လား"

"ဟာ ... ဟုတ်ပါဘူး၊ စိမ်းကို ပြောချင်တဲ့ စကားတွေကို အောင့်ထားတာဟ"





"အင်း ... ရောဂါပဲ"

"စိမ်း"

"ဘာတုံး"

"အလဲ့ ... တယ်ချိုပါလား"

"ဘာစ, အုံးမလို့လဲ၊ ကောင်မတွေနော်၊ တော်တော်ထ"

"ဟဲ့ ... ဟဲ့ ... အိုးမလုံ အုံပွင့်မနေနဲ့ကွာ၊ ငါက ဘာမှ မပြောရသေးဘူးနော်၊ ကိုယ့်ဟာကိုယ် လိုသလို တွေးနေပြီး ဘာ့၊ ငါခေါ်တာက စိမ်းဝတ်ထားတဲ့ အစလေး ဘယ်လောက် ပေးရမလဲလို့ မေးမလို့ပါနော်၊ တကထဲ"

"အံမာ ... လဲ့ဝင်းရယ်၊ နင့်အကြောင်း မသိရင် ခက်မယ်။ စပ်ဟတာနဲ့ ဖင်ဝအထိ ဘာရှိတယ်ဆိုတာ သိပြီးသားပါနော်"

"သွားပြီ၊ ငါတော့ ဒုက္ခပဲ"

လဲ့ဝင်းက ငိုမဲ့မဲ့နှင့် ပြောသဖြင့် သက်မာက

"ဘာဖြစ်လို့လဲ လဲ့ဝင်းရဲ့"

"အို ... စိမ်း ပြောတာမကြားဘူးလား၊ ငါပါးစပ်ဟရင် ဖင်ဝအထိ မြင်တယ်ဆိုကတည်းက စိမ်းဟာ ဆယ့်နှစ်ကြိုးလား၊ ဆယ့်သုံးကြိုးလားပဲ၊ ကြောက်စရာကြီး ဟီး ..."

"သွား စိမ်းရှပ်က ဒေါ်အိုဇာပုံ ပေါက်နေလို့လား"

စိမ်းက မခံချင်သလို မျက်စောင်းခဲ၍ မေးသဖြင့် လဲ့ဝင်းက

"လှလွန်းလို့ စက်စက်ယိုနေတာပါ သူငယ်ချင်းရယ်၊ မင်းရဲ့ လှကလေး မော်လမြိုင်သူပီပီ လုံးကြီးပေါက်လှ ဖြူဖြူဖွေးဖွေး ရှုဆေးငါးလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွန်း ... လာပြန်ပြီ၊ ဒီရေဆေးငါးကြီး တခြားလူတွဲဟာ တစ်ခုခုနဲ့ နှိုင်းပါလား၊ ဥပမာ အစွမ်းကုန်ပွင့်အာပြီး အလှသွေး အလှရည်တွေနဲ့ ပြည့်လျှံနေတဲ့ နှင်းဆီပန်းတို့ သစ်ခွပန်းတို့လိုဆို တော်သေး"

"အံမာ ... လိပ်မ၊ ကိုယ့်ဘက်ကိုယ်ယက်"

"မနက်တုန်းကလေ"

သက်မာ၏ စလာသော စကားကို လှဲ့ဝင်းက ...

"ဘာဖြစ်လဲ မနက်က နင်ချေးမစားခဲ့ရသေးလို့လား"

"ထွီ ... နင်ပဲစား၊ ငါပြောမှာက ငါတွေ့ဖူးသမျှ စုံတွဲတွေ အားလုံးထဲမှာ စိမ်းတို့အတွဲလောက် ရွှေ့သွားနောက်လိုက် ဘက်ညီတာ တစ်ခါမှ မတွေ့ဘူးသေးလို့"

"ဟာ ... သက်မာကလဲ ဘာမှန်းလဲ မသိဘူး။ လက်နာလို့ တစ်ခါလောက် အကူအညီ တောင်းမိပါတယ်ကွာ၊ စလို့ကို မဆုံး တော့ဘူး၊ စိတ်ညစ်လာပြီ"

မြစိမ်းခင်က စိတ်ရှုတ်သလို မျက်မှောင်ကြုတ်၍ ပြောသဖြင့် ဇာဇာက ဂရုမစိုက်ဘဲ ...

"ဟုတ်တယ်၊ သက်မာ ပြောတာ ငါလုံးဝထောက်ခံတယ်၊ ကိုချမ်းနဲ့ စိမ်းနဲ့အတွဲဟာ ဒေါက်မီပေမီ အရပ်ညီမှုလား မသိဘူး၊ ချောလိုက် ခန့်လိုက်ကြတာလဲ တစ်အားပဲဆိုတော့ နင်တို့ နှစ်ယောက်ကြောင့် ပတ်ဝန်းကျင်က ရှုခင်းအလှတွေတောင် မှေးမှိန်ကုန်သလိုပဲ"

"ကဲ ... ကဲ ... ပြော ... ပြော ... နားထောင်နေပါမယ်၊ တားမရတဲ့ချင်းအတူတူ သဘောရှိပြောကြဟော့"





လှဲ့ဝင်းက လက်နှစ်ဖက်နှင့် မေးထောက်ကာ နားထောင် ဟန်ပြုနေသော မြစိမ်းခင်အား ရှေ့တည့်တည့်မှ ပြုံးကြည့်ပြီးမှ

"အဟုတ်ပဲ၊ နင်တို့အတွဲက ချောကို ချောလွန်းတယ်ဟာ၊ မနာလိုစရာကြီး၊ တစ်ချို့အတွဲတွေက ယောကျ်ားလေး တောင့် တောင့် ဖြောင့်ဖြောင့်၊ မိန်းကလေးက ပိန်ညှက်မည်းကျစ်နေတဲ့ ခပ်နုံနုံ ခပ်ဖျင်းဖျင်းရုပ်မျိုးနဲ့တွဲလာရင် ကြည့်ရတဲ့လူမှာ အီလည် လည်ကြီးကို ဖြစ်လို့"

"အံမာ ... တချို့ ကျပြန်တော့ အမျိုးသမီးက ထောင်ထောင် မောင်းမောင်းနဲ့ ခပ်လှလှ၊ အမျိုးသားက ပုပြတ်ပြတ် လိန်ကျစ် လိန်ကျစ်နဲ့ သားအမိပုံမျိုးပေါက်လို့ မြင်ရတာ ရင်နာတယ်"

"အဲဒါတွေက အပြင်ရုပ်သဏ္ဍာန်ချင်း နီးစပ်တာ မဟုတ် ဘူးလေ၊ အသည်းနှလုံးချင်း နီးကြတဲ့လူတွေက အများအမြင် မှာ ပုံမလာပေမယ့် သူ့ချစ်သူအမြင်မှာတော့ ဒေဝန္တာ မိုးကျ ရွှေကိုယ်လို ဖြစ်နေမှာပေါ့"

"စိမ်းတို့ကျတော့ မြင်သူတိုင်းက အားကျရတယ်"

"လိုက်ဖက်လွန်းလို့ ကြည့်လို့ကို မဝဘူး"

"ဒီမှာ စိမ်း"

တစ်ယောက်တစ်ပေါက် ပေါက်ကရပြောနေရာမှ လှဲ့ဝင်းက ခေါ်လိုက်သဖြင့် ...

"ဘာလဲ"

"နင်နဲ့ ကိုချမ်းနဲ့က ရိုးရိုးပဲလား"

"ငါ နှစ်ခါမပြောဘူး"

"တစ်အိမ်တည်း နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တရုတ်၊ သူ့ တန်းလျားမှာနေတယ်လေ"

"တစ်ခြံတည်းပေါ့"

စိမ်းက မျက်စောင်းဖြင့် သက်မာကို ကြည့်လိုက်၏။ သက်မာ
က ...

"ဒါပေမယ့် ကိုချမ်း နင့်ကို စိတ်ဝင်စားနေပုံရတယ်"

"ဘုရားရေ ... အခု ခဏလေးတွေ့ရတာကို နင်က ဘယ်လို
သိလို့လဲ"

"သိတာပေါ့၊ ကိုချမ်းအကြည့်က နင့်အပေါ် မရိုးဘူး"

"ဟင် ..."

သက်မာ စကားကြောင့် စိမ်းရင်တွေ ဒိန်းခနဲ ခုန်သွား

အဲဒါ အဟုတ်ပဲလား။ ကိုချမ်းပြောတဲ့စကား ပြန်ကြား
သည်။

"မတွေ့ရတာ ကြာလို့လား မသိဘူး၊ စိမ်းက သိပ်ချောလာ
တာပဲ"

"အို ... ကိုချမ်းကလဲ"

"တကယ်ပြောတာ"

"မုန့်ဝယ်ကျွေးမယ်လေ၊ စိမ်းက အမြှောက်ကြိုက်"

"ဟဲ့ ... စိမ်း ... စိမ်း"

"ဟင် ... အင် ... အင်"

လှဲ့ဝင်းက စိမ်းပခုံးကို လှုပ်ကိုင်ပြီးခေါ်မှ စိမ်းမှာ စိတ်ကူးယဉ်နေမိသည့်အဖြစ်မှ အလန့်လန့် အဖျပ်ဖျပ် သတိဝင်လာရတော့သည်။





"အံမာလေးဟဲ့ စိမ်းရယ်၊ ကြည့်စမ်းပါဦး၊ နင့်မျက်နှာက ချေးမှန်ထားတဲ့ ခွေးမျက်နှာလို ပီတိတွေဖုံးပြီး ပြုံးလို့၊ ဘာတွေ စိတ်ကူးယဉ်နေတာလဲ၊ ပြောစမ်း ပြောစမ်း"

"မဟုတ်ပါဘူး"

"စိမ်းရယ် ... နင်ဟာလေ လိမ်ဖို့ညာဖို့ စဉ်းစားနေရတာ မပင် ပန်းဘူးလား"

"ဘာလိမ်လို့လဲ"

"အံမာ ... နင့်မျက်နှာမှာလဲ ကိုချမ်းအကြောင်း ပြောရင် ကြည်လို့ အဲဒါ လိမ်တာမဟုတ်ရင် ဘာလဲ"

"အေး ... နင်တို့စကားနဲ့ပဲ ငါကိုချမ်းကို စကားမပြောရဲတော့ဘူး"

"ဟော ... ဟော ... ပေါ်ပြီ၊ အဲဒါ နင့်ဘက်ကလဲ မရိုးသားတော့ဘူး"

"ကဲ ... စိတ်ချမ်းသာသလို ထင်ကြပေတော့ဟေ့"

"အေး ... အေး၊ တို့တစ်တွေထင်ပေးတဲ့ဟာကို ညည်းကလဲ ကျေနပ်တယ်မဟုတ်လား"

သူတို့နှင့် စကားနိုင်လုပြီး မြစိမ်းခင်က ဘာမျှမပြောတော့၊

မထုံတက်သေး ထုံပေပေလေးလုပ်ကာ နေလိုက်မှ ရပ်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ..."

"ဟော ... တွေ့လား"

"ဝီရိယကောင်းတယ်နော်"

"ကိုချမ်းစိတ်ထဲမှာ 'စိမ်းရဲ့လက် ဘယ်တော့မှ ပြန်မကောင်းပါစေနဲ့လို့ ဆုတောင်းနေတယ် ထင်တယ်ဟေ့"

"ရှူး ... တိုးတိုး၊ နီးလာပြီ ကြားသွားမယ်"

"အံမယ် ...လိုက်ဖက်လွန်းလို့ ငါက အရမ်းချိတ်မိစေချင်လွန်းလို့"

"ခွေးမ၊ နင်ချိတ်ပါလား"

"ငါ့ကို အောင်သွယ်ပေးမလား စိမ်း၊ ကျေးဇူးမမေ့ဘူး အဟဲ"

"ကောင်မ"

"ဟော ... ကြည့် သူ့အူတိုနေပြီ"

မိကဲလေးတွေကြောင့် မိစိမ်းမျက်နှာလေး ရဲနေလေသည်။

စိမ်းတို့ရှေ့မှာ စိမ်းရဲ့ ကိုရိုလာ နို့နှစ်ရောင်လေး ငြိမ့်ခနဲ လာရပ်၏။ ကိုချမ်းက မနက်က အုပ်စုကို ပြုံးပြပြီးမှ တံခါးဖွင့်ကာ ဆင်းလိုက်ရင်း...





"မူတူး ဗိုက်နာနေလို့ စိမ်းရဲ့"

"ဒါနဲ့ အတော်ပဲဖြစ်သွားတာပေါ့နော် ကိုချမ်း၊ အဟဲ..."

"ဗျာ"

"အာ့"

လဲ့ဝင်းစကားကြောင့် ကိုချမ်းကြောင်သွား၏။

စိမ်းက လဲ့ပင်း၏တင်ပါးကို ကျိတ်ကာ ဆိတ်လိုက်သဖြင့် လဲ့ဝင်းမဲ့သွားသည်။ မျက်နှာနီနေသော စိမ်းကိုကြည့်ပြီး ကိုချမ်း သဘောပေါက်သလိုလို ဖြစ်သွား၏။

"သွားစို့ စိမ်း၊ ကိုယ်ဒီကအပြန် ချိန်းထားတဲ့ ပွဲရုံကိစ္စရှိသေးလို့ ခွင့်ပြုပါဦးဗျာ၊ အားလုံးပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကောင်းကောင်းသွားနော် စိမ်း"

"စိမ်း ငါပြောတာ မမေ့နဲ့နော်၊ ဆက်ဆက်ပြောပါဟာ၊ ကျေးဇူးမမေ့ပါဘူးကွယ်"

"စိမ်းရေ သက်မာနဲ့ အဆင်မပြေရင် ငါတို့နှစ်ယောက်လဲ ရှိသေးတယ်နော်၊ မမေ့နဲ့ဦး ဟင်း ဟင်း"

"ကိုချမ်း၊ နောက်နေ့တွေလဲ လာဦးနော်"

"ဩော် ... ဟုတ်ကဲ့ခင်ဗျ၊ မူတူးနေကောင်းရင်တော့ မပြောတတ်ဘူး"

"ဟာ ... မူတူးကြီးကို မမောင်းခိုင်းပါနဲ့၊ ကားနဲ့ ကားရှင် အရုပ် ဆိုးသွားဦးမယ်၊ လိုက်ဖက်ညီတဲ့..."

"ကဲပါ မောင်းပါတော့ ကိုချမ်းကလဲ"

"အဟင်း ...ဟင်း ...ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုချမ်းရေ ... စိမ်းနုမရဲ့ အမိန့်တော်မြတ်အတိုင်း ကဲ သွားပေတော့"

ကားဘေးမှာ ကျွတ်ကျွတ်စီ ညံနေသော ဆက်ရက်မလေးတွေကြားမှ ကိုရှိလာလေး လျှောခနဲ ထွက်လာခဲ့တော့၏။

ရယ်သံတွေ ကျန်ရစ်ခဲ့သည်။

စိမ်းမျက်နှာလေး စူနေ၏။

ကိုချမ်းက အဓိပတိ တက္ကသိုလ်အဝင်လမ်းမမှ ကားလမ်းပေါ်သို့ ကားကို မောင်းတင်ပြီးမှ...

"စိမ်းရဲ့သူငယ်ချင်းတွေက အတော်ပျော်တတ်ကြတယ်နော်"

"... ... ..."

"သူတို့ ဘာတွေ ပြောနေတာလဲဟင် စိမ်း၊ တစ်ချို့တွေ ကိုယ်နားမလည်မိဘူး"

"အို နားမလည်တာပဲ ကောင်းတယ်၊ သိပ်ကဲတဲ့ မိန်းမတွေ တစ်နေလုံး လူကို စနေတာပဲ၊ သိပ်မုန်းစရာကောင်းတာပဲ"

"ဟင် ... ဘာဖြစ်လို့လဲ စိမ်း ဘာကို စလို့လဲ"

"မသိဘူး၊ မသိဘူး"

စိတ်တိုတိုနှင့် စိမ်း အော်လိုက်မှ ကိုချမ်းပါးစပ် ပိတ်သွား၏။

စိမ်းက ကိုချမ်းကိုဆို ငယ်နိုင်မှ...

မျက်နှာငယ်ငယ်နှင့် ကိုချမ်းငြိမ်သွားတော့သည်။ စိမ်း သနားသွားရသည်။ တကယ်ဆို ကိုချမ်းက ဘာမှသိတာမဟုတ်။

မိမိမှာသာ သူငယ်ချင်းတွေကို မနိုင်တိုင်း အပြစ် မရှိသူကို မဲနေဖို့ မတော်။





"ကိုယ် လာကြိုတာ စိမ်းအတွက် အနှောင့်အယှက်ဖြစ်သွားလားဟင် စိမ်း"

ကိုချမ်းက အားလျှော့စွာ မေးလိုက်မှ...

"အို ... မဟုတ်တာ၊ စိမ်းပဲ အကူအညီ တောင်းတဲ့ဟာကို ဘာကို ဖြစ်ရမှာလဲ"

"မသိဘူးလေ၊ စိမ်းက စိတ်တိုနေတော့"

"ကိုချမ်းကို မဟုတ်ပါဘူး၊ သက်မာတို့ကိုပါ"

"မနက်ဖြန်ကော ကိုယ် ပို့ပေးဖို့ လိုအပ်မလားစိမ်း"

"မူဘူး ဗိုက်က အတော်နာလား ဟင်"

"လေထိုးတာ၊ ဆေးခန်းသွားတယ်လေ"

"နက်ဖြန် ကောင်းမှ ကောင်းပါ့မလား မသိ"

စိမ်းက စိတ်ရှုတ်သလို ပြောသဖြင့် ကိုချမ်းက ...

"ကိုယ် ပို့ပေးတာ အန္တရာယ် ဖြစ်နေလားဟင် စိမ်း"

"လွှဲဝင်းတို့က သိပ်ဆိုးလို့၊ ကိုချမ်းကို အားနာတယ်"

"ရပါတယ်"

"ဘာ ... ရပါတယ်"

"ဩော် ... လွှဲဝင်းတို့ ဆိုးတာကိုပေါ့"

"အမယ် ... ကိုချမ်းက သူတို့အကြောင်း ဘယ်လောက် သိလို့လဲ"

"မသိဘူးလေ၊ စိမ်းပြောပြပေါ့"

"အို ... မပြောပေါင်၊ ဘာလို့ ပြောရမှာလဲ"

"အေးလေ ... ကိုယ်တိုင်မေးလဲ ရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... မေးပါလား၊ သွားမေးပါလား၊ ဟိုက လှောင်လွှတ်လိုက်မှ ကြောင်နေမယ်"

"လဲ့ဝင်းတို့က ဖော်ရွေသဘောကောင်းကြမယ့် ပုံတွေပါ"

"ဘာလဲ ... ကိုချမ်းက စိမ်းကို အကြောင်းပြပြီး သူတို့နဲ့ ခင်မင် အောင် ကြိုပို့လုပ်ချင်ပါတယ်လို့ ရှင်းရှင်းပြောစမ်းပါ"

"အိုး ... ဘာဆိုင်လို့လဲ စိမ်းရာ"

"ဘာလို့ပြောနေလဲ ဒါဆိုရင်"

"စိမ်းမကြိုက်ရင် ခပ်တည်တည်နေမယ်လေ"

"အန် ... ဘာဆိုင်လိုက်လို့"

"စိမ်းရဲ့ ဒရိုင်ဘာကို ကြိုက်သလို အမိန့်ပေးပိုင်ခွင့်ရှိတယ်လေ၊ မဟုတ်ဘူးလား"

"ကိုချမ်းနော်၊ သူ လဲ့ဝင်းတို့နဲ့ ရောချင် ရောချင်တယ် မပြောဘဲနဲ့"

"ဘုရားစူးရစေ့ဗျာ၊ စိမ်းရဲ့ သူငယ်ချင်းတွေမို့ အလိုက်သင့် ဆက်ဆံရမှာပေါ့၊ ဒရိုင်ဘာက စတိုင်ဖမ်းနေရင် ဝိုင်းဟားစရာ ဖြစ်သွားမှ"

"ဘာ ဒရိုင်ဘာလဲ"

"စိမ်းရဲ့ ယာယီ ဒရိုင်ဘာလေ"

"တော်ပါ"

"တစ်ခုခု စားမလား စိမ်း"

"ဘာလဲ၊ ဝမ်းသာလုံးဆို့တဲ့ အထိမ်းအမှတ်နဲ့လား"

"ဘာဖြစ်လို့လဲ"





"သက်မာတို့နဲ့ ခင်မင့်ခွင့်ရလို့လေ"

"အဟား ... ဟား ... ဟား ပြောတော့မယ်"

"ဘာရယ်တာလဲ"

"စိမ်းရဲ့သူငယ်ချင်း ဒေါ်ပုံမလာတွေနဲ့ ခင်မင်ရတာ ပျော်စရာ မဟုတ်ဘူး"

"ဘာ ... ဒေါ်ပုံမလာလဲ"

"ဟုတ်တယ်လေ၊ လဲ့ဝင်းက ပုလုံးလုံး ဖြူတုတ်တုတ်၊ သက်မာက ပိန်ရှည်ရှည် ညိုကျစ်ကျစ်နဲ့ စိန်မြင့်ပုံ မျက်နှာပေါက်နဲ့ အဲ့ ဇာဇာကျတော့ လ,မစေ့ဘဲ မွေးခဲ့တာနေမယ်၊ နောက်က ကြည့်ရင် လေးတန်းကျောင်းသူလောက်ပဲ၊ ပိန်၊ ပု၊ သေး၊ ကျစ် နေတဲ့ဟာ တွဲလဲတွဲမိတယ်ဗျာ၊ အဟုတ်ပဲ"

'ဟင်း ... ဟင်း ... ဟင်း"

ကိုချမ်းစကားကြောင့် စိမ်းရယ်မိတော့သည်။

တက္ကသိုလ်မှာ စိမ်းတို့အတွဲက ဟာသမြောက်လှသည်။

မြင်သူတိုင်းက မကြည့်ဘဲ မနေနိုင်ကြ၊ တချို့ ဗရုတ်ကျသောသူများက...

"ဟာ ...ဘယ်လိုဟာတွေတုံး" ဟု ပြူးတူးပြဲတဲ ပြောတတ်ကြသည်။

လေးယောက်လေးမျိုးမို့ ထူးထူးကဲကဲ လှနေသော စိမ်းရဲ့ အလှက ပို၍ထင်ရှားနေရသည်မဟုတ်ပါလား။

"သူများသားသမီးကို ကဲ့ရဲ့ရင် ငရဲလိုက်တတ်တယ်ဘဲ"

"ဘယ်လို လိုက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ကိုယ်ယူမယ့်မိန်းကလေးဖြစ်ဖြစ်၊ ကိုယ့်ကမွေးလာမယ့် ကလေးပဲဖြစ်ဖြစ် အဲဒီလို ကိုယ်ရယ်ခဲ့သလို ပြန်ရတတ်တယ်ဘဲ့"

"ဟင် ... တကယ်လား"

"အင်းပေါ့ ဘာလဲ ကြောက်လား"

"ကြောက်တယ်"

"အဟင်း ဟင်း၊ ကိုချမ်းအတော်ရယ်ရတယ်"

"ဒါပေမဲ့ ကိုယ်ယူရမယ့် မိန်းကလေး ဆိုရင် မျက်စိပါကာပဲ သေချာကြည့်ပြီးမှ ရွေးမှာပေါ့၊ အဲ ... အဲ ... သားသမီးတွေသာ"

"ဘာလဲ ကိုရုပ်ဆိုး၊ မရုပ်ဆိုးလေးတွေ မွေးလာမှာစိုးသလား"

"လူတိုင်း အလှကြိုက်တာ သဘာဝပဲ စိမ်းရဲ့"

သူပြောတာ ဟုတ်နေသဖြင့် စိမ်းငြိမ်နေလိုက်၏။

"တစ်ခုခု စားရအောင်နော် စိမ်း"

"စိမ်း မဆာပါဘူး"

"ကိုယ် နေ့လယ်စာ မစားရသေးဘူး စိမ်းရဲ့"

"ဟင် ... ဟုတ်လား"

"ပွဲရုံက ကုန်တွေရောက်နေတာနဲ့ အတင်အချပြီးတော့ ငွေချေနေရတာနဲ့ အချိန်ကုန်သွားတာ၊ ဒေါ်ဒေါ် ဖုန်းလှမ်းဆက်တော့ ကိုယ် ထမင်းစားဖို့ ပြင်နေတုန်းပဲ"

"ဟော့တော် ... စားပြီးမှ လာကြိုပေါ့ ကိုချမ်းရယ်၊ သုံးနာရီတောင် ရှိပြီ"





"စိမ်းအကြာကြီး စောင့်နေရမှာစိုးလို့"

"သူငယ်ချင်းတွေက ဝိုင်းစောင့်ပေးမှာပါ၊ ခုတော့ စိမ်းတကယ် စိတ်မကောင်းဘူး။ ကဲ ကိုချမ်း ဘာစားမလဲ၊ စိမ်းဝယ်ကျွေးမယ်နော်"

"ဟာ ရပါတယ်"

"ထမင်းပဲစားမလား၊ တရုတ်ဆိုင် တစ်ခုခုပေါ့"

"ထမင်းချိန် လွန်သွားပြီဆိုတော့ ခေါက်ဆွဲကြော်ပဲ စားတော့မယ်လေ"

ကားလေးက "လေညင်းသာ" ရှေ့မှာ ညင်သာစွာ ရပ်လိုက်၏။

"စိမ်းကားပေါ်က စောင့်နေမယ်နော်"

ဆိုင်ထဲက လူတချို့ကို ငေ့ကြည့်ရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"စိမ်းမှ မဆာတာ"

တကယ်ဆို ကိုချမ်းနဲ့သွားရမှာကို ရှက်၍ပါ။

"စိမ်း ဝယ်ကျွေးမယ်ဆို"

"အင်းလေ၊ ရော့ ပိုက်ဆံယူသွား"

"ဟင့်အင်း ... ကိုယ်က စိမ်းပါစားမယ် ထင်လို့ပါ၊ ဒါဆို အိမ်ရောက်မှပဲ တစ်ခုခုစားတော့မယ်လေ၊ မစားတော့ပါဘူး"

"အို ... ကိုချမ်း ဆာလှရောပေါ့၊ အိမ်မှာဆို မုန့်နဲ့ အရည်တစ်ခုခုပဲရမှာ ထမင်းက ငါးနာရီလောက်မှရမှာ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ်တစ်ယောက်တည်း သွားစားရမှာ မျိုကျမလား စိမ်းရဲ့ ကားထဲမှာ စိမ်း စောင့်နေရတယ်ဆိုတဲ့ စိတ်နဲ့ ဘယ်ဖြောင့်ဖြောင့် စားလို့ရမလဲ”

“ရပါတယ် ... စိမ်းကို အားမနာပါနဲ့၊ အေးအေးဆေးဆေး သာစား”

“စိမ်းရယ်၊ ဘာလဲ ကိုယ်နဲ့အတူတူစားရမှာ ဝန်လေးနေလို့ လားဟင်”

“အို ... မဟုတ်ပါဘူး”

“ဒီ ... ဒီ”

“ဟာ”

“အို”

ကိုချမ်း၏ ဝမ်းဗိုက်ထဲမှ ပိုးမျိုးရှစ်ဆယ်တို့၏ ဆန္ဒပြသံ ကြောင့် စိမ်းမျက်လုံးလေး ဝိုင်းသွားပြီး အားလည်း အတော်နာ သွားသည်။

သူ့ခမျာ သိပ်ဆာနေရှာမှာ။

ငါ့ကြောင့် အဆာခံပြီး နေတာ။

ကျစ်လျစ်တောင့်တင်းတဲ့ ခန္ဓာကိုယ်အတွက် လုံလောက်တဲ့ အစာ ပုံမှန်လိုမှာပေါ့၊ ငါတောင် ဆာလောင်လာရင် ဘယ် လောက် အနေရခက်သလဲ”

ခုတော့ ငါ့ကြောင့် သူအငတ်ခံရတော့မယ်။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ လူလူချင်း ငါကိုယ်ချင်းစာရမယ်။

ရှက်တာ တစ်ခုတည်းနဲ့ လူတစ်ယောက်ကို ဒုက္ခပေးသလို ဖြစ်စေရမှာလား။





“အို ... အို ကိုချမ်း မဖွင့်ပါနဲ့။ ကဲ ဆင်းပါ၊ စိမ်းပါလိုက်ပါ့မယ်”

“တကယ်နော်”

“အင်းပါ ... ဆင်းပါ၊ စိမ်းကြောင့် တော်ကြာ အစာအိမ်တွေ ဘာတွေ ဒုက္ခပေးနေဦးမယ်၊ ခုတောင် တဂွိဂွိနဲ့၊ ဟင်း ဟင်း”

“ဆာလှပြီ စိမ်းရဲ့”

“အင်းပေါ့၊ စိမ်း ကိုယ်ချင်းစာပါတယ်၊ ကဲ ကြွ၊ ရှေ့က”

ကားလှလှထဲက တောင့်သောဖြောင့်သော စုံတွဲလှလှ ကြောင့် ဆိုင်ထဲရှိ စားသောက်နေသူအားလုံး လည်ပင်းတွေ ထိမ်ကူန် စောင်းကုန်တော့၏။

“လာ ... စိမ်း၊ ဒီမှာ ထိုင်ရအောင်”

ကိုချမ်းက ဦးဆောင်ပြီး ထိုင်စရာနေရာ ရွေးပေး၏။

“ဟော့ ... မင်းမေချမ်း”

“ဟာ ကိုသန့်ဇင်ပါလား၊ တစ်ယောက်တည်းလား”

“အေးပေါ့ကွ၊ တစ်ယောက်တည်းပေါ့၊ မင်းလို ဖိုးကံကောင်း မှ မဟုတ်တာ”

“ဟာ ... ဟော့လူ”

“ဟဲ ... ဟဲ ... ဟဲ၊ ဘာလဲ ဝမ်းကွဲညီမလား”

“ကျွန်တော့် အလုပ်ရှင်ဗျ ... ခင်ဗျား မဟုတ်တာရှုတ် လျှောက်ရမ်းမနေနဲ့”

“အို ... ဆောရီး ဆောရီးကွာ”

ခေါင်းငုံ့နေသော စိမ်းအား တစ်ချက်ကြည့်ပြီး ကိုသန့်ဇင် ဆိုသူက ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးနဲ့နော် ညီမ၊ ကိုယ်နဲ့မေချမ်းက ပြောမနာ၊ ဆိုမနာ တွေမို့"

စိမ်း ခပ်တည်တည်ပင် ကြည့်ပစ်လိုက်ပြီး မျက်နှာလွှဲလိုက်သည်။

ကိုသန့်ဇင်မျက်နှာ မည်းခနဲဖြစ်ကာ မချိပြုံးပြုံး၍ ...

"သွားဦးမယ်ကွာ မေချမ်း"

"အင်း"

ထိုစဉ် စားပွဲထိုးကောင်လေး အနားရောက်လာသဖြင့် ကိုချမ်းက

"ခေါက်ဆွဲကြော်နှစ်ပွဲနှင့် အခေါက်ကင်၊ အသားလုံးကြော် တစ်ပွဲစီပေးပါ။ သံဘူးရည်က နှစ်ဘူးပေါ့"

"ဟုတ်ကဲ့ အစ်ကိုလေး"

စားပွဲထိုးထွက်သွားမှ မင်းမေချမ်းက

"စိတ်ရှုပ်သွားလားဟင် စိမ်း၊ ကိုသန့်ဇင်က လူရွှတ်လူနောက် မို့ပါ"

"မုန်းနေသလားလို့"

"နည်းနည်းတွေနေတယ်လေ"

"ဘာမှန်းလဲ မသိဘူး"

"ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ့်ကြောင့် စိမ်း ကသိ ကအောက် ဖြစ်သွားရတယ်"

"ရပါတယ်၊ ဒါနဲ့ ခေါက်ဆွဲနှစ်ပွဲမှာတာ စိမ်းမစားဘူးနော်"

"ကုန်မှာစိုးလို့လား၊ မကြိုက်လို့လား"





"အံမာ မဆာလို့ရှင့်"

"ဒါဖြင့် ကိုယ်စားရင် စိမ်းက ငုတ်တုတ်ထိုင်နေမှာလား"

"သံဘူးပဲ သောက်မယ်လေ။ ခုနက နှစ်ဘူးမှာလိုက်တယ် မဟုတ်လား"

"ခေါက်ဆွဲနှစ်ပွဲလုံး ကိုယ်စားရမှာ ခပ်ရှက်ရှက်ပဲ"

"ဘာလဲ မကုန်မှာစိုးလို့လား"

"မကုန်မှာမပူပါနဲ့၊ ဒီခန္ဓာကိုယ်နဲ့က ခေါက်ဆွဲနှစ်ပွဲလောက် ဟာ အပျော့ပဲ"

"စားပါ၊ ကြွားမနေနဲ့"

"အင်း အလှုရှင်စိတ်ချမ်းသာပြီး ဒါနလေးမြောက်သွား အောင် စားမှာပေါ့ဗျာ"

စားသောက်ပြီး ဆိုင်မှထွက်လာတော့ ထောင့်စားပွဲမှ တောင်ဂေးတချို့ဆီမှ ...

"အာလာလာ ချောတယ်ကွာ"

"လိုက်တယ်နော်၊ အဲဒီစုံတွဲ"

"အဲဒါမျိုးကို ချောမောခံ့ညားတယ်လို့ ဆိုရမယ်"

"အမေရေ သူများသားသမီးတွေ ကံကောင်းလိုက်ကြ သနော်"

"နင် အားကျသလား"

"ဟုတ်ကဲ့ ခင်ညု"

"အနားသွားမကပ်နဲ့"

"ခင်ညု ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com



"နင့်လို ဂျုံနဲ့ယှဉ်လိုက်ရင် သဘာဝပတ်ဝန်းကျင်တွေပါ ရှုပ်ဆိုးအုန်လိမ့်မယ်"

"အုမယ်လေးဗျာ"

ကားထွက်သည်အထိ ကိုချမ်းမျက်နှာကြီး ပြုံးနေလေ၏။ စိမ်းက မျက်စောင်းတစ်ချက် ပစ်လွှတ်လိုက်ရင်း ...

"ဘာပြုံးတာလဲ"

"ဟောဗျာ ပြုံးနေသလား"

"အံမယ် ပါးစပ်က နားရွက်တက်ချိတ်တော့မယ်"

"ခုနက ပြောတဲ့စကားသံတွေ စိမ်းမကြားလိုက်ဘူးထင်တယ်၊ ကိုချမ်းပြောပြမယ်"

"အို တော်ပါ ကြားလွန်းလို့ အဲဒါ ပြုံးစရာလား"

"ဒါဆို ငိုလိုက်မယ်နော်"

"ကိုချမ်းနော် ဘာမှန်းလဲမသိဘူး၊ စိတ်ရှုပ်စရာ"

"အင်း ဟုတ်ပါတယ်လေ၊ စိမ်း စိတ်ညစ်မှာပါပဲ၊ လူတွေက လိုင်စင်မဆောင်ရတိုင်း အားအားရှိ ထိုင်ရင်းနဲ့ ထင်ကြေးတွေ စွတ်ပေးနေတာ၊ နောက်နေ့တွေ မူတူးမသက်သာရင် ပွဲရုံက ဦးမောင်တင်ကို ကြို့ ပို့ လွှတ်ပေးမယ်နော်၊ ဒါဆို စိမ်းလည်း စိတ်ညစ်သက်သာရော"

"မလိုပါဘူး၊ အဲဒီ ဦးမောင်တင်ကြီးက စကားများလွန်းတယ်၊ နေပါစေတော့၊ စိမ်းဘာသာ ကားမောင်းပြီး တက်ယူတော့မယ်"

"လက်နာနေမှာပေါ့ စိမ်းရယ်"

"နာပစေ"





"ကိုယ်က စိမ်းနာမှာကို မကြည့်ရက်ဘူး ဆိုရင်ကော"

"အို"

"ငယ်ငယ်တတည်းက ခင်မင်ခဲ့တဲ့ သူငယ်ချင်းသံယောဇဉ်လေးနဲ့တောင်မှ ကိုယ်ကူညီခွင့် မရနိုင်ဘူးလား"

"နောက်နေ့တွေမှာ ခုလို ထမင်းအငတ်ခံပြီး လာမကြိုနဲ့နော်"

"ဘာလဲ ဒကာခံရမှာ ကြောက်သွားပြီလား"

"စိမ်းတစ်ခါမှ ဒီလို မသွားဖူးဘူး"

အမှန်အတိုင်း ပြောချလိုက်မှ ကိုချမ်းမျက်နှာ ကွက်ခနဲ ဖြစ်သွားကာ

"အဟင်း ကိုယ်လို အလုပ်သမားတစ်ယောက်နဲ့ သွားရတာ စိမ်းအတွက် "

"အို ... စိမ်းဆိုလိုတာ အဲဒီသဘောမျိုး မဟုတ်ပါဘူး တစ်စိမ်းယောကျ်ားလေးတစ်ယောက်နဲ့ စားသောက်ဆိုင်ဝင်ဖူးတာ ဒါ ပထမဆုံးပဲ နည်းနည်း ကြောင်လွန်းလို့"

"နောက်ဆို အကျင့်ပါသွားမှာပေါ့"

"အံမာ ကိုချမ်းပြောပုံက နောက်လည်း ဒီလိုပဲ လိုက်ကျွေးရမှာ ကျနေတာပဲ"

"ကိုယ်ကျွေးမှာပေါ့"

"ကျေးဇူးတင်ပါတယ်နော်၊ တော်ပါပြီ"

"ဩော် စိမ်းရယ်"

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက လက်နာ၊ မူတူးကလည်း လေထိုးနေသဖြင့် ကိုချမ်းအား ဒရိုင်ဘာအဖြစ် တစ်ပတ်လောက် အပူပေးလိုက်ရတော့သည်။

ကိုချမ်းနှင့် လှဲ့ဝင်းတို့လည်း အတော်လေး ရင်းနှီးသွားကြ၏။

"ဟော ဒီနေ့ ကိုရွှေဒရိုင်ဘာ မဟုတ်တော့ပါလား"

"စိမ်း လက်အနာကောင်းသွားပြီကိုး"

ကိုယ်တိုင် ကားမောင်းကာ ကျောင်းတတ်လာသော စိမ်းအား လှဲ့ဝင်းတို့က မေးပြီးမှ ကားသော့ခတ်၊ မှန်တွေတင် ပြီးစီးကုန်မှ စိမ်းက ...

"ဘာလဲ ဘာတွေ အာချောင်ဦးမလို့လဲ"

"ဟောတော်"

စိမ်း အပြောကြောင့် သက်မာတို့က အံ့ဩဟန်ဆောင်ရင်း

"စိမ်းက သိနေတယ်ပေါ့"

"ဘာကို သိရမှာတုံး"

"မနေ့ကလေ"



"မအာနဲ့၊ မနေ့က တနင်္ဂနွေနေ့"

"အေးပါ၊ နင်က ဖြတ်ဖြတ်မပြောပါနဲ့"

"ကဲ ဆို၊ ဘာဖြစ်လဲ၊ တနင်္ဂနွေနေ့ဟာ စနေမဟုတ်လို့လား"

"မဟုတ်ပါဘူးဟာ၊ မနေ့က ငါ ဈေးသွားဝယ်တယ်"

"ဩော် ဩော်၊ ဆင်တစ်ကောင် ငါးပြားနဲ့လား"

"အဲဒါထက် တော်သေးတယ်"

"အံမယ် မချောင်နဲ့ မယုံဘူး"

"မယုံနေပေါ့၊ ငါတို့ ချမ်းသာပွဲရုံက အာလူးနဲ့ ကြက်သွန်တွေ အလကားရလိုက်တယ်"

"ဟင်း ဟင်း ဟင်း၊ ရယ်ရတယ်နော်"

"နင် မယုံဘူးလား"

"ချေးစားပြောတောင် မယုံဘူး၊ ကြိုက်လို့စားတယ်ပဲ မှတ်မယ်"

"အံမယ်လေး ငါမခံချင်လိုက်တာနော်၊ တကယ်ပြောတာ စိမ်းရဲ့ ကိုချမ်းကိုယ်တိုင် ပေးလိုက်တာ"

"ဘာဖြစ်လို့ ပေးတာတဲ့လဲ၊ ကဲ"

"နင် မယုံဘူးဆို"

"ယုံအောင် ဖြီးလေ"

"ပေးတာက ခင်မင်လို့ပေါ့ဟာ၊ လာမယ့် ဆန်းဒေးမှာ လှဲ့ဝင်းတို့အိမ်မှာ အပျော်ထမင်းချက်စားမယ်မဟုတ်လား၊ အာလူးတက်သလိပ်၊ အာလူးပူတင်း လုပ်မယ်၊ ဒီတော့ ဈေးတော်အောင် ပွဲရုံတွေမှာ သွားဝယ်တာလေ၊ ကိုယ်တော်ချောက



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်သေးတယ်၊ စိမ်း မသိစေနဲ့နော်တဲ့၊ အပြီး ငါက အဲဒီလို မသိစေနဲ့လို့ ပိတ်လိုက်ကာမှ ပြောပြချင်လိုက်တာ ပါးစပ်တို ယားနေရော"

"အဲဒါ ဘာဖြစ်လဲ၊ နင် အချောင်ရလိုက်တာ ငါက ဝမ်းသာ ရမှာလား"

"ဟဲ့ နင့်အဖေ ပစ္စည်းတွေကို အလွဲသုံးစားလုပ်တဲ့အနေနဲ့ ကောင်းကောင်း ဝမ်နင်ပေးဖို့ လိုတာပေါ့ စိမ်းရဲ့"

"အဟင်း နေပါစေဟာ၊ အဲဒါလောက်လေးကတော့ တို့ခြံ ရဲ့က အပုပ်အစပ်တွေ၊ အဖျင်းတွေ လွှင့်ပစ်ရသလောက်ပဲ ရှိတာ၊ မရှိဆင်းရဲတဲ့ ငမွဲတွေ လာတောင်းလို့ ပေးလိုက်တာ ကုသိုလ်တောင် ရသေး"

စိမ်းက ထီမထင်ဟန် မျက်နှာပေးဖြင့် ပြောလိုက်မှ လဲ့ဝင်း က မဲ့ကာ -

"ကဲ ... ဇာဇာ ငါမပြောလား၊ ဒီကောင်မ ကိုချမ်း ဘာပဲ လုပ်လုပ် ကောင်းပါတယ်ရှင် ဖြစ်နေတယ်ဆိုတာ၊ အခု တို့ လုပ်ဇာတ်ထွင်လိုက်တဲ့ဟာ လူကို သူတောင်းစား၊ ဘဝ မရောက် တရောက်ပဲ"

"အေးဟယ်"

လဲ့ဝင်းတို့၏ မရှုနိုင်မကယ်နိုင် မျက်နှာတွေကိုကြည့်ပြီး စိမ်းရယ်မိတော့၏။

"စိမ်း"

"ဘာလဲ"





"နင်တို့အမြဲအနေက ဘယ်လိုလဲ"

"ဘာ ဘယ်လို လဲရမလဲ"

"ဟိုလေဟာ တစ်ပတ်လောက် ကျောင်းတက်ကျောင်းဆင်း အတူတူ သွားလာလိုက်ရတာ နည်းနည်း မထူးခြားဘူးလား"

"ဘာမှ မထူးခြားဘူး"

"ညာပြီ"

"မညာပေါင်"

"အံမယ် ရွှေမင်းသမီး တစ်နေ့တစ်မျိုး အပျံစားပြင်လာပြီး တော့"

"ငါနေ့တိုင်း ဒီလို ပြင်နေကျပဲ"

"မဟုတ်ဘူး၊ အခုဟာက ခါတိုင်းထက် နည်းနည်းပိုတယ်"

"ကဲ ပိုတယ်၊ ဘာဖြစ်လဲ"

"ဟဲဟဲ ဂလိုလုပ်စမ်းပါ"

"စိမ်း လှလိုက်တာလို့ ကိုချမ်းက မပြောဘူးလား"

"ပြောတယ်"

"ဟင် ပြောတယ်"

"အေးလေ၊ အလှပြင်ထားတာ လှတယ်ပြောတာ ဆန်း သလား"

"ဆန်းတာပေါ့"

"ဘာဆန်းတာလဲ"

"အဲဒါ နင့်ကိုကြိုက်လို့ပြောတာ"

"အံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လဲ အလှပြင်တာပဲ၊ ငါတို့ကို ကိုချမ်း ဘာမှမပြောဘူး"

"ခွီး ခွီး ခွီး၊ ဟစ် ဟစ်"

စိမ်းက ခွက်ထိုးခွက်လန်ရယ်တော့ လှဲဝင်းက သူ့ကိုယ်သူ မလုံမလဲ ငုံ့ကြည့်ပြီး အရှက်ပြေ ရယ်လိုက်ရင်း ...

"အံမာ နင်ပိုပြီးလှအောင် တို့တွေ ဘေးကဝိုင်းပြီး ပံ့ပိုးတွဲနေတာမှမထောက် လှောင်တယ်လား စိမ်း"

"တော်ပြီ၊ သူနဲ့မတွဲတော့ဘူး"

"ဟုတ်တယ်၊ အပုပ်ကောင်ကို ရုပ်ဆောင်နေတာချင်းတူတူ"

"လာ သွားကြမယ်၊ သူတစ်ယောက်တည်း ချန်ထားခဲ့"

တစ်ယောက်တစ်ပေါက်ပြောပြီး ထွက်ဟန်ပြင်နေကြသော သက်မာတို့အား စိမ်းက

"နေပါဦးဟာ၊ ဒေါ်ပုံမလာတို့က စိတ်ချည်းပဲ၊ အဟင်းဟင်း"

"အံမယ်. ဘာ ဒေါ်ပုံမလာ ဟုတ်လား"

"မှန်တာပြောတော့ စိတ်ဆိုးတယ်ဟာ၊ အဟုတ်"

"နင်လှတိုင်း သူများကို ကဲ့ရဲ့တတ်တဲ့ မိစိမ်း၊ တို့ထက် ပုံမလာတဲ့ ကလေးတွေ တစ်ဒါဇင်လောက် မွေးပါစေတော်"

"နေပါဦးစိမ်းရဲ့၊ ခုနက ဒေါ်ပုံမလာလို့ ခေါ်လိုက်တာ နင်ဘယ်ကကြားခဲ့သလဲ"

"ကိုချမ်းက"

"ဩော် ဟော်၊ လက်စသတ်တော့ ဒီလိုကိုး၊ လာပစေဦး ဒီအချမ်း"

"ဘာလုပ်မလို့လဲ"





"တစ်ခါတည်း မလှုပ်နိုင်အောင် ချုပ်ထားမလို့"

"ချုပ်ပြီးရင်"

"ကျုပ်တို့ကို မချစ်မနေရလို့"

"မှန်တယ်၊ လေးယောက်တစ်တွဲမို့ တစ်ယောက်ကို လေးပုံ တစ်ပုံစီ ချစ်ရမယ်လို့"

"ငှဲ ငှဲ ငှဲ"

"မိန်းမတွေနော်၊ တော်တော်ရှုပ်"

ထိုစဉ် ကျောင်းတက်ဘဲလ်မြည်သံကြောင့် ကိုယ်စီမျက်နှာပိုးသတ်ကာ စာသင်ခန်းရှိရာသို့ သုတ်ခြေတင်ကြလေတော့၏။

မူလတန်းဘဝကတည်းက ပေါင်းလာကြသော ငယ်ပေါင်းများမို့ ပြောမနာ ဆိုမနာ ပွင့်လင်းရင်းနှီးကြ၏။

လွတ်လပ်သော အပူအပင်ကင်းသော ကျောင်းသူဘဝမို့လည်း စိတ်လက်ပေါ့ပါးစွာ ပျော်ရွှင်နေတတ်ကြသည်။

နောက်ဆုံးနှစ်မို့ ကျောင်းသူဘဝ၏သက်တမ်း ကုန်ဆုံးချိန်နီးနေသဖြင့် ကလေးဆန်သော အပြုအမူ အပြောအဆိုများအတွက် အပြစ်မဆိုသာပါ။

ကျောင်းသူဘဝဟူသည် ပျော်ရွှင်စရာ အကောင်းဆုံးအချိန် မဟုတ်ပါလား။

ညနေ ကျောင်းဆင်းတော့ စိမ်း အိမ်ရောက်ချိန်မှာ ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့ကို တွေ့ရသဖြင့် ဝမ်းသာသွားကာ

"ဟယ် ဦးလေးနဲ့ ဒေါ်လေးရောက်နေတယ်၊ စန္ဒာတို့မပါဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး သမီးရဲ့ ဒေါ်လေးတို့ ကိစ္စတစ်ခုနဲ့ တက်လာတာပါ"

"ညအိပ်မယ် မဟုတ်လား ဒေါ်လေး"

"အင်းပေါ့ မနက်မှပြန်မယ်"

"ကောင်းတယ်၊ ကောင်းတယ် မနက်ဖြန် ကျောင်းပိတ်တယ် စိမ်းစားဖို့မုန့်လုပ်ပြီး ကောင်းကောင်းချက်ကျွေးမယ်နော်"

"အပြောနဲ့ကို ဝသွားပါပြီကွယ်၊ ဒါနဲ့ သမီးကျောင်းဆင်းတာ နောက်ကျလှပါလားကွယ်"

"ဘော်လီဘော ပုတ်နေလို့ ဒေါ်လေးရဲ့ အဟင်း"

"ဩော် ဩော် ကျန်းမာရေးပေါ့"

ထိုစဉ် ဒေါ်ခင်ထား ထွက်လာပြီး ...

"မအေးနုရေ ဘာတွေ လောကွတ်ချော်နေပြီလဲဟေ့"

"ဟင် မေမေကလဲ"

"သမီးအကြောင်း မသိရင်ခက်မယ်ကွယ့်၊ သူ ပါးစပ်နဲ့ချတ်သမျှ ပုပုက ဒိုင်ခံပဲ၊ သူမှာ မနက်စောစော ကာယအလှ လေ့ကျင့်ရတာနဲ့ ကျောင်းဆင်းကစားရတာနဲ့ ကျောင်းပြီးတော့မယ် ကစားလို့ကို မပြီးနိုင်ဘူး"

"ဟွန့် မေမေက စိမ်းကစားတာ အပြစ်လားလို့၊ တော်ကြာ မေမေတို့သမီး ရှုနဒရှိုက်ကုန်းလေး၊ ပြားချပ်ချပ်၊ ပိန်ကပ်တာနဲ့ (၉၆) ပါးရောဂါတွေ လိုင်စင်ဆောင်ထားသလို ခဏခဏ ချချာရင် မေမေတို့ပဲ စိတ်ဆင်းရဲရမှာ မဟုတ်လား"

"ဟုတ်ပါ့ ဟုတ်ပါ့၊ ညည်းလေး ပြောတာ အမှန်တွေပါ"





"သမီးက စိုစိုတင်းတင်းလေးနဲ့ သိပ်လှလာတယ်နော်၊ အစ်မခင်ထား"

ဒေါ်အေးနုက ဖြူစင်ဝင်းမွတ်နေသော စိမ်း၏ လက်ကို တိုင်ကာ ချစ်စနိုးပြောလိုက်သဖြင့် ဒေါ်ခင်ထားက ...

"ဩော် မအေးနုရယ် ကောင်းပေ့ဆိုတဲ့ ဆီဦးထောပတ်တွေစားပြီး ကိုယ်ကို ပိုးမွေးသလို နေ့တိုင်း လေ့ကျင့်နေမှတော့ သူမှမလှရင် ဘယ်သူလှတော့မလဲ"

"ဒေါ်လေး"

"ဟင် ဘာလဲ သမီး"

"မေမေက သမီးလှတာကို ဂုဏ်ယူတာလား၊ မနာလိုတာလား မသိဘူးနော်"

"ဟင်း ခွေမလေး"

"ဟင်း ဟင်း ဟင်း"

"ဟွန်း ဟွန်း ဟွန်း"

"တကယ်ပါပဲ သမီး အသားအရေနဲ့ အဆက်အပေါက် အလှက ဖယောင်းရုပ်ကလေးလိုပဲ"

"အောင်မာ၊ မအေးနုရယ်၊ ဘယ်က ဖယောင်းရုပ်ကလေး ရမလဲ၊ ဖယောင်းရုပ်ကြီးလို့ ပြောမှ သမီးနဲ့ သဘာဝကျတော့မပေါ့"

"မေမေနော်၊ ကိုယ့်သမီးကို ဒီလိုပဲ ပြောရက်တယ်"

"နို့ မဟုတ်ဘူးလားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... ဖယောင်းရုပ်ကလေးဖြစ်အောင် သမီး အစားရှောင်တာပြမယ်"

"အလိုလေး မလုပ်ပါနဲ့ သမီးရယ် တော်ကြာ ရောဂါရနေမှ"

"ကဲ ... ကြည့်၊ အပြောနဲ့တင် မေမေပူနေပြီ မဟုတ်လား"

"ဒီအရွယ်တွေက တက်တုန်းအရွယ်မဟုတ်လား၊ အစ်မခင်ထားရဲ့ အစာခြေတဲ့စက်က အရမ်းအားကောင်းနေတာ၊ ကိုချမ်းလဲ ဒီရောက်ပြီးမှ လူထွားကြီးဖြစ်လို့ ရွာမှာတုန်းကနဲ့ တခြားစီပဲလေ"

"ကဲ ... ဒေါ်လေး၊ သမီး ရေချိုးဦးမယ်နော်"

"အေး ... အေး"

ပေါ့ပါး သွက်လက်စွာ ဝင်သွားသော မြစိမ်းခင်အား ဒေါ်ခင်ထားနှင့် ဒေါ်အေးနုတို့က ကြည့်ရင်း ကြည်နူးစွာ ပြုံးလိုက်ကြလေသည်။

❧ ❧ ❧



"ဟင် ဘာပြောတယ် မေမေ"

ကြားရသော စကားကြောင့် မြစိမ်းခင် အံ့အံ့သြသြကလေး ပြန်မေးမိ၏။ ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့ ပြန်သွားသည့်ညနေမှာ မေမေက

"သမီးဖေဖေခေါ်လို့ ကိုရွှေမောင်တို့ လာတာ"

"ဘာကိစ္စလဲ မေမေ"

"ကိစ္စက သမီးနဲ့ ကိုချမ်း ကိစ္စပဲ"

"ဟင်"

"သမီးတို့ကို ကျောင်းပြီးရင် နေရာချထားပေးချင်လို့တဲ့"

"ဟင် ဘာပြောတယ် မေမေ"

အံ့သြတုန်လှုပ်စွာ မေးမိခြင်းပါ။

မိမိနှင့် ကိုချမ်းကိုတဲ့၊

အို မချစ်ဘဲနဲ့ အစိမ်းသက်သက်ကြီး။

သိပ်ရှက်တာပဲ

ဖေဖေတို့က ဘာသဘောမှန်းမသိဘူး။

မသကာ မိမိကို အရင်တီးခေါက်ကြည့်ပါဦးလား၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လွယ်လိုက်တာ။

မကျေနပ်ချင့်စရာ ကောင်းလိုက်ပါဘိ။

"သမီး မကျေနပ်ဘူးလား"

"မေမေကလဲ စဉ်းစားကြည့်ပါလား"

ခပ်စူစူအောင့်အောင့်ကလေး ပြန်ပြောမိသည်။

ဒေါ်ခင်ထားက ပြုံး၍ ...

"ဘာလဲ သမီးမှာ ရည်းစားရှိနေလို့လား"

"အို ... မရှိပါဘူး"

"ဒါဆိုလဲ သမီးရယ်၊ ကိုချမ်းကို ငြင်းစရာ ဘာရှိသလဲကွယ်"

"အာ ... သူ့သဘောက ဘယ်လိုဆိုတာ အရင်မသိဘဲနဲ့"

"ကိုချမ်းက သမီးကို စိတ်ဝင်စားပါတယ်"

"ဟင် ... မေမေ ဘယ်လိုသိသလဲ"

"မေမေလဲ ငယ်ရာကကြီးလာသူပဲ သမီးရယ်"

"အခုက သူပြောခိုင်းလို့လား"

"မဟုတ်ပါဘူး၊ သမီးဖေဖေက ကိုချမ်းမိဘတွေကိုခေါ်ပြီး အရင်တီးခေါက်ကြည့်တာပါ"

"ဖေဖေက သိပ်ခက်တာပဲ၊ သမီးရှင်ဈေးကျတယ်"

"ဟဲ့ ... ဒီလို မပြောရဘူးလေ၊ သမီးဖေဖေက သူ့လုပ်ငန်းတွေကို မျက်နှာလွှဲနိုင်လောက်တဲ့ အရည်အချင်းရှိတဲ့ ကိုချမ်းကို စိတ်ချယုံကြည်စွာလွှဲပြီး တရားဘက်လိုက်ချင်နေပြီလေ"

"အဲဒါနဲ့ သမီးကိုပါ ထိုးအပ်လိုက်ရရောလား"





"ကိုချမ်းလို လူတော်တစ်ယောက်ကို လက်လွှတ်ဆုံးရှုံးရမှာ စိုးလို့ပေါ့ကွယ်"

"သမီးမယူနိုင်ဘူး ဆိုရင်ကော"

"အကြောင်းပြချက်မခိုင်လုံဘဲနဲ့ သမီး ဘယ်လိုငြင်းမလဲ"

"အို ... ကိုချမ်းနဲ့ သမီးက ချစ်သူတွေမှမဟုတ်တာ"

" ဘာလဲ သမီးတို့ကို ချစ်သူဘဝနဲ့ နေဖို့ အချိန်ပေးရဦးမလား"

"အကဲခတ်ဖို့ မလိုဘူးလား၊ မေမေရဲ့"

"အမယ်လေး မရွှေစိမ်းရယ်၊ ကိုယ့်ဆီမှာ လေးနှစ်တောင်နေလာတဲ့ လူကို ဘာအကဲခတ်ဦးမလို့လဲ"

"ဟင် ... မေမေကလဲနော်"

"ကဲ ... ကဲ တောင်တောင်မြောက်မြောက် ဇပြောမနေနဲ့၊ ကျောင်းပိတ်ရင် လက်ထပ်ပေးမယ်။ ဘာဆင်ခြေမှ မလိုချင်ဘူး"

ဒေါ်ခင်ထားက ပြောပြီး ဘုရားခန်းထဲ ဝင်သွား၏။

ဦးချမ်းသာက စာကြည့်ခန်းထဲမှာ စာဖတ်ချင်ယောင်ဆောင်နေပြီး တစေ့တစောင်း နားထောင်နေ၏။

ဧည့်ခန်းထဲမှာ ယောင်နနလေးကျန်ခဲ့သော သမီးဖြစ်သူကို ဦးချမ်းသာက မသိမသာ ချောင်းကြည့်ပြီး ပီတိပြုံးလေးတစ်ခု ပြုံးလိုက်မိ၏။

မြစိမ်းခင်မှာသာ မေမေ့စကားကြောင့် ...

ရှက်သလိုလို၊ ရင်ဖိုသလိုလို၊ ဝမ်းသာသလိုလို၊ ဒေါသထွက်ချင်သလိုလို စသော ဝေဒနာပေါင်းစုံကာ အီလည်လည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေတော့သည်။ နောက်နေ့မှာ မြစိမ်းခင် အစောကြီး ကျောင်းထွက်ခဲ့၏။

လှဲ့ဝင်းတို့ပင် မရောက်သေး။

တစ်နာရီလောက်ကြာမှ သက်မာတို့ ဖယ်ရီရောက်၏။

သစ်ပင်အောက်မှာ အေးအေးဆေးဆေး ထိုင်နေသော သူ့ကို တွေ့တော့

"ဗုဒ္ဓေါ ဒီနေ့ အထူးအဆန်းပါလား"

"အေးဟဲ့၊ ဘယ်အချိန်ကတည်းက ရောက်နေလဲ စိမ်း"

"ဧကန္တအိမ်က ကောက်လာပြီနဲ့ တူတယ်"

"ဟုတ်လား၊ အိမ်က ဖေဖေနဲ့ မေမေကိုလား၊ ဒါမှမဟုတ် ချစ်တဲ့ ချမ်းကိုလား"

ထုံးစံအတိုင်း လက်ပံပင်ဆက်ရက်ကျသလို ဝိုင်း၍တွတ်ကြတော့၏။

"စိတ်ညစ်လို့ဟေ့"

"ဟော စိတ်ညစ်လို့တဲ့ ငါ့အထင်တော့ စိတ်ညစ်တာ သိပ်ချစ်လို့ပဲ"

ဇာဇာက ပေဒင်ဆရာပုံဖမ်းကာ ဟောလိုက်မှ စိမ်းက မျက်စောင်းထိုးပြီး...

"အရှုံးဆယ်ခွန်းပြော တစ်ခွန်းမှန်ဆိုသလို ဖြစ်နေပြီ"

"ဘာလဲ ချစ်ကိစ္စလား"

လှဲ့ဝင်းက မေးသဖြင့်

"ငါ့ကို အိမ်က ကျောင်းပြီးရင် လင်ပေးစားတော့မယ်တဲ့ဟ"





မြစိမ်းခင်က စိတ်ရှုပ်ပုံနှင့်ပြောရာ သက်မာက ...

"ဟယ် ပွတာပဲ"

"ဘာပွတာလဲ မိန်းမ"

"ကိုယ့်အစွမ်းအစ မရှိကြောင်း အိမ်ကသိတော့ ဒီလို စီစဉ်ပေးတာနေမှာပေါ့"

"ဟုတ်သားပဲဟယ်၊ တက္ကသိုလ်မှာ လေးနှစ်နေတာတောင် တစ်ကောင်တစ်မြီးမှ မစွဲနိုင်တဲ့ဘဝမို့ မိဘအားကိုးနဲ့ပဲ အဟဲ"

သက်မာက စပ်ဖြဲဖြဲပြော၍ ဇာဇာက စိတ်ဝင်စားဟန်နှင့် ကိုယ်ကိုကိုင်း၍ ...

"ဘယ်ကနဲ့လဲဟင် စိမ်း"

"နင်တို့ လင်နဲ့"

"ဘုရား"

"အမေရေ၊ အမေ့သမီးကို ပြောနေပြီနော် အဟီး ဟစ်"

ဇာဇာက ငိုချင်းချမည့်ပုံနှင့် ပြောသဖြင့် လှဲ့ဝင်းက

"ငါပြောမယ်၊ တခြားလူမဟုတ်ဘူး၊ ကိုချမ်းနဲ့ ဟုတ်လား"

"အေးပေါ့"

"အောင်မယ်လေး ဝမ်းသာလိုက်တာ စိမ်းရယ်"

"ဟင် ဘာဖြစ်လို့လဲ ဇာဇာ"

"ငါက နင်တို့နှစ်ယောက်ကို အရမ်းရစေချင်တာ"

"ဒါပေမယ့် ခုဟာက မချစ်ဘဲနဲ့ ခက်တယ်ဟာ"

"နင် ကိုချမ်းကို မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"မညာနဲ့"

"ဘာလို့ ညာရမှာလဲ"

"ခု မချစ်လဲ ခဏကြာ ချစ်သွားမှာပေါ့"

"ဘာ ခဏကြာလဲ"

"ကိုချမ်းက နင့်ကို ချစ်နေတာပါ"

"အံမာ ဘာကို ကြည့်ပြီး သိလဲ"

"နင့်ကို ကြိုပို့နေတုန်းက သူ့အမူအယာတွေဟာ အကဲခတ်လို့ ရတာပဲ၊ နင်သာ အနီးကပ်နေပြီး ထုံအအဖြစ်နေတာ"

"ဟဲ့ မိန်းကလေးက ဟိုက အရင်မစဘဲနဲ့ ကိုယ်က ဘယ်လုပ်လို့ရမှာလဲနော် စိမ်း"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အခု စိမ်း စိတ်တိုနေတာ အဖြေသိပြီကွယ့်"

"ဘာလဲ ဘာလဲ"

"အဟမ်း အဖြေကတော့ ကိုချမ်း သူ့ကို ချစ်တယ်မပြောသေးလို့ဘဲဟော့ သိလား"

"ဩော် ဩော်၊ ဒါကြောင့်လား"

"ဒါပေါ့ ဒါပေါ့"

"အင်း အင်း၊ ဂေါင်မပေးခဲ့မျာ သနားပါတယ်နော်"

"ကဲ ... ကဲ ... ကဲ၊ ပေါက်ကရတွေ၊ သူများစိတ်ညစ်ရတဲ့အထဲ"

ကလပ်စ်တက်နေလည်း စိတ်မပါနိုင်။





နှစ်ချိန်အပြီးမှာ လဲ့ဝင်းက ...

"ဟင် ... ဟိုမှာ ကိုချမ်းလာနေတယ် စိမ်း"

"ဟင်"

တကယ်ပဲ ဆိုင်ကယ်ဘေးမှာ ရပ်နေသော ကိုချမ်း။

ဂျင်းဘောင်းဘီ အပြာရင့်၊ တီရှပ် အပြာနုနှင့် ကိုချမ်းအသွင်တ နုပျိုလန်းဆန်းနေ၏။

စိမ်း ရင်တွေ လှိုက်ခနဲ ခုန်သွား၏။

ဘာကိစ္စပါလိမ့်။

ကျောင်းဆင်းချိန်လည်း မဟုတ်။

သက်မာက ...

"လာလည်တာလား ကိုချမ်း"

"ဟို ... မဟုတ်ဘူး သက်မာ၊ စိမ်းကို လာခေါ်တာ"

"ဟင်"

စိမ်း အံ့ဩစွာ ကိုချမ်းကို ကြည့်လိုက်တော့ ...

"ဒေါ်ဒေါ် မူးလဲလို့ စိမ်း"

"ဟင် ... ဟင် မေမေ မူးလဲလို့ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ စိမ်းကို ခေါ်ပေးပါ ဆိုလို့"

"အို ... အို စိုးရိမ်ရသလားဟင် ကိုချမ်း၊ ဒုက္ခပါပဲ၊ စိမ်းလိုက်မယ် ပြန်မယ်"

"အခြေအနေတော့ ကိုယ်လဲ မသိဘူး၊ ဆရာဝန်ခေါ်ထားတယ်။ ပွဲရုံကို ဦးကြီး ကိုယ့်ကို ဖုန်းနဲ့ပြောလို့ စိမ်းကို လာခေါ်တာပဲ၊ သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ဟို ... ဟို စိမ်းရဲ့ကား ... ကား"

"နေပါစေ၊ စိမ်း၊ စိတ်လှုပ်ရှားနေတယ်၊ ကားမောင်းလို့ မဖြစ်ဘူး၊ ထားခဲ့။ ကိုယ်နောက်တစ်ခေါက် လာယူမယ်၊ ဆိုင်ကယ်နဲ့ပဲ သွားရအောင် ကဲ တက် စိမ်း"

"ဟုတ်"

"သွားမယ်နော် အားလုံးပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

မျက်ရည်ဝဲဝဲနှင့် ထူထူပူပူ ပါသွားရှာသော စိမ်းအား သူငယ်ချင်းများက စိတ်မကောင်းစွာကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

စိမ်းမှာ ကိုချမ်းနောက်မှ ပါလာရင်း ...

"မြန်မြန်မောင်းပါ ကိုချမ်း"

"အင်း အင်း စိမ်းကျသွားမှာစိုးလို့"

"ရတယ်"

"ကဲ မောင်းပြီ"

"အို"

ရုတ်တရက် ကိုချမ်းပခုံးကို တစ်အားဆုပ်ကိုင်ထားရ၏။

ရင်မှာ တလှပ်လှပ်နဲ့ပါ။

မေမေ မေမေရယ်၊ မေမေ ဘာမှမဖြစ်ပါစေနဲ့ဘုရား။

"အင့်"

ကိုချမ်းကျောကိုမှီ၍ အင့်ခနဲ ငိုချမိ၏။

"စိမ်း မငိုနဲ့လေ၊ လိမ့်ကျနေမယ်"





အားတင်းကာထိန်းလိုက်ရင်း မျက်စိကို စုံမှိတ်ထားလိုက်၏။

မျက်ရည်များက ကျလျက်ပင်။

ဆိုင်ကယ်က တရိပ်ရိပ်ပြေးနေသည်။

စိမ်းလည်း မျက်စိမှိတ်လျက် ဘုရားစာရွတ်ရင်း မျက်ရည် ကျရင်း ပါနေ၏။ ဆိုင်ကယ် တံ့ခနဲ ရပ်သွားမှ အိမ်ရောက်မှန်း အသိနှင့် မျက်လုံးဖွင့်လိုက်တော့ ...

"ဟင် ကိုချမ်း၊ ဒါ ဒါ"

သူ့အား ပြုံးပြုံးကြီးကြည့်နေသော ကိုချမ်း ...

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မောရဝတီပန်းခြံအတွင်းရှိ သစ်ရိပ်ကောင်းကောင်းအောက်မှ ခုံတန်းလေးတစ်ခု ...

"ဒေါ်ဒေါ် ဘာမှမဖြစ်ပါဘူး ... စိမ်းရဲ့၊ စိမ်းနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့"

"ဟင်"

အားလုံး နားလည်သွားပါပြီ။

စိမ်းက မျက်စောင်းခဲရင်း ...

"လူကို အရူးလုပ်တာလား၊ ကိုချမ်း မကောင်းဘူး၊ စိမ်းဖြင့် တစ်လမ်းလုံး ငိုလိုက်ရတာ"

"မငိုနဲ့လို့ ပြောထားသားပဲ စိမ်းရဲ့"

"သိမလားလို့၊ ညာခေါ်မှန်း၊ ကဲ ... ပြန်ပို့ပါ စိမ်းကို"

"ခဏလောက်ထိုင်ပါဦး စိမ်းရယ်"

နေ့လယ်ခင်းမို့ ပန်းခြံထဲမှာ လူအသွားအလာ ကျဲပါးပါ၏။

"စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့နေသောစိမ်းအား ခေါ်ရင်း ကိုချမ်းက အရင်ထိုင်လိုက်၏။

"ကိုယ်နဲ့စိမ်းတို့ ကိစ္စကို စိမ်းဘယ်လို သဘောရလဲဟင်"

ကြည့်ပါလား ...

မေးပုံက စီးလွန်းတယ်။

ဒီက သဘောတူပါတယ်ရှင်လို့ ဖြေရမလား ဟွန်း။

"ထိုင်ပါဦး စိမ်းရယ်၊ အေးအေးဆေးဆေး ဆွေးနွေးရအောင်၊ ညက ကိုယ်တစ်ညလုံး အိပ်လို့မပျော်ဘူး၊ အဖေတို့ပြောတော့ ကိုယ်လေ အံ့သြဝမ်းသာဖြစ်ပြီး ကျွမ်းကို ထိုးချင်တာ၊ ကိုယ်လေ စိမ်းကို ဟိုးအရင်ကတည်းက ချစ်နေတာ သိလား"

"အို"

သူ့အပြောကြောင့် စိမ်းတစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွား၏။

"ဒါပေမယ့် အဖေ့ကို ကတိပေးထားရလို့ ကိုယ်မျိုသိပ်ထားတာဗျ"

စိမ်းက စိတ်ဝင်စားဟန် ဖျတ်ခနဲ သူ့ကိုကြည့်ရင်း ခုံစွန်းမှာ ဝင်ထိုင်လိုက်၏။ ကိုချမ်းက ...

"ဘာကတိလဲ သိလား စိမ်း"

ခေါင်းခါပြလိုက်တော့ ...

"စိမ်းကို မချစ်မိဖို့ ကြိုးစားရမယ်တဲ့"

"ဟင်"





"ဟော့ ... မျက်နှာပျက်သွားပြီ ကြည့်စမ်း၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အဆင့်အတန်းချင်းမတူတဲ့အတွက် မျက်နှာပျက်စရာ စိတ်ဆင်းရဲစရာတွေ မဖြစ်ရအောင်တဲ့"

"အို"

"ခုတော့ ဦးကြီးကိုယ်တိုင်က လိုလိုလားလား အရင်ပြောလာတော့မှ အဖေတို့လဲအတော်ဝမ်းသာနေကြတာ၊ ကိုယ်ဆို မိုးကို ဒူးနဲ့တောင် တိုက်ချင်လိုက်တာ စိမ်းရယ်၊ သိလား"

"ဖေဖေ သဘောကျတာနဲ့ ပိုင်ပြီလို့တွက်တာ လွန်တာပေါ့ ကိုချမ်းရဲ့"

"ဟင်"

စိမ်းစကားကြောင့် ကိုချမ်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဟင် စိမ်း၊ စိမ်း သဘောမတူဘူးလား"

"စိမ်းမှာ ချစ်သူရှိနေရင်ကော"

"ဒါဆို ကိုယ် ကံဆိုးသွားပြီပေါ့နော်"

"ဒါပေါ့ အခုခေတ်မှာ လူကြီးချင်း ပေးစားမှ ယူကြတဲ့ အခြေအနေတွေ ဟောင်းသွားပါပြီကိုချမ်းရဲ့ ... ကိုယ်တွဲရမယ့် ကိုယ့်အဖော်ကို ကိုယ်တိုင်ရှာဖွေ ရွေးချယ်တာပဲ ကောင်းမှာပေါ့"

"ကိုယ့်အနေနဲ့ ကွာဟလွန်းတဲ့ အဆင့်အတန်းကြောင့် ရင်ထဲက အချစ်ကို သိမ်းဆည်းထားခဲ့တာ ကြာပါပြီစိမ်း၊ အခြေအနေပေးလာတဲ့ အချိန်မှာ ကိုယ်ကံဆိုးသူ ဖြစ်သွားရတာလဲ ကိုယ့်ကုသိုလ်ကံ အကျိုးပေးနည်းတယ်လို့ပဲ ယူဆရတော့မှာပေါ့ဗျာ၊ ဒါပေမယ့် စိမ်းကို ကိုယ်သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

သူ့ဆီမှ ချစ်တယ်တစ်ခွန်းကြားတိုင်း စိမ်းရဲ့ရင်ထဲမှာ ဖြန်းခနဲ နွေးထွေးရလွန်းပါဘိ။

"စိမ်း"

"ဟင်"

"စိမ်းရဲ့ ချစ်သူဆိုတာ ဘယ်ကလဲ၊ ကျောင်းကလား"

"ဘာလုပ်မလို့လဲ"

"သြော် ... ဖိုးကံကောင်းဆိုတဲ့လူကို မြင်ဖူးချင်လို့ပါဗျာ"

"မြင်ရင်"

"မြင်ရင် ဂုဏ်ပြုစကား ပြောချင်တယ်"

"အင်း ... လူကိုယ်တိုင်တော့ နောက်မှတွေ့ပေါ့၊ အခုတော့ ဓာတ်ပုံပဲ ကြည့်ထား ဟုတ်လား"

"ဓာတ်ပုံ ပါသလား"

"စိမ်းကိုယ်နဲ့မကွာ အမြဲဆောင်ထားတယ်လေ"

"သြော်"

သူ့မျက်နှာ မှုန်ညိုးညိုးကို ကြည့်ပြီး စိမ်း ရယ်ချင်လှပါပြီ။

စိမ်းကို ခုနတုန်းက စိတ်ဆင်းရဲအောင် လုပ်ထားတာမို့ သူ့ကိုလည်း တန်ပြန် တုံ့ပြန်ချင်နေသည်။

စိမ်းက လွယ်အိတ်ထဲ လက်ထိုးသွင်းလိုက်၏။

ဘောလ်ပင်နှင့် ခဲတံ၊ ခဲဖျက်၊ ပေတံ အတိုများထည့်ထားသော ဘူးလေးတစ်ခု ထွက်လာ၏။

ဘူးလေးကို ကိုချမ်းအား လှမ်းပေးရင်း ...





"ရှေ့ အဲဒီအထဲမှာ သူ့ပုံပါတယ်၊ ဖွင့်လိုက်ရင် အထဲဘက် အဖုံးမှာ သူ အမြဲရှိနေတယ်"

ကိုချမ်းက ဆွေးမြည့်စွာ လှမ်းယူရင်း ...

ပြီးမှ စိမ်းကို နှမြောလှစွာ ကြည့်သည်။

စိမ်းက ကိုချမ်း၏ ဘေးမလှမ်းမကမ်းမှာ ဘေးတိုက်အနေအထားနှင့် ခပ်စောင်းစောင်း ထိုင်နေသည်။

မျက်နှာကိုလည်း ရှေ့တူရူသို့ အေးဆေးစွာ ကြည့်ထား၏။

ကိုချမ်းက သံလိုက်ပြားနှစ်ခုနှင့် ထိစပ်ကာ ပိတ်နေသော ဘူးရှည်လေးကို ချက်ခနဲ ဖွင့်လိုက်၏။

အပေါ်ဖုံး အတွင်းဘက်ကို ကြည့်တော့ ...

ဘဲဥပုံ မှန်ဝိုင်း ရှည်ရှည်မျှောမျှောလေးထဲက သူ့မျက်နှာလေးတစ်ခု။

"ဟင် ... စိမ်း၊ ကြည့်စမ်း"

"အို ... ကိုချမ်း"

လျှပ်တစ်ပြက် ဝမ်းသာအားရ လှမ်းပွေ့လိုက်သော ကိုချမ်း၏ ရင်ခွင်ထဲမှာ စိမ်းတစ်ယောက် မရုန်းသာ မလွန့်သာ။

ပတ်ဝန်းကျင်တစ်ခုလုံး အပင်ထက်က ငှက်ကလေးနှစ်ကောင် ချစ်တုံ့တင်နေကြသည်က လွဲလျှင် တိတ်ဆိတ်ငြိမ်သက်လှ၏။

နေရာက အရိပ်အုံကောင်းကောင်း အောက်မှာ၊ နံဘေးမှ စက္ကူပန်းချုံများက သူတို့နှစ်ဦးအား ဘေးဘီမှ မမြင်နိုင်အောင် ကာကွယ်ပေးထားသလိုမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ပါ ကိုချမ်းရဲ့ သူများတွေမြင်ကုန်မယ်၊ စိမ်း ရှက်တယ်"

မိန်းမသားမို့ ရှက်လွန့်လွန့်လေး ပြောမိသည်ပေါ့။

"ဟင့်အင်းဗျာ ... ကိုယ့်ကို စိတ်ညစ်သွားအောင် လုပ်တဲ့ မိန်းကလေးကို ဒဏ်ခတ်ရမယ်၊ ကဲ"

"အို ... ကြည့်စမ်း၊ သူတော်တော်ဆိုးတယ်နော်"

ကိုချမ်းက စိမ်း၏ ပါးပြင်ကလေးကို ရွှတ်ခနဲ မွှေးလိုက်သဖြင့် စိမ်းက ရှက်မျက်စောင်းလေး ဝေ့ခနဲ ထိုးရင်း မျက်နှာလွှဲလိုက်၏။

"ဘာလဲ မကျေနပ်ဘူးလား"

"ကိုချမ်းကလဲ စိမ်းကို စိတ်ညစ်အောင် ညာခေါ်တာကော ကဲ"

"ဒါဖြင့် ကလဲ့စားချေတဲ့အနေနဲ့ ပြန်နမ်းလေ ရော့"

"ဟွန်း ... တော်ပါ ကိုရွှေလိပ်"

"စိမ်း"

"ဟင်"

"ချစ်တယ်နော်"

"ဟင့်အင်း"

"ကဲ ... ညာဦး"

"အို"

တင်းကျပ်စွာ ပွေ့လိုက်သဖြင့် စိမ်းက ရုန်းဟန်ပြုရင်း ...

"မတော်တဆ သူများမြင်ရင် အရမ်းအထင်သေးသွားမှာပဲ ကိုချမ်းရယ် လွှတ်ပါ"

ဘာဏ်ဝင်းစာပေ



"ချစ်တယ်ပြောမှ ချစ်တယ်နော်"

"အင်း"

"မလိုချင်ဘူး၊ ချစ်ပါတယ်လို့"

"ကဲ ... ချစ်ပါတယ်လို့"

"ဟာ ... စိမ်းရာ"

"ခစ် ... ခစ် ... ခစ်"

"ဟင်း ... ဟင်း ... ဟင်း"

နှစ်ဦးသား ရယ်မောလိုက်သံများက ချမ်းချမ်းမြေ့မြေ့။

❦ ❦ ❦

ဘာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

မှန်ရှေ့မှ သတို့သမီး ဝတ်စုံနှင့် စိမ်းက လှပလွန်းနေရ၏။

ပန်းနုရောင် ဇာဝတ်စုံပေါ်မှာ လိပ်ပြာတောင်သဖွယ် ဇာပွင့်ဖတ်အချပ်ကလေးများက အထပ်ထပ် ကပ်ထားသဖြင့် ကြွကြွရွရွကလေးလှနေသည်။

မိတ်ကပ်ဆရာမ 'ဓာကရီ' ၏ လက်စွမ်းကုန် ပြင်ဆင်ပေးမှုကြောင့် ဖူးဖူးမို့မို့ မျက်နှာလေးနှင့် ဖုံ့ဖုံ့အိုင့်အိုင့် ဆံထုံးအိအိဘေးမှာ ပန်းခရမ်းရောင် သစ်ခွပန်းကလေးများက လှပစွာ နေရာယူထား၏။ ကော့သော မျက်တောင်နှင့် ကြည်ရွှမ်းသော မျက်လုံးနီရဲ စိုဖူးနေသော နှုတ်ခမ်းအလှတို့က မြင်ရသူတိုင်း ရှုမဝချင်စရာ။

"လှလိုက်တာ စိမ်းရယ် တကယ်ပဲကွယ်"

"ထိရက်စရာတောင် မရှိတဲ့ အလှဆိုတာ ဒါမျိုးနေမယ်နော်"

"အေးဟဲ့ ဖူးကြွနေတာပဲ"

လှဲ့ဝင်း၊ သက်မာ၊ ဇာဇာတို့က နံဘေးမှာ အမျိုးမျိုး ဝေဖန်နေကြ၏။ စန္ဒာနှင့် သီတာကလည်း ...

"မမစိမ်း၊ ခါတ်ပုံတွေ အများကြီးရိုက်နော်"





"ဟိုမှာ ... ဟိုမှာ ကိုကို လာချောင်းနေတယ်"

"ဟယ် ... ကိုချမ်းကလဲ ကျက်သရေရှိရှိနဲ့ ခန့်လိုက်တာ စိမ်းရယ် ကြည့်စမ်း"

သက်မာတို့ပြောမှ အခန်းဝမှ ကိုချမ်းကို ရှက်ဝဲဝဲလေး လှမ်းကြည့်ရ၏။

တိုက်ပုံ ရင်ဖုံးပန်းနုရောင်နှင့် ပန်းဆီသွေးရောင် မြောက်ပြင်ပုဆိုး၊ မောင့်ကျက်သရေ ခေါင်းပေါင်းတို့နှင့် ရင်ဘတ်မှာတော့ စိမ်းပန်ထားတဲ့ သစ်ခွမျိုး ထိုးထားသည့် ကိုချမ်း၏ အသွင်က တည်ကြည်ခံ့ညားလွန်းလှ၏။ လှဲ့ဝင်းက ...

"ကိုချမ်း ခုကတည်းက စိမ်းကို ကြည့်ထားနော်၊ တော်ကြာ မြနန္ဒာခန်းမရောက်မှ လှမ်းလှမ်းငမ်းနေရင် မသက်သာဘူး"

မင်္ဂလာပွဲက ကမ်းနားလမ်းမှ မြနန္ဒာခန်းမမှာ ဖြစ်သည်။

အိမ်မှ အသင့်ပြင်ဆင်ပြီးမှ သွားကြရန် စီစဉ်ထားသဖြင့် အချိန်မတိုင်မီ စောင့်နေကြခြင်း ဖြစ်၏။

"ကိုယ် ဝင်ခဲ့လို့ရမလားဟင် စိမ်း"

"အို မဝင်လာပါနဲ့"

ကိုချမ်းက အခန်းဝမှ လှမ်းမေးသဖြင့် စိမ်းက ပျာပျာသလဲ ပြောလိုက်၏။

"ဝင်ခဲ့ပါရစေ စိမ်းရာ၊ လာပါ ကိုချမ်း၊ စိမ်း ဘယ်လောက်လှသလဲ ကြည့်စမ်း"

သက်မာတို့ ခေါ်နေသဖြင့် ကိုချမ်းက ဝင်လာပြီး ...

"သိပ်လှတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



စိမ်း၏ မြပ်ဝါရှည်ရှည် အမြိတ်ဖွားဖွားကို ဖွဖွလေးကြည့်ရင်း ကိုချမ်းက ပြုံးကာ ပြောလိုက်သည်။

ကိုယ်လုံးပေါ် မှန်ရှေ့မှ နှစ်ယောက်စလုံး၏ ပုံရိပ်ကို လှမ်းကြည့်ရင်း ကိုချမ်းက ...

"ကိုယ်တို့ လိုက်ပါတယ်နော် လှဲ့ဝင်း"

"သိပ်လိုက်၊ ...နနဲ့လ ရွှေနဲ့မြ"

"စိမ်း"

"ဟင်"

"ကိုယ် ချောရဲ့လား ဟင်"

"အို ... မသိဘူး"

သူငယ်ချင်းတွေရှိသဖြင့် စိမ်း ကိုချမ်းကို လုံးဝမကြည့်ရဲပါ။ ရှက်ရှက်နှင့် မျက်နှာလေး ရဲနေရှာသည်။

"စိမ်း မပျော်ဘူးလားဟင်"

သက်မာက စန္ဒာတို့ကို မျက်စိမှိတ်ပြ၍ ...

"ညီမလေးရေ အောက်မှာ လာကြိုတဲ့ကား ရောက်ပြီလားလို့ သွားကြည့်ပါဦးနော်"

"ဟုတ်ကဲ့ မမ"

စန္ဒာနဲ့ သီတာ ဆင်းသွားတော့ လှဲ့ဝင်းက ...

"ကဲ တို့လဲ မသွားခင် ကိစ္စ ဝိစ္စလေးတွေ လုပ်စရာရှိတာ လုပ်ထားရအောင်"

"အို ... လှဲ့ဝင်း မသွားနဲ့နော်"

စိမ်းက မျက်လုံးလေးဝိုင်းကာ တားပါသော်လည်း ...





"ဟိုဘက်ခန်းပါစိမ်းရာ အလှပြင်ဦးမယ်၊ ပြီးတော့ အဲ အဲ ဇိတ်လျှော့ဦးမယ်လေ"

ပြောပြောဆိုဆို ထွက်သွားသဖြင့် အခန်းထဲတွင် စိမ်းတို့ နှစ်ယောက်သာ ကျန်ခဲ့၏။

"စိမ်း"

"အို"

စိမ်း ပခုံးလေးကို အသာအုပ်ကိုင်၍ ကိုချမ်းက စိမ်း၏ ဆံတိုင်ကို ငုံ့နမ်းကာ ခေါ်လိုက်၏။

"လှလိုက်တာ စိမ်းရယ်၊ ကြည့်လို့မဝဘူးဗျာ"

"ပိုပြီ"

"တကယ်ပါ အလှပြင်ထိုင်ခုံးပြီး ကြည့်နေချင်တော့တယ်"

"ကိုချမ်းလည်း ချောတာပါပဲ"

"ဒီဝတ်စုံနဲ့ လိုက်ရဲ့လား စိမ်း"

"လိုက်တယ်"

"စိမ်း"

"ဟင်"

"ရှေ့တော်ပြေး မင်္ဂလာဦး အနမ်းလေး"

"အို ကဲတယ်"

စိမ်း နဖူးကို ငုံ့မွှေးသော ကိုချမ်း ရင်ဘတ်ကို ဖွဖွလေးထုရင်း ...လိုက်၏။

"ပျော်တယ်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရယ်"

"ကဲ ... ကိုယ့်အခန်း ကိုယ်ပြန်နေပါတော့၊ တော်ကြာ သူများတွေ ဝင်လာတော့မယ်"

"မလာပါဘူး၊ လှဲဝင်းတို့က အလိုက်သိတယ်လေ"

"ဟွန်း ... ပုလင်းတူ ဘူးဆို့တွေ"

ကိုချမ်းက မျက်နက်လေးထောင့်ကပ်၍ ပြောနေသော စိမ်းအား မြတ်နိုးစွာ ပြုံးကြည့်ပြီးမှ ...

"ကိုယ်လေ စိမ်းကို အခုလို ပိုင်ဆိုင်ရလိမ့်မယ်လို့ မမျှော်လင့်ရဲတဲ့ ဘဝကနေ တကယ် ပိုင်ဆိုင်ရတော့မယ် ဆိုတော့ အိပ်မက် မဟုတ်ပါဘူးနော် စိမ်း"

"အိမ်မက် မဟုတ်ဘူးဆိုတာ သေချာအောင် စိမ်း ဆိတ်ကြည့်မယ်လေ ကဲ"

"အား ... တကယ်ဆိတ်တယ်ဗျ"

"နာသလား"

"နာတယ်"

"ဒါဆို အိပ်မက်လား"

"အင်း ... တကယ်ပါလားနော် စိမ်း"

"အဟင်း ... ဟင်း"

"ဟဲ ... ဟဲ"

"သမီးရေ အသင့်ဖြစ်ပြီလား သွားရအောင်"

"ဟော ... မေမေခေါ်နေပြီ၊ သွား ... သွား"

ဒေါ်ခင်ထားခေါ်သံကြောင့် စိမ်းက ကိုချမ်းကို အတင်းတွန်းလွှတ်ပြီးမှ အောက်ထပ်သို့ ဆင်းခဲ့တော့၏။



ဒေါ်ခင်ထားနှင့် ဒေါ်အေးနုတို့က လှေကားရင်းမှ ဆီးကြိုရင်း ဖူးဖူးစင်စင်လှလွန်းနေပါသော မင်္ဂလာသတို့သမီးလေးကို ကြည်နူးပီတိဖြစ်စွာ ကြည့်နေမိကြ၏။

ဆံထုံးလှလှလေးမှာ စိန်ဆံထိုး၊ စိန်ဘီးတန်း၊ စိန်ပန်းခိုင် သည်တိုင်မှာတော့ စိန်လည်တုံ၊ စိန်ဘယက်နှင့် ဖျပ်ဖျပ်ခါ တောက်ပနေသော စိန်နားကပ်။

စိန်လက်ကောက်၊ စိန်လက်စွပ်တို့နှင့် ခြေဖျား မဖုံးတဖုံး ဝတ်စုံလှလှလေး၏ အောက်မှ တစ်မက်လုံးခန့်ရှိ ဝင်းအိ နေသော ကျားခေါင်း ရွှေခြေကျင်းတို့က ဖိတ်ဖိတ်လက်နေသည်။

"လှလိုက်တာ သမီးရယ်၊ ချစ်စရာကောင်းလိုက်တာ"

လှေကားရင်းရောက်လာသော စိမ်းအား ဒေါ်အေးနုက ချစ်စနိုးပြောရင်း လက်ကလေးကို လှမ်းဆွဲယူလိုက်၏။

စိမ်းက ရှက်ပြုံးလေးနှင့် ခေါင်းငုံ့ကာ ပါသွား၏။

"ကဲ သွားကြစို့"

ဦးချမ်းသာနှင့် ဦးရွှေမောင်တို့က မင်္ဂလာခန်းမသို့ ကြိုရောက်နှင့်နေသည်။

သတို့သမီးအတွက် စိမ်း၏ ကိုရိုလာဖြင့်လည်းကောင်း၊ သတို့သားအတွက် ကိုချမ်း၏ သူငယ်ချင်း ကိုတင့်လွင်၏ ဒီသက်ကားလေးဖြင့် လည်းကောင်း၊

ကျန်လူများက ဦးချမ်းသာ၏ ဟိုင်းလက်ဖြင့်လည်းကောင်း အသီးသီး ထွက်လာကြ၏။

မြနန္ဒာခန်းမမှာတော့ ဧည့်သည်တချို့ ရောက်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်းနှင့် စိမ်းတို့အား သတို့သား သတို့သမီး အတွက် ပြင်ဆင်ထားသော နေရာ၌ ယှဉ်လျက်ထိုင်စေ၏။

လှပခန့်ညား၍ လိုက်ဖက်လွန်းပါသော မင်္ဂလာမောင်နှံကို ကြည့်၍ မြင်သူတိုင်းက ကြည်နူးဝမ်းမြောက် နေကြရလေသည်။

မကြာခင် ဘိသိက်သွန်းခြင်း အခမ်းအနား စပါသည်။

မင်္ဂလာဩဘာရတုကို ဩဘာဆရာက အသံနေအသံထားဖြင့် ကြည်လင်ပီသစွာ ဖတ်ကြားသွားပြီး။

ဩဘာရတုဖတ်နေချိန်ဝယ် နာမည်ကြီး အဆိုတော်တစ်ဦးက စောင်းသံသာဖြင့် ရတုပိုဒ်စုံကို ချိုသာအေးမြစွာ သီဆိုဖြေဖျော်လျက်ရှိ၏။

ဘိသိက်သွန်းခြင်း မင်္ဂလာ အပြီးမှာ တက်ရောက်လာကြသော မင်္ဂလာပရိသတ် အပေါင်းအား ကာလပေါ် တူရိယာတီးဝိုင်းက သီချင်းများ ဖြေဖျော်ပေးလေသည်။

ကိုချမ်းနှင့် စိမ်းတို့က တက်ရောက်လာသော ဧည့်သည်အပေါင်းကို ခင်မင်ရင်းနှီးစွာဖြင့် ကျေးဇူးတင်စကား ပြောရ၏။ သူငယ်ချင်းများက ...

"ကိုချမ်းရေ ဖိုးကံကောင်းပဲနော်"

"စိမ်းလဲ ကံကောင်းတာပဲကွယ် အတွဲညီလွန်းလို့ ကြည့်မဝဘူး သိလား"

မှတ်တမ်းတင် ဓာတ်ပုံများက တဖျပ်ဖျပ်။

ဗွီဒီယို အဖွဲ့ကလည်း သပ်သပ်ရပ်ရပ်နှင့် အကွက်လှလှများပါအောင် ဂရုတစိုက် ရိုက်ကူးနေကြပါသည်။





အားလုံး ပြုံးပျော် ရွှင်မြူးနေကြ၏။

"ဒါလောက်လိုက်တဲ့အတွဲ ဒီတစ်ခါပဲ မြင်ဖူးတယ်"

"ကောင်လေးက ဦးချမ်းသာရဲ့ လက်ရုံးဆိုပါလား"

"ကောင်လေးအဖေက ဦးချမ်းသာရဲ့ လူယုံတော်လေ"

"ဩော် အဆင့်ချင်း ကွာတယ်နော်"

"အရည်အချင်းသာ အဓိကမဟုတ်လား၊ အားကိုးထိုက်လို့ပေါ့ သမီးနဲ့ လက်ထပ်ပေးတာ"

"အင်း ရွှေပင်နား ရွှေကျေးပေါ့"

"ရိုးသားကြိုးစားတဲ့ ဂုဏ်ဆိုတာ တန်ဖိုးဖြတ်လို့ မရဘူးဆိုတာ ဒါပဲ"

"ကိုချမ်း ကံကောင်းတာပေါ့၊ ရွှေဘုံပေါ် ဖင်ခုထိုင်မိတာ"

အမျိုးမျိုး ဝေဖန်ကြ၏။

အားကျစွာ ငေးမောမိကြ၏။

မင်္ဂလာ စုံတွဲ၏ ပီတိတွေဖုံးကာ တပြုံးပြုံး။

ဦးချမ်းသာနှင့် ဒေါ်ခင်ထားကလည်း တစ်ဦးတည်းသော သမီးချစ်ကလေးအား မိမိတို့၏ စည်းစိမ်ချမ်းသာကို မိမိတို့နှင့်ထပ်တူ စီးပွားရှာရာမှာ အားကိုးရပါသော သမက်လောင်းနှင့် စိတ်တိုင်းကျ နေရာချထားပေးနိုင်သဖြင့် ကျေကျေနပ်နပ်။

ဦးရွှေမောင်နှင့်ဒေါ်အေးနုတို့ကလည်း ရခဲသော အခွင့်ထူးကြီး တစ်ခုအလား မိမိတို့သားအား လိုလားနှစ်သက်စွာ စုံဖက်ပေးစားပါသဖြင့် ကြည်ကြည်နူးနူး ရှိနေကြရလေသည်။

မင်္ဂလာ အခမ်းအနားပြီးတော့ စိမ်းတို့ နှမ်းနယ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ဟီးနေအောင် ပြင်ထားသည့် မင်္ဂလာ အိပ်ခန်းကို ကြည့်ပြီး စိမ်း တွန့်ခနဲ ဖြစ်သွားမိ၏။

ပန်းနုရောင် ဇာများဖြင့် ဆင်ယင်ထားသော ခြင်ထောင် အိပ်ရာဖုံးနှင့် ဇာမြိတ်ဖွားဖွားတပ် ခေါင်းအုံးများက ဖူးဖူးကြွကြွ နှင့် လှနေ၏။

အိပ်ခန်းက စိမ်း၏ အပျိုခန်းနှင့် ကပ်လျက်ရှိ အခန်းကျယ် ကြီးကို သုံးထားသည်။ မှန်တင်ခုံ အသစ်စက်စက်၊ ဗီရိုအသစ် စက်စက်နှင့် ပန်းရင့်ရောင် ဆက်တီတစ်စုံပင် အခန်းထောင့်မှာ ချထားသေး၏။

ပြတင်းပေါက်မှာ ကပ်ထားသော ပန်းနုရောင် ဇာပန်းဆီး များက တလှပ်လှပ် လွင့်နေသလို စိမ်း၏ ရင်တွေတဖျပ်ဖျပ် ခုန်နေပါသည်။

"စိမ်း"

ညင်သာသော အထိအတွေ့နှင့် ခေါ်သံကြောင့် ပြတင်း ပေါက်မှာ ငေးနေသော စိမ်း လှိုက်ခနဲ ဖြစ်သွား၏။

ကိုချမ်းက စိမ်း၏ ပခုံးကို ဖွဖွလေး ဖက်ရင်း ...

"အဝတ်မလဲနဲ့ဦး"

"ဘာလုပ်ဖို့လဲဟင်"

"လူကြီးတွေကို ကန်တော့ရအောင်လာ"

ကိုချမ်းက စိမ်းလက်ကိုဆွဲကာ ခေါ်ပါသည်။

စိမ်းက လိုက်ရင်းနှင့် လက်ကို အသာရုန်းယူရင်း ...

"လွှတ်ပါ"





ကျိတ်ကျိတ်လေး ပြောမိ၏။

"ရှက်လား"

"အင်း"

"လင်မယားဖြစ်နေပြီဗျ"

"သွား ... ဘာ လင်မယားလဲ၊ ကိုချမ်းနော်"

"ဟောဗျာ မဖြစ်သေးဘူးလား၊ မင်္ဂလာဆောင်ပြီးပြီလေ"

"ကြည့်ပါလား၊ အူလည်လည်နဲ့ သွားစမ်းပါ ရှေ့က"

နှစ်ဖက်မိဘများကို ကန်တော့ကြ၏။

လူကြီးများက ဆုများ တသီကြီးပေးရင်း လင့်ဝတ္တရား၊ မယားဝတ္တရားများကို မိန့်ခြွေနေလေသည်။

အသစ်စက်စက် ဇနီးမောင်နှံ နှစ်ယောက်က ခေါင်းငုံ့ကာ နားထောင်ရင်း တစ်ယောက်ကိုတစ်ယောက် ခပ်စောင်းစောင်း လေး ကြည့်မိလျှင် ရယ်မြူးပျော်ရွှင်သော အရိပ်များဖြင့် ပြုံးတုံ့တုံ့ လေး ဖြစ်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဦးကာလ၊ ကြင်စဦး အချိန်များမှာတော့ တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် စိမ်းတို့ သည်းခဲ့ကြပါသည်။

ရုပ်ရှင်သွားလည်း တူတူ။

ညနေပိုင်း ကမ်းနားလမ်းမှာ လေညင်းခံ လမ်းလျှောက်လည်း တတွဲတွဲ၊ ဇာတ်ကားသစ်တွေ လဲတိုင်း ရုပ်ရှင်ရုံတွေ တစ်ရုံပြီးတစ်ရုံ လှည့်လည်ကြည့်ရှုကာ မခွဲမခွာ ရှိကြတော့၏။

တစ်နေ့ညနေ ကမ်းနားလမ်း ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေကြစဉ် ...

"ဟော ကိုချမ်းပါလား"

ခေါ်သံကြောင့် စိမ်း ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

အရပ် ခပ်ပြတ်ပြတ်နှင့် ပိန်သွယ်သွယ် မိန်းကလေးတစ်ယောက်။

ဆံပင်ရှည်ကို အကြေကောက် ကောက်ကာ ဖားလျားချထားပြီး ရှီတစ်ပွင့်ရိုက်ခပ်ညှံ့ညှံ့လေးတစ်စုံကို အထက်အောက် ဝတ်ထား၏။





နွမ်းပါးပုံရသော်လည်း ရဲတင်းသည့် အသွင်ပေါ်နေ၏။

ကိုချမ်းကလည်း ပြုံးပြ၍ ...

"ဩော် ... တင်ရီအေး လမ်းလျှောက်လား"

"အဟင်း ... ရီတို့က အဲလောက် မအေးဆေးနိုင်ပါဘူး ကိုချမ်းရယ်၊ လက်ချုပ်အပ်ထည်တွေ သွားပို့မလို့ပါ"

တင်ရီအေးက ရင်ခွင်မှာ ပွေ့ထားသော စက္ကူထုပ်ကို ငုံ့ကြည့်ရင်း ပြောကာ စိမ်းကို အကဲခတ်သလို ကြည့်လိုက်၏။

တစ်ဆက်တည်းပင် စိမ်း ဝတ်ထားသော ငါးရာကျော်တန် ဒေဝီပါတိတ် ဝမ်းဆက်ကိုလည်းကောင်း၊ လက်ဝတ်လက်စားကိုလည်းကောင်း ဖျတ်ခနဲ သုံးသပ်လိုက်ပြီးဖြစ်၏။

"မိတ်ဆက်ပေးရဦးမယ် စိမ်း၊ သူက မောင်တို့နဲ့ စာပေးစာယူအတူတူဖြစ်ခဲ့တဲ့ တင်ရီအေးတဲ့၊ တင်ရီအေး ဒါလေ ကိုယ့်ဇနီး မြစိမ်းခင်တဲ့"

"ဟုတ်ကဲ့"

စိမ်းက တင်ရီအေး၏ စူးရဲသော အကြည့်ကြောင့် မနှစ်မြို့သော်လည်း ဝတ္တရားကျေ ပြန်ပြောလိုက်ရ၏။ တင်ရီအေးက...

"အို ကိုချမ်းက စွံသွားပြီကိုး၊ ရီတို့ကိုတောင် မဖိတ်ဘူးနော်၊ ဘာလဲ ကိုချမ်းက ဇနီးချောချောရလို့ ဘဝင်မြင့်သွားပြီ ထင်ပါရဲ့"

ပြောပုံက ရင်းရင်းနှီးနှီးမို့ ကိုချမ်းက စိမ်းကို အားနာသည့်ဖြစ်ကာ ...

"မဟုတ်ပါဘူးဗျာ၊ တင်ရီအေးလိပ်စာ မသိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ လက်ဖွဲ့ကြေး သက်သာတယ်၊ ဆင်းရဲပေမယ့် ကိုယ့်မိတ်ဆွေရဲ့ မင်္ဂလာဆောင်မှာ တစ်ခုခု လက်ဖွဲ့ဖို့တော့ တတ်နိုင်ပါတယ် ကိုချမ်းရဲ့ ဟင်း ဟင်း"

ရဲတင်း ရင်းနှီးလွန်းသော အပြောအဆို ဟန်ပန်တွေကြောင့် စိမ်း မျက်မှောင် မသိမသာ ကြုတ်လိုက်မိ၏။

တင်ရီအေးက မသိသလိုနေရင်း စိမ်းကို စူးစူးလေးကြည့်ကာ

"အဲ ကိုချမ်းနဲ့ ရီတို့က သိပ်ခင်တာ စိမ်းရဲ့ မင်္ဂလာဆောင် မဖိတ်တာ လုံးဝမကျေနပ်ဘူး သိလား"

"တင်ရီအေး အလှည့်ကျရင် ကျေနပ်အောင် ကိုယ်တို့ လက်ဖွဲ့မယ်လေ"

ကိုချမ်းပြောသည်ကို တင်ရီအေးက ခပ်ဟက်ဟက်လေး ရယ်ရင်း ...

"သူဌေးသမက်မှန်း သိပါတယ်နော်၊ ရီတို့မှာ လက်ထပ်ဖို့ မပြောနဲ့ မူးရင် ရှူရအောင်ဆိုတာတောင် မရှိသလောက် ရှားနေတာ၊ ချစ်သူတောင် မရှိသေးပါဘူး ကိုချမ်းရဲ့ ဟွန်း ဟွန်း"

တင်ရီအေး အရှက်နည်းနည်းနှင့် ပြောင်ပြောင်ပြောဆိုမှုကိုက ကြာလေ ကိုယ်ရည်သွေးမှုတို့က ပေါ်တင်ကြီးကြောင့် ကိုချမ်းက ...

"ကဲ ... ကိုယ်တို့ သွားဦးမယ်နော် တင်ရီအေး၊ ဟိုဘက်ကို ဆက်လျှောက်မလို့"

"ကောင်းပါပြီရှင်၊ ကောင်းပါပြီ"

ခပ်လှမ်းလှမ်းရောက်မှ စိမ်းက ...





"ဘယ်လိုမှန်းလဲမသိဘူး၊ သိပ်ရဲတာပဲ"

"တင်ရီအေးလား"

"အင်းပေါ့"

"သူက ဒီလိုပဲ ပွင့်လင်းရဲတင်းပြီး ဟောဟောဒိုင်းဒိုင်း သမားလေ"

"ဒါပေမဲ့ စိမ်းမကြိုက်ပါဘူး"

"အို စိမ်းက တင်ရီအေးကို မကြိုက်ရပါဘူး၊ ကြိုက်ရမှာက မောင့်ကိုလေ"

"သွားပါ။ သူ့မိတ်ဆွေထဲမှာ အဲဒီလိုဟာတွေရှိတယ်ဆိုတာကို စိမ်းမကြိုက်ပါဘူး"

"အလိုဗျာ ဘာဖြစ်လို့"

"ပြောလို့ရမလား၊ တော်ကြာ ကပ်ပြီးနှူးသွားရင် ဘယ့်နှယ် လုပ်မလဲ"—

"ဒါဖြင့် မောင့်ရင်ဘတ်မှာ မြစိမ်းခင်၏ မောင်ဆိုပြီး စာဆွဲထားမယ်လေ"

"တော်ပါ သူ မြှူးနေတယ်ကြည့်"

"ဩော် မဟုတ်ပါဘူး၊ စိမ်းရယ်၊ မောင့်မှာ ဒါလောက် လိမ္မာ ရေးခြားရှိပြီး၊ ချစ်စရာကောင်းတဲ့ ဇနီးတစ်ယောက်လုံး ရှိနေပြီပဲ ... ကျန်တာတွေ အားလုံး ဖွဲ"

"ညာတာ"

"တကယ်ပါ"

"မှတ်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တော်ကြာ မောင်ဖောက်ရင်တော့ စိမ်းအကြောင်းသိမယ်"

"ဘယ်လိုလုပ်မှာလဲ"

"နုပ်နုပ်စဉ်းပစ်မှာပေါ့"

"အမယ်လေးဗျာ ဘာကိုလဲ"

"မောင်နော် ကဲ"

"အဟား ဟား အလကား စတာပါ မိန်းမရာ"

ကိုချမ်း လက်မောင်းကို လိမ်ဆွဲတော့ ... စိမ်းလက်ကို မြတ်မြတ်နိုးနိုးကိုင်ကာ ချိုင်းကြားညှပ်ထားရင်း ...

"ဟောဒီကမ္ဘာမှာ စိမ်းကို ပိုင်ဆိုင်ရတဲ့ မောင့်လောက် ကံကောင်းတဲ့လူ ရှာတွေ့နိုင်မှာမဟုတ်ပါဘူးဗျာ၊ စိတ်ချ မောင် ဘယ်တော့မှ စိမ်းအပေါ် မဖောက်ပြန်ဘူး၊ တကယ်ဖောက်ပြန် ချင်တဲ့စိတ် ဝင်ခဲ့မိရင် မောင့်လောက်ရိုင်းစိုင်းယုတ်မာတဲ့လူ မရှိတော့ပါဘူးဗျာ၊ ဒါကြောင့် ကုန်းသွား ကုန်းသေး ရေသွား ရေသေး"

"အို မောင်ကလဲ တော်ပါပြီကွယ်၊ စိမ်းယုံပါပြီ ရက်ရက်စက် စက် မကျိန်ပါနဲ့ စိမ်း စိတ်မကောင်းအောင် "

"မောင့်ကို ယုံပြီနော်"

"အင်းပါ"

"စိမ်းရယ်"

စိမ်း လက်တစ်ဖက်ကို ခပ်တင်းတင်း ကိုင်ညှစ်ကာ မောင်က ချိုင်းကြားမှ မဖြုတ်ဘဲ ခပ်မော့မော့ လျှောက်နေလေတော့သည်။





စိမ်းမှာ ရှက်ရှက်နှင့် ပါနေရင်း ကြည်နူးနေမိသည်။

ကမ်းနားလမ်းတစ်လျှောက် လေညင်းခံ အပန်းဖြေသူများ က စိမ်းတို့ကို မြင်သူတိုင်း နှစ်ခါပြန် မကြည့်သူ မရှိသလောက် ပါပဲ။

ချောမောခန့်ညားသော သားသားနားနား သူတို့စုံတွဲ၏ ခပ်ကဲကဲဟန်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိကြ၏။

ဩော် ... ကြင်စဦးဇနီးမောင်နှံ ဆိုတော့လည်း ကြားလေ သွေးရင် ဝေးတယ်ထင်နေသော အချိန်ပေမို့ တစ်ယောက်ကို တစ်ယောက် သည်းတုန်အူတုန် သဲသဲလှုပ် ချစ်နေကြသည် မဟုတ်ပါလား။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

“ဟင် မောင်အရက်တွေ သောက်လာတယ် ဟုတ်လား”

စိမ်းက မောင့်ကုတ်အင်္ကျီကို လှမ်းယူရင်း အနံ့ခံသလို နှာခေါင်းတရှုံ့ရှုံ့လုပ်ကာ မေးလိုက်၏။

မောင်က ကိုယ်ပြည့်လက်ပြည့် ဗိုက်ဖုံးအင်္ကျီ ဖားဖားလေးဖြင့် လှနေသော ဇနီးသည်ပခုံးကို အသာဖက်၍ ...

“တင့်လွှင်တို့ပေါ့ကွာ၊ အတင်းပဲ”

မောင်က ရီဝေဝေပြောရင်း စိမ်းပါးကို ငုံ့မွှေးလိုက်၏။

စိမ်းက မျက်နှာလွှဲလိုက်ရင်း ...

“အရက်သောက်ပြီး စိမ်းကို မနမ်းပါနဲ့ မောင်၊ နံတယ်”

“အဟား ... မိန်းမကလဲ ဗက်စစ်စတီးနိုင်းက မနံပါဘူး၊ သင်းသင်းကလေးနဲ့ မွှေးတာပေါ့ဗျာ”

“ဟင့်အင်း စိမ်းတော့ မောင် ဘာအရက်ပဲ သောက်သောက် လုံးဝမကြိုက်ဘူးကွယ်၊ သိပ်စိတ်ဆင်းရဲတာပဲ”

“ဩော် စိမ်းရယ် ဧည့်ခံပွဲမှာ မိတ်ဖြစ်ဆွေဖြစ် နည်းနည်းပါးပါး”





“နည်းနည်းပါးပါးကနေ စလာတာပဲမောင်၊ အရက်ဟာ လူကို ဘာကောင်းကျိုးပေးသလဲ၊ ကောင်းရင် စိမ်းလဲသောက်မယ်လေ”

“ဟဲဟဲ စိမ်းကလည်းကွာ ခေတ်ပညာတတ် မိန်းကလေး တစ်ယောက်လုပ်ပြီး ခေတ်မီစမ်းပါ”

“အရက်သောက်တာ ခေတ်မီသလား မောင်ရဲ့”

“မောင်တို့ ကုန်သည်ပွဲစား လောကမှာ ဒါဟာ စီးပွားရေး အတွက် ထောက်ပံ့ပေးတဲ့ အချက်တစ်ချက်ပဲ စိမ်းရဲ့”

“အရက်သောက်မှ ဆက်ဆံရေးပြေပြစ်တယ်လား မောင်”

“အများအားဖြင့် ဒီလိုပဲ ဖြစ်နေတာပဲ စိမ်းရာ”

“မောင်တော့ ပျက်စီးတော့မယ် ထင်ပါရဲ့”

“အဘွားကြီးအို အတွေးအခေါ်နဲ့ မနေစမ်းပါနဲ့ စိမ်းရာ၊ အရက်သောက်တဲ့လူတွေ ပျက်စီးကုန်ရောလား”

“ပျက်စီးဖို့ လမ်းစ ပိုနီးတာပေါ့”

“မောင်တော့ အဲဒီအတွေးအခေါ်တွေကို လက်မခံဘူး၊ အရက်ဟာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့နေရာမှာ လွယ်လွယ်နဲ့ ပြေပြစ်ချောမောစေတာ စိမ်းရဲ့”

“တော်ပါ မောင်ရယ် ကြိုက်ကြိုက်တယ်ပေါ့၊ ဟိုဒီအကြောင်းပြနဲ့ စိမ်းကို မညာပါနဲ့၊ မောင့်မိန်းမ စိတ်ဆင်းရဲတာ မြင်ချင်ရင် သောက်ပေါ့”

“စိမ်းကလဲကွာ၊ တစ်ခါတလေကို”



www.burmeseclassic.com

www.burmeseclassic.com



"မောင် မသောက်ပါဘူးလို့ ကတိမပေးနိုင်ဘူးနော်၊ စိမ်း သိပါတယ်၊ မောင်အရက်ကို ကြိုက်နေပါပြီ"

"စိမ်း"

"ဟင့်အင်း စိမ်းကို မကိုင်နဲ့"

စိမ်းက မျက်ရည်သုတ်ရင်း ရှောင်ထွက်သွား၏။

မောင်က ဆိုဖာပေါ် ပစ်လှဲရင်း နောက်တော့ တရှူးရှူးနှင့် အိပ်ပျော်သွားပါတော့၏။

စိမ်းမှာတော့ တောင့်တွေးမြှောက်တွေးနှင့်တစ်ညလုံးအိပ်၍ ပင် မပျော်။ ခုတလော မောင် ခဏခဏသောက်လာ၏။

စိမ်းမကြိုက်မှန်းသိသိချည်းနှင့် ဘယ်သူက အတင်းတိုက်လို့ မကောင်းတတ်လို့ အားနာလို့ မိတ်ဖြစ်ဆွေဖြစ်မို့ နှုတ်ဆက်ပွဲမို့ ကြိုဆိုဂုဏ်ပြုပွဲမို့ စသော စသော အကြောင်းပြချက် မြောက်မြားစွာဖြင့် မောင်အရက်ကို တဖြည်းဖြည်း ရင်းနှီးနေပါပြီကော။

မေမေကပင် တစ်နေ့က ...

"သမီး ... ကိုချမ်း ခုတစ်လော အပြန်မိုးချုပ်လှတယ်ကွယ်။ ပြီးတော့ အရက်တွေဘာတွေလဲ သောက်လာတယ်ထင်တယ် ဟုတ်လား"

"အို ဟို ဟိုလေ ညစာခံပွဲက သူ့သူငယ်ချင်းအတင်းတိုက်လို့ ဆိုပြီး နည်းနည်းပါးပါး မေမေ"

မိခင်အား ပြောင့်ပင် လိမ်ရတော့၏။

မေမေ စိတ်မဆင်းရဲစေချင်ပါ။

မိမိသာ ကျိတ်၍ ခံစားနေမိသည်။





"လင်သားဆိုတာ မယားက အထိန်းအကွပ်ကောင်းရင် အပြင်မှာ ဘာသာယာမှုမှ မရှာတတ်ဘူးကွယ့်၊ အစမှာတော့ နည်းနည်းပေါ့၊ ဒါနဲ့ပဲ များလာရင် ဒုက္ခတွေ့တတ်တယ် သမီး"

"သူ့ အလုပ်ကလဲ အဲဒါတွေနဲ့မှ ဆက်ဆံပြောဆိုတာ အဆင် ပြေသလိုလိုပြောလို့ သမီးလဲ မကြိုက်ပါဘူး မေမေ စိတ်ဆင်းရဲ မိပါတယ်"

"အေးကွယ် သမီးဖေဖေတောင်မှ လုံးဝအရက်မသောက် ဘဲနဲ့ ဘယ်လောက် စီးပွားရေး အောင်မြင်ခဲ့သလဲ၊ မဆိုင်ပါဘူး ကွယ် ကိုချမ်းနားလည်အောင် ပြောပြပေါ့"

"ဟုတ်ကဲ့ပါ ... မေမေ"

"အေး ... အေး သမီးမှာလဲ မလွတ်မလပ်နဲ့မို့ စိတ်မဆင်းရဲ စေချင်ဘူးကွယ်"

"မေမေ"

"ဟင်"

"ဒီကိစ္စ ဖေဖေ မသိပါစေနဲ့နော်"

"ဪကွယ် သမီးဖေဖေက သူ့တရားရိပ်သာ သွားဖို့ကလွဲ ပြီး ဘာမှ စိတ်မဝင်စားတော့ဘူးလေ"

"သူ နားလည်အောင် သမီးပြောနေပါတယ် မေမေ"

"အင်း ... မေမေတို့ သမီးလေး စိတ်ဆင်းရဲနေပြီကွယ်"

"သမီးအတွက် စိတ်မပူပါနဲ့ မေမေ၊ သမီးနေတတ်ပါတယ်"

မေမေက စိမ်းအား ကရုဏာသက်စွာကြည့်ရင်း သက်ပြင်းချ မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်းကို ပွဲရုံတစ်ခုလုံး လွှဲအပ်ကာ ဦးစီးချုပ်ကိုင်ထားစေသည်မှာ ကြာပါပြီ။

ဦးချမ်းသာက စီးပွားအရှာတော်သော သမက်အတွက် စိတ်ချလက်ချနှင့် တရားရိပ်သာမှာပင် အချိန်ကုန်စေ၏။

ဒေါ်ခင်ထားမှာ ဦးချမ်းသာနှင့် အတူတူ တရားစခန်းဝင်သည့်အခါဝင်၍ ထိုသို့သွားလျှင် တိုက်မှာ စိမ်းတို့ လင်မယားနှင့် အိမ်ဖော်များသာ ကျန်ရစ်ခဲ့တတ်၏။

ခုတော့ ... စိမ်း၏ကိုယ်ဝန်က မွေးဖွားချိန် နီးနေသဖြင့် ဒေါ်ခင်ထားအိမ်မှာပင် တရားကိစ္စလုပ်ရင်း သမီးမွေးချိန်ကို စောင့်နေရှာလေသည်။

နောက်တစ်နေ့ နံနက် ခုနစ်နာရီခွဲသည်အထိ ကိုချမ်းမထသေးသဖြင့် စိမ်းက သွားပွတ်တံ၊ မျက်နှာသုတ်ပဝါများ အသင့်ပြင်ရင်း တစ်ဖက်ခုတင်မှာ ခြေပစ်လက်ပစ် အိပ်မောကျနေသော ကိုချမ်းကို နှိုးရန် ချီတုံချတုံဖြစ်နေလေသည်။

ကိုယ်ဝန်ခြောက်လကျော်ကထည်းက မိမိတို့ အိပ်ရာခွဲကာ အိပ်ခဲ့ကြသဖြင့် ကိုယ့်ခုတင်နှင့် ကိုယ် လွတ်လွတ်လပ်လပ် အိပ်နေသော ကိုချမ်းကို စိမ်းငေး၍ ကြည့်နေမိ၏။

လူကြီးတွေပေးစား၍ လက်ထပ်ခဲ့ရသည်ဆိုသော်လည်း မိမိတို့နှစ်ဦးစလုံးကလည်း တစ်ယောက်ကိုတစ်ယောက် ချစ်ကြပါသည်။

အစတုန်းက အလုပ်ကြိုးစားသော ရိုးသားသော ကိုချမ်းသည် အခုတော့ အရက်ကလေး တမြမြနှင့် စလာနေပြီ ဆိုတော့ စိမ်းစိတ်ထဲ မသက်မသာ ရှိလွန်းလှတော့၏။





စိမ်း ကြားဖူးတာက ယောကျ်ားတွေဟာ ချမ်းသာတဲ့ဒဏ်ကို တာရှည်မခံနိုင်ဘူးတဲ့။

ငွေနောက်လိုက်ကာ ကိုယ် စိတ်ဖြေဖျော်မှုတွေ တစ်နည်းမဟုတ် တစ်နည်း ရှာသွားကြတတ်သည်တဲ့။

ကိုချမ်းကော တခြားမှာ သာယာမှုတွေ ရှာနေပြီလား။

အကြောင်းပြချက်တစ်ခုခုနှင့် သောက်လာတဲ့ အရက်တွေဟာ ကြာရင် စွဲသွားပြီး အရက်သမားဘဝ လုံးလုံးရောက်သွားမှာ နိုး၏။

ထိုစဉ်မှာပင် ကိုချမ်း လွန့်လာသည်။

"မောင်"

စိမ်းက ခေါ်ရင်း ခုတင်စွန်းမှာ ထိုင်လိုက်သည်။

"အင်း"

ကိုချမ်းက ဖျင်းကြောဆန့်ကာ အိပ်ချင်မူးတူးသံကြီးနှင့် အနီးရှိ စိမ်းကို လှမ်းပွေ့လိုက်၏။

"မောင် ... ထတော့လေ၊ ခုနစ်နာရီခွဲပြီးပြီ၊ အလုပ်သွားဖို့ နောက်ကျနေတော့မယ်ကွယ်၊ ရေချိုးမှာနဲ့ ကော်ဖီသောက်မှာနဲ့ဆို ရှစ်နာရီကျော်မှပဲ ပြီးမယ်၊ ထ ထတော့နော်"

"အာ ... နေပါဦး စိမ်းရာ၊ ညက နည်းနည်းများသွားလို့ ခေါင်းထဲ ရီတီတီဖြစ်နေပြီကွာ၊ ခဏလေး မှေးပါရစေဦး"

"မောင်ကလဲနော် ... အဲဒါကြောင့် စိမ်းပြောတာပေါ့၊ သောက်ပါနဲ့လို့ တော်ကြာ ကျန်းမာရေးပါ ထိခိုက်လာဦးမယ်"

"စိမ်းကလဲကွာ ... မိတ်ဖြစ်ဆွေဖြစ်ပဲကို"

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဟာကလဲ နေ့တိုင်းပဲ မဟုတ်လား၊ ခုတလောမှာကို"

"တိုက်ဆိုင်သွားလို့ပါကွာ"

"တိုက်ဆိုင်အောင် တမင် လုပ်လုပ်ယူတာ မဟုတ်လား မောင်"

"ဟာကွာ ... စိမ်းကလဲ နားပူတာပဲ၊ မောင် ခဏအိပ်ဦးမယ်"

"ကဲ ... ကဲ ... အိပ် ... အိပ် တစ်သက်လုံးအိပ်"

စိမ်း စိတ်ဆိုးကာ ထထွက်ခဲ့၏။

ကိုချမ်းကတော့ ဘာမှ မဖြစ်သလို ဆက်အိပ်နေလိုက်၏။

သည်ကြားထဲ ပွဲရုံမှ ဖုန်းလာသည်။

ကုန်တွေရောက်ပြီတဲ့။

ကိုချမ်းက မနိုးသေး။

စိမ်းက ပွဲရုံမှ စာရေးလေးအား

"အေး ... အေး မင်းပဲ ကြည့်ပြီး လက်ခံထားလိုက်ကွယ် မင်းဆရာ မနိုးသေးလို့နော်"

ကိုးနာရီထိုးမှ ကိုချမ်းထတော့၏။

စိမ်းက စိတ်ကောက်နေသဖြင့် ဘာမှမပြော။

ကိုချမ်းက သူ့ဟာသူ ကိုယ်လက်သန့်စင် အဝတ်အစားလဲ ကော်ဖီသောက်ပြီး ...

"သွားမယ် ... စိမ်းရေ"

နှုတ်ဆက်ကာ ဆိုင်ကယ်နှင့် ထွက်သွား၏။

စိမ်းမှာသာ စိတ်ထဲ ခိုးလိုးခုလုဖြစ်ရင်း ကျန်ရစ်ခဲ့လေသည်





နေ့လယ်စာ ထမင်းချိုင့်လာယူသော ပွဲရုံမှ အလုပ်သမား လေးအား စိမ်းက ...

"မနက်တုန်းက ဘာကုန်တွေရောက်လဲ မောင်အေး"

မောင်အေးက ကြောင်နေ၏။

"ဩော် မနက်တုန်းက ပွဲရုံက စာရေးဆီက ဖုန်းလာတယ် လေကွယ်၊ မင်းတို့ဆရာ မနိုးသေးလို့ စာရေးကိုပဲ လက်ခံထား ပါလို့ မမ ပြန်ပြောလိုက်သေးတယ်"

"ဩော် ငရုတ်နဲ့ ပဲအိတ်တွေပါ မမ၊ ဒါပေမဲ့ အဲဒါတွေ ကျွန်တော်တို့ပွဲရုံက မရလိုက်ဘူး ခင်ဗျ"

"ဟင် ... ဘာဖြစ်လို့လဲ ဘယ်သူယူလိုက်လို့လဲ"

"ဟိုဘက် ထွန်း ပွဲရုံက ရသွားတယ် မမ"

"ဟင် ... ဘာဖြစ်လို့လဲ ဘယ်သူယူလိုက်လို့လဲ"

"ဟုတ်တော့ ဟုတ်ပါတယ် မမ စာရေးနဲ့ စကား အဆင်မပြေ လို့ ပြီးတော့ ... ဟိုဘက်စာရေးမက သိပ်လည်တာဗျ၊ သူပဲ ကြားဝင်ပြီး သုတ်သွားတာ၊ ဈေးနည်းနည်း ပိုပေးတယ်တဲ့"

"အို ... ဒုက္ခပါပဲ"

စိမ်း စိတ်ညစ်စွာ ညစ်ညူးမိတော့၏။

"ကဲ ... ကဲ သွားတော့ သွားတော့ကွယ်"

ကောင်လေးကို ပြန်လွှတ်ပြီး စိမ်း ငူငူကြီး ရပ်နေမိ၏။

အလုပ်အပေါ် အလေးထားမှု နည်းလာသော မောင့်ကို သတိပေးမှပါပဲ။

ညနေ မောင်ပြန်လာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဟင်"

"မနက်က ကုန်တွေ လွှတ်သွားတယ်ဆို"

"ဟင် စိမ်း ဘယ်လိုလုပ်သိလဲ"

"ဘယ်လိုပဲ သိသိပေါ့၊ ဟုတ်မဟုတ် ပြောစမ်းပါ"

"အလကားပါကွာ၊ စာရေးက ငရုတ်နဲ့ပဲကို နည်းနည်းစစ်ဆေးပြီး ငရုတ်မှာ ဖလံဖြူတွေ နည်းနည်းပါနေတာရယ် ပဲကလည်း သိပ်မလှတာနဲ့ ဈေးဆစ်လိုက်တာ ကိုယ့်လူက ရွံ့ပြီး ဟိုဘက်သွားရောင်းလိုက်တယ်လေ၊ ကိစ္စမရှိပါဘူးကွာ၊ ငွေရှိရင် ကောင်းတဲ့ဟာ အချိန်မရွေး ဝယ်နိုင်ပါတယ်"

မောင်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။

"ဒါပေမဲ့ ယူနေကျဖောက်သည်မဟုတ်လား မောင်"

"အဲဒါကြောင့် မောင် စိတ်တိုတာပေါ့ စိမ်းရဲ့ အသာအနာဆိုတာ ရှိသင့်ပါလျက်နဲ့ အမြဲတမ်း အသာလိုချင်နေမှတော့ မိတ်ပျက်ပစေကွာ၊ ဒါတွေ စိမ်းနားမလည်ပါဘူး"

မောင်ပြောတာလည်း ဟုတ်တာမို့ စိမ်း ဘာမှမပြောတော့။

"ကဲ ရေမိုးချိုးပြီး ထမင်းစားရအောင်နော်၊ ဒီညနေ မောင့်အကြိုက် အမဲသား နှပ်ထားတယ်"

စိမ်းက မောင့်အကျႌနှင့် အတက်ချိုကော့စ်ကို နေရာတကျ ထားရင်း ပြောလိုက်၏။

"မောင် စားခဲ့ပြီးပြီ စိမ်း"

"ဟင် ... ဘယ်မှာ စားလဲ"





"တရုတ်ဆိုင်မှာပါကွာ၊ စိမ်းပဲစားလိုက်တော့ ဟုတ်လား"

"ဘာဖြစ်လို့ သွားစားတာလဲ မောင်ရယ်၊ အိမ်ရောက်မှ စားရောပေါ့"

"ဩော် ... တင်ရီအေးက သူ့မွေးနေ့မှာ အမှတ်တရ ကျွေးလို့ပါကွာ"

"ဟင် ... ဘယ်က တင်ရီအေးလဲ"

"ဟိုလေကွာ၊ တစ်ခါတုန်းက စိမ်းနဲ့မောင် ကမ်းနားလမ်းမှာ ညနေခင်း လမ်းလျှောက်ရင်း တွေ့ဖူးတယ်လေ၊ မောင်တို့နဲ့ ကလပ်စ် မိတ်ဆွေ"

အရပ်ခပ်ပျပ်ပျပ်နှင့် ရဲတင်းသော တင်ရီအေးကို စိမ်း သတိရလိုက်၏။

"ဩော် ... ဩော် သူက မောင့်ကို တကူးတက လာခေါ်တာလား"

"မဟုတ်ပါဘူး စိမ်းရဲ့ ... တင်ရီအေးက ဟိုဘက် ထွန်းပွဲရုံက တူမတော်တယ်လေ၊ အခု အဲဒီမှာ စာရေးမ ဝင်လုပ်နေတယ်"

"ဟင်"

စိမ်း၏ဟင်က အဏုမြူဗုံးထက်ပင် ပြင်းထန်ပါလိမ့်မည်။

ရင်ထဲမှာ ထင့်ခနဲ ဖြစ်သွားရ၏။

မောင့်ကို အကဲခတ်လိုက်တော့ Time မဂ္ဂဇင်းစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေပါသည်။

အို ... ငါ အတွေးချော်နေတာပါလေ။

ကျောင်းနေဖက်တွေပဲ ဒါလောက်တော့ ရှိမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ထမင်းစားတာက နှစ်ယောက်တည်းများလား။

မေးဖို့က သင့်တော်မည်မဟုတ်။

ကိုယ်က မယုံသင်္ကာပုံ သွားပြနေရင် တော်ကြာ မောင့်ကို စော်ကားသလို ဖြစ်နေဦးမယ်လေ။

သူတို့ ရိုးရိုးသားသားပဲ နေမှာပါ။

မောင့်ကိုကြည့်ရတာ အေးအေးဆေးဆေးပါပဲ။

တင်ရီအေးကတော့ သူ့နဂိုကကို ခပ်ရဲရဲ ခပ်ထက်ထက်ပုံဆိုတော့ မွေးနေ့အတွက် အမှတ်တရ ကျွေးတာ မဆန်းပါဘူးလေ။

ငါသာ စိတ်ကယောက်ကယက်နဲ့ ဘာတွေ စဉ်းစားနေမှန်း မသိပါဘူး။

မောင့်သိက္ခာကို အထင်သေးသလိုများ ဖြစ်သွားပြီလား။

မောင်ဟာ အခုချိန်ထိ အရက်နည်းနည်း သောက်တတ်တာကလွဲရင် စီးပွားရေးမှာ အောင်မြင်နေတဲ့ လူတစ်ယောက်ပါ။

ဖေဖေဆိုရင် လုံးဝ ပြန်မကြည့်တော့လောက်အောင် မောင့်ကို စိတ်ချသွားပြီပဲ။

မောင်ဟာ မိသားစု စိတ်ဆင်းရဲစေမယ့် သိက္ခာမဲ့အလုပ်တွေ လုပ်မယ့်လူ မဟုတ်ပါဘူးလေ။

❦ ❦ ❦



တန်ဆောင်မုန်း လပြည့်နေမှာ ..... စိမ်း သမီးလေး စမ်းသော်တာခင်ကို မွေးဖွားခဲ့သည်။

ချောမောခဲ့ညားသော နှစ်ဖက်မိဘတို့၏ အလှအပများက သမီးမှာ လာ၍စုသဖြင့် သမီးလေးမှာ ဖွံ့ဖွံ့ထွားထွားနှင့် ချစ်စရာကောင်းလှ၏။

နီတွေးသောအသားအရေ ဖောင်းဖောင်းအိအိတို့ဖြင့် သမီး၏ ခြေတံလက်တံရှည်ရှည်တို့မှာ ဝကစ်ကစ်နှင့် တစ်လုံးတစ်ခဲကြီးပင် ဖြစ်လေသည်။

ဒေါ်ခင်ထားမှာတော့ သမီးအချစ် မြေးအနှစ်ဆိုထားသကဲ့သို့ မြေးငယ်လေးကို လက်မှမချတော့ချေ။

ဒေါ်အေးနုနှင့် စန္ဒာတို့ ညီအစ်မနှစ်ယောက်လည်း သမီးတင်ပွန်းတပ်မှာ လာကြပါသည်။

ဒေါ်အေးနုက သမီးအတွက် ငါးမူးသား အလေးရှိသော ရွှေဆွဲကြိုးနှင့် ရွှေနားကပ်၊ ကျားလက်သည်း လော့ကတ်သီးလေး တစ်လုံးကို ခမည်းပေးသွား၏။

စန္ဒာနှင့် သီတာတို့လည်း တစ်လှည့်စီ လုချီရင်း ...

"သမီးလေးက ကိုကိုနဲ့ တူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... မမစိမ်းနဲ့လည်း တူပါတယ်။ ကြည့်ပါလား၊ သမီး မျက်လုံးနဲ့ နှုတ်ခမ်းက မမစိမ်းနဲ့ အတူတူပဲ၊ မျက်ခုံးနဲ့နှာတံ နဖူးတွေက ကိုကိုနဲ့ တူနေပြန်ရော"

ကိုချမ်းက ညီမငယ်နှစ်ယောက်ကို ပြုံးကြည့်၍ ...

"ဟ ဒီအဖေနဲ့အမေက ထွက်လာတဲ့သမီးဟာ တစ်ယောက် တစ်ဝက်စီတော့ တူရမှာပေါ့ မဟုတ်ဘူးလားနော် စိမ်း"

"ဟင်း ... ဟင်း ... ဟင်း"

စိမ်းက ကြည်နူးပီတိနှင့် ရယ်နေမိသည်။ စန္ဒာက ...

"ကြီးလာရင်တော့ မေမေနဲ့ပဲတူနော် တူမလေး၊ ဖေဖေနဲ့ တူရင် မလှဘူး၊ ဖေဖေကြီးဗိုက်က ဘူဇွာဗိုက်ကြီးနဲ့"

"အမယ် ... ဒါ ခန့်တယ်လို့ ခေါ်တယ်၊ ခွေးမလေးရဲ့"

"ဟွန်း မခန့်ပေါင်၊ အရက်ဖော ဖောလို့ ဝနေတဲ့ဗိုက်ကြီးကို"

"ဟား ... ဟား ... ဟား ပြောတော့မယ်ကွာ"

"စန္ဒာရေ ညည်းကိုကို ကို နိုင်အောင်ပြောသွား၊ သူ့မှာ နည်းနည်း နည်းနည်းက အရက်စွဲချင်နေပြီ သိလား"

"ဟုတ်လား မမစိမ်း၊ ကိုကိုနော် အဖေ့ကို တိုင်လိုက်ရမလား"

"ဟာ ... မလုပ်ပါနဲ့ကွာ ညီမလေးတို့ကလဲ၊ ကိုကိုက စိမ်းပြော သလောက် မဟုတ်ပါဘူးကွာ၊ အပျော်သဘောနဲ့ မိတ်ဖြစ်ဆွေ ဖြစ်ပါ"

"ဟင့်အင်း ... သိတာတို့ကတော့ ဘာပဲဖြစ်ဖြစ် မကြိုက်ပါဘူး။ မသောက်ပါနဲ့ ကိုကိုရာနော်"

"အေးပါကွာ၊ နောက်တစ်ခါ ဆင်ခြင်ပါ့မယ် ဟုတ်လား"

"တကယ်နော်"





"တကယ်ပါ"

"မမစိမ်းရေ ကြားတယ်နော်၊ ကိုကို ကတိပေးနေတယ်၊ နောက်တစ်ခါသောက်ရင်တော့ စန္ဒာတို့ကို ခေါ်လိုက်၊ အဖေ့ကို ပါ တစ်ခါတည်း ခေါ်ခဲ့မယ်"

"အမယ်လေး ကြောက်ပါတယ်ဗျာ"

ကိုချမ်းက ကြောက်ဟန်ပြသဖြင့် ညီအစ်မတစ်စု ဝိုင်း၍ ရယ်ကြလေတော့သည်။

"ရော့ ချီပါဦး၊ ကိုကိုရဲ့သမီးကို သိပ်ချစ်စရာကောင်းတာပဲ နော်"

စန္ဒာက ပြောပြောပေးပေးနှင့်မို့ ကိုချမ်းက လက်ကာရင်း

"ဟာ ဒီကလေး ပေါက်စနလေးကို မချီတတ်ဘူးကွာ၊ ယားလွန်းလို့ တော်ကြာ လွှတ်ကျနေဦးမယ်"

"ဟုတ်တယ် စန္ဒာရေ မချီနိုင်းနဲ့ မောင်က မချီတတ်ဘူး"

"အဲဒါ ကိုကိုညံ့တာပဲ တချို့ ကလေးအဖေတွေဆို သိပ် တော်တာ"

"ဘာလဲ ကလေးချီတတ်လို့လား"

"အင်းပေါ့ ကိုကိုက သမီးကို မချစ်ဘူးလား"

"ချစ်ပါတယ် ကိုယ့်သမီးပဲဟာ"

ဒါပေမယ့် ကိုကို့ ပုံစံက အေးစက်စက်ကြီး ...

"အမှန်ပြောရရင် ကိုကိုက သားလိုချင်တာကွ"

"အဲဒါက အဖေတိုင်းမှာ ရှိတဲ့စိတ်ပဲ ဘာဖြစ်လဲ သမီးဦးဆို ပိုတောင်ကောင်းသေး၊ မအေကို ကူညီဖို့ရတယ်။ မိဘကို ပြုစုဖို့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ သားဆိုရင် ရဟန်းဒကာ ရှင်ဒကာ လုပ်လို့ရတာကလွဲရင် အလကားပဲ၊ ဆော့တာ ဆိုးတာနဲ့ ကြီးလာရင် သူ့မိန်းမနောက် ကောက်ခနဲ ပါသွားရော"

"အဟား ဟား ဟား စန္ဒာရာပြောတော့မယ်၊ သားဆိုရင် အဖေရော အမေပါ အားကိုးလို့ရတယ်ကွ၊ ပြီးတော့ သူငယ်ချင်းတွေအလယ်မှာ သမီးရှင်တွေ ဖခင်ဆိုရင် မျက်နှာတစ်မျိုးငယ်တတ်လွန်းလို့ သားဆိုရင် လက်မထောင်နိုင်တာကွ သိရဲ့လား"

"သိတာတို့တော့ သမီးလေးပဲ ချစ်တယ်ကိုကို"

"ကဲ ကဲ တော်ပြီ တော်ပြီ ညည်းတို့ပြောတာနဲ့ ဟိုမှာ ကလေးအမေက နှုတ်ခမ်းစူချင်နေပြီ စိမ်းက ကိုကို သမီးကို မချစ်ဘူးလို့ ထင်နေပြီ"

"တကယ်ကော ချစ်ရဲ့လား မောင်ရဲ့"

"ဟော တွေ့လား၊ စိမ်း သံသယတွေ ဝင်နေပြီ၊ ညည်းတို့ မြန်မြန်ပြန်တော့ဟေ့၊ ကြာရင် စိမ်း ကိုကို့ကို ရန်လုပ်နေဦးမယ်"

"မောင်နော် ရန်မစနဲ့"

"မစပါဘူးဗျာ၊ မစပါဘူး၊ ဟဲ ဟဲ"

ကိုချမ်းက ပြောပြောဆိုဆို အပြင်ထွက်ရန် ပြင်နေသဖြင့် စိမ်းက

"ဘယ်လဲ မောင်"

"ပွဲရုံကိစ္စလေးတစ်ခု ချိန်းထားလို့ စိမ်း သွားမယ်နော်"

"အင်း"

ကိုချမ်း ထွက်သွားမှ စန္ဒာက ...





"မမစိမ်း"

"ဟင်"

"ကိုကို အရက်တော်တော် သောက်တတ်နေပြီလားဟင်"

"နည်းနည်းပါးပါး ပါ စန္ဒာ"

"နေ့တိုင်းဆိုသလိုပဲကွယ်၊ ဒါပေမဲ့ ခုတစ်ရက် နှစ်ရက် စန္ဒာတို့ရှိနေလို့ သူမသောက်ခဲ့ဘူးလေ၊ ဆင်ခြင်နေတာပေါ့"

"ကိုကို ဘာဖြစ်သွားလဲ မသိဘူး"

"အပေါင်းအသင်းပေါ့ကွယ်"

စိမ်းက သက်ပြင်းမှုဲ့းမှုဲ့းချရင်း ပြောလိုက်၏။

ဒေါ်အေးနုတို့ နှစ်ရက်လောက်နေပြီးမှ ပြန်သွားကြ၏။

တစ်နေ့ စိမ်းသမီးကို နို့တိုက်နေစဉ် သက်မာ ရောက်လာ၏။

"ဟယ် ... သက်မာရယ် ကြည့်စမ်း ခုမှ ပေါ်လာတော့တယ်နော်"

"ပေါ်လာဆို မအားဘူး စိမ်းရေ၊ အလုပ်တစ်ဖက် အိမ်ကိစ္စတစ်ဖက်နဲ့"

သက်မာက ကျောင်းပြီးကတည်းက ဌာနတစ်ခုမှာ အလုပ်ဝင်သွားပြီး စိမ်းတို့ လက်ထပ်ပြီး သုံးလေးလလောက်အကြာမှာ သူ့ဌာနမှ အရာရှိတစ်ဦးနှင့် လက်ထပ်၍ ပြီးပြီဖြစ်လေသည်။

"အေးအေး ဆေးဆေးပဲ မဟုတ်လား သူငယ်ချင်း၊ ဒီနေ့ စနေနေ့ပဲလေ"

"မအေးဘူး စိမ်းရေ၊ မင်းကို လာနှုတ်ဆက်တာ"

"ဟင် ... နှုတ်ဆက်တာ ဟုတ်လား၊ နင်တို့ ဘယ်ကိုပြောင်း မလို့လဲ သက်မာ"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကို စိမ်းရဲ့ ဒီလကုန်ရင် သွားတော့မှာ"

"အို ဟုတ်လား"

"အေးဟယ် ကျောင်းတုန်းက တို့သူငယ်ချင်းတွေ ကွဲကုန်ကြပြီနော်၊ လဲ့ဝင်းက မြစ်ကြီးနား၊ ဇာဇာက ကော့သောင်း၊ တစ်ယောက်တစ်နယ်စီပဲ လွမ်းတယ်ဟာ စိမ်းရာ"

"ပုပုရေ စားစရာ တစ်ခုခုလောက် စီစဉ်ပေးပါနော် ဒီမှာ သက်မာရောက်နေကယ်"

စိမ်းက မီးဖိုထဲမှ ပုပုထံ လှမ်းအော်ပြီး ပြောလိုက်၏။

သက်မာက စိမ်းအား ပြုံးကြည့်ပြီးမှ ...

"စိမ်း"

"ဟင်"

"လေ့ကျင့်ခန်းတွေ ဘာတွေ မလုပ်ရတော့ဘူးပေါ့နော်၊ စိမ်း ဝနေတယ်"

"သမီး ကိုယ်ဝန်ရှိကတည်းက လေ့ကျင့်ခန်းလုပ်တာ အနားယူထားရတယ်လေ သက်မာ၊ အင်း ... ဝတာကတော့ မြင်တဲ့အတိုင်းပဲ"

"စိမ်းက ဘာလို့ ကိုယ့်နို့ကို တိုက်လဲကွာ"

"ဟင် ... ဘာဖြစ်လို့လဲ သက်မာ၊ ကျန်းမာရေး စာအုပ်တွေထဲမှာ မိခင်နို့ရည်ဟာ ကလေးအတွက် အကောင်းဆုံးအာဟာရတဲ့ သက်မာရဲ့၊ ပြီးတော့ စိမ်းမှာက အလုပ်မှ မရှိဘဲ၊ တကယ်လို့ အလုပ်လုပ်တယ်ပဲထား၊ စိမ်းတော့ စိမ်းနို့ကိုပဲ အဓိကထားပြီး တိုက်မှာပဲ မမီမကမ်း ကြားအချိန်တွေလောက်ပဲ နို့ဘူးတိုက်မှာ"





"စိမ်းပြောတာ မှန်ပါတယ် ဒါပေမဲ့ အလှပျက်တာပေါ့ စိမ်းရဲ့"

"အလှပျက်တယ်"

သက်မာ၏ စကားကို သံယောင်လိုက်ရင်း စိမ်းယောင်နန ဆိုမိ၏။

"အင်းလေ အလှပျက်တာပေါ့၊ နို့တိုက်ခြင်းအားဖြင့် ပထမ ရင်သားအလှ ပျက်မယ်၊ ညညအိပ်ချိန်မှာ နို့ထတိုက်ရတော့ အိပ်ရေးပျက်ပြီး မျက်နှာတွေ ဘာတွေကျမယ်၊ ပြီးတော့ ကလေးက ကြီးလေ နို့ဆွဲလေဆိုရင် မအေက ကိုယ့်ကလေး စို့ဖို့ နို့ထွက်အောင် နှစ်ယောက်စာနဲ့မျှတဲ့ အစားအစာတွေ တစ်အား စားရတော့မယ်။ နို့တိုက်မိခင်ဟာ အမြဲတမ်း ဝမ်းဟာနေတယ် စိမ်းရဲ့၊ ကလေးအမေ ဘဝဟာ အလှစားဖို့ထက် အဝစားဖို့က အဓိကထားရတော့ တလေး နို့ပြတ်ချိန်ရောက်ရင် လေမှုတ်သွင်းလိုက်သလို ဝလာတော့တာပဲ။ အေး မယားဖြစ်တဲ့သူက အလှအပဘက် အားနည်းလာရင်ဖြစ်ဖြစ်၊ ကလေးကိစ္စနဲ့ အချိန်ကုန်နေရတာပဲဖြစ်ဖြစ်၊ လင်သားလုပ်တဲ့သူက တစ်ချိန်ချိန်မှာ စိတ်ပျက်လာတတ်တယ် စိမ်းရဲ့။ ဒါ့ကြောင့်လေ သက်မာဆို ကိုယ့်အလှ ကိုယ့်ဘဝအပျက်ခံပြီး ကလေးတစ်ယောက်ကို ဒုက္ခခံပြီးနို့တိုက် မွေးဖို့ ဟယ်တော့မှ မစဉ်းစားဘူး"

သက်မာစကားကြောင့် စိမ်းအံ့အားတသင့် နားထောင်နေမိ၏။

"သက်မာတော့ အခု စိမ်းကိုမြင်ရတာသိပ်အံ့ဩသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ် စိမ်းက အရင်ကနဲ့ မတူတော့ဘူး၊ အလှတွေ ပျက်ချင်နေပြီ"

"ဟင်"

"အပျိုတုန်းက အလှအပကို သိပ်ဂရုစိုက်ခဲ့တဲ့ စိမ်းဟာ ကလေးအမေဘဝရောက်တာနဲ့ အားလုံး စွန့်ပစ်လိုက်ပြီလား ကွာ"

"သက်မာ စိမ်းက ပုံပျက်ပန်းပျက် ဖြစ်နေပြီလားဟင်"

"အဲဒီ အဆင့်ထိ မရောက်သေးပါဘူး စိမ်းရဲ့ အများအမြင်မှာ စိမ်းဟာ တစ်သားမွေး၊ တစ်သွေးလှဆိုသလို ပိုလှပိုဝလာတယ်လို့ မြင်မှာလဲ"

"ဟုတ်တယ်၊ လူအတော်များများက အဲဒီလိုပဲ ပြောကြတယ် သက်မာ"

"အဲဒါ အကောင်းမမှတ်နဲ့ စိမ်း"

"ဟင်"

"ဝတယ်ဆိုတာ အတိုင်းအတာလောက်ပဲ ဝသင့်တယ်၊ လွန်လာရင် ပုံပျက်ပြီပေါ့"

"စိမ်း၊ ပုံတော့ မပျက်သေးဘူးထင်တယ်နော် သက်မာ"

"ဟင့်အင်း၊ မပျက်သေးပါဘူး၊ စိမ်းက အပျိုဘဝကတည်းက ခပ်တောင့်တောင့်ဆိုတော့ ဒီလောက်လေး ဝတာ ပုံပျက်တဲ့ အဆင့် မရောက်သေးပါဘူး၊ အဲဒီထက် မဝလာဖို့ပဲ ထိန်းထားပေတော့ သူငယ်ချင်း"





ထိုစဉ် မိညိုက လက်ဖက်ရည်နှင့် မုန့်များ လာချပေးသဖြင့်...

"သောက်လိုက်ပါဦးသက်မာ မုန့်လဲစား"

"ဒါနဲ့ ကိုချမ်းကော၊ ပွဲရုံလား"

"အင်းပေါ့၊ သူမှာ မိုးလင်းက မိုးချုပ် ပွဲရုံအလုပ်က ဖြတ်တယ်မှ မရှိတာ"

"စိမ်းက ကိုချမ်းကို သိပ်ဂရုမစိုက်နိုင်တော့ဘူး ထင်ပါရဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"အခု စိမ်းကို မြင်ရတာနဲ့ သက်မာ သဘောပေါက်လိုက်ပြီလေ။ ကလေးနဲ့ပဲ လုံးနေတဲ့ စိမ်းဟာ ကိုချမ်းကို သိပ်အလေးထားနိုင်မှာ မဟုတ်ဘူးလို့"

"မြင်တဲ့ အတိုင်းပဲ သက်မာရေ၊ အိမ်မှာက ဖေဖေရော မေမေပါ တရားစခန်းသွားနေကြတော့ စိမ်းတစ်ယောက်တည်း အိမ်မှုကိစ္စ ညွှန်ကြားရင်း သမီးကိစ္စလုပ်ရင်းနဲ့ပဲ အချိန် ကုန်ကုန်သွားတာ"

"ကိုချမ်းက အရင်အတိုင်းပဲလားစိမ်း"

"ဘာကိုလဲ သက်မာ"

"ဪ စိတ်နေစိတ်ထား အကျင့်စရိုက်တွေပေါ့"

"ဒါလား မထူးခြားပါဘူးကွာ၊ အင်း အရက်နည်းနည်းသောက်တတ်လာတာက ထူးခြားမှုရှိတယ်ဆိုရင်လဲ ရတာပေါ့ သက်မာ"

"စိမ်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သက်မာကို စိတ်မဆိုးနဲ့နော်"

"ဟင် ... ဘာဖြစ်လို့လဲ"

"တလောက ... ကိုချမ်းကို စားသောက်ဆိုင်တစ်ခုမှာ မိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်တယ်"

"ဟင်"

စိမ်း ခေါင်းနားပန်းကြီးသွား၏။

"သူတို့က သက်မာတို့ကို မမြင်ဘူးလေ"

"အမျိုးသမီးက ဘယ်လိုပုံစံလဲဟင် သက်မာ"

"ခပ်သေးသေး၊ ကျစ်ကျစ်နဲ့ ခေတ်ဆန်ဆန်၊ ညိုညိုလေး"

တင်ရီအေးကို ဖျက်ခနဲ ပြေးမြင်မိသည်။

"ဩော် ကိုချမ်း သူငယ်ချင်းဖြစ်မယ်၊ တင်ရီအေးတဲ့"

"ဟင် စိမ်းနဲ့သိလား"

"တစ်ခါဆုံဖူးလို့ ကိုချမ်း မိတ်ဆက်ပေးတယ်လေ"

"သူငယ်ချင်းဆိုလဲ ပြီးရောပေါ့ စိမ်းရယ်၊ သက်မာက စိုးရိမ်လို့"

"သူတို့ ဆက်ဆံရေးကို သက်မာ ဘယ်လိုမြင်လို့လဲဟင်"

"ရင်းရင်းနှီးနှီး ရယ်လို့မောလို့"

"ဩော်"

စိမ်းရင်ထဲ နောက်ကျိကျိ ဖြစ်သွားရသည်။

တင်ရီအေးကို တဒင်္ဂမြင်ရုံနှင့် ရဲတင်းလွန်းမှန်း သိသာဖြစ်သည်။



ခု ပွဲရုံချင်းက ကပ်လျက်ဆိုတော့ နေ့တိုင်းမြင်နေကြရမှာပေါ့လေ။

ကိုချမ်းကတော့ ငါ့အပေါ် စိတ်ကုန်ချင်နေပြီလား။

အပြင်မှာ သာယာမှုတွေ ရှာနေပြီလား။

မိမိမှာက သမီးမွေးပြီးကတည်းက ကိုချမ်းနှင့် ဘုရားသွားကျောင်းတက်ဖို့ အတူတူသွားရန် မဆိုထားနှင့် သာရေးနာရေးလည်း မသွားနိုင်၊

ယုတ်စွအဆုံး ထမင်းပင်မျက်နှာချင်းဆိုင် မစားဖြစ်ကြတာကြာပါပကော။

ကိုချမ်းဟာ ဖောက်ပြန်တတ်တဲ့ ဇာတိ ရှိတဲ့လူလား။

"စိမ်း"

"......"

"စိမ်း"

"ဟင်"

သက်မာ နှစ်ခွန်းဆင့်ခေါ်မှ စိမ်း သတိဝင်လာရ၏။

"သက်မာပြောလို့ စိမ်း စိတ်အနှောင့်အယှက်ဖြစ်နေပြီလားဟင်"

"အို ... မဟုတ်ပါဘူး သက်မာ စိမ်းက ကျေးဇူးတောင်တင်ရဦးမှာပါ၊ သက်မာပြောမှ စိမ်းဘက်က ဟာကွက်ပျောက်ကွက်တွေ အများကြီး ရှိနေပြီဆိုတာ သိပါပြီ သူငယ်ချင်းရယ်"

"သက်မာ တစ်ခု ပြောမယ်နော်"

"ပြောပါကွယ်"

www.burmeseclassic.com



"တို့ချမ်း အမှုအရာတွေက တစ်မျိုးပဲ စိမ်းရဲ့"

"ဟင်"

"စိမ်းကသာ မပြောင်းလဲဘူးလို့ ပြောနေတာ၊ သက်မာတို့ ဘေးလူအမြင်မှာတော့ ကိုချမ်းဟာ အပြောအဆို အမူအရာ ဝတ်စား ဆင်ယင်မှုတွေ အားလုံး ပြောင်းလဲသွားတာ မျက်မြင်ပဲလေ။ ဟိုတုန်းက ရိုးသားကြိုးစားတဲ့ ကိုချမ်းပါ၊ အခုတော့ အပျံစားဝတ် အပျံစားစားပြီး ဇိန်ကျကျနေတဲ့ ကိုချမ်းဖြစ်နေပြီ စိမ်းရဲ့၊ သတိထားပေါ့စိမ်းရယ်၊ ယောက်ျားဆိုတာ ငွေရွှင်ရွှင် သုံးနေရရင် ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်ခဲကြတတ်တဲ့ အမျိုးမို့ သက်မာ သတိပေးထားပါ။ စိမ်းကလဲ ကိုယ့်ကိုယ်ကို အိမ်နဲ့ ကလေးလောကထဲချည်း နှစ်မသွင်းထားနဲ့ဦး။ အပြင် လောကကိုလဲ တစ်စေ့တစ်စောင်း အကဲခတ်ကြည့်ပါဦး"

"အင်းပါ သူငယ်ချင်းရယ် ခုလိုလာပြီး သတိပေးတာစိမ်း သိပ်ဝမ်းသာပါတယ်ကွာ"

"ကိုယ့်သူငယ်ချင်းအတွက်မို့ သက်မာပြောရတာပါ"

"စိမ်း နားလည်ပါတယ်"

"သက်မာပြောတယ်လို့ ကိုချမ်း မသိစေနဲ့နော်"

"စိမ်း အဲလောက် မအပါဘူး သက်မာရယ်"

"ကြွပ်ကြွပ် ဂရုစိုက် စိမ်းရေ၊ ကိုချမ်း အခြေပျက်နေတာတော့ အမှန်ပဲ"

"အကဲခတ်ရမှာပေါ့ကွာ"

"စိမ်းလဲ ကိုယ့်ကိုယ်ကို လှအောင် ပြန်လုပ်ဦး"





"စိတ်ချ ... စိမ်း အခုမှ အိပ်ရာက နိုးလာသလို ဖြစ်နေရပြီ သက်မာရယ်"

"ကလေးက ခြောက်လလောက်ရှိနေပြီပဲ၊ ဖြည့်စွက်အစာတွေ ကျွေးပေးပေါ့၊ မအေနို့ သက်သာအောင် ကလေးကဆွဲလေ စိမ်းက ပိုစားရလေနဲ့ မဟန်ဘူး"

"ဟုတ်တယ် သက်မာ၊ စိမ်းအရင်ကထက် နှစ်ဆလောက် ပိုစားနေရတာ"

"အစားကို စနစ်တကျ စားပေါ့၊ ပိုစားရင် ဒုက္ခများရုံပဲ ရှိသွားမယ်"

"အင်း"

"စိမ်း"

"ဟင်"

"ကိုယ့်ယောက်ျားကို ပြန်စည်းရုံးတဲ့နေရာမှာ အနုနည်းကိုပဲ သုံးနော်"

"အင်း"

"ကဲ ... သက်မာ သွားတော့မယ်"

"ကောင်းပါပြီ၊ သူငယ်ချင်းရယ်၊ ကျေးဇူး အရမ်းတင်ပါတယ်ကွာ"

"ရပါတယ် စိမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com

"မောင်"

"ဟင် ... စိမ်း"

"ခုတစ်လော အိမ်မှာ ထမင်းမစားဖြစ်တာများနေပြီနော်"

"ဩော် ဟို ဟို ဒါလား စိမ်းရဲ့ အင်းခုတလော သူငယ်ချင်းတွေကလဲ ဟိုကခေါ် ဒီကဆွဲနဲ့ပဲ အပြင်မှာပဲ စားဖြစ်တာ များနေတယ်ကွာ"

"စိမ်းက နေ့တိုင်း စောင့်စောင့်နေတာမောင်"

"အို ... ဘာလို့ စောင့်နေတာလဲ စိမ်းရယ်၊ မောင့်အလုပ်က အချိန်ရှိတာမှ မဟုတ်တာ၊ ကြုံသလိုစားနေရတာ၊ နောက်တို့ မစောင့်နဲ့နော် စိမ်း"

"စိမ်းက ကိုယ့်လင်မယား မျက်နှာချင်းဆိုင်ပြီး တစ်ခါတလေ စားချင်မိလို့ပါ မောင်"

"မောင် ပြောပြီးပြီပဲ မောင့်မှာက အချိန်မရှိတဲ့ အလုပ်နဲ့မို့ ပါလို့"

တစ်ခုခုပြန်ပြောမိသွားအောင် စိမ်း ပါးစပ်ယားနေ၏။

တင်ရီအေးနှင့်ကျတော့ အချိန်ရှိနေတဲ့ ကိုချမ်း။

မိမိနှင့်ကျတော့ အချိန်မရှိတော့ဘူးတဲ့လား။





ဒါပေမဲ့ အနုနည်းနဲ့ပဲ ရင်ဆိုင်တော့မယ်လေ။

"နေ့ခင်းက စာရေးကို ငွေသုံးထောင် လာယူခိုင်းတယ်နော် မောင်"

"အေးကွာ ကုန်ဖိုး ရှင်းတာ ရတ်တရက် လိုသွားလို့"

"ခုတလော ပစ္စည်းတွေ သိပ်ဝင်တယ်နော် မောင်"

"ဟင်"

"ဩော် မောင် အိမ်က ခဏခဏ ငွေလှည့်ယူနေရတယ် မဟုတ်လား"

"အင်း ပွဲရုံဆိုတော့ ဈေးတော်တုန်း လှောင်ထားသိုထား၊ ပိုင်မှ ပြန်ထုတ်ဆိုတဲ့ သဘောပေါ့ကွာ၊ ဒီငွေတစ်သိန်းလောက် အိပ်ခိုင်းထားတာ တစ်နေ့ကျ နှစ်သိန်းလောက် ဖြစ်လာဖို့လေ စိမ်းရဲ့ သိတယ်မဟုတ်လား"

သူပြောတာလည်း ဟုတ်နေတာမို့ စိမ်း ဘာမှမပြောဖြစ်။

နောက်နေ့ မိုးလင်းသည်နှင့် ...

"ဟင် ... စိမ်း"

အားကစားဝတ်စုံနှင့် စိမ်းကို မြင်သော ကိုချမ်း ကြောင်သွား၏။

စိမ်းက ဘာမှမဖြစ်သလို ရယ်ရင်း။

"အိတ်ဆယ်ဆိုက် ပြန်စမယ်လေ မောင်၊ စိမ်း ဝိတ်တွေများနေတယ် မဟုတ်လား"

"အင်း ... အင်း သမီးကော"



www.burmeseclassic.com

www.burmeseclassic.com



"ပုပုနဲ့လေ၊ မောင်ကော အလေးမ မကျင့်တော့တာ ကြာပြီ နော်၊ ဗိုက်ရွှဲနေပြီ"

"အာ ... မအားဘူး စိမ်းရယ်၊ နောက်မှပဲ"

"ဪ ... မောင်"

"ဟင်"

"မောင် ကိုယ်လက်သုတ်သင်ပြီးရင် ထမင်းစားပွဲမှာ မနက်စာ အသင့်ရှိတယ်နော် ပြီးရင် အလုပ်သွားရင် ဝတ်ဖို့ ဝတ်စုံလဲ မှန်တင်ခုံပေါ်မှာ အသင့်ပဲ"

"အင်း ... အင်း"

ကိုချမ်း ဇဝေဇဝါပုံစံနှင့် ထွက်သွားတော့မှ စိမ်း ပြုံးလိုက်၏။

ဒါ ပဏာမပဲ မောင်ရေ။

မောင့်ခြေလှမ်းတွေ အမူအရာတွေ စိမ်း မသက်သာဖြစ်နေတာ ကြာပြီ။

သက်မှာ လာပြောမှပဲ ရှင်းသွားတော့မယ်။

မောင် အခြေပျက်နေပြီကိုး။

စိမ်းမှာသာ ပြင်ပလောကနဲ့ အဆက်ပြတ်ပြီး ဘာမှမသိဘဲ ထုံထုံအအ ဖြစ်နေရတာ။

ခုတော့ စိမ်း ပညာရသွားပါပြီ။

ကိုချမ်းနောက် တကောက်ကောက်လိုက်မည်။

သမီးကိစ္စ အိမ်ကိစ္စက ပုပုနှင့်လွှဲ၍ အဆင်ပြေသည်။

စိတ်လက်ပေါ့ပါးစွာ လေ့ကျင့်ခန်းလုပ်ရန် သီးသန့်ခန်းထဲသို့ ဝင်လိုက်၏။





အခန်းထောင့်ရှိ ကိုယ်လုံးပေါ်မှန်မှ စိမ်း၏ အရိပ်က ထည် လွှန်းလှသည်။

တန်းပေါ်ရှိ ပေကြိုးကိုယူ၍ ရင်၊ ခါး၊ တင်ကို တိုင်းကြည့်၏။

၄၀၊ ၃၀၊ ၄၃။

"ဟင်"

စိမ်း စိတ်ညစ်သွားတော့သည်။

ငါ ဒါလောက် ဝသွားပါလား။ အရင်တုန်းက ၃၆၊ ၂၃၊ ၃၆ လောက်ပါပဲ။

ခုတော့ အယ်စတုံဖြစ်နေပြီပေါ့။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ အချိန်မီတားမှ။

လေ့ကျင့်ခန်း စလုပ်၏။

နည်းနည်းလှုပ်ရှားတာနဲ့ များများမောနေလေပြီ။

ထင်သလို မလှုပ်ရှားနိုင်။

အားခဲ၍ လုပ်သည်။

ချွေးတွေသာ ဒီးဒီးကျ၏။

အစမို့ပါလေ၊ နောက်ဆို ရသွားမှာပါ။

ကိုယ့်ကိုယ်ကို အားတင်းပြီး မှန်မှန်လှုပ်ရှား လေ့ကျင့်သည်။

လေ့ကျင့်ခန်းပြီးတော့ စိမ်း ဟိုက်နေပါပြီ။

ချွေးတိတ်အောင် ခဏနားပြီး ရေချိုးခန်းဝင်လိုက်၏။

ရေချိုးနေစဉ် သမီးငိုသံ ကြားရတော့သည်။

"လာပြီ ... သမီးရေ"

အဝတ် ကမန်းကတန်းလဲ၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးငိုသံကြောင့် အဝတ်လဲရာမှာပင် အလွဲလွဲအချော်ချော်။

ပုပုအသံက ထွက်လာပြန်၏။

"တိတ် တိတ်ပါ သမီးရေ၊ ညည်းအမေ မလှချင်က ပြီးတော့မယ်ကွယ့်"

ထမီလဲပြီး မွေးပွတဘက်ခြုံကာ ရေချိုးခန်းမှ ပျာယီးပျာယာအထွက်

"ဝုန်း"

"အမယ်လေး"

"ဟဲ့ ... အမယ်လေး စိမ်း စိမ်း"

ခြေချော်၍ တစ်ပတ်လည်ကာ ပစ်ကျသွားပါသည်။

ခြေထောက်က အသည်းခိုက်အောင် နာကျင်သွားပါ၏။

စိမ်း သတိတော့ မလစ်။

"စိမ်း ဘယ်နားနာသွားလဲ ဟင်"

ပုပုက သမီးတစ်ဖက်နှင့် ဗျာများနေ၏။

စိမ်းအဖြစ်ကြောင့် သမီးလည်း အငိုတိတ်သွားပါပြီ။

လက်မလေးစုပ်ကာ မျက်ရည်စီးကြောင်း နှစ်သွယ်နှင့် သမီးက စိမ်းကို ရယ်ပြနေသေးတော့၏။

"ခြေဆစ်က နာတယ် ပုပုရယ်၊ လှုပ်လို့ မရဘူး"

"ဒုက္ခပါပဲ မိညိုရေ ... မိညို"

မိညိုရောက်တော့ စိမ်းကို ပုပုနှင့် မိညို နှစ်ဖက်ထိန်းကာ ခုတင်ဆီရောက်အောင် ခက်ခက်ခဲခဲ တွဲခေါ်ခဲ့ရ၏။





ဝေဒနာကို အံကြိတ်ခံရင်း စိမ်း မျက်ရည်ပင် ဝဲနေတော့သည်။

"ဟဲ့ မိညို၊ ပွဲရုံကို ဖုန်းဆက်၊ သွားသွား၊ ကိုချမ်းကို ခေါ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"မိညို"

"ရှင် ... မမစိမ်း"

"ဒေါက်တာ မရွှေစင်ကိုပါ တစ်ဆက်တည်း ခေါ်လိုက်ပါနော်"

"ဟုတ်ကဲ့ ... မမစိမ်း"

"အတော်နာလား စိမ်း"

"နာတယ် ပုပုရယ်၊ ခြေဆစ်မှာ ရောင်နေသလိုပဲ၊ အထိမခံနိုင်ဘူး"

"အဆစ်လွဲသွားတာလား မသိ"

"မရွှေစင်လာရင် သိရမှာပဲ ပုပုရယ်"

မကြာခင် မိညိုရောက်လာ၏။

"ဒေါက်တာမရွှေစင် ခဏကြာရင် လာလိမ့်မယ် မမစိမ်း"

"ဟဲ့ ... မိညို၊ ပွဲရုံကိုကော ဆက်လား"

"ဆက်တယ် ပုပုရဲ့"

"ကိုချမ်းနဲ့တွေ့လား မိညို"

"အစ်ကိုမရှိဘူး မမစိမ်း၊ အပြင်သွားတယ်တဲ့"

"ဩော်"

"ဟဲ့ ... မိညို၊ အကျိုးအကြောင်း နင် မပြောပြထားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပွဲရုံစာရေးကိုတော့ ပြောထားတယ် ပုပုရဲ့ မမစိမ်း ရေချိုးခန်းမှာ လဲတဲ့အကြောင်း အစ်ကိုလာရင် ဆက်ဆက်ပြောပါလို့"

"အေး ... အေး၊ ပြီးရော"

"ရေနွေး အသင့်ပြင်ထားပါလား မိညို"

"ဟုတ်ကဲ့ မမစိမ်း"

မိညိုထွက်သွားပြီး မကြာခင် ဒေါက်တာ မရွှေစင် ရောက်လာ၏။

စိမ်းကို သေချာစွာ စမ်းသပ်စစ်ဆေးပြီး ...

"ခြေဆစ်လွဲသွားတာပါ၊ ငြိမ်ငြိမ်လေး အနားယူလိုက်ရင် ကောင်းသွားမှာပါ"

မရွှေစင်က သက်သောင့်သက်သာ ပြောပေမယ့် စိမ်းရင်ထဲ အတော်လေး ထိခိုက်သွားမိ၏။

မိမိက မောင့်ခြေလှမ်းနောက် ကောက်ကောက်ပါအောင် လိုက်မည့် စိမ်ချက် ပျက်ပြီပေါ့။

"ဘယ်လောက်ကြာကြာ အနားယူရမှာလဲဟင် ဒေါက်တာ"

"ဒါက ပုံသေပြောလို့ မရဘူး စိမ်းရဲ့၊ အနည်းဆုံးတော့ တစ်လလောက်ပေါ့၊ စိမ်းရဲ့ဝိတ်နဲ့ နေရာလွဲသွားရတဲ့ အဆစ်တွေကို ပုံမှန်ပြန်ဖြစ်အောင် ကုသရဦးမှာ မဟုတ်လား"

သွားပါပြီ။

စိမ်း မျက်နှာပျက်သွားသည်ကို ကြည့်ပြီး မရွှေစင်က ...

"စိတ်ညစ်သွားလား စိမ်း"

"အဟင်း"





မချိရယ်လေး ရယ်မိ၏။

"ကိုယ့်ကိုယ်မှာ ဘယ်သူမှ ဝေဒနာ မဖြစ်ချင်ကြပါဘူး စိမ်းရယ်၊ မတော်တဆဆိုတာ ဒီလိုပေါ့၊ မြန်မြန် ကောင်းအောင် ရွှေစင်ကုပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်"

အားလျော့စွာ ပြောမိသည်။ ရင်ထဲမှာတော့ ...

စိမ်းရဲ့ခြေက ဝေဒနာထက် နှလုံးသားထဲက ဝေဒနာက ပိုဆိုးပါတယ်ရှင်။

ဒေါက်တာမရွှေစင်က လိမ်းဆေး လိမ်းပေးပြီး ပတ်တီးနှင့် ကျပ်စည်းထားပေးသွားပါသည်။

ကိုချမ်းကို နေ့လယ်မှာတစ်ခါဖုန်းထပ်ဆက်ကြည့်သေး၏။

"မနက်ကတည်းက ထွက်သွားတာ ပြန်မရောက်သေးပါ" ဟူသော အဖြေကိုသာ ရသဖြင့် စာရေးအား စိမ်းက မေးလိုက်၏။

"ကိုချမ်း ဘာကိစ္စနဲ့ အပြင်ထွက်တာလဲကွယ်"

"ကျွန်တော် မသိပါဘူး မမ"

"ဟင် ... မင်းကို မပြောသွားဘူးလား"

"ဟို ... ဟို မတင်ရီအေးနဲ့ သွားတာခင်ဗျ"

"ဟင် ... ဘာ"

"ဟိုဘက်ပွဲရုံက မတင်ရီအေးနဲ့ သွားတာပါ မမ"

"ဪ"

စိတ်ဆိုးလွန်း၍ စိမ်းအသားတွေ ဆတ်ဆတ်တုန်နေ၏။

ပက်စက်လှချည်လား ကိုချမ်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်း ခြေလှမ်းတွေက ပြောင်ကျလွန်းလှချည်လား။

နှုတ်ခမ်းတင်းတင်းကိုက်၍ စိမ်း မျက်ရည်ဝဲနေလေပြီ။

တကယ်ဆို စိမ်းအပေါ် မညှာတာတောင်မှ သမီးမျက်နှာလေး ကြည့်ဖို့ ကောင်းပါတယ်ကွယ်။

ပြီးတော့ ယုံကြည်လွန်းလို့ ဝကွက်အပ် ပုံလွဲသွားပေးတဲ့ ဖေဖေတို့ရဲ့ ကျေးဇူးကိုလည်း သိဖို့ သင့်ပါတယ်။ ထောက်ထားကောင်းပါတယ်နော်။

ခုတော့ ...

စိမ်း တစ်နေ့လုံး မျက်ရည်ကျနေရပေပြီ။

ညနေ ခြောက်နာရီလောက်မှ ကိုချမ်းပြန်လာ၏။

"စိမ်း ချော်လဲလို့ဆို"

စိမ်းမျက်နှာအား အကဲခတ်သလို ကြည့်ရင်း မေးလိုက်သော ကိုချမ်းအား စိမ်း ဘာမှ ပြန်မပြောချင်။

ကိုချမ်းမျက်နှာကိုသာ ငေးငေးလေး ကြည့်နေမိ၏။

"ပြစမ်း ... စိမ်း၊ အတော်နာသွားလား"

ကိုချမ်းက ခုတင်စွန်းတွင် ဝင်ထိုင်ရင်း ခြေထောက်ကို ဖုံးထားသော ထဘီအား ထိရန် ပြင်လိုက်သည်နှင့် ...

"ရပါတယ် မောင်၊ နည်းနည်းပါးပါးပါ၊ ခြေလေဝင်သွားတာလောက်ပါပဲ"

"ဩော် ... ဟုတ်လား၊ ဆရာဝန်ခေါ်လေ"

"မရွှေစင် ကျပ်စည်း ပေးသွားပါတယ်"

"အေးကွာ မောင်လဲ အပြင်ထွက်နေတာနဲ့ အိမ်က ဖုန်းနှစ်ခါတောင် လာတယ်လို့ စာရေးပြောမှ စိမ်း အကြောင်း သိရတာ"





"ဘယ်သွားတာလဲ မောင်"

မသိသလို မေးလိုက်တော့ ...

"ဟိုကွာ ... တင့်ရီအေး အဒေါ် တစ်ယောက် ရုတ်တရက် ဆုံးသွားလို့ အဲဒါ လိုက်ပြီး ကူညီပေးတာပါ၊ သူ့မှာ အားကိုးစရာ ဆွေမျိုးမရှိတာမို့ ကိုယ့်ကို အစ်ကိုတစ်ယောက်လို အားကိုးပြီး အကူအညီ တောင်းတာနဲ့ လိုက်သွားပြီး ကူညီနေလို့ မောင် ဘာမှ မသိရတာပါ စိမ်းရယ်၊ မောင့်ကို စိတ်ဆိုးနေလားဟင်"

စိမ်း ခေါင်းခါပြလိုက်၏။

နာရေးဆိုတာ ကူညီသင့်ပါတယ်လေ။

ပြီးတော့ သူငယ်ချင်းလည်း ဖြစ်ပြန်ဆိုတော့ ...

ငါ သက်သက် အူတိုနေတာပဲ ဖြစ်မှာပါ။

ကိုချမ်း အမူအရာကလည်း အေးအေးဆေးဆေးပါပဲ။

"စိမ်း"

"ဟင်"

"နေကောင်းတယ် မဟုတ်လား"

"ခြေနာနေတယ် မောင်"

"ဩော် မောင်ဆိုလိုတာက စိမ်းမျက်နှာညိုးနေတော့ ခေါင်းပဲမူးနေသလားဆိုတဲ့ ကိုယ်ထဲက နေကောင်း မကောင်းကို မေးတာပါ"

"ကောင်းပါတယ်"

"မောင် ဘာလုပ်ပေးရမလဲ စိမ်း"

"ရပါတယ်"

ဘဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိမ်း ကြည့်ရတာ အေးတိ အေးစက်လိုပဲကွာ"

"ခြေကနာနေတော့ ထင်သလိုမှ လှုပ်ရှားသွားလာလို့ မရတာ မောင်ရယ်"

"စိမ်း ဘယ်သွားချင်လဲ ပြော"

"ဟင့်အင်း"

"မောင် ချီမယ်လေ"

ကိုချမ်းက စိမ်း ကိုယ်ကိုပွေ့ရင်း ပြောလိုက်သဖြင့် အသာရုန်းရင်း ...

"စိမ်း ခန္ဓာကိုယ်ကို မောင်ချီလို့ ဘယ်နိုင်မလဲ၊ ဒါလောက် ဝလာတဲ့ဟာကို"

"မဝပါဘူး၊ လှတာပါဗျာ၊ မောင့်မိန်းမက ခွံ့ခွံ့ထည်ထည် ပါနော်"

"တော်ပါ"

မျက်စောင်းလေးနှင့် ပြောဖြစ်၏။

ခုလိုတော့လည်း လင်မယား ကြည်ကြည်နူးနူး ရှိလှပါသည်။

ပုပုက ကလေးချီရင်း အခန်းဝမှ လှမ်းကြည့်တော့ ဇနီး မောင်နှံ ရယ်ရယ်မောမော မြင်ရသဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ အသာလေး ပြန်လှည့်သွားပါသည်။

စိမ်း တစ်နေ့လုံးငိုနေတာ ပုပု အမြင်ပါ။

အခု ကိုချမ်းက ဘယ်လို ချော့လိုက်သည်မသိ။

စိမ်း မျက်နှာလေး ကြည်နေပါပြီ။





ဩော် မိန်းမသားများ နှာခေါင်းမရှိလျှင် မစင်ကျွေးလဲ မစင်မှန်းမသိ၊ စားတတ်သည့် အမျိုးတဲ့။

ခုတော့ စိမ်းမှာက နှာခေါင်းရှိလျက်နှင့် မစင်စားမိနေပါပြီ ကော။

ကိုချမ်း အချိုးကို ပုပုသိပ်သိတာပေါ့။

အပြင်မှာ ပလူးခဲ့သမျှ အိမ်ရောက်တော့ မယားကျေနပ် အောင် မသင်္ကာမဖြစ်အောင် ဟန်ဆောင်ပန်ဆောင် အမူအရာ ကောင်းနေပါတဲ့ ယောကျာ်း။

စိမ်းကိုသာ သနားမိ၏။

လင်သားကွယ်ရာမှာ အမျိုးမျိုးတွေးပြီး စိတ်ကူးပုံခဲ့နေသမျှ ကိုချမ်းတစ်ချက်ချော့လိုက်တာနဲ့ ပျော့ခနဲဖြစ်သွားပါပြီ။

ကိုချမ်းကလည်း အပါး။

အိပ်ရာမှထ၍ မရသော စိမ်းကျေနပ်အောင် အမျိုးမျိုး ညာကာ ချွဲတတ်သည်။ တင်ရီအေးနှင့် တစ်နေ့လုံးလည်ပတ်ပြီး အိမ်ပြန်လျှောက်လျှင် ...

"ဟူး ... ဒီနေ့ ကုန်အဝင်အထွက်များလို့ ပင်ပန်းသွားတယ် စိမ်းရေ"

"သူများ ရသွားမှာစိုးလို့ ကုန်တွေ အပြေးအလွှားလိုက်ယူ လိုက်ရလို့ ဖားသွားတာပဲ စိမ်းရေ"

စသည်ဖြင့် ညည်းလာလျှင် စိမ်းခမျာ အိပ်ရာပေါ်မှ ...

"မိညိုရေ စပါရိုက် ယူလာပါကွယ်"

"ဘာလီလုပ်ပါ ပုပုရေ"



www.burmeseclassic.com

www.burmeseclassic.com



"ထောပတ်သီးဖျော်ပါ မိညို"

စသည်ဖြင့် ခိုင်း၍မဆုံးတော့။

ပုပုက အကြောင်းသိမို့ မဲ့ပြုံး ပြုံးရုံမှတစ်ပါး ဘာတတ်နိုင်မည်နည်း။

ကိုယ်က ငယ်မွေးချုံပေါက် အိမ်ဖော်ခေါ်ခေါ် စာဖိုးမှူးခေါ်ခေါ် အဲသည်အဆင့်လောက်ပါပဲ။

လင်မယားကြားဝင်လို့ မတော်ရင် ကိုယ်ပင် ခေါင်းနဲ့ဆင်းနေရဦးမယ်။

သည်တော့ အသာနေပေါ့။

ခြေနာလို့ ဘယ်မှ မသွားရတဲ့ စိမ်းတော့ ကိုချမ်းလှိုမ့်လုံးတွေကြားမှာ ငြိမ့်နေပေရော့ပေါ့။

❦ ❦ ❦



စိမ်း ခြေထောက်အနာက အိပ်ရာပေါ်မှာ သုံးပတ်လောက် အနားယူလိုက်ရ၏။

ရေချိုးချိန်တစ်ခုမှလွဲ၍ ကျန်ကိစ္စများအားလုံး အိပ်ရာပေါ်တွင်ပင် ပြီးစေရ၏။

ထမင်းစား ကလေးနို့တိုက် စသော ကိစ္စများကို ပုပု အကူအညီဖြင့် ပြေလည်နေလေသည်။

ဒေါက်တာ မရွှေစင်က တစ်နေ့တစ်ခေါက် လာကြည့်ပြီး လိုသလို ပြုပြင်ပေး၏။

သုံးပတ်ပြည့်တော့ မရွှေစင်က

"လမ်းလျှောက်ကြည့်တော့ စိမ်း၊ ဖြည်းဖြည်းလေး အတွယ်နဲ့ လျှောက်ပေါ့"

တစ်ပတ်လောက် လမ်းလျှောက်ကြည့်ပြီးမှ မရွှေစင်က

"ကောင်းသွားပါပြီ၊ ဒါပေမယ့် စိမ်း အိတ်ဆယ်ဆိုက် လုပ်ဖို့ မဖြစ်ဘူးနော်"

"ဟင် ဘာဖြစ်လို့လဲ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



*"စိမ်း၍ အပေါ်ပိုင်း ဝိတ်တစ်ခုလုံးကို ခြေနှစ်ဖက်က မထိန်းနိုင်မှာစိုးရတယ်။ ရုတ်တရက် လဲကျသွားနိုင်တာမို့ အိပ်လျက်ထိုင်လျက် လေ့ကျင့်ခန်းတွေလောက်ပဲ တဖြည်းဖြည်း ကျင့်ယူပေါ့"*

"ကောင်းပါပြီ ဒေါက်တာ"

ခြေအနာကောင်းသွားပေမယ့် စိမ်း၏ ခန္ဓာကိုယ်က ပို၍ဝလာပြန်ပါသည်။

အိပ်ရာပေါ်မှာ အနားယူပြီး ဘာလှုပ်ရှားမှုမှ မရှိဘဲ စားပြီးအိပ်၊ အိပ်ပြီးစား အခြေအနေနှင့် တစ်လနီးပါး နေလိုက်ရသေးသည် ဆိုတော့ အဆီအအိမ့်များက စုခဲကာ တစ်တစ်ရစ်ရစ်ကြီး ဖြစ်လာနေပြီ မဟုတ်ပါလား။

သည်တော့ ကိုယ်ရေစစ်အောင် လေ့ကျင့်ခန်း လုပ်မည်ဆိုတော့လည်း ထိုင်လျက်အိပ်လျက်သာလုပ်ပါဟု ဆရာဝန်က ညွှန်ကြားထားသည်။

ခက်တာက စိတ်ရှိတိုင်း တကယ်လုပ်ကြည့်မှ မလုပ်နိုင်မှန်း စိမ်း သိလာရပြီ။

ဝဖီးလာသော ခန္ဓာက နည်းနည်းလှုပ် မျှားမျှားမောဖြစ်နေ၏။

ကိုယ်လုံးပေါ်မှန်မှ တိုင်ကီရုပ်ကိုယ်လုံးကို ကြည့်၍

"အင်း ဒီအချိုးကို ငါ ဘယ်လိုမှ ပြင်လို့ မရနိုင်တော့ပါလား"

"မရှေ့စင်နဲ့ ဆွေးနွေးရင်ကောင်းမလား"





မရှေ့စင်နဲ့ဆိုရင် အစားအသောက်ကို စနစ်တကျ ညွှန်ကြားပြီး စားခိုင်းမှာပဲ။

အဆီအဆိမ့် အချိုတွေ ရှောင်ရမှာပဲ။

အထူးသဖြင့် ထမင်းကို လျှော့ချလိုက်မှာ အမှန်ပဲ။

ငါ လိုက်နာနိုင်ပါ့မလား။

မနိုင်ဘူး ထင်ပါရဲ့။

အို ငါအခုစိတ်ပူနေတာဟာ ကိုချမ်း ငါ့ကို ပစ်သွားမှာကြောက်လို့ပါလား။

ကိုချမ်းအနေနဲ့ ငါဝတာကို စိတ်ပျက်စရာလို့ သတ်မှတ်ပြီး ဖောက်ပြန်ချင်မယ့်လူလား။

ဒါဆိုရင် အတွင်းစိတ်ထက် အပြင်သဏ္ဌာန်ကို အလေးထားတဲ့ယောကျ်ားပေါ့။

သည်လိုလူစားမျိုးကို လင်သားအဖြစ် ဆက်ဆံသင့်ဦးမလား။

အို ကိုချမ်းက အဲသည်လို မဟုတ်နိုင်ပါဘူး။

ငါ စိတ်ကူးနဲ့ လျှောက်တွေးနေတာပဲ ဖြစ်မှာ။

"စိမ်း"

"ဟင်"

အခန်းဝမှ ပုပုခေါ်သံကြောင့် စိမ်း ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

"ဘာလဲဟင် ပုပု"

"သမီး ကိုယ်နွေးနေတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ လာကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မှိန်နေသော သမီးနဖူးကို စမ်းကြည့်တော့ နွေးနေလေသည်။

"ဆာလဖာအရည်တိုက်ရအောင် ပုပု"

"အင်း ... အင်း"

ဆာလဖာအရည်ကို ဘာမီတွန် တစ်စိတ် ရော၍ တိုက်၏။

သမီးကိုယ်ပူက မကျ။

တစ်နေ့လုံး တရှိန်ရှိန်တက်မြဲ တက်နေသဖြင့်။

"ပုပုရေ မရွှေစင်ကို ခေါ်ပါ"

ဆရာဝန်ရောက်တော့ စမ်းသပ်ပြီး ဆေးထိုး၏။

သမီးရင်ဘတ်ကို နားကြပ်နှင့် ထောက်စမ်း၍ ...

"အအေးပတ်တာပါ။ ရင်ဘတ်မှာ ချွဲသံတွေ မြည်နေတယ်"

"ဆေးရုံတင်ဖို့ လိုလားဒေါက်တာ"

"ရပါတယ်၊ မတင်ပါနဲ့၊ ဆေးထိုးဆေးတိုက်နဲ့ သက်သာသွားမှာပါ"

"ဟုတ်ကဲ့ ... ဒေါက်တာ"

မရွှေစင်က စားဆေးတွေပေးပြီး ပြန်သွား၏။ စိမ်းက မရွှေစင်အား

"အရေးကြီးရင် ဖုန်းဆက်မယ်နော် ဒေါက်တာ"

"ကောင်းပြီ ... စိတ်မပူပါနဲ့ စိမ်းရယ်၊ ဒါနဲ့ ကိုချမ်းကော၊ ပွဲရုံလား"

"ကိုချမ်း ခရီးထွက်နေတယ် ဒေါက်တာ၊ မန္တလေးကို"

"သြော် ... ဟုတ်လား"





"သမီးအဖေမရှိလို့ အားငယ်နေသလား စိမ်း၊ အားမငယ်နဲ့နော်၊ ရွှေစင် တစ်နေ့တစ်ခေါက် လာကြည့်ပေးမယ်"

"ကျေးဇူးပါပဲ ဒေါက်တာရယ်"

သမီးက ငါးရက်လောက် ဖျားလိုက်သည်။

ဖျားနေသည့် ကာလတစ်လျှောက် သမီးက မအေကိုပင် တစ်အားကပ်လေတော့သည်။

အဖျားကောင်းသွားသည့်တိုင် စိမ်းမှလွဲလျှင် ပုပုပင် ချီ၍မရတော့။

မအေမှန်းသိလာသော သမီးကို စိမ်းက ကရုဏာကြီးစွာဖြင့်ပင် အနွံအတာခံရလေသည်။

သည်တော့ နိုင်သလောက် လုပ်မဟဲ့ဟု အားတင်းထားသော လေ့ကျင့်ခန်းတွေလည်း အနားမသီနိုင်တော့။

တရိပ်ရိပ်ဝလာနေသော ခန္ဓာကိုယ်ကို နောက်ဆုံး စိတ်တုံးတုံးချကာ လျစ်လျူရှုလိုက်ရလေသည်။

သမီး ကျန်းမာလာ၍ ကောင်းစွာ နေကောင်းသည့်အခါမှ စိမ်း ပေါင်ချိန် ချိန်ကြည့်ဖြစ်တော့သည်။

ပေါင် နှစ်ရာ့သုံးဆယ်တိတိ။

"ဟင်း"

ပင့်သက်မောကို ချရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့။

ဝလာပြီဆိုတော့လည်း အဆီပြင်တွေ အသားစိုင်တွေက အထစ်လိုက် အဖုလိုက် တုံးတုံးခဲခဲကြီးတွေပါပင်။



www.burmeseclassic.com

ခါးသေးရင်ချီဘဝမှ ခါးမောက် တင်ကောက်ဘဝသို့ ချက်ချင်းရောက်သွားရပြီး ရင်၊ ခါး၊ တင် တို့မှာ အဆီပိုအသားပိုတွေ တတိတိတက်လာနေကာ ဖိုင့်ဖိုင့်အိုင့်အိုင့်ကြီးဖြစ်နေလေတော့၏။

တစ်နေ့ဈေးတွင် စိမ်း ဈေးဝယ်နေစဉ် ...

"ဟယ် ... စိမ်း ... စိမ်း မဟုတ်လား"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ...

"ဟင် ... လဲ့ဝင်း"

"စိမ်းရယ် ဝလာလိုက်တာကွယ်"

"မြင်တဲ့ အတိုင်းပဲ လဲ့ဝင်းရေ၊ ဒါနဲ့ လဲ့ဝင်း ရန်ကုန်မှာဆို"

လဲ့ဝင်းအမျိုးသားက ရန်ကုန်မှ ဖြစ်၍ သျှောင်နောက် ဆံထုံးပါ လဲ့ဝင်း သူ့လူနောက်လိုက်၍ နေနေရကြောင်း စိမ်းသိ၏။

"ဟုတ်တယ် စိမ်းရဲ့၊ ခု မေမေ နေမကောင်းလို့ ခဏလာတာ"

"အို ... ဟုတ်လား"

"ခုတော့ သက်သာသွားပါပြီ၊ လာ စိမ်း၊ ဟောဟို အအေးဆိုင်မှာ နာနတ်သီးဖျော်ရည်သောက်ရအောင်"

"အေး"

ဆိုင်တွင်ဝင်ထိုင်၍ လဲ့ဝင်းက ဖျော်ရည်မှာပြီး ...

"စိမ်းရယ် ဒါလောက်ဝအောင် ကိုယ့်ကိုယ်ကို ထားပစ်ရတယ်လို့ကွယ်"

"အချိန်မီ သတိရပြီး လေ့ကျင့်ခန်းလုပ်ဖို့ပဲ လဲ့ဝင်းရယ်"

"အင်းလေ ... လုပ်ပါလား၊ စိမ်း အပျိုကတည်းက လုပ်နေကျပဲဟာ"





"ကိုယ့်ခြေထောက်နာတာနဲ့ သမီး ဖျားတာနဲ့ မလုပ်ဖြစ်တော့ဘူးကွာ၊ တကယ်လုပ်ဖြစ်တဲ့အချိန်လဲ ရောက်ရော၊ ကိုယ့်ကိုယ်လုံးကို ကိုယ် မထိန်းနိုင်တော့ဘူး လဲ့ဝင်းရဲ့"

"ဖြစ်မှဖြစ်ရလေကွာ၊ စိမ်းကိုမြင်ရတာ ပင်ပန်းလွန်းလို့"

"ကိုယ်က အကျင့်ရှိသွားပြီလေ"

"ဒါနဲ့ ကိုချမ်းတစ်ယောက် နေကောင်းလား စိမ်း၊ တလောဆီက စက်စဲမှာ တွေ့လိုက်တယ်"

"ဟင်"

လဲ့ဝင်းစကားကြောင့် စိမ်း ကြက်သေ သေသွားမိ၏။

"ကိုချမ်းနဲ့ မိန်းကလေး တစ်ယောက်လေ၊ သူ့ညီမလေး စန္ဒာလား၊ သီတာလား မသိဘူးကွာ၊ ခပ်လှမ်းလှမ်းကပဲ မြင်လိုက်ရတယ်၊ ကိုယ်တို့အဝင် သူတို့အထွက် ကားချင်းလွဲရင်းက လှမ်းမြင်လိုက်တာ"

"သြော် အင်း သီတာဖြစ်မယ် လဲ့ဝင်းရယ်"

ဣန္ဒြေမပျက် ပြန်ပြောရပေမယ့် စိမ်းရင်မှာ ဗလောင်ဆူနေပါပြီ။

ကိုချမ်း မန္တလေးမှ ပြန်ရောက်တာ နှစ်ရက်ပဲ ရှိသေးသည်။

လဲ့ဝင်းပြောတော့ စက်စဲမှာ တွေ့သည်ဆိုပါလား။

ဒါဆို မန္တလေးသွားတဲ့ကိုချမ်းဟာ စက်စဲမှာ ...

"အို"

"စိမ်း"

" ... "

"စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာဖြစ်လဲ၊ နေမကောင်းဘူးလား၊ မျက်နှာလဲ မကောင်းဘူး"

"အို ... ဟို ... ဟို ကောင်းပါတယ် လွဲ့ဝင်းရယ်၊ နေပူတော့ နည်းနည်းမောချင်လို့"

"အေးလေ ဝလာတဲ့လူတွေဟာ ပူတဲ့ဒဏ်ကို သိပ်မခံနိုင်ကြဘူးနော်၊ ကဲ အအေးသောက်လိုက်နော် စိမ်း"

နာနတ်သီး ဖျော်ရည်ကို ဟန်မပျက် ယူသောက်လိုက်ရ၏။

လွဲ့ဝင်းက ဘာမှသိပုံမပေါ်။

ရန်ကုန်မှာပင် နေသူမို့ သူငယ်ချင်း၏ ဒုက္ခကို သူမမြင်။

စိမ်းမှာသာ မငိုမိအောင် မနည်းချုပ်တည်းထားရ၏။

မိမိ၏ အရှက်ထုပ်ကိုလည်း မဖြေချင်တော့ပါ။

"ကိုချမ်းကိုပြောပါ စိမ်းရယ်၊ သတိရတယ်လို့"

"အိမ်လာခဲ့ပါဦး လွဲ့ဝင်းရယ်"

"အချိန်မရှိတော့ဘူးစိမ်းရဲ့၊ နက်ဖြန်ပြန်တော့မှာ သူဟိုမှာဖြစ်သလို စားနေရမှာ လွဲ့ဝင်းရှိမှပဲ၊ အဟင်း"

"လွဲ့ဝင်းတို့ အဆင်ပြေတယ်နော်"

"ကိုခိုင်က ကြင်နာတတ် ပျော်တတ်တဲ့လူလေ"

"ဝမ်းသာပါတယ်ကွာ၊ သက်မာတို့တော့ မန္တလေးရောက်သွားပြီ"

"သိတယ် သိတယ်၊ သက်မာ စာရေးသေးတယ်လေ၊ ဇာဇာကတော့ ကော့သောင်းတဲ့"





"အင်း ... ဟိုတုန်းကဘဝတွေ ပြန်သတိရတယ်၊ လွဲ့ဝင်းရယ် နော်"

"အချိန်အခါကိုလိုက်ပြီး အခြေအနေတွေဟာ အမြဲပြောင်းလဲနေတတ်တယ် စိမ်း"

"ဟုတ်ပါတယ်"

"စိမ်းတို့ကော အဆင်ပြေတယ် မဟုတ်လား"

"ဆိုပါတော့ကွာ"

"အမယ် ကိုချမ်းလို ရိုးသားကြိုးစားတဲ့လူကို ရထားတဲ့ စိမ်းက ဆိုပါတော့ကွာလို့ ခပ်အေးအေးလေး ဖြေလိုက်ပုံက"

"လွဲ့ဝင်းရယ် မင်းလဲ ခုနက အချိန်အခါအလိုက် အခြေအနေတွေ ပြောင်းလဲနေတယ်ဆို"

"အေးလေ၊ ဘာလဲ မင်းမှာ ဘာပြောင်းလဲနေလို့လဲ"

"ဩော် ဟောဒီ သုံးမရတဲ့ ခန္ဓာကိုယ် ပုံပျက်ကြီးကို ကြည့်ပါလား"

"ဝတာဟာ ဘာဖြစ်လဲကွာ၊ ဘာလဲ ကိုချမ်းက မကြိုက်ဘူးတဲ့လား"

"သူ့မှာ အဲဒီလို ပြောဖို့ကို အချိန်မရှိတဲ့လူပါ လွဲ့ဝင်းရယ်"

"အေးလေ ကိုချမ်းကတော့ တကယ့်စီးပွားရေးသမားပဲနော်၊ စီးပွားရေးသမားတွေဟာ သူတို့အလုပ်ထဲမှာ နစ်နေရရင် ဘာကိုမှ စိတ်မဝင်စားတော့ဘူး ဟုတ်လား"

"အင်း"

လွဲ့ဝင်းက သူ့အယူအဆနဲ့သူ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမှာသာ မချိသွားဖြဲလေးပြုံးရင်း နာနတ်သီးဖျော်ရည်ကို စိတ်မပါလှစွာ ဟန်မပျက် သောက်နေရ၏။

အရသာ ဘယ်လိုရှိမှန်းပင် လျှာက မခံစားရမိချေ။

"ဒါနဲ့ ... သမီးလေး နေကောင်းလား စိမ်း"

"ခုတော့ ကောင်းသွားပါပြီကွာ"

"ဘယ်အရွယ်ရှိပြီလဲ"

"ဆယ်လရှိပြီလေ"

"ဩော် ဩော် ကဲ စိမ်းရေ စကား ပြောလို့တော့ ကောင်းပါရဲ့၊ နက်ဖြန်ပြန်ဖို့အတွက် ပစ္စည်းတွေသိမ်းတန်သိမ်း၊ စုတန်စု လုပ်ရဦးမယ်ကွာ၊ သွားမယ်နော်"

"ကောင်းပါပြီကွာ"

"ဩော် ... စိမ်း"

"ဟင်"

"ဆရာဝန်နဲ့ ဆွေးနွေးလိုက်ပါ စိမ်းရယ်၊ ဒီထက် ဝလာရင် မကောင်းဘူး"

"အင်း ... စဉ်းစားနေတယ် လှဲ့ဝင်းရယ်"

"မစဉ်းစားနဲ့တော့ မြန်မြန် အကောင်အထည်ဖော် စိမ်းရေ့ တော်ကြာကိုချမ်းက ပစ်သွားဦးမယ်"

"ဟင်"

"သွားမယ်နော်"

"ဟုတ်"





ထွက်သွားသော လှဲ့ဝင်းကို ကြည့်၍ စိမ်းမှာ စိတ်နှင့်လူ မကပ်မိဘဲ ဖြစ်နေလေသည်။

ဆရာဝန်နဲ့ ဆွေးနွေးလိုက်ပါ စိမ်းရယ်။

ဒီထက်ဝလာရင် မကောင်းဘူး။

တော်ကြာ ကိုချမ်းက ပစ်သွားဦးမယ်။

အို ...

အသံတွေက ပဲ့တင်ထပ်နေသလို ကြားနေရ၏။

ဟုတ်တယ်၊ ငါ မရွှေစင်ဆီသွားမှပဲလေ။

အစားအသောက်ကို စနစ်ဇယားနဲ့ စားဖို့ ငါလိုက်နာရမှာ ဝန်လေးနေရင် ငါပဲ စိတ်ဆင်းရဲရမှာ။

ဒါလောက်ပုံပျက်ပန်းပျက် ဖြစ်အောင် ဝနေတဲ့ ငါ့ခန္ဓာကိုယ်ကြီးနဲ့ ကိုချမ်းက ဘယ်တွဲသွားချင်တော့မလဲလေ။

သူလည်း ရှက်ရှာမှာပေါ့။

အရင်က လှသလောက် အခု အရမ်းဝနေတဲ့ ငါ့ကို ကိုချမ်း စိတ်ပျက်သွားပြီလား။

မဖြစ်ပါဘူး။ ကိုချမ်းကိုလည်း အနီးကပ် အကဲခတ်မှပါပဲ။

ခုတလော ခြေမြန်နေတဲ့ ကိုချမ်းကို ငါ အလစ်မပေးသင့်တော့ဘူး။

ကြည့်စမ်း မန္တလေးဆိုပြီး စက်စဲမှာ တွေ့တယ်ဆိုတော့ ...

အို ... ဘုရား ... ဘုရား ဘာတွေဖြစ်ကုန်ပြီလဲ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

“ဟင်”

စိမ်း အကြောအချင်တွေ ရုတ်တရက် ရပ်ဆိုင်းသွားသလား ထင်ရ၏။

စာရွက်ကိုကိုင်ရင်း ကြက်သေသေနေမိ၏။

ခါတိုင်းဆို ကိုချမ်း အဝတ်တွေ မိညို သိမ်းနေကျ။ လျှော် နေကျ။

သည်နေ့မှ မိညိုမအားသဖြင့် စိမ်းက လျှော်ရန် သိမ်းပေး ခြင်းဖြစ်သည်။

ဗီရိုထဲမှာ အင်္ကျီချိတ်ဖြင့် ချိတ်ထားသော ရှပ်အင်္ကျီထဲမှ မမျှော်လင့်သော စာလေးတစ်စောင်။

စိမ်း ဒုတိယအကြိမ် ထပ်ဖတ်ကြည့်၏။

**ကိုကိုရေ**

ကျေးဇူးတင်ပါတယ်နော်။

ကိုကိုက သိပ်လိမ္မာတာပဲ။

ဒါကြောင့်လေ အေးက သိပ်ပြီးချစ်ရတာ။

ကိုကို ဝယ်ပေးတဲ့ ရင်ထိုးလေးကို အမြဲတပ်ထားမယ်နော်။

အေး တစ်သက်မှာ ဒါလောက် တန်ဖိုးကြီးတဲ့ ပစ္စည်းမျိုး တစ်ခါမှ မဝတ်ရဖူးပါဘူး ကိုကိုရယ်။ သိပ်ဝမ်းသာတာပဲ။





ပြော် ကိုကိုရေ ...၊ မနက်ဖြန်ကျရင် ရုပ်ရှင်ကြည့်မယ်နော်။

နန်းတော်ရှေ့က မွှေးအောင်လှတဲ့ ပန်းတဲ့။

ပွဲရုံတနေ အေး အရင်မသိမသာ ထွက်ခဲ့မယ်နော်။

ကိုကို ဆက်ဆက် လာခဲ့နော်။

အေး စောင့်နေမှာ။ မလာရင် စိတ်ဆိုးမယ်။

ကိုကို့အချစ်

တင်ရီအေး

စိမ်း နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေပါပြီ။

မျက်ရည်များက ဘယ်အချိန်ကတည်းက ခိုတွဲနေမှန်းမသိ။

“အင့်”

တစ်ချက်ရှိုက်လိုက်ရုံနှင့် မျက်ရည်များတာကျိုးသလို ပိုးပိုး ပေါက်ပေါက် ကျလာတော့၏။

ကိုချမ်းတို့က သည်အခြေတောင် ဆိုက်နေမှကိုး။

ခုတော့ ဖွတ်ထွက်ပြမှ တောင်ပို့မှန်း စိမ်းသိရပါပြီ။

အားရအောင် ငိုပြီးမှ စိမ်း မျက်နှာကို ကြွေကန်မှာ သစ်ပစ် လိုက်၏။

ပြီးမှ မျက်နှာကို အသင့်အတင့်ပြင်သည်။

အဝတ်အစား လဲသည်။

အဝတ်အစားများကလည်း ငါးတောင်ကွင်း၊ မလေးရှား အင်ဒိုနီးရှားပါတိတ်များ၊ ဒေဝီပါတိတ်များသာ ဝတ်ရသည်မို့။

ပေါ်လွင်ထင်ရှားသော အပွင့်အဆင်များနှင့် စိမ်းခန္ဓာကိုယ် နှင့် လိုက်ဖက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှေ့မှာ ကြာကြာလည်း မနေချင်။

ပုံမလာသော ခန္ဓာကိုယ်ကို မြင်ရတိုင်း ရင်ထဲမှာ နာလာရသည် မဟုတ်ပါလား။

အောက်ထပ်ရောက်တော့ ကလေးချီထားသော ပုပုကို

"ပုပု ... စိမ်း ရုပ်ရှင်သွားမလို့"

"ဟင်"

ပုပု ကြောင်နေ၏။

"သမီးကို ဂရုစိုက်နော် ပုပု"

"ကောင်းပါပြီ ... စိမ်းရယ်၊ ဒါနဲ့ ရုပ်ရှင်က တစ်ယောက်တည်းလား"

"ကိုချမ်း စောင့်နေလိမ့်မယ်"

"ဪ ... ဪ"

စိမ်း မဲ့ပြုံးလေးတစ်ခု ပြုံးမိရင်း ကားဂိုဒေါင်ရှိရာ ထွက်ခဲ့သည်။

တင်ရီအေးစာထဲက မနက်ဖြန်ဆိုတာ သည်နေ့မဟုတ်လား။

တွေ့ကြသေးတာပေါ့ကွယ်။

ပွဲရုံကို ဖုန်းမဆက်တော့။

ကိုယ်တိုင်လည်း သွားမတွေ့တော့ပါဘူး။

အသေချာဆုံး ရုပ်ရှင်ရုံမှာ စောင့်တာ အကောင်းဆုံးပဲ မဟုတ်လား။

တော်ကြာ ... ကိုချမ်းက ကြိုသိနေရင် ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ လိုမ့်သမျှ ခံနေရဦးမယ်။





ကိုချမ်းရေ မြစိမ်းခင်က အထူအအမဟုတ်ပါဘူးရှင်။

ကိုယ့်ခင်ပွန်းကို လေးစားတယ်။ အထင်ကြီးတယ်၊ ယုံကြည်စိတ်ချတယ်။

ဒါတွေကြောင့် ယောက်မ မြင်းစီးထွက်ပြလိုက်တာပေါ့။

ခုတော့ မြစိမ်းခင်ဟာ ကမ္ဘာလောကကြီးကို စိတ်ဝင်စားစွာနှင့် အပြင်ထွက်ခဲ့ပါပြီ။

ကားလေးကို ရုပ်ရှင်ရုံရှေ့ ကားထားရာနေရာတွင် ရပ်လိုက်သည်။

အနည်းငယ်စောသေးသဖြင့် လူရှင်းနေလေသည်။

ပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့် ကားကို ပြန်မောင်းထွက်ခဲ့၏။

ကြည့်စမ်း။

ငါ မှားတော့မလို့ပါလား။

ငါ့ကားကို မြောင်တိုက်ကြီး သွားရပ်ထားလို့ ဖြစ်မတဲ့လား။

ငါ့နှယ်နော် အလိုက်တာ။

အင်း သည်အနီးအနားက အသိအိမ် တစ်အိမ်အိမ်မှာ အပ်မှ။

အဲ ... ဟုတ်ပြီ။ ရှေ့က ဝပ်ရှော့မှာ အပ်မယ်။

အဲသည်ဆိုင်မှာ ပြင်နေကျမို့ အခက်အခဲ မရှိပါဘူး။

ကားအပ်ပြီး လမ်းလျှောက်ထွက်ခဲ့သည်။

ရုပ်ရှင်ရုံနှင့် ဝပ်ရှော့ဆိုင်က မီးတိုင်နှစ်တိုင်လောက်သာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဘုတ်ဆုံ"

"အန်တီဘုတ်"

"မဘုတ်ဆုံ တင်ဆုံကြီး"

"ဘာစားသလဲ မသိဘူးနော်"

"ဖွဲ့နုစားတယ် ထင်တယ်"

"မျက်နှာကလှတယ်၊ အဲ ကိုယ်လုံးကြီးက အယ်အယ်"

မထီတထီနောက်ပြောင်သံတွေကြောင့် စိမ်း ရှက်လည်းရှ... ဒေါသလည်း ထွက်မိ၏။

ငါ့ကိုယ်ဟာ သူများအမြင်မှာ ဟာသဖြစ်နေပါပေါ့လား...

တွေးရင်းပင် မျက်ရည်ဝဲချင်ချင်။

စိတ်ကို တင်းရင်း ရုပ်ရှင်ရုံနှင့်မျက်စောင်းထိုး အလှကုန်ဆ... ဆိုင်တစ်ခုမှာ မိတ်ကပ်တစ်ဘူး ဝယ်သလိုလိုနှင့် နေလိုက်သည်။

"ဟော"

တင်ရီအေး လာပါပြီ။

ခရမ်းနုရောင် ထိုင်းစစ်ဝမ်းဆက်နှင့်။

စိမ်းရပ်နေသော ဆိုင်ရှေ့မှ တစ်ဆိုင်ကျော်မှာ တင်ရီအေ... ဝင်သွားသည်။

စိမ်းကို မြင်ပုံမရ။

မြင်လည်း မှတ်မိပုံမရ။

ဟိုတုန်းကစိမ်းနှင့် အခုစိမ်းနှင့်က ကွာခြားနေပြီမဟုတ်လား...

ခဏအကြာမှာ တင်ရီအေးထွက်လာပြီး ဆိုင်ရှေ့မှာရပ်... လေသည်။





စိမ်း မဲ့မဲ့လေး ပြုံးမိသွားသည်။

တင်ရီအေးကတော့ ကန့်ဆိုင်ခြားမှာ စိမ်းကို လုံးဝ ဂရုမထားမိ။

စိမ်းဘက် မျက်နှာမူကာ ကိုချမ်းလာမည့်ဘက်ကို သဲကြီးမဲကြီးမျှော်နေလေတော့သည်။

မကြာခင်မှာ ကိုချမ်းလာပါပြီ။

ကိုယ်တော်ချောက ဆိုင်ကယ်စီးဦးထုပ်နှင့် ဆိုင်ကယ်ကို ဟန်ပါပါ စီးလာနေသည်။

စိမ်းက လမ်းဘေးသို့ ဆင်းချလာရင်း လက်တားကာ ခေါ်လိုက်၏။

"မောင်"

စိမ်းကို မြင်ရသဖြင့် ကိုချမ်းမျက်နှာ မည်းခနဲ ဖြစ်သွားသည်။

ဆိုင်ကယ်ကို စက်ရှိန်သတ်ရင်း ...

"ဟင် ... စိမ်းပါလား၊ ဘယ်သွားမလို့လဲ"

မေးရင်းနှင့် ကိုချမ်းက စိမ်းကိုကျော်၍ ကြည့်လိုက်သေးသည်။

မြင်ကြမှာပေါ့လေ။

တင်ရီအေးတော့ ဘယ်လိုနေမယ်မသိ။

စိမ်းက ကိုယ့်လုပ်ရပ်အတွက် ကျေနပ်နေမိသည်။

"ရုပ်ရှင်ကြည့်ချင်လို့ မောင်ရဲ့ ဝါဝါဝင်းရွှေလေ စိမ်းအကြိုက်ပေါ့၊ မိတ်ကပ်ဘူးဝယ်ရင်း အထွက်မှာ မောင့်ကိုမြင်ရတာ အတော်ပဲဖြစ်သွားတယ်။ လာ ... မောင် လက်မှတ်ဝယ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို တရစပ်ပြော၍ မောင့်ကို အကဲခတ်လိုက်၏။ ကိုချမ်းက ...

"အင်း ... အင်း"

ကြက်ကြီးအစာနင်သလို ရုတ်တရက်ဖြစ်သွားပြီးမှ

"လာလေ ... စိမ်း၊ ရုပ်ရှင်ရုံထဲ သွားရအောင်"

ပြောပြီး တင်ရီအေးကို ရုတ်တရက်မြင်ရပုံမျိုးနှင့်ကိုချမ်းက–

"ဟော ... တင်ရီအေးပါလား၊ ရုပ်ရှင်လာကြည့်တာလား။ အတော်ပဲ၊ လာ ... လာ ကိုယ်တို့နဲ့ ကြည့်ရအောင် ဒီမှာလေ စိမ်း၊ စိမ်း ... သူလေ တင်ရီအေး"

"ဩော် ... ဩော် အဟင်း တစ်ယောက်တည်းလား ဟင် တင်ရီအေး"

"အဟင်း ... ဟုတ်ပါတယ်။ တစ်ယောက်တည်းပါ"

ခနဲ့သံလေးနဲ့ တင်ရီအေးရယ်သံက တစ်မျိုး။

သုံးယောက်သား ရုပ်ရှင်ရုံအရှေ့မှာ ရပ်ပြီး ကိုချမ်းက လက်မှတ်သွားဝယ်နေစဉ် စိမ်းက ...

"တင်ရီအေး ရင်ထိုးလေးက လှတယ်နော် ဘယ်နှစ်သောင်းလဲဟင်"

ဖြုန်းခနဲ မေးလိုက်သဖြင့် တင်ရီအေး ရုတ်တရက် ဘာပြောရမှန်းမသိ။

စိမ်းက ရင်ထိုးလေးကို ကိုင်ကြည့်ရင်း ...





"စိန်အကြေတွေနဲ့ လုပ်ထားပေမယ့် လှသားပဲနော်၊ ခုကာလ ပေါက်ဈေးနဲ့ဆိုရင် နှစ်သောင်းကျော်ကျော်လောက်တော့ ပေးရလိမ့်မယ် ထင်တယ်"

"စိမ်းမှာ တလောက ဘယ်နားထားမိမှန်းမသိဘဲ ပျောက်သွားတဲ့ ရင်ထိုးလေးက စကယ့် စိန်သန့်သန့်နဲ့ လုပ်ထားတာလေ လေးသောင်းကျော် တန်တယ်၊ ဟင်း ...ဟင်း ဒါဘယ်လောက်ပေးရလဲဟင် တင်ရီအေး"

"ဟို ... ဟို မိတ်ဆွေတစ်ယောက်ဆီက လက်ဆောင်ရတာပါ စိမ်း"

"အို့ ဟုတ်လား၊ သောင်းကျော်တန် ရင်ထိုးကို လက်ဆောင်ပေးတဲ့ မိတ်ဆွေဆိုတော့ နှယ်နှယ်ရရ မဟုတ်ပါလားနော်၊ သိပ်ရင်းနှီးကြတယ် ထင်ပါရဲ့ ဟင်း ... ဟင်း"

စိမ်းအပြောကြောင့် တင်ရီအေး မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ပြီးမှ မျက်နှာလေးမော့ကာ ခါသလို လုပ်ပစ်ရင်း ...

"ကျွန်မ ချစ်သူပါ စိမ်း"

"အို ... ဟုတ်လား၊ ဆောရီးနော်၊ စိမ်း စပ်စုသလို ဖြစ်သွားတယ်"

"ကိစ္စမရှိပါဘူး"

"တင်ရီအေးချစ်သူက သောင်းတန် စိန်ရင်ထိုးကို လက်ဆောင်ပေးထားပေမယ့် သိပ်ဂရုမစိုက်ဘူး ထင်ပါရဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ"

"ဩော် ဘာဖြစ်ရမှာလဲကွယ်၊ သူ့ချစ်သူတစ်ယောက်တည်း ရုပ်ရှင်လာကြည့်ရတာ ဘယ်လောက် ကြောင်တောင်တောင် နိုင်မလဲဆိုတာ စဉ်းစားဖို့ ကောင်းတာပေါ့ကွယ်၊ မဟုတ်ဘူးလား"

"အင်"

တင်ရီအေး၏ မရှုနိုင် မကယ်နိုင် အမူအရာကို စိမ်းက အရသာခံ၍ ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။

သူတစ်ပါး၏ လင်သားကို ကြောင်တောင်နှိုက်ဝံ့သော တင်ရီအေး၏ မျက်နှာကို သေသေချာချာ ကြည့်ပစ်လိုက်၏။

စိမ်း၏ အကြည့်ကို တင်ရီအေး ရင်မဆိုင်ရဲရှာ။

ခေါင်းလေးငုံ့သလိုလို မျက်နှာလွှဲသလိုလိုနဲ့ တခြားကို ငေးနေလေသည်။

အပြစ်ရှိသူဆိုတော့ မျက်နှာငယ်ရသည်မှာ ထုံးစံမဟုတ်ပါလား။

"ကဲ လာ လာ၊ ရှိပြီ စိမ်းရေ၊ တင်ရီအေးအတွက်ပါ ကိုယ်တို့နဲ့တစ်ဆက်တည်း ဝယ်လာခဲ့တယ်၊ ရော့"

ကိုချမ်းက တင်ရီအေးလက်ထဲ လက်မှတ်လေးတစ်စောင် ကမ်းပေးရင်း ပြောကာ ထွက်သွား၏။ စိမ်းက

"ခဏလေးမောင် အချဉ်ထုပ်ဝယ်ဦးမယ်"

ရုပ်ရှင်ကြည့်ရင်းစားရန် အချဉ်ထုပ်၊ နေကြာစေ့ ကွာစေ့ လှော်များ ဝယ်လိုက်သည်။





ရုံထဲရောက်၍ ထိုင်ကြတော့ စိမ်းက အလယ်နေရာကို အကင်းပါးစွာဖြင့် ဦးအောင် ထိုင်လိုက်သဖြင့် ကိုချမ်းနှင့် တင်ရီအေး တစ်ဖက်စီဖြစ်သွားတော့၏။

ရုပ်ရှင်က အလွမ်းပိုင်သော ဝါဝါဝင်းရွှေကြောင့် စိမ်းပင် မျက်ရည်ဝဲရ၏။

ရုပ်ရှင်ပြီးတော့ စိမ်းက ...

"တင်ရီအေး ဘယ်ကိုပြန်မှာလဲ"

"မောင်ငံကိုပါ"

"ဩော် ... စိမ်းက လမ်းကြုံရင် ပို့ပေးမလို့ပါ၊ ခု လမ်းမကြုံဘူး၊ ကဲ ... သွားမယ်နော်"

တင်ရီအေး ပြုံးမဲ့မဲ့လေးကျန်ခဲ့၏။

ကိုချမ်းက တင်ရီအေးအား အဓိပ္ပါယ်များစွာပါသော အကြည့်တစ်ချက်ဖြင့်ကြည့်ပြီး စိမ်းနောက် ပါလာ၏။

"စိမ်း"

"ဟင် ... ဘာလဲမောင်"

"စိမ်း ပြန်နှင့်နော် မောင်ကိစ္စလေး တစ်ခုရှိသေးလို့"

"ဘာကိစ္စလဲ"

"ကုန်ကိစ္စပါ၊ လူတစ်ယောက်နဲ့ ချိန်းထားလို့"

"ရတယ်လေ၊ စိမ်းအားနေသားပဲ စိမ်းပါလိုက်မယ်"

စိမ်းစကားကြောင့် ကိုချမ်း မျက်နှာ မည်းခနဲဖြစ်သွားရင်း

"နေရာက ဘားတစ်ခုမို့ စိမ်းရဲ့ မိန်းမသားနဲ့ မသင့်တော်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်လား၊ ဒါဆို စိမ်းပြန်မယ်နော်"

"အင်း အင်း"

စိမ်း ခပ်လွယ်လွယ်ပင် ယုံသလို ဟန်ဆောင်ပြောလိုက်သည်။

စိမ်းစကားကြောင့် ကိုချမ်းမျက်နှာ ချက်ခြင်းကြည်သွားရှာ မဟုတ်လား။

"သွားမယ်နော် မောင်"

"ကောင်းပြီ ... စိမ်း"

ဝပ်ရှော့ထဲမှ ကားကိုအသာလေး မောင်းထွက်ခဲ့၏။

ပြီး အိမ်မပြန်သေးဘဲ မောင်ငံသွားမည့် လမ်းတစ်ဝက်လောက်ဖြစ်သော ဈောင်လေးပင်ရပ်နားတွင် မယောင်မလည်စောင့်ကြည့်လိုက်သည်။

မကြာမီ ကိုချမ်းနဲ့ တင်ရီအေးကို ဆိုင်ကယ်ပေါ်မှာ တွဲလျက်တွေ့ရလေတော့၏။

စိမ်း နှုတ်ခမ်းကို ခပ်နာနာ ကိုက်လိုက်မိလေသည်။

❦ ❦ ❦



"ဟော့ ... ရှုး ... ဟိုမှာ ဟိုမှာ"

အနားမှ အမျိုးသမီးနှစ်ဦး၏ ခပ်ကျိတ်ကျိတ် ညွှန်သံကြောင့် အဝတ်စတစ်ခုကို ကိုင်ကြည့်နေသော စိမ်း ဖျတ်ခနဲ ယောင်တောင်တောင် လိုက်ကြည့်မိ၏။

နေရာက မိုင်ဒါဈေးအတွင်းမှ အထည်ဆိုင်တစ်ခုမှာ ဖြစ်သည်။

နွေရာသီဝတ် ပိုင်ရှုံအစများကို အဆင်ရွေးနေသော စိမ်းမှာ နံဘေးမှ အမျိုးသမီးအသံကြောင့် ကြည့်လိုက်ရာမှ ...

"ဟင် ... တင်ရီအေးပါလား"

စိတ်ထဲမှ ရေရွတ်မိရင်း အသာနားစွင့်နေလိုက်သည်။

"တင်ရီအေးတို့ အပြတ်ထောနေတယ်"

"ထောဆို သူကအရမ်းလည်တာ၊ ဂျင်ပေါ်မှ ထုံးပဲ"

"သူ့ဘေးက အဘိုးကြီးက ဘယ်သူလဲ နီနီ"

"အဲဒါပေါ့ သူ့အလုပ်ရှင်လဲဟုတ်၊ သူ တိတ်တိတ်ကလေး ယူထားတဲ့ ယောက်ျားလဲဟုတ်တဲ့ ဦးထွန်းမောင်တဲ့"

"ဟင် ဟုတ်လား၊ တစ်ခါတုန်းက ဝေကြားရတာ သူ့ဦးလေးတော်သလိုလို ဆိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... ခုခေတ်မှာ သမီးရဲ့ဦးတွေအများကြီးလေ ဝေရဲ့"

"ဩော် ... ဩော် တင်ရီအေးကတော့ သိပ်လျင်တာပဲ"

"လျင်ဆို အခုတခြားတစ်ယောက်နဲ့လဲ တွဲနေတာမြင်ရသေးတယ်လေ"

"ဟင် ... သူ့အဘိုးကြီးက မသိဘူးလား"

"အဲဒါတော့ မသိဘူးကွ၊ သူတို့ဟာက ခပ်ရှုပ်ရှုပ်၊ သူတွဲတဲ့ နောက်လူဟာ သူ့အဘိုးကြီးပွဲရုံနဲ့ ကပ်လျက်ပွဲရုံက သူဌေးနဲ့တဲ့လေ"

"လုပ်လှချည်လား"

"အင်း ... တင်ရီအေးတို့ တစ်သက်တာ ဖူလုံဖို့ ပွပေါက်ကြံတာ နေမှာပေါ့"

"သူ မပွဘဲ ကိုယ်ပွကျန်ခဲ့မှ"

"တင်ရီအေးလို မိန်းကလေးရဲ့ ရာဇဝင်မှာ ခံလိုက်ရတယ်ဆိုတာ မကြားဖူးသေးဘူးဟ၊ အခုထိတော့ သူအသာစံနဲ့ ရနေတာပဲ မြင်နေရတယ်မဟုတ်လား"

"ကုသိုလ်ကလဲနော်"

"အဲဒီကုသိုလ်မျိုးတော့ ရွံလွန်းလို့ကွာ၊ သူများ အသိုက်အမြုံကို အတင်းဝင်မွှေတဲ့ အလုပ်ဟာ ဘုရားမကြိုက် လူမကြိုက်တာကြီး"

"အင်း ... လောကကြီးမှာ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့ လူစားတွေလိုပေါ့လေ၊ တင်ရီအေးက အလွယ်လမ်းကို လိုက်သွားပြီ"





"ကဲ ... တင်ရီအေး အကြောင်းတော်ပြီ၊ လာ ... သွားစို့၊ ဟိုဘက်ဆိုင်တွေ သွားကြည့်ရအောင်"

အမျိုးသမီးနှစ်ဦး ထွက်သွားသည့်တိုင် စိမ်းမှာ ဆွံ့၊ အ၊ သူပမာ ကျန်ရစ်ခဲ့လေသည်။

"အစ်မကြီး ဘယ်အစကို ယူမလဲ"

စျေးသည်လေး မေးမှ ...

"ဩော် ... အင်း ...အင်း ဒီအဆင်သုံးခု တစ်ကိုက်စီ ဖြတ်ပါကွယ်"

စျေးသည်ဖြတ်ပေးသော အဝတ်စကို ယူ၍ ငွေရှင်းပြီး စိမ်းထွက်ခဲ့၏။

ဘယ်သွားရမှန်းပင်မသိ။

ပွဲရုံရှိရာသို့ သွားရင်ကောင်းမလား။

ခုအချိန်မှာ ကိုချမ်း ဘာလုပ်နေမလဲ။

မသိမသာ ချောင်းလို့ သင့်တော်ပါ့မလား။

ခက်တာက စိမ်း အနေနှင့် ပွဲရုံကို တစ်ခါမှ မသွားတတ်ခဲ့ခြင်းပင်။

သွားစရာလည်း အကြောင်းမရှိဘဲကိုး။

ဖေဖေလက်ထက်ကတည်းက အခု ကိုချမ်းလက်ထက်အထိ စိမ်း ပွဲရုံကို မရောက်ဘူးခဲ့ချေ။

တစ်ပတ် တစ်ခါလောက် စျေးဝယ်လာလျှင်လည်း မိုင်ဒါ စျေး၊ ဒေါင်းမင်းစျေး၊ စျေးသစ်တို့လောက်သာ ရောက်ဖြစ်သည်။

ပွဲရုံများ ရှိရာဘက်သို့ တစ်ခါမှ မရောက်ဖြစ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အို — ဘာဖြစ်လဲ ကိုယ့်ပွဲရုံ ကိုယ်သွားတာပဲ။

ကိုယ့်ယောက်ျားဆီ ကိုယ်သွားတာပဲ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ။

အင်း ... ဘာကိစ္စလဲလို့ မေးရင် ဘယ်လိုဖြေရင်ကောင်းမလဲ။

လမ်းကြုံလို့ ပြောရအောင်ကလည်း လမ်းမကြုံပါဘူး။

မတော် ကိုချမ်းက သူ့ကို တမင်လာချောင်းမှန်း ရိပ်မိသွားရင် မဖြစ်သေးပါဘူးလေ။

အို ... မနက်ဖြန်မှပဲ နေ့လယ်ထမင်းချိုင့်ပို့သလိုနဲ့ သွားတော့မယ်။

သည်နေ့တော့ ရှိစေတော့လေ။

သွားရင်လည်း သိပ်ထူးခြားမှာ မဟုတ်ပါဘူး။ တင်ရီအေးက သူ့အဘိုးကြီးနဲ့ ဈေးထဲမှာ ချွဲလို့ကောင်းနေပြီ မဟုတ်လား။

ညနေ ထမင်းစားသောက်ပြီးတော့ စိမ်းက

"ဒီနေ့ ဒေါင်းမင်းရုပ်ဈေးထဲ စိမ်းရောက်ခဲ့သေးတယ်"

"အင်း"

"တင်ရီအေးကို အဘိုးကြီးတစ်ယောက်နဲ့ တွေ့လိုက်ရတယ် မောင်ရဲ့"

ပြောရင်း အကဲခတ်လိုက်သည်။

ကိုချမ်းက မျက်နှာ တစ်မျိုး ဖြစ်သွားတာကို ဟန်မပျက်နေရင်း။

"ဟုတ်လား ... သူ့ဦးလေး ဖြစ်မှာပေါ့၊ သူတို့က ခဏခဏ ဈေးသွားဝယ်နေကျပဲ"





"စိမ်းဝယ်နေတဲ့ ဆိုင်ရှေ့က အမျိုးသမီးနှစ်ယောက်က တင်ရီအေးနဲ့ သိပုံရတယ်။ ပျစ်ပျစ်နှစ်နှစ်နဲ့ ဝေဖန်လို့လေ"

စိမ်းစကားကြောင့် ကိုချမ်းက စိတ်ဝင်စားလာဟန်ဖြင့် ...

"ဘာတဲ့လဲ သူတို့က"

"ဩော် ... တင်ရီအေးနဲ့ အဲဒီလူကြီးနဲ့ မရှင်း မရှင်း ဖြစ်နေသလိုလို ပြောနေကြတာပါ"

စိမ်းစကားကြောင့် ကိုချမ်းက ဟက်ခနဲ ရယ်ရင်း ...

"အလကားပါကွာ ... တင်ရီအေး အလုပ်ကလေး အကိုင်ကလေးနဲ့ ဝတ်နိုင် စားနိုင်ဖြစ်တာကို သက်သက် မနာလို ဖြစ်ကြတာပါ၊ တင်ရီအေးဟာ သိပ် ရိုးသားပြီး ဆင်းရဲနွမ်းပါးလို့ သနားစရာ ကောင်းပါတယ်ကွာ"

ကဲ ... ကောင်းရော။

စိမ်း ဘာပြောရတော့မည်နည်း။

ဒါပေမဲ့ ... မလျှော့ချင်သေးတာမို့ ...

"တင်ရီအေးတို့က ဆင်းရဲလား ဟင်"

"အင်း"

"စိမ်းတော့ အံ့သြမိတယ်"

"ဟင် ... ဘာကိုလဲ"

"ဆင်းရဲတဲ့ မိန်းကလေးက ဟိုတလောက ရုပ်ရှင်တူတူကြည့်ရတုန်း ဝတ်ထားတဲ့ စိန်ရင်ထိုးလေးက ဖျပ်ဖျပ်ခါလို့ မောင်ရဲ့"

"အင်"

စိမ်းစကားက အချက်ကို မှန်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်း ဘာစကားမှ မဆိုနိုင်ဘဲ စာအုပ်ကို ဟိုလှန် သည်လှန် လုပ်နေ၏။

ခဏကြာမှ ...

"ဒါတော့ သူ့ကုသိုလ်နဲ့ သူ ဖြစ်မှာပေါ့ကွာ"

ကိုချမ်းက စိတ်မပါသလို ပြောသည်။

စိမ်းက မသိမသာ ပြုံးရင်း ...

"အဲဒီကုသိုလ်မျိုးတော့ ကံကောင်းလိုက်တာနော်"

"စိမ်းကလဲကွာ၊ ကိုယ်နဲ့ မဆိုင်ပါဘူး"

ကိုချမ်းက စိတ်တိုချင်သလိုလို အသံနှင့် ပြောသဖြင့် စိမ်း ထောင်းခနဲ ဖြစ်သွားရ၏။

သို့သော် အချိန်မီ စိတ်ကို ထိန်းလိုက်ရင်း ဘာမှမဖြစ်သလိုနှင့် ...

"အေးလေနော် ... စိမ်းတို့နဲ့ မဆိုင်ပါဘူး၊ အဟင်း"

ခပ်ပေါ့ပေါ့ပင် ပြောပစ်လိုက်မိ၏။

ညာထားဦးပေါ့ ကိုချမ်းရေ။

စိမ်း ဘယ်လောက် ခြေသွက်တယ်ဆိုတာ မကြာခင် သိရမယ်လေ။

နောက်တစ်နေ့ ... နေ့လယ် ထမင်းချိုင့်လာယူသော ကောင်လေးအား ...

"မမကို တစ်ခုလောက် ကူညီပါကွယ်"

ဟု ဆိုကာ သမီးအကျီအပ်ထားတာကို သွားရွေးခိုင်းလိုက်ပြီး စိမ်း ကိုယ်တိုင် ထမင်းချိုင့်ဆွဲကာ ပွဲရုံသို့ လာခဲ့၏။





ကားမယူဘဲ ဆိုက်ကားငှား၍ လာခြင်းဖြစ်၍ ဘယ်သူမှ စိမ်းကို ဂရုမစိုက်၊ သတိမထားမိကြချေ။

ဆိုင်ရှေ့ရောက်တော့ ဆိုင်းဘုတ်ကို အရင် မော့ကြည့်မိ၏။

ပင့်ကူမျှင်များ ယှက်သန်းနေသော ချမ်းသာပွဲရုံက ညှိုးညှိုး မှိန်မှိန်။

ဟိုမှာဘက် ကပ်လျက်မှာတော့ တောက်ပြောင်ထင်ရှားသော ဆေးရောင်များဖြင့် ပေါ်လွင်နေသော ထွန်း ပွဲရုံ။

စိမ်း မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ဖခင်၏ လက်ငုတ်လက်ရင်းများ ညှိုးမှိန်နေပါရော့လား။

ပွဲရုံထဲ လှမ်းဝင်လိုက်သည့်တိုင် စိမ်းကို တစ်ယောက်မှ မမြင်ကြသေး။

လူ လေးငါးယောက်စုပြီး သဲကြီးမဲကြီး ကျားထိုးနေကြ၏။

ပွဲရုံစာရေးမှလွဲ၍ တစ်ယောက်မှ စိမ်း မသိ။

အလုပ်သမားများ ဖြစ်ကြမည်။

မန်နေဂျာ အခန်းရှေ့မှာ ကစားနေကြခြင်း ဖြစ်သည်။

စိမ်းကလည်း အသံမပေး။ နေရာလည်း မရွေ့ဘဲ ပွဲရုံ အတွင်း၏ ခြောက်ကပ်ကပ်နိုင်မှုကို ဖြန့်၍ ကြည့်လိုက်၏။

ကုန်တွေကလည်း ရှိတယ်ဆိုရုံ နည်းနည်းပါးပါးပင်။

ဟိုတစ်စု သည်တစ်စုနှင့် ဖြစ်ကတတ်ဆန်းနိုင်လှစွာ ထားသို ထားလေသည်။

အို ... ချမ်းသာပွဲရုံက သည်လောက်တောင် အခြေအနေ ဆိုးနေပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ငါ လေ့လာမိရင် သိပ်ကောင်းမှာပဲ။

ခုတော့ သည်အခြေတောင် ဆိုက်နေပြီကောကွယ်။

ရင်နာစရာ ကောင်းလိုက်တာ။

ဖေဖေကတော့ သူ့သမက်ကို အထင်ကြီး တစ်ခွဲသားနဲ့ *တရားရိပ်မှာ အေးဆေးနေပြီမဟုတ်ပါလား။*

"ဟင် ... မမ"

တအံ့တသြ အသံကြောင့် ငိုင်ငေးနေသော စိမ်း သတိဝင်လာရပြီး သူ့အား မျက်နှာပျက်စွာနှင့် ခေါ်လိုက်သော စာရေးကို အသာပြုံးပြကာ ...

"သြော် ... မောင်အေးရေ မင်း ဆရာရှိလား၊ ထမင်းချိုင့်လာပို့တာပါကွယ်"

"ဟုတ် ... ဟုတ် ... ရှိ ... ဟို ... ဟို"

ထစ်ထစ်ငေါ့ငေါ့ နိုင်လှသော မောင်အေးကြောင့် ...

"ဟဲ့ ... ဘာဖြစ်လဲ မောင်အေး"

"သြော် ... ဘာ ... ဘာမှ မဖြစ်ပါဘူးဗျ"

"ကုန်တွေ နည်းနေတယ်နော်"

"ဟုတ်ကဲ့ ... ခုတလော ကုန် အဝင်ပါးနေတယ် မမ"

"သြော် ..."

စိမ်းက ခေါင်းညိတ်ရင်း ခုတလော အိမ်မှ ငွေတွေကို ကိုချမ်းခဏခဏ ဆွဲနေတာပဲ။

ကုန်ဖိုးရှင်းတယ်ဆိုပြီး။

တကယ်လဲ မဝင်တဲ့ ကုန်တွေကို ပါးစပ်နဲ့ပဲ ရှင်းနေတာကိုး။





"မင်းဆရာ အခန်းထဲမှာလား"

"ဟင်"

စိမ်း အမေးက မောင်အေးအား တွန့်ခနဲ ဖြစ်စေရအောင် ဆေန်းတာမို့ စိမ်းက ဆတ်ခနဲ ကြည့်လိုက်ရင်း ...

"ဘယ်လို ဖြစ်နေတာလဲ မောင်အေး"

"ဟို ... ဧည့် ဧည့်သည် ရှိနေလို့ပါ မမ"

"အမယ်လေးကွယ်၊ ဧည့်သည်ရှိလဲ ဘာအရေးလဲ၊ ငါက သူ့မိန်းမပဲဟာ၊ မင်းပုံစံက တစ်ခါတည်း စနက်တံ ဖြုတ်ထားတဲ့ ဗုံးကို ကိုင်မိတဲ့ မျက်နှာနဲ့"

စိမ်းက ခပ်နောက်နောက် ပြောရင်း မန်နေဂျာဟု ရေးထားသော အခန်းဆီ ခြေလှမ်းလိုက်၏။

ခုနက အလုပ်သမားသုံးယောက်က အခန်းထောင့် ခပ်လှမ်းလှမ်းမှ ပြူးကြောင်ကြောင် လှမ်းကြည့်နေရုံမက တိုးတိုးနှင့်...

"ဆရာကတော်တဲ့ဟေ့"

"ဟူး ... အန်တီဘုတ်အယ်ကြီး"

"အေးကွာ ... ဝတာကလဲ စိတ်ညစ်စရာကြီးကွာ"

"ဒါကြောင့် ဆရာ ခြေပုန်းခုတ်တာကိုး"

"ရှူး"

"အထဲမှာ ရှိနေတယ် ဟုတ်လား"

"ပွဲကြီးပွဲကောင်းပဲ ထင်တယ်"

"အသာနေ စကားမများနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စသော အသံများကို တမင် နားစွင့်ထားသဖြင့်သာ ကြားရခြင်းပင်။

စိမ်း နားလည်လိုက်ပါပြီ။

အခန်းထဲမှာ တင်ရီအေး ရှိနေပြီပေါ့။

အခန်းရှေ့ရောက်တော့ ဆင်နားရွက်တံခါးကို ဆွဲဖွင့်ပြီးမှ နောက်ထပ်ကာထားသော လိုက်ကာ ထူထူကို ဆွဲဖယ်လိုက်၏။

"ဟင်း ... ဟင်း"

"ခစ် ... ခစ်"

"အဟမ်း"

"ဟင်"

"ဟင် ... စိမ်း"

မြင်ကွင်းက ရှင်းလှသည်။

မြင်ကွင်းကျယ်ပါ။

စတီး ဆွဲချိုင့်လေးတစ်ဆစ် အလယ်မှာ ထားကာ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ခွံ့ပေးနေကြသည် မဟုတ်ပါလား။

စိမ်း မျက်လုံးများထဲ သဲကြမ်းများ ဆုပ်ပက်ကြဲပစ်ခြင်း ခံလိုက်ရသလို မိုက်ခနဲ စူးခနဲ ဖြစ်သွားရ၏။

ရင်ထဲကလည်း ကျဉ်ကျဉ်ခိုက်ခိုက်မှု အောင့်ရှ သွားမိလေသည်။

စိမ်း ခြေတွေက ရွေ့လျားဖို့မရနိုင်အောင် လေးလံနေရှာလေပြီ။

ဉာဏ်ဝင်းစာပေ



အခန်းဝမှာ သတိကင်းစွာ ရပ်နေမိခြင်းပါ။

အားလုံး နားလည်လိုက်ချိန်မှာ အလွန့်အလွန် နောက်ကျသွားပြီဖြစ်ကြောင်း သိလိုက်ရပါပြီ။

ကိုချမ်းက ထရမလို ထိုင်ရမလိုနှင့် ကြောင်အမ်းအမ်း။

တင်ရီအေးမှာတော့ မျက်နှာခပ်ပြောင်ပြောင်နှင့် ပခုံးလေး တစ်ချက်တွန့် မျက်စလေးချီ နှုတ်ခမ်းလေးမဲ့ရင်း မခို့တရို့ မထီတထီ ပြုံးနေလေသေးသည်။

စိမ်း မျက်လုံးအိမ်ဝယ် မျက်ရည်များ ချက်ချင်း လျှမ်းတက်လာ၏။

"စိမ်း"

ကိုချမ်းက ခေါ်ပြီး ထရန်အလုပ် တင်ရီအေးက ...

"ကိုကို"

ဟု ခေါ်ပြီး ကိုချမ်းလက်ကို လှမ်းဆွဲလိုက်၏။

စိမ်း ဆက်လက် ရပ်နိုင်စွမ်း မရှိတော့။

ချာခနဲ လှည့်ထွက်ခဲ့တော့၏။

မျက်ရည်များက အဖိတ်ဖိတ်အစဉ်စဉ် လွင့်ကျန်ရစ်ခဲ့လေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ စိမ်း အားပါးတရ လူးနေအောင် ငိုမိသည်။

မကြာခင် ကိုချမ်း ရောက်လာသည်။

"စိမ်း"

ခေါ်ရင်း အခန်းထောင့်ရှိ ဆက်တီတွင် ကိုချမ်း ဝင်ထိုင်သည်။

စိမ်းက ကိုချမ်းမျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ငေးမော ကြည့်နေမိသည်။

အံ့ဩခြင်း၊ မမျှော်လင့်ခြင်း၊ ရင်နာကြေကွဲခြင်း၊ နာကြည်း ရွံရှာခြင်း။

စသော ခံစားချက် ပေါင်းစုံကာ ကြည့်မိ၏။

အားရအောင် ငိုပစ်လိုက်ပြီမို့ အနည်းငယ် တည်တည် ငြိမ်ငြိမ် ရှိလာပါသည်။

ဘယ်ကစ၍ ပြောရပါ့မလဲ။

စိမ်း ရုတ်တရက် စဉ်းစားမရ။





ပင့်ကူမျှင် ဇရပွနှင့် ကြွက်ကိုက်ရာများဖြင့် မွမွကြဲနေသော ပွဲရုံက ကုန်အိတ်အပေါက်အပြဲများကြောင့် ပွဲရုံကိစ္စကိုပဲ အရင် ပြောရမလား။

ရင်ထဲမှ အသည်းနှလုံးကို အနင်းခံ အခြေခံ ဖြစ်ရသည့် ကိစ္စက ကမ္ဘာမီးလောင်တမျှ အရေးကြီးနေပါသော်လည်း ကိုယ်က အရေးကြီးနေပုံကို သိပ်ပြီး မပြချင်။

မိန်းမ မာနက တလူလူ တက်လာ၏။

မုန့်သာဝေစားမယ်၊ အချစ်ကို မဝေမျှနိုင်ပါဟု ဆိုထားပါ သော်လည်း ကိုယ့်ကိုမှီ၍ လူမွေးပြောင်လာသူမို့ သူဟာ ကိုယ့် အတွက် အသေးအမွှားပါဟု သိစေချင်သည်။

ခေါင်းငိုက်စိုက်ကျနေသော ကိုချမ်းကို ခပ်စူးစူးကြည့်ပစ်ရင်း

"ကိုချမ်း"

"ဟင်"

"စိမ်း ပြောရမလား၊ ကိုချမ်း ပြောတာ နားထောင်ရမလား"

"ကိုယ် ပြောပါရစေ စိမ်း"

"ကောင်းပြီ ... ပြော"

"အေးနဲ့ ကိုယ့်အခြေအနေက နောက်ဆုတ်လို့ မရတော့ဘူး စိမ်း"

"ဟင် ..."

စိမ်း ကိုချမ်းမျက်နှာကို ငေးငေးလေး ကြည့်နေမိ၏။

သြော် ... နောက်ဆုတ်လို့ မရတော့ဘူးတဲ့လား။

ဒါဆိုရင် ရှေ့တိုးတော့မယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စိမ်း စိုက်ထုတ်ပေးခဲ့တဲ့ အရင်းအနှီးနဲ့ သူဟာ ဘဝတစ်ခုကို ထပ်ပြီး ထူထောင်တော့မယ်ပေါ့လေ။

တရားကျစရာ ကောင်းလိုက်ပါဘိ။

"အေး ဟာ သနားစရာပါ စိမ်းရယ်"

"ဩော် ..."

စိမ်း နာကြည်းစွာပြုံး၍ ခေါင်းညိတ်မိ၏။

သနားစရာကောင်းတယ်ဆိုတဲ့ မိန်းကလေးက ကြောင်တောင် နှုတ်ဝှံ့လှချည်လား။

ထီမထင်ဟန်မျက်နှာပေးနဲ့ နေပြတတ်လှချည်လား။

ဒါတွေဟာ သနားစရာလား။

စိမ်း စိတ်ထဲတွေးမိရင်း ကိုချမ်းကို သနားစရာ သတ္တဝါ တစ်ကောင်လို မြင်လာမိလေသည်။

ဩော် ... သူ့မှာ တင်းရီအေးလှိုမ့်သမျှ ပစ်ပြီးယုံနေတာကိုး

"ကိုချမ်း"

"ဟင်"

စိမ်း တစုံတခု ပြောရန် ပါးစပ်ပြင်ရုံရှိသေး အောက်ထပ်မှ ပုပုအသံကြောင့် နားထောင်လိုက်မိ၏။

"စိမ်းရေ၊ ကိုချမ်းအမေ အသည်းအသန်ဖြစ်လို့တဲ့"

"ဟင်"

လက်ရှိအခြေအနေကို ခေတ္တမေ့သွားကာ အောက်ထပ်သို့ အပြေးလေး ဆင်းခဲ့ကြ၏။





အောက်ထပ်တွင် သာယာကုန်းမှ ဦးရွှေမောင်၏ညီ ဦးရွှေအောင်ကို တွေ့လိုက်ရသဖြင့် ကိုချမ်းက ...

"ဦးလေး ... အမေဘာဖြစ်တယ်"

"ရုတ်တရက် မူးလဲသွားတာ၊ ခုထိ သတိမရသေးဘူးကွယ့်"

"အခု ခေါ်လာသလား ဦးလေး၊ ဆေးရုံမှာလား"

"အိမ်မှာပဲ မုဒုံကဆရာဝန်ကို ခေါ်ထားတယ်"

"ဟာ ... ဒီကို တစ်ခါတည်း ခေါ်လာလိုက်ရောပေါ့ဗျာ"

"လူနာအခြေအနေက မကောင်းဘူး ကိုချမ်းရ"

"ဗျာ"

"ကဲ ... ကဲ၊ လာ ... လိုက်ခဲ့ အမြန်ဆုံးသွားရအောင်"

"ခဏ ဦးလေး ... အဝတ်အစားတစ်ချို့နဲ့ ပိုက်ဆံယူဦးမယ်"

ကိုချမ်း ကပျာကယာ အမူအရာပျက်လှစွာ ပြောရင်း အပေါ်ထပ် တက်ပြေးသွားပြန်၏။

စိမ်းမှာ ဝသော ခန္ဓာကိုယ်ကြောင့် ကိုချမ်းနောက် မလိုက်ဖြစ်တော့။

သူ့ဟာသူ အဆင်ပြေသလို ယူသွားပါစေတော့လေ။

"အခြေအနေ အတော်လေးဆိုးလား ဦးလေးရယ်"

စိမ်းက ဦးရွှေအောင်ကို မေးလိုက်၏။

"သတိလစ်နေတယ်ဆိုတော့ အဖြေကို ဘယ်လိုမှန်း မခန့်မှန်းနိုင်ဘူးပေါ့ တူမရယ်"

"စိမ်း လိုက်ချင်ပါတယ်ရှင်၊ ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... ရပါတယ်ကွယ်၊ တူမမှာက ကလေးတစ်ဖက်၊ ပြီးတော့ အိမ်ဗာဟီရက တစ်ဖက်နဲ့ ဆိုတော့ ..."

"ဝလွန်းတော့လဲ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး ဦးလေးရယ်"

"အေးပေါ့ ... အေးပေါ့"

မကြာခင် ကိုချမ်း ဆင်းလာ၏။

"သွားစို့ ... ဦးလေး၊ သွားမယ် ... စိမ်း"

စိမ်း ခေါင်းညိတ်ပြလိုက်သည်။

ယောက္ခမဒေါ် အေးနုအတွက် စိမ်း တကယ်စိမ်မကောင်းပါ။ အဝေးမှနေ၍ ကျန်းမာစေကြောင်း ဆုတောင်းပေးရတော့မှာ ပေါ့လေ။

ကိုချမ်းမှာ မအေဆိုတော့လည်း ဗျာယာခတ်သွားလိုက်တာ။ သနားစရာပင် ကောင်းသေးတော့။

ဒါပေမဲ့လေ။

လောလောဆယ် စိမ်း ကိုယ့်ကိုယ်ကို ပြန်သနားဖို့ပင် မေ့နေသည် မဟုတ်ပါလား။

တစ်ခုခုကို စိမ်း ဆုံးဖြတ်မှ ရတော့မည်။

ဘယ်လိုလုပ်သင့်သလဲ ဆိုတာ အပြန်ပြန်အလှန်လှန် တွေး၏။

ယခုဆိုလျှင် ချမ်းသာပွဲရုံကို ပရိယာယ်ကြွယ်ဝစွာ ထိုးစစ်ဆင်လိုက်သော ထွန်းပွဲရုံမှ ဦးထွန်းမောင်တို့ အောင်ပွဲခံချိန်ဟု ဆိုလျှင် ဆိုရလောက်သည်။





ကုန်အပြည့်အမောက်နှင့် လျှမ်းလျှမ်းတောက်နေသော ထွန်းပွဲရုံဘေးမှာ မှေးမှိန်နုံချာလှသော ချမ်းသာပွဲရုံကို မြင်ယောင်မိတိုင်း စိမ်းရင်မှာ တစ်စစ်စစ်နာကျင်လာရ၏။

သည်တော့ ... ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချကာ စိမ်း အကောင်အထည်ဖော်ပါပေပြီ။

ပထမဦးဆုံး ချမ်းသာပွဲရုံကို ပိတ်ပစ်လိုက်သည်။

အလုပ်သမားများ မနစ်နာအောင် လျော်ကြေးသဘောမျိုး ပေးသည်။

ပြီးလျှင် ပွဲရုံလုပ်ငန်း ထူထောင်ချင်သူတစ်ဦးနှင့် အဆက်အသွယ်ဖြစ်ကာ ချမ်းသာပွဲရုံကို ငါးသိန်းနှင့် အပြတ်ရောင်းလိုက်၏။

ငွေငါးသိန်းတိတိကို သမီးနာမည်နှင့် ဘဏ်မှာ အပ်လိုက်၏။

ပွဲရုံလုပ်ငန်း ရပ်ဆိုင်းလိုက်သော်လည်း အကြောင်းမဟုတ်။

စိမ်းမှာ လုပ်ငန်းတစ်ခုက ရှိပြီးသား။

ကိုယ်က ငွေရင်းစိုက်ပေးပြီး ကျွမ်းကျင်သူများနှင့် ဖွင့်ထားသော အမျိုးသမီးအပ်ချုပ်သင်တန်းက တစ်ခု၊ လှရိပ်မြုံက တစ်ခု ရှိနေသည်မို့ တစ်လတစ်လ စာရင်းရှင်းလိုက်လျှင် အမြတ်ငွေ လေးငါးထောင်ထက်မနည်း ရှိနေလေသည်။

ဒါတွေကို ဖေဖေနှင့်မေမေ မသိ။

ကိုချမ်းလည်း မသိ။

ဘယ်သိမလဲလေ။ စိမ်းက ကျိတ်လုပ်ထားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်းဆိုလျှင် သူ့အမေမမာသောကြောင့် အိမ်ပင်မပြန်နိုင်။

အားငယ်နေသော ညီအစ်မနှစ်ယောက်ကို အားပေးရင်း လေဖြတ်သလိုဖြစ်နေသော မိခင်ကို အနီးကပ်လိုအပ်တာတွေ လုပ်ပေးရန်သွားနေသည်မှာ တစ်လပင် ကျော်လေပြီ။

သည်ကြားထဲ အိမ်ရောက်လျှင်လည်း စိမ်းက ဘာမှမဖြစ်သလို အေးအေးဆေးဆေးနှင့် ...

"ဒေါ်လေး အခြေအနေ ဘယ်လိုနေသေးလဲဟင်"

"ငွေ လိုသလောက်ယူသွားနော်"

"လိုအပ်ရင် မော်လမြိုင်ခေါ်လာပါလား"

"ဒီမှာက အထူးကုတွေ ပါရဂူတွေက စုံတယ်လေ"

"လူ့အသက်ထက် ဘာမှ အဖိုးမတန်ပါဘူး ကိုချမ်းရယ်"

စသော စကားများဖြင့် အချိုသတ်ပြောကာ လူနာအတွက်နှင့် လူကောင်းများအတွက် လိုလေသေးမရှိ ဖြည့်ဆည်းပေးလိုက်၏။

ကိုချမ်းက စိမ်းကို ငေးငေးလေးကြည့်ရုံမှတစ်ပါး ဘာမှ မပြော။

သိတာပေါ့ရှင်။

ငါ့မိန်းမ ဟိုကိစ္စ ဘာမှမပြောပါလားဆိုပြီး တွေးနေမယ်ဆိုတာ စိမ်းဘက်က အားလုံး ဝတ္တရားကျေပွန်စွာ နေမယ်လေ။

သည်တော့ ဒေါ်အေးနု အခြေအနေက ဆေးရုံခေါ်လာရ လောက်အောင် မဆိုး။





လေဖြတ်သလို ဖြစ်ပြီး ကိုယ်တစ်ခြမ်း သေသလိုဖြစ်ကာ တောရွာသဘာဝ ဗိန္ဓောဆရာနှင့် တဖြည်းဖြည်း ကုယူနေပါတော့သည်။

နည်းနည်းတော့ သက်သာလာပါပြီ ဟူသော အဖြေဖြင့် ကိုချမ်း ခဏတစ်ဖြုတ် ပြန်လာရင်း ပြောပါသည်။

သည်ကြားထဲ တရားစခန်းဝင်နေသော ဦးချမ်းသာနှင့် ဒေါ်ခင်ထားတို့ကလည်း ဖြန်းဆို အိမ်ပြန်လာကြလေသည်။

ဒေါ်အေးနု မမာဘူးဆိုသဖြင့် ခရီးရောက်မဆိုက် နှစ်ယောက်စလုံး သာယာကုန်းသို့ လူနာသတင်းမေးရန် အားပေးရန် သွားလိုက်ကြပါသည်။

ကိုချမ်းက စိမ်းအား ပြန်လာစဉ် ခဏလေးအတွင်းမှာ ...

"ပွဲရုံကို ပစ်ထားရတာ ကြာပြီကွာ၊ ဘယ်အခြေအနေ ဆိုက်နေမလဲ မသိဘူး"

သူ့အပြောကြောင့် စိမ်းက ခမ်းအေးအေးနှင့် ...

"ကိစ္စမရှိပါဘူး၊ အရေးမကြီးတဲ့ဟာ ခေါင်းထဲမထားပါနဲ့၊ စိမ်း အားလုံး အဆင်ပြေအောင် စီစဉ်ထားပါတယ်၊ ဒေါ်လေး စိတ်ချရမှ ပြန်လာပါ"

"အင်း"

ကိုချမ်း 'အင်း' က ဇဝေဇဝါ 'အင်း' ပါ။

ဘယ်လိုပါလိမ့်ဟု တွေးကောင်း တွေးနေမှာပါပဲ။

ဒါပေမဲ့ ... သူ့မှာ ပွဲရုံထိသွားရောက်ရန် အခြေအနေမပေးတာမို့ အသာလေး ပြန်ပြန်သွားရသည်ချည်း။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသာ ကိုချမ်းကိုကြည့်၍ ရယ်ချင်နေရသည် မဟုတ်ပါလား။

လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ် ရှင်ရေ။

ကိုချမ်း ပြန်မလာခင် စိမ်းက မိဘနှစ်ပါးကို အကျိုးအကြောင်း အဆင်ပြေအောင် ပွဲရုံလုပ်ငန်းဖျက်သိမ်းလိုက်ရခြင်းအကြောင်းကို လှည့်ပတ်၍ ညာရ၏။

အမြတ်မထွက်သည့်ပြင် အရှုံးပြရခြင်း။

ပြိုင်ဘက်က အမြဲနှောင့်ယှက်ကာ ဖောက်သည်များကို အမြတ်ကြိုက်ဈေးပေးကာ ကုန်အဝင်များကို ဖျက်ဆီးပေးခြင်း။

လက်ရှိ အပ်ချုပ်နှင့် လှရိပ်မြုံက ဝင်ငွေနှင့်ခနအောင်မြတ်ခြင်း စသည် စသည်ဖြင့် စီကာပတ်ကုံး ပြောရ၏။

ဦးချမ်းသာက ယခင်က စိတ်မျိုးသာဆိုလျှင် မလွယ်။

ခုတော့ တရားဘောင် ဝင်ချိန်သာများနေသဖြင့် လောဘမောဟများ ငြိမ်းနိုင်ကာ ဒေါသပင် ဖြေဖျောက် ထိန်းသိမ်းနိုင်စွမ်း ရှိသွားပြီမို့ စိတ်မကောင်းရုံမှတစ်ပါး ဘာမှ ထွေထွေထူးထူး မပြော။

ဒေါ်ခင်ထားက ...

"သမီးရယ် ... ကိုယ့် လက်ငုတ်လက်ရင်း သူများလက်ထဲ ရောက်သွားတာ စိတ်မကောင်းလိုက်တာကွယ်"

"သမီးလဲ မတတ်နိုင်တဲ့အဆုံး လုပ်လိုက်ရတာပါ အမေ့"

"အေးလေ ... ဒါမှမဟုတ်လဲ တခြား အလုပ်တစ်ခုခု ရှိနေတယ် ဆိုတော့လဲ မဆိုးဘူးပေါ့"

ဉာဏ်ဝင်းစာပေ



"အခု လောလောဆယ်အခြေအနေက သမီး ဦးတည်လိုက်တဲ့ လုပ်ငန်းနှစ်ခုက အမြတ်အစွန်းအရဆုံးနဲ့ အထင်ပေါ်ဆုံး လုပ်ငန်းပါမေမေ"

"အေး ... အေး ... ကောင်းပါလေ့ကွယ်"

"ဒါထက် ... သမီး"

"ရှင် ... ဖေဖေ"

"ကိုချမ်းကကော ... ဒီလုပ်ငန်းသစ်နှစ်ခုကို စိတ်ဝင်စားပါ့မလား"

"ဝင်စားပါတယ် ဖေဖေ"

ခပ်လွယ်လွယ်ပင် ဖြေလိုက်၏။

"အေးပေါ့လေ၊ ရှိသမျှတွေဟာ သမီးတို့အတွက်တွေချည်းပဲ၊ မတိုးပွားတာတောင်မှ မဆုတ်ယုတ်သွားအောင် ဒီအမွေအနှစ်တွေကို ထိန်းသိမ်းရမှာက သမီးတို့တာဝန်ပဲ"

"ဟုတ်ကဲ့ပါ ... ဖေဖေ"

"ဖေဖေတို့က အသက်ကြီးလာပြီဆိုတော့ ... ဒါတွေ ဝင်ပြီး မစပ်စုချင်တော့ဘူး ... ဝင်လဲ မဝင်သင့်တော့ဘူးလေ၊ ကိုယ့်အတွက် နောက်ဆုံးခရီးမှာ ပါသွားနိုင်အောင် လောကီလောကုတ္တရာအကျိုးတွေကိုပဲ ဖေဖေတို့ ကြိုးစားတော့မယ် သမီး"

"ကောင်းပါတယ် ... ဖေဖေ"

မိဘနှစ်ပါး၏ တရားရိပ်အငွေ့အသက်လွှမ်းသောစကားတို့ကြောင့် စိမ်းပင် တဒင်္ဂမျှ ကြည်နူးမိရပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဒုက္ခကို ကိုယ့်နည်းနဲ့ ကိုယ်ပဲ ရှင်းမယ်လေ။

ကိုချမ်းကိစ္စကိုတော့ မိဘနှစ်ပါးအား လုံးဝအသိပေး၍မဖြစ်။

သူတို့ လိုလားကြည်ဖြူစွာ လက်ထပ်ပေးထားသော သမက်သည် အကျင့်ပျက်သောခင်ပွန်းတစ်ယောက်ဖြစ်သည်ဟု သိရပါလျှင် တစ်ဦးတည်းသောသမီးအတွက် သောကရတက်ပွေရရှာသော အဖတ်တင်ပေလိမ့်မည်။

လူကြီးများအား စိတ်အနှောင့်အယှက် မဖြစ်စေချင်တော့။

စိမ်းသာ အလိမ္မာဖက်၍ သည်ဇာတ်ကို ကသွားမှပဲလေ။

ჲ ჲ ჲ



"ဘာပြောတယ် စိမ်း၊ ပွဲရုံကို ရောင်းလိုက်ပြီ ဟုတ်လား"

"ဟုတ်တယ်လေ ... တစ်လတစ်လ အရှုံးပဲ ပြနေတဲ့ဟာ မရောင်းလို့ ဖြစ်မလား"

"အရောင်းအဝယ်ဆိုတာ မြတ်တဲ့အခါ မြတ်သလို ရှုံးတဲ့အခါလဲ ရှုံးမှာပေါ့ကွာ"

"အမှုဟာက အရှုံးချည်းပဲ များနေလို့လေ ကိုချမ်းရဲ့"

ရုတ်တရက် ဆောက်တည်ရာမရလှုပ်ရှားနေသော ကိုချမ်းကို စိမ်းက အေးအေးဆေးဆေးပင် ကြည့်နေမိ၏။

"ဒါဆို ကိုယ်က ဘာလုပ်ရတော့မလဲ"

မေးသံက မကျေမနပ်မို့ စိမ်းက ပြုံးရင်း ...

"ထိုင်စားပေါ့ ... ကိုချမ်းရယ်"

"ဘာကွ"

"ဪ ... အေးအေးဆေးဆေး ထိုင်စားပေါ့၊ စိမ်းတို့မှာ တခြားလုပ်ငန်းတွေလဲ ရှိနေသေးတာပဲ"

"တော်စမ်းပါ ... ဒီ အပ်ချုပ်နဲ့ အလှပြင်လုပ်ငန်းကို ကိုယ်က ဦးစီးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မလိုပါဘူး ကိုချမ်းရယ်၊ စိမ်းပဲ ဦးစီးရမှာပေါ့၊ ကိုချမ်း တစ်လှည့်နားဦးလေ"

"စိမ်းစကားက ကိုယ့်ကို မိန်းမထဘီနား ခိုစားတဲ့ကောင်လို့ သူများ ပြောရအောင်လား"

"ပြောပါစေလေ ...၊ ပြောတဲ့လူတွေက သူတို့မိန်းမမှာ ခိုစရာ မရှိလို့ မနာလိုပြီး ပြောတာပဲ၊ ဂရုစိုက်လို့"

"ဟင့်အင်း ... ကိုယ်တော့ အလုပ်မရှိဘဲ မနေတတ်ဘူး"

"ဟင်း ... ဟင်း ... ဟင်း၊ အဟက် ... ဟက်"

စိမ်း၏ လိုက်လှဲဟက်ပက်စွာ ရယ်လိုက်ပုံကြောင့် ကိုချမ်း မနေတတ် မထိုင်တတ် ဖြစ်သွားကာ ...

"ဘာရယ်တာလဲ"

"ရယ်စရာကောင်းလွန်းလို့လေ"

"ဘာကိုဆိုလိုတာလဲ"

"အလုပ်မရှိရင် မနေတတ်ဘူးဆိုတဲ့ လူက တကယ်တမ်းကော အလုပ်လုပ်ချင်စိတ် ရှိရဲ့လား ကိုချမ်းရယ်၊ စိမ်း မျက်စိထဲမှာ ပဲအိတ်အပေါက်တွေ၊ အာလူးအပုပ်အစပ်တွေ၊ ကြက်သွန်အပုပ်အသိုးတွေပဲ မြင်နေမိလို့ ... အဟင်း"

စိမ်းစကားက သူ့အရှိုက်ကို တိုက်ရိုက်မှန်ပုံရသည်။

ဒါပေမဲ့ ကိုချမ်းက ဝန်မခံ။

"ပွဲရုံလုပ်ငန်းဆိုတာ စိမ်း နားမလည်ပါဘူးကွာ"

"ဟုတ်ကဲ့ ... နားလည်တဲ့လူလုပ်ရင် နောက်က ငွေထုပ်ပိုက်ပြီး လိုက်နေဖို့ စိမ်းမှာ သတ္တိမရှိတဲ့ အတွက်ပါ"





"တော်ကွာ"

စားပွဲကို ဗုန်းခနဲပုတ်၍ ပြောသဖြင့် ...

"တိုးတိုးပြောပါ ကိုချမ်း၊ လူကြီးတွေကို စိတ် မဆင်းရဲစေချင်ဘူး"

"ဟင်း"

သက်ပြင်းတစ်လုံး ဟင်းခနဲချကာ ကိုချမ်း အပြင်ထွက်သွားလေတော့သည်။

စိမ်း ဘာမှမပြောတော့။

လည်လွန်းတဲ့ဘီး ချေးသင့်မှ ရပ်ပေလိမ့်မည်။

ကိုချမ်း ဘယ်သွားမလဲဆိုတာ စိမ်း အတပ်သိ၏။

ဗေဒင်မေးလျှင် ငွေကုန်ဦးမည်။

တင်ရီအေးဆီသို့ လွဲပြီး ဘယ်သူ့ဆီရှိဦးတော့မည်နည်း။

စိမ်း တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟလို"

တစ်ဖက်မှ ထူးသံကြားသည်နှင့် ...

"အစ်ကို ဇော်မင်းလား၊ စိမ်းပါ"

"အေး ... ဟုတ်ပြီ၊ ပြော ... စိမ်း"

"သူ ထွက်သွားပြီ အစ်ကို"

"ကိုချမ်းလား"

"အင်း"

"စိတ်ဆိုးပြီး ဆင်းသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အဲဒီလို မဟုတ်ဘူး အစ်ကိုရဲ့ ခဏတစ်ဖြုတ် အပြင် သွားတာမျိုး"

"အေး ... အေး၊ ညည်းဆိုလိုတာက ဒီနားကို လာ၊ မလာ ကြည့်ပေးဖို့ ဟုတ်ပြီလား ... စိမ်း"

"ဟုတ်ကဲ့ ... အစ်ကို"

"စိတ်ချ ... ကြည့်ပေးနေမယ်"

ကိုဇော်မင်းဆိုသူမှာ စိမ်းတို့နှင့် လေးဝမ်းလောက်ကွဲသော မောင်နှမဖြစ်ပြီး ကိုချမ်းက အစ်ကို ဇော်မင်းကို မသိချေ။

စိမ်းက ပွဲရုံကို အစ်ကိုဇော်မင်းတို့အား ရောင်းလိုက်ခြင်း ဖြစ်၏။

ယခုလည်း ကိုချမ်း ပွဲရုံအနားတစ်ဝိုက် သွား၊ မသွား သိချင်၍ ဖုန်းဆက်ခြင်း ဖြစ်ပါသည်။

အစ်ကိုဇော်မင်းအား စိမ်းက အကျိုးအကြောင်း ပြောပြ ထားသဖြင့် အတတ်နိုင်ဆုံး ကူညီမည်ဟု ကတိပေးထားသူ ဖြစ်လေသည်။

ယခုလည်း အပြင်ထွက်သွားသော ကိုချမ်းတစ်ယောက် ထွန်းပွဲရုံမှ တင်ရီအေးဆီ ရောက်၊ မရောက် သိချင်၍ အစ်ကို ဇော်မင်းဆီ ဖုန်းဆက်ရင်း အခြေအနေကို နားထောင်နေမိ၏။

မကြာမီ ဖုန်းမြည်လာသည်။

"ကလင် ... လင် ... လင်"

စိမ်းက ဖုန်းခွက်ကို ကောက်ယူ နားထောင်လိုက်၏။

"စိမ်းလား"





"ဟုတ်တယ် ... အစ်ကို ဇော်မင်း၊ ဘာထူးလဲဟင်"

"ထူးတယ်၊ ညည်းလူ ပွဲရုံရှေ့မှာ လာရစ်နေတယ်လေ"

"ဩော် ... ဟုတ်လား"

"အင်း ... ဒါပေမဲ့ မလွယ်တော့ဘူးလေ"

"ဟင် ... ဘာဖြစ်လို့လဲ အစ်ကို"

"ဦးထွန်းမောင်က လူလည်လူပါး၊ အခု ... သူ့တူမဆိုတဲ့ တင်ရီအေးကို လုံးဝ အလစ်မပေးတော့ဘူးကွ"

"ဟုတ်လား"

"အေးကွ ... ဒါကြောင့် အရောင်လာပြနေတဲ့ ကိုချမ်းလဲ လက်ဖက်ရည်ဆိုင်ရှိတဲ့ မျက်စောင်းထိုးဆိုင်ကနေပြီးပဲ မျှော် တော်ဇောနဲ့ မောနေပြီပေါ့ကွာ"

"ဩော် ... ဩော်"

"စိမ်း"

"ရှင်"

"တင်ရီအေးနေတဲ့ နေရာကိုသိလား"

"ဟို ... မောင်ငံရပ်လို့တော့ကြားဖူးတယ်၊ အတိအကျတော့ မသိဘူး အစ်ကို"

"ကိစ္စမရှိဘူး၊ ငါ့လူတွေနဲ့ စုံစမ်းပေးမယ်"

"ဘာလုပ်ဖို့လဲ ဟင်"

"ဟ ... ငါ့ညီမရာ တုံးပါ့ ... တင်ရီအေးကို ပွဲရုံမှာ တွေ့ခွင့်မသာရင် ဒီကောင် အိမ်မှာ သွားတွေ့မှာ အမှန်ပဲ"

"ဟုတ်တယ် ... အဲဒါ ဘယ်လိုလုပ်ရမလဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သူနေရာသိရင် အရေးဟယ်ဆိုရင် တန်းခဲ့လိုက်လို့ရတယ်လေ၊ မောင်ငံမှာ ငါ့အသိတွေတစ်ပုံကြီး၊ စိတ်ချ ကောင်မလေးရဲ့ ပတ်ဝန်းကျင်က တစ်အိမ်အိမ်မှာ ဖုန်းနဲ့ဆက်သွယ်ပြီး ဒီကောင့်ကို ထောက်လှမ်းမယ်"

"ကျေးဇူးပါပဲ အစ်ကိုရယ်"

"ရပါတယ်ကွာ"

"စိမ်းမှာက လူကြီးတွေမရိပ်မိအောင် မနည်းကိုဟန်ဆောင်နေရတာပါ"

"အေးပေါ့ ... မသိစေနဲ့၊ စိတ်ဆင်းရဲသွားကြမယ်"

"ဟုတ်ကဲ့ ... အစ်ကို၊ ဖေဖေနဲ့ မေမေလဲ တရားအရသာတွေ့သွားလို့ ဟာရားရိပ်ပဲ ခိုတော့မယ်လေ၊ နောက်အပတ်မှာ စစ်ကိုင်းသွားကြမယ်တဲ့"

"ကောင်းတယ် ... ကောင်းတယ်"

"စိမ်းကို ပစ်မထားပါနဲ့ အစ်ကို၊ စိမ်းမှာ အားကိုးစရာ သွေးရင်းသားရင်းလဲ မရှိပါဘူး"

"အေးပါကွာ၊ ငါနဲ့က အနေလဲဝေး၊ လေးငါးဝမ်းလောက်ထဲကွဲတော့ ကိုချမ်းမသိတာဘဲ ခပ်ကောင်းကောင်း"

"ဟုတ်ပါတယ်"

"ကဲ ... ဒါပဲနော်၊ ထူးခြားရင် ငါ ထပ်ဆက်မယ်၊ ညည်းကလဲ ဘာမှမသိသလို ဘာမှမဖြစ်သလို အလိမ္မာနဲ့ ပရိယာယ်သုံးပြီး ကိုယ့်ဘက်ပါအောင် ပြန်ဆွဲယူပေါ့၊ ဒီကိစ္စမျိုးက အနုနည်းနဲ့မှ





ရမယ်၊ အခုဆို တင်ရီအေးဘက်ကလဲ သူဦးလေးဆိုတဲ့လူကြီးက အလစ်မပေးတော့ သူတို့ မချောင်ပါဘူးကွာ"

"စိမ်းဘက်ကတော့ စိတ်ချပါ အစ်ကို၊ အတတ်နိုင်ဆုံး အလျှော့ပေးပါမယ်"

"အေး ... အေး"

ဖုန်း ချသွားလေပြီ။

စိမ်း သက်မ, တစ်ချက် ချလိုက်၏။

ကိုချမ်းမှာ အခုမှ အိမ်မြောင် အမြီးပြတ်သလို ဖြစ်နေရသည် မဟုတ်ပါလား။

ရှက်ရမ်း မရမ်းဘူးလို့ မဆိုနိုင်။

မိမိအနေနှင့် တစ်လင်တစ်မယားစနစ်ကိုသာ တန်ဖိုးထားပါသည်။

သစ္စာပျက်လေသူ ကိုချမ်းအား စိတ်ထဲ မျက်မျက်ရှရှဖြစ်မိသော်လည်း သမီးလေး၏မျက်နှာကို ထောက်ထားရပါမည်။

မိန်းမသားဘဝဆိုတာက အခက်သား။

လင်မရှိသောမိန်းမ မတင့်တယ်ဟု ဆိုစကားရှိသည်မို့ ...

ခြေလှမ်းပျက်သော လင်သားကို အချိန်မနှောင်းခင် ပြန်လည်စည်းရုံးရတော့မှာပေါ့လေ။

မိန်းမသားများ၏ဘဝမှာ အိမ်ထောင်ပျက်၊ တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမ စသော နာမည်များနှင့် လုံးဝမနေပိစပ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အရပ်ရပ်ကြောင့် ထိုဘဝသို့ ရောက်ခဲ့ပါလျှင်လည်း ရှေးဦးစွာ လူမလေး ခွေးမခန့် ဖြစ်ရလွန်းလှ၏။

မျက်နှာငယ် စိတ်မောစွာနှင့် ဘဝခရီးကို သိမ်ငယ်စိုးရွံ့စွာ လျှောက်လှမ်းသွားရမည်ပင်။

အနိုင်ကျင့် စော်ကားချင်သူတွေလည်း ရှိလာပါတော့မည်။

ဒါကြောင့် တချို့မိန်းမတွေဟာ အရက်သောက်၊ ဖဲရိုက်၊ မယားကို ကျွဲနွားလိုရိုက်တာတောင်မှ မိန်းမသားတွေက ခါးစည်းခံကာ အိမ်ထောင်ရေးပြိုကွဲမှုကို မလိုလားလှစွာ အောင့်အည်းသည်းခံကြခြင်း ဖြစ်ပေမည်။

တည်ဆောက်ပြီးသား အိမ်ထောင်တစ်ခုကို လွယ်လွယ်နှင့် အပျက်မခံနိုင်ပါ။

ကိုချမ်းအပေါ်မှာ အတတ်နိုင်ဆုံး ဖျောင်းဖျရပေမည်။

သမီးကိုညွှန်၍ ရင်သွေးငယ် စိတ်လိုအင် အညွှန့်မကျိုးစေရန် တာဝန်ရှိသူ မိဘနှစ်ပါးက ပြုစုပျိုးထောင်ရမည်။

ဒေါ်အေးနုဆီမသွားခင် ကိုချမ်းပြောသော စကားတစ်ခွန်းက စိမ်းနားထဲမှ ခုထိမထွက်။

"အေးနဲ့ကိုယ့်အခြေအနေက နောက်ဆုတ်လို့မရတော့ဘူး စိမ်း" တဲ့။

ပြောထွက် ပြောရက်တဲ့ ကိုချမ်း။

နောက်ဆုတ်လို့ မရတော့လောက်အောင် ကိုချမ်း မှုန်နေပြီကိုး။



အခြေအနေမှန်ကို တစေ့တစောင်းမလေ့လာဘဲ ဆင်ကန်းတောတိုးလုပ်ရင် ကိုချမ်းဟာ ဦးထွန်းမောင်နဲ့ တွေ့ရမှာပဲ။

အခုတောင် ဦးထွန်းမောင်က သူ့ပြိုင်ဘက်ကို အပြုတ်တိုက်တဲ့ နေရာမှာ တိတ်တိတ်ပုန်းမယားကို ပရိယာယ်သုံးပြီး တည်ကြက်လုပ်တယ်။

ကိုချမ်းက တည်ကြက်ကိုသာမြင်ပြီး ညွှတ်ကွင်းကို မမြင်တော့ ပွဲရုံလုပ်ငန်း ဗုန်းဗုန်းလဲခဲ့ရပြီ မဟုတ်လား။

ဒါကိုလည်း ကိုချမ်းက တစ်တုံးစားမိတာတောင် မစင်မှန်းမသိသေး။

သူ့အကြံအောင်သွားတော့ ဦးထွန်းမောင်တို့ ပွဲသိမ်းလိုက်ပြီလေ။ တည်ကြက်ကိုလည်း ဖြုတ်သိမ်းသွားပါပြီ။

ဒါတွေကို လုံးဝမသိ။ သိအောင်လည်း မကြိုးစားတဲ့ ကိုချမ်းဟာ ဦးထွန်းမောင်ရဲ့တည်ကြက်နောက်ကို ကောက်ကောက်ပါအောင် လိုက်နေဆဲပဲဆိုတော့ တစ်နေ့ ဒုက္ခလှလှကြီး တွေ့ရတော့မှာပဲ။

ငါ ထိန်းမှ ... အခြေအနေမဆိုးအောင် ထိန်းမယ်။

အတတ်နိုင်ဆုံး သည်းခံမယ်လေ။

"တီ ... တီ"

"ဟော"

ကိုချမ်း ဆိုင်ကယ် ဝင်လာသံကြားရသဖြင့် စိမ်း ထွက်ကြိုလိုက်၏။

အချိန်ကိုကြည့်လိုက်တော့ ညနေ ငါးနာရီ ခွဲနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးပြီးရင် ထမင်းစားရအောင်နော် မောင်"

"စားပြီးပြီ"

"ဩော်"

"ဒီမှာ စိမ်း"

"ဟင်"

"ကိုယ် အလုပ်တစ်ခုကို ဒီနေ့ပဲ လက်ခံလိုက်ပြီ"

"ဟင် ... ဘာ ... ဘာအလုပ်လဲ မောင်"

ကိုချမ်းကို စိမ်းက မှုန်သိုးသိုးကြည့်ရင်း ဧည့်ခန်းရှိ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ပြီးမှ ...

"တည်းခိုခန်းတစ်ခုရဲ့ မန်နေဂျာ"

"အို ဘာလို့လုပ်တာလဲ မောင်ရယ်၊ စိမ်းတို့မှာ လုပ်ငန်းတွေ ..."

"အိုး ... အဲဒါတွေမှ ကိုယ် စိတ်မဝင်စားတာ၊ လုံးဝ မလုပ်ချင်ဘူး"

"မလုပ်ချင်လဲ ရပါတယ်၊ မောင် လိုသလောက်သုံးဖို့ စိမ်း ခွင့်ပြုထားတာပဲ"

စိမ်းစကားကြောင့် ကိုချမ်းက ဆတ်ခနဲ ခေါင်းထောင်ရင်း—

"အဲဒါပေါ့ ... ကိုယ် မုန်းတာ၊ သိပ်မုန်းတယ် သိလား"

"ဟင် ... ဘာကိုလဲ မောင်"

"ကိုယ်က မယားဆီမှာ လက်ဖြန့်တောင်းမှ သုံးရတဲ့အလုပ်ဟာ ဘယ်လောက်ရှက်စရာကောင်းသလဲကွ"





"စိမ်းမှာ မတောင်းချင်လဲ ရပါတယ် မောင်၊ သော့တွဲပါ ပေးထားမယ်လေ၊ မောင် ကြိုက်တဲ့အချိန်မှာ ကြိုက်သလောက် ယူသုံးနိုင်တယ်လေ"

"အဲဒါဟာ ကိုယ့်ကို လုံးဝအစွမ်းအစမရှိတဲ့ ယောကျ်ားလို့ သတ်မှတ်လိုက်တာနဲ့ အတူတူပဲ၊ အလုပ်မလုပ်ဘဲ အခန့်သား သုံးဖြုန်းနေရလောက်အောင်လဲ ကိုယ် အညွန့်မတုံးသေးပါဘူး စိမ်း၊ ကိုယ့်ကို လူမှုရေး ဆက်ဆံရေး လောကထဲက ဆွဲထုတ်ချင်လို့ ပွဲရုံကို ရောင်းပစ်လိုက်တယ် မဟုတ်လား၊ အကြောင်း မဟုတ်ပါဘူး၊ ကိုယ့်အရည်အချင်းကို သိတဲ့လူက ဒီနေ့ပဲ လာကမ်းလှမ်းတယ်၊ ကိုယ်လဲ အလုပ်လက်မဲ့ဖြစ်နေတဲ့ ဘဝကနေ ချက်ချင်း အလုပ်တစ်ခုကို လက်ခံလိုက်တယ်"

"လခက ဘယ်လောက်တဲ့လဲ"

"ငါးရာ"

တစ်ပတ်မှာ တစ်ထောင်လောက် သုံးစွဲနေသူက တစ်လ ငါးရာ လခကို လုပ်သည်တဲ့။

"ပွဲရုံရောင်းလိုက်တာဟာ မောင် စွပ်စွဲသလို မဟုတ်ပါဘူး၊ စိမ်း စာရင်းစစ်လိုက်တော့ လစဉ် အရှုံးပေါ်နေတော့ သူများကို အချောင်ပေးသုံးနေမယ့်အစား ကိုယ် သုံးတာကမှ အဓိပ္ပာယ် ရှိဦးမယ်ဆိုပြီး လုပ်တာပါ၊ ပြီးတော့ စိမ်းတို့ကို အမြဲတမ်း လိုက်တဲ့ ဦးထွန်းမောင်ကိုလဲ ရှောင်ချင်တယ်"

"မဆိုင်ပါဘူး၊ သူ့ဟာသူ နေတာကို ဆွဲမထည့်စမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... သူဟာသူနေတဲ့လူက တိတ်တိတ်ပုန်းမယားကို တည်ကြက်လုပ်ပြီး ချမ်းသာပွဲရုံကို ပြိုကျသွားအောင် အတွင်းလိုက်ဝင်စားနိုင်းတာကကော ..."

"စိမ်း"

ကိုချမ်းက မျက်နှာကြီး နီကာ အော်ပါသည်။

ဆတ်ဆတ်ခါသွားပုံပါပဲ။

"မောင်သာ ကျောကွင်းထဲ အမိခံပြီး ဘာမှ မဆင်ခြင်နိုင်တာ၊ ပတ်ဝန်းကျင်က မြင်ကြတယ်၊ သိကြတယ်၊ သိရဲ့လား"

"သူများ သားသမီးကို မှိုချိုး မျှစ်ချိုး မပြောနဲ့ စိမ်း၊ တင်ရီအေးဟာ ဆင်းရဲလို့ လူတွေက ချိုးဖွဲ့ပြောချင်နေတာ၊ ဦးထွန်းမောင်ဟာ သူ့မွေးအဖေလဲ ဟုတ်၊ ဦးလေးလဲ ဟုတ်တဲ့လူကြီး၊ ကိုယ့်မှာလဲ သမီးနဲ့၊ ဝင့်လည်တတ်တယ်"

"ကောင်းပါပြီ မောင်၊ စိမ်း သမီးလေး မွေးထားတဲ့အတွက် ဝင့်လည်မှာတော့ အရမ်းကြောက်ပါတယ်၊ မောင်သာ နှမချင်း သမီးချင်း စာနာပြီး မိန်းကလေးတစ်ယောက်ကို မဖျက်ဆီးမိပါစေနဲ့လို့ စိမ်း ဆုတောင်းပါတယ် နော်"

စိမ်း စကားကြောင့် ကိုချမ်း ကြက်ကြီး လည်လိမ်ထားသလို ခေါင်းငိုက်စိုက် ကျသွားပါတော့သည်။

စိမ်း ပစ်လိုက်တဲ့မြားက တိုက်ရိုက်မှန်သည် ထင်၏။

မိမိမှာ နှမနှင့်သမီး ရှိနေသူမို့ ကိုချမ်း ငိုင်ကျသွားပါလေပြီ။

"မောင်"

စိမ်းက အကဲခတ်ရင်း ခေါ် လိုက်ပြီး ...

ဘာဏ်ဝင်းစာပေ



"ဖြစ်ပြီးတဲ့ကိစ္စတွေ စိမ်း ဘာမှပြန်မပြောချင်တော့ပါဘူး ရှေ့ဆက်ပြီး စိမ်းတို့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် နေသွားရအောင် နော်၊ မောင် ဖြစ်ခဲ့ရတဲ့ကိစ္စဟာ မောင့်ရဲ့ ရိုးသားမှု၊ အားနာမှု၊ သနားတတ်မှုတွေ အပေါ်မှာ အကွက်ချောင်းပြီး အခွင့်အရေးယူလိုက်တယ်လို့ပဲ စိမ်း သဘောထားပါတယ်"

ပြောရင်း ခဏရပ်လိုက်၏။ ပြီးမှ ...

"စိမ်းတို့ မိန်းမသားတွေရဲ့ဘဝမှာ တစ်လင်တစ်မယားစနစ်ကိုပဲ တန်ဖိုးထား မြတ်နိုးပါတယ် မောင်၊ အိမ်ထောင်တစ်ခု ပြိုကွဲပျက်စီးသွားရင် ကာယကံရှင်ဖြစ်တဲ့လူကြီးတွေဟာ ဒေါသကြောင့်၊ မာနကြောင့် လှည့်ပတ်ဖြေသိမ့်ယူလို့ ရနိုင်တယ်ပဲထား၊ ဘာမှနားမလည်ရှာတဲ့ ကလေးငယ် ရင်သွေးတွေဟာ ကွဲရိုင်းနှစ်ကောင်ကြားက မြေစာပင်ဘဝ ရောက်သွားကြမှာ အမှန်ပဲ၊ ပစ္စည်းဥစ္စာတွေ ဘယ်လောက် ပြည့်စုံကြွယ်ဝပါစေ၊ အမိအဖ စုံစုံလင်လင်နဲ့ မကြီးပြင်းရတဲ့ ကလေးတွေဟာ လောကကြီးကို စိတ်နာစရာ၊ စိတ်ပျက်စရာဆိုတဲ့ ဘဝင်မကျမှုတွေ၊ ညိုးမှိန်သိမ်ငယ်တဲ့ စိတ်ဝေဒနာတွေ ခံစားကြရမှာပဲ မောင်၊ ဒီတော့ မောင့်ရင်သွေးကို အဲဒီလိုလောကကြီးကို မကျေနပ်တဲ့ကလေး၊ အလိုဆန္ဒ မပြည့်ဝတဲ့ ကလေးအဖြစ် အရောက်ခံနိုင်ပါ့မလား ဟင် ..."

"စိမ်း ပြောတာတွေ မှန်ပါတယ်၊ ဒါပေမဲ့ တင်ရီအေးနဲ့ မောင့်ကို သံသယရှင်းစေချင်တယ်၊ မောင်တို့က ရိုးရိုးပါ"

ဘာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဪ ... အခုထိ ဘူးကွယ်တုန်းပဲလား မောင်ရယ်။ ဒါပေမဲ့လေ ... စိမ်း ပြောချင်တာတွေ အပြင်သို့ ထွက်မလာနိုင်အောင် ဝမ်းထဲမှာ မျိုထားလိုက်၏။

ဒါဆို တလောက မောင်ပြောတဲ့ 'မောင်တို့အခြေအနေက နောက်ဆုတ်လို့ မရတော့ဘူး စိမ်း' ဆိုတာကကော။

မေးလိုက်ချင်တာမှ လျှာယားနေလေသည်။

ပွဲရုံကရုံးခန်းထဲမှာ နှစ်ယောက်သားအကြည်ဆိုက်နေတုန်း စိမ်း ရောက်သွားတော့ တင်ရီအေးရဲ့ ကိုကိုလို့ ခေါ်သံကကော ဟင်း ...။

"ရိုးရိုးသားသားဆိုရင်လဲ ပြီးရောပေါ့လေ မောင်"

ဘာမှမဖြစ်သလို အေးအေးဆေးဆေး ပြောလိုက်ရသော်လည်း စိမ်းရင်ထဲမှာ ကျေနပ်သည်မဟုတ်။

"တကယ်တော့ တင်ရီအေးက ဆင်းရဲတယ်၊ ရဲတင်းပွင့်လင်းပြီး ဖော်ဖော်ရွေရွေ ခင်တတ်တယ် စိမ်း၊ ကိုယ့်ကို သူ့အစ်ကိုတစ်ယောက်လို တကယ်ခင် တကယ်အားကိုးပြီး သူ့အခက်အခဲတွေကို တိုင်ပင်တတ်တယ်၊ နှမတစ်ယောက်လို အမြဲ နွဲ့ဆိုး ဆိုးချင်တယ်၊ ဒါတွေဟာ ပတ်ဝန်းကျင်အမြင်မှာ အထင်အမြင်လွဲချင်စရာ ဖြစ်ချင်လဲ ဖြစ်မှာပေါ့လေ"

ဖုံးလိုက်လေ ကိုချမ်းရယ်။

ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးဖို့ ကြိုးစားနှင့်ဦးပေါ့။

စိမ်းကလည်း ပြဿနာမဖြစ်ချင်တော့ပါဘူး။





စကတည်းက ကိုယ့်ဘက်ပါအောင် အလိမ္မာနဲ့ ဆွဲမယ်လို့ ကြံထားပြီးသားမို့ အသာငြိမ်နေလိုက်၏။

သည်လို ဖြစ်ရတာဟာ လင်သားကို သိပ်ချစ်လို့၊ ကွဲမယ်ကွာမယ်ဆိုတာ မဖြစ်ချင်တာလို့ မထင်လေနဲ့ဦး ရှင်ရေ။

သမီးမျက်နှာကြောင့်၊ အခုက ကတော့ လူပုံအလယ်မှာ အမည်တစ်လုံးနဲ့ အစဉ်ခေါင်းမော့ခဲ့ရတဲ့ ဖေဖေတို့ရဲ့မျက်နှာ မွဲမှာစိုးလွန်းလို့ ကျိတ်မှိတ်ပြီး သည်းခံလိုက်တာပါ။

ခြံခုန်တတ်တဲ့နွားကို စိမ်း အသည်းထဲက ရွံလိုက်သည့်ဖြစ်ခြင်း။

အတိုင်းအတာကုန်တဲ့အထိတော့ ... စိမ်းဘက်က လိုက်လျောမယ်။

အတိုင်းအတာထက် လွန်လာရင်တော့ မပြောတတ်ဘူးပေါ့လေ။

အိမ်ထောင်ရေးမှာ မိန်းမအလှပျက်တာနဲ့ စိတ်ပျက်သွားတဲ့ ယောကျ်ားမျိုးနဲ့မှ စိမ်းနဲ့ ရမိတာ စိမ်း ကံပေါ့။

ဖုံးသူကပဲ လုံအောင် ဖုံးနိုင်မလား။

ရှာသူကမှ တွေ့အောင် ရှာနိုင်မလား။

စောင့်ကြည့်သေးတာပေါ့ ကိုချမ်းရယ်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

ည ဆယ်နာရီ ထိုးပါပြီ။

ကိုချမ်း မလာသေး။

တည်းခိုခန်း လုပ်ငန်းမို့ တစ်ခါတလေ အပြန်ညဉ့်နက်တတ်၏။

စိမ်းက မအိပ်သေးဘဲ သမီးအနားမှာ ထိုင်နေမိ၏။

သမီး ခုတလော အတော်လေး ချူချာလှသည်။

မကြာမကြာ ကိုယ်ပူပြီး ဖျားတတ်လေသည်။

အခုလည်း ကိုယ်နွေးပြီး အီနေသဖြင့် ကိုယ်အေးဆေး တိုက်ထားပြီး အိပ်ပျော်သွားအောင် လွှဲနေမိသည်။

သမီး၏ မျက်နှာလေးက ပြည့်ပြည့်ဖူးဖူးလေးနှင့် ချစ်စရာကောင်းလှ၏။

ကိုယ်ရှိန်နွေးနေသဖြင့် မျက်ကြောများပင် စင်းနေတော့သည်။

သမီး၏နဖူးကိုငုံ့မွှေးရင်း စိမ်း အတွေးတွေ ပလုံစီဖြစ်နေရ၏။





ယခုအချိန်ထိ ဖခင်၏ ချီပိုးယုယမှုကို သမီး တစ်ခါမှ မရခဲ့ဖူးပါ။

သမီးကလည်း မအေနှင့် ပုပုကလွဲလျှင် လူရွေးလှသည်။

ဘယ်တော့မှ မလိုက်၊ ချီလျှင် တစ်အား အော်တတ်၏။

အသက်တစ်နှစ်ပင် မပြည့်သေးသဖြင့် ဝူးဝူးဝါးဝါးလောက်သာ သမီးပြောတတ်သည်။

အဘိုးနှင့် အဘွားကိုတော့ သမီး ခင်ပုံရသည်။

ချီလျှင် ငြိမ်၍ လက်မလေး စုပ်နေတတ်၏။

"သမီး"

"ရှင် ... မေမေ"

အခန်းဝမှာ ရပ်နေသော ဒေါ်ခင်ထားကြောင့် တွေးနေသော စိမ်း သတိဝင်လာရသည်။

"ကလေးကိုယ် ဘယ့်နှယ်နေသေးလဲ သမီး"

"နည်းနည်းလေးတော့ နွေးနေသေးတယ် မေမေ"

"အိပ်ပျော်နေလား"

"ဟုတ်ကဲ့"

"ကိုချမ်း မလာသေးဘူးလား"

"မလာသေးဘူး မေမေ"

"အေးကွယ် ... ခမျာ အားငယ်ရှာမယ်၊ ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုံးဖြုတ်လိုက်ပြီးမှ သူများဆီမှာအခစားသွားလုပ်ရတယ်"

"သမီးလဲ တားပါတယ် မေမေရယ်"

"အေးလေ ... ဒါပေမဲ့ သူ့ဘက်ကစဉ်းစားရင် ဘယ်လောက် သိမ်ငယ်သွားမလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှန်ကိုဘာမှမသိသော မိဘနှစ်ပါးအား စိမ်းဘာမှ မပြောတော့။

"သူ့ဂုဏ်မငယ်ရအောင် သူ ဝါသနာပါတဲ့လုပ်ငန်းတစ်ခုခု စဉ်းစားပြီး လုပ်ပါလား သမီး"

ဩော် ... အချက်မသိသောမေမေက သမက်အား အထင်ကြီးနေဆဲပါ။

ခြေလှမ်းပျက်ချင်နေသော ကိုချမ်းအား ငွေလုံးငွေရင်း မြှုပ်နှံရမည့်ကိစ္စ စိမ်း လုံးဝ မစဉ်းစားတော့။

ပွဲရုံလုပ်ငန်းမှာပင် ငွေ လေးငါးသိန်းမက မြှုပ်ကာ အရှုံးပေါ်သွားရပြီ မဟုတ်ပါလား။

"မေမေပြောတာ ဘယ်လိုသဘောရလဲ သမီး၊ ဒါမှ သူလဲ ရဲရဲတင်းတင်း သုံးစွဲနိုင်မယ်၊ သူ့မိဘတွေကိုလဲ စိတ်ရှိသလို သူ ထောက်ပံ့နိုင်ရအောင်ပေါ့ကွယ်"

"ဟုတ်ကဲ့ ... မေမေ၊ သမီး ဆွေးနွေးကြည့်ပါဦးမယ်"

စကားကို မယုတ်မလွန် ပြောရ၏။

"ယောကျ်ားဆိုတာ စိတ်ထင်တိုင်းမသုံးမစွဲရရင် ထွက်ပေါက်ရှာသွားတတ်တယ် သမီး"

မေမေရယ် ... အခုဟာက ထင်တိုင်း သုံးဖြုန်းနိုင်လွန်းလို့ အောက်ခြေလွတ်ပြီး ထွက်ပေါက်ရှာတာပါရှင်။

စိမ်း ဘာမှမပြော။ ဒေါ်ခင်ထားက ...

"ကိုချမ်း ခုတလော အရက်လေးဘာလေး သောက်သောက်လာပုံရတယ်"





"ဟင်"

မေမေ့မျက်နှာကို အထိတ်တလန့် မော့ကြည့်မိ၏။

"အရက်ဟာ လူ့စာရိတ္တနဲ့ ကိုယ်ကျင့်တရားတွေကို ပျက်စီးစေတတ်တယ်"

မှန်ပါတယ် မေမေရယ်။

ကိုချမ်း ကိုယ်ကျင့်တရားတွေ ပျက်နေပါပြီ။

ဒါပေမဲ့ ... မေမေ့ကို စိမ်း မပြောပြရက်ပါ။

ပြောလည်း မပြောသင့်ပါ။

ကိုချမ်း သည်လို အလှမက်သွားပုံမျိုး၊ စာရိတ္တယိုင်သွားပုံမျိုး လူကြီးတွေ မသိပါစေနဲ့တော့။

စိမ်းသာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ထိန်းယူတော့မယ်လေ။

"ယောကျ်ားသားဆိုတာ ရိုင်းရိုင်းပြောရရင် နွားနဲ့တူတူပဲ သမီး၊ မိန်းမက နဖားကြိုးကို ချုပ်ကိုင်နိုင်ရင် လိုရာခိုင်းပေရော့"

စိမ်းရဲ့ အလှပျက် ခန္ဓာကိုယ်ကြီးက ကိုချမ်းကို ဘယ်လိုမှ စည်းရုံးလို့မရတာက ဆိုးတာပါ မေမေရယ်။

စိမ်း ဝသွားလို့ ကိုချမ်း စိတ်ပြောင်းသွားတယ်ဆိုတာ ပြောရမှာတောင် ရှက်လှပါတယ် ရှင်။

ထိုစဉ် ဆိုင်ကယ်သံ ကြားရ၏။

"ဟော ... လာပြီ"

ဒေါ်ခင်ထားက မိမိတို့ အိပ်ခန်းရှိရာဘက်သို့ ထွက်သွားလေသည်။

မကြာခင် ကိုချမ်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက အဝတ်နှင့်လဲနေသော ကိုချမ်းအား ကြည့်ပြီးနောက် နာရီကို တစ်ချက်ကြည့်ရင်း ...

"ဒီနေ့ နောက်ကျလိုက်တာ မောင်ရယ်"

"သူများ လခစား အငှားလုပ်ရတဲ့ဟာ အလုပ်ရှင်လွှတ်မှ ပြန်ရတာပေါ့ကွာ"

ချီကတည်းက ကိုချမ်းအသံက ခပ်ငေါ့ငေါ့။

"မောင်က လုပ်ချင်နေတာကိုး၊ တကယ်ဆို ဒီလခလောက်က ဘာမှမက်စရာမရှိပါဘူး"

"စိမ်းတို့လို သူဌေးတွေက ပြောအားရှိတာပေါ့၊ ကိုယ်တို့ဆင်းရဲသားတွေအဖို့ ငါးရာမပြောနဲ့ ငါးပြားလဲ မက်တာပဲ"

"စကားကို ခွဲခြားပြီး မပြောပါနဲ့ မောင်၊ စိမ်းနဲ့ မောင်က သူစိမ်းတွေလား"

စိမ်း၏ ခပ်ဆတ်ဆတ် မေးလိုက်သံကြောင့် ကိုချမ်းက ဟက်ခနဲ ရယ်ရင်း ...

"အဟက် ... သူစိမ်းဖြစ်ရင်တော့ တစ်မျိုးပေါ့၊ အခုက သူဌေးသမက်က တခြားအလုပ်ရှင်ဆီမှာ အောက်ကျနောက်ကျ အလုပ်သွားလုပ်နေရတာ ဘယ်သူသိက္ခာကျမလဲ ... ကဲ"

"ဒါက မောင့်ဟာမောင် မနေနိုင်မထိုင်နိုင်သွားလုပ်တာကိုး"

"ဩော် ... ကိုယ့်မှာ ဘာအလုပ်မှမရှိတဲ့ တေးကြီးအဖြစ်နဲ့ အိမ်ထဲမှာပဲ ကုပ်နေရမလား စိမ်း၊ စိမ်းရည်ရွယ်ချက်က ကိုယ်လုပ်နေတဲ့ လုပ်ငန်းတွေကို ဖြုတ်လိုက်တာနဲ့ ကိုယ်ဟာ လူမှုရေးလောကနဲ့ အဆက်အသွယ်ပြတ်သွားတော့မယ်လို့ တွက်ကိန်းနဲ့





လုပ်တာ မဟုတ်လား၊ ကိုယ်က သစ်ငုတ်မဟုတ်ဘူး ... စိမ်း၊ လူကွ ... လူ"

"တိုးတိုးပြောပါ မောင်၊ မေမေတို့ ကြားသွားမယ်"

စိမ်းက ခပ်ကျိတ်ကျိတ်လေးပြောလိုက်မှ ကိုချမ်း အနည်းငယ် ငြိမ်သွား၏။

ဘာမှ စေတကမ တက်တော့ဘဲ တစ်ဖက်ရှိ သူ့ခုတင်မှာ ပစ်လှဲလိုက်လေသည်။

"အင်း ... အင်း ... အဲ့ ... အဲ့"

သမီး နိုးသွားလေပြီ။

စိမ်းက သမီးကိုချီယူရင်း နို့တိုက်လိုက်၏။

အို ... သမီးရဲ့ အာငွေ့က ပူလိုက်တာ။

အဖျားတက်နေဆဲပါလား။

နာရီကြည့်လိုက်တော့ ညဆယ့်တစ်နာရီကျော်နေပါပြီ။

ကိုယ်အေးဆေးကို လေးနာရီခြားတစ်ခါ တိုက်ရသည်မို့ ဆေးတိုက်ရန် ပြင်ဆင်လိုက်၏။

ဆေးပုလင်းယူ၊ ဇွန်းယူ၊ ရေနွေးထည့်နှင့် ကလေးတစ်ဖက် ချီကာ စိမ်းမှာ ခက်ခက်ခဲခဲလုပ်နေရ၏။

ကိုချမ်းကိုကြည့်လိုက်တော့ တရှူးရှူးအိပ်နေပါပြီ။

တကယ်အိပ်ပျော်တာလား၊ ဟန်ဆောင်တာလားတော့မသိ။ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်နေတော့သည်။

သမီးကလည်း ကိုယ်ထဲက မအီမသာ ဖြစ်နေမှုကြောင့် ဘာအီအီငိုကာ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းက ဆေးတိုက်ရန် ဇွန်းလေးကို မြှောက်ရင်း ...

"ဟဲ ... သမီး၊ ဆေးသောက်ရအောင်နော်၊ မေ့သမီးက လိမ္မာတယ်"

ချော့ချော့ကလေးပြောရင်း ဆေးတိုက်လိုက်သည်။

သမီးက ဆေးကြောက်သဖြင့် ရှုံ့မဲ့ရှုန်းကန်ကာ မသောက်လိုကြောင်း အော်ဟစ်ငိုပါလေတော့သည်။

"သမီးကလဲကွယ်၊ နေကောင်းအောင်ဆေးသောက်မှပေါ့"

သမီး ရုန်းကန်တွန်းထုတ်လိုက်သဖြင့် ဆေးတချို့ ဖိတ်တစ်ဝက် စဉ်တစ်ဝက် ဖြစ်သွားရသည်။

"သမီးက ဆိုးတယ်ကွာ၊ ကြည့်စမ်း ဆေးတွေဖိတ်သွားပြီ"

တစ်နှစ်မပြည့်တပြည့်သမီးက စကားမပြောတတ်သော်လည်း မအေပြောတာကို နားလည်ပုံရသည်။

အငိုရပ်ကာ ဖိတ်သွားသောဆေးရည်များကို သုတ်ပစ်နေသော စိမ်းအား ကြည့်နေလေသည်။

ပြီးမှ ပြန်ငိုလေသည်။

"ဩော် ... သမီးကလဲ၊ တိတ် ... တိတ်ပါကွယ်"

စိမ်းက ချိုပိုးယုယကာ ချော့ပါသော်လည်း သမီးက ဆေးသောက်လိုက်ရသည်ကို မကျေမချမ်းပုံနှင့် ငိုနေလေတော့သည်။

"အာ ... စိတ်ညစ်လိုက်တာကွာ၊ ဒီကလေးကလဲ"

အိပ်နေသော ကိုချမ်းထံမှ အသံကြောင့် စိမ်းက ...

"သမီး ကိုယ်ပူလို့ အီနေတာပါ မောင်"





"ဟာကွာ ... အားအားရှိ ဖျားနေတာပဲ၊ စိတ်ညစ်စရာကောင်းလိုက်တာ"

ကိုချမ်းအပြောကြောင့် စိမ်း ထောင်းခနဲ ဖြစ်သွား၏။

ကလေးကို ကူညီ၍ ချော့ဖော်မရသည့်ပြင် တာဝန်မဲ့ပြောလိုက်သော ကိုချမ်းအား စိတ်ထဲအတော်မကျေမနပ်ဖြစ်သွား၍...

"ဘယ်သူက ဖျားချင်ပါ့မလဲ မောင်ရဲ့၊ ကလေးဆိုတော့ လူကြီးလို ဝေဒနာကို သည်းခံတတ်တာမှ မဟုတ်တာ၊ သူတို့မှာ ငိုတာတစ်ခုပဲ တတ်တာပဲ၊ နေကောင်းနေရင် သမီးလေးက သိပ်အေးတာ"

စိမ်း စကားမဆုံးခင် သမီးက ဝေါခနဲ အန်ချပါတော့သည်။

စိမ်း ရင်ဘတ်မှာ အညစ်အကြေးတွေ ပေသွား၏။

သည်တော့ သမီးကို အသာချလိုက်ပြီး အညစ်အကြေးတွေကို သုတ်သင်ရသည်။

"သွားစမ်းကွာ၊ စိတ်ညစ်ရတဲ့အထဲ ဒီကလေးက တကျည်ကျည်နဲ့"

"အို ... မောင် ဘယ်လိုပြောလိုက်တာလဲ၊ ဒါ မောင့်သမီးပါ၊ အကြင်နာနည်းနည်းနဲ့ ပြောရက်တယ်နော်"

စိမ်းက ဗီရိုမှ အကျီတစ်ထည်ကို အဝတ်လဲရန်ယူနေရင်းမှ ပြန်ပြောလိုက်သဖြင့် ကိုချမ်းက ...

"ဟေ့ ... တခြားမှာ သွားအိပ်ကြ၊ နားငြီးတယ်၊ အိပ်ရေးပျက်တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အတိုချုပ်ရင်း စိမ်း အံ့သြတကြီး ဖြစ်သွား၏။

“ဘာပြောတာလဲ မောင်”

“မင်းတို့သားအမိ တခြားအခန်း သွားအိပ်လို့ ... ဒီမှာ အိပ်လို့မရဘူး”

“ဒီမှာ ... မောင်”

သမီးကို ချီယူရင်း စိမ်းခေါ်လိုက်၏။

“မောင့်မှာ အကြွင်နာတရားခေါင်းပါးလှချည်လား ... ဟင်၊ မောင့်စကားတွေက တာဝန်မဲ့လွန်းလှတယ်၊ ကလေး နေမကောင်းရင် ဘယ်မိဘမဆို ဒုက္ခခံရစမြဲပဲ မောင်၊ မောင့်လို တစ်ကိုယ်ကောင်းဆန်တဲ့ ဖခင်နဲ့တွေ့ရတာ စိမ်းသမီးရဲ့ ကုသိုလ်ကံက အတော့်ကို ဆိုးသွားပါပြီ၊ ရပါတယ်၊ မောင့်ဆီက သမီး မရတဲ့ ကြင်နာယုယမှုတွေ စိမ်းကပဲဖြည့်ဆည်းပေးလိုက်ပါ့မယ်၊ တစ်ခုတော့ စိမ်း တောင်းပန်ပါရစေ မောင်၊ လောလောဆယ် တခြားအခန်းမှာ စိမ်းတို့ သွားအိပ်လို့မဖြစ်ပါဘူး၊ အကောင်းဆုံးက မောင် နားငြီးမယ်၊ အိပ်ရေးပျက်မယ်ဆိုရင် မောင်ပဲ တခြားအခန်းမှာ ကျေးဇူးပြုပြီး သွားအိပ်ပါလို့”

“ဟာ ... သိပ်ကောင်းတဲ့အကြံပဲ၊ ဟုတ်တယ်၊ ကိုယ် ဟောဟို အံမြင်က လသာဆောင်မှာပဲသွားအိပ်တော့မယ်၊ အဟက် ဟက် ကိုယ်က အိပ်ရေးပျက်ရင် ခေါင်းကိုက်တတ်တယ် မဟုတ်လား ဒါကြောင့် ခွင့်လွှတ်ပါ စိမ်းရာ၊ ကဲ ... သွားပြီ”

ခေါင်းအုံးနှင့် စောင်ပိုက်ကာ ထွက်သွားသော ကိုချမ်းအား စိမ်း အံ့ကြိတ်ကာ တစ်ချက်ကြည့်လိုက်၏။





ကိုချမ်းက လသာဆောင်ထောင့်ရှိ ဒရင်းဘက်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုက်ပါတော့သည်။

စိမ်းမှာသာ သမီးကိုချီကာ အခန်းထဲတွင်ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း နာသောရင်ကို ကြိုးစားဖြေဖျောက်နေရ၏။

ဪ ... မကို မင်းမှ ဥကို ခင်တဲ့စကား။

သိပ်မှန်ပါလားနော်။

အခု ... ကြည့်စမ်း၊ ကိုချမ်းဟာ မိမိအပေါ်မှာ မေတ္တာပျက်နေပြီဆိုတော့ သမီးအပေါ်မှာလည်း သူ ထောက်ထားစာနာရကောင်းမှန်း မသိတော့ဘူး။

နေထိုင်မကောင်းတဲ့အချိန်မှာ ဝိုင်းဝန်း ဖေးမ,ဖို့ မရဘဲ အိပ်ရေးပျက်ရင် ခေါင်းကိုက်တတ်တယ် ဆိုတဲ့ ဆင်ခြေနဲ့ မျက်နှာလွှဲခဲပစ် ရှောင်ထွက်သွားတတ်တဲ့ ဖခင်မျိုးကို သမီးသာ သိတတ်နားလည်ရင် သည်ဖအေကို ခင်မင်ပါတော့မလား။

ကိုချမ်းရယ် ဒါတွေဟာ အိမ်ထောင်ရေးမှာ စိတ်ပျက်စရာဖြစ်ပေမယ့် စိမ်း သည်းခံလိုက်ပါ့မယ်လေ။

စိမ်းမှာက ယောကျ်ားတစ်ယောက်ကိုဆွဲဆောင်နိုင်တဲ့ အလှအပတွေမရှိတော့ အဲသည်အားနည်းချက်ကြောင့် စိမ်း စိတ်ကို လျှော့ထားမိပါပြီ။

အရေးကြီးတာ သမီးအတွက်ပါပဲ။

သမီးလေးကို ဖခင်မဲ့တဲ့အဖြစ်မျိုး စိမ်း တွေးတောင်မတွေးဝံ့ပါဘူးရှင်။

စိမ်းရဲ့ ဘဝဟာ သမီးသာ အဓိကပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါး အိမ်ထောင်ရေး ပျက်ပြားသွားရင် သမီးလေး လောကအလယ်မှာ စိတ်လိုအင်ဆန္ဒ မပြည့်မဝနဲ့ အားငယ်နေရမှာကို စိမ်း မလိုလားလွန်းလို့။

ကိုချမ်းအပေါ်မှာ အတတ်နိုင်ဆုံး စိမ်း သည်းခံခွင့်လွှတ်ရတော့မှာပေါ့လေ။

ဪ ... ကြင်နာတတ်သော၊ စာနာတတ်သော ခင်ပွန်းတွေသာဆိုလျှင် မိမိတို့ကလေးငယ် မကျန်းမာတဲ့အချိန်မှာ ပူပင်သောကကြီးစွာနဲ့ ပျာယာခတ်ဖြစ်ကြမှာပါပဲ။

ညရေးညတာ ကလေးဒုက္ခကိုလည်း မိနဲ့ဖ နှစ်ဦးစလုံးက ညီတူညီမျှ ခွဲဝေမျှယူကာ ကူညီဖေးမကြမှာပါပဲ။

တချို့များဆို ဇနီးမယားရဲ့ အပူဒုက္ခတွေကို အစွမ်းကုန် လွှဲပြောင်းယူပြီး ကလေးဒုက္ခကို အတတ်နိုင်ဆုံး ဒိုင်ခံအပင်ပန်းခံတတ်ကြပါသေးသည်။

အဲဒါတွေက ဇနီးကို ချစ်၊ သားသမီးကို ချစ်တတ်သော ယောကျ်ားသားများပါ။

ခုတော့ ကိုချမ်းက တစ်ကိုယ်ကောင်းဆန်လှစွာ အကြင်နာနည်းလှစွာဖြင့် လွှတ်လပ်စွာသွားအိပ်နေချိန်မှာ စိမ်းမှာတော့...

ငိုးဝချ၍မရသော သမီးလေးကို ခေါက်တုံ့ခေါက်ပြန်ချီရင်း အိပ်ငိုက်သောဝေဒနာ၊ ခြေထောက်ညောင်းသော ဝေဒနာ၊ ခါးညောင်း ကျောအောင့်သော ဝေဒနာများကို ကြိတ်မှိတ်ခံစားရင်း မိုးစင်စင်လင်းသွားရပါတော့သည်။

❧ ❧ ❧



"ကလင် ... လင် ... လင်"

"ဟလို ... စိမ်းပါ"

"စိမ်းရေ ... အစ်ကိုပါ"

"ဟင် ... အစ်ကို ဇော်မင်းလား၊ ကိစ္စထူးလားဟင်"

"ထူးတယ်"

"ဟင် ... ဘယ်လိုထူးတာလဲ အစ်ကို"

"ဟို ကောင်မလေးကို သူ့အဘိုးကြီး ကြပ်မတ်နေတဲ့ကြားက လစ်ရင် လစ်သလို ထွက်သွားတယ်လေ"

"ဟင်"

"အဲဒါ ... မနက်က ပြဿနာ တက်နေသံကြားတယ်"

"ပွဲရှိမှာလား"

"ဖြေအေးပေါ့ ... ငါတို့က ဒီဘက်က မသိမသာ နားထောင်ရတာလေ"

"ဘာတွေတဲ့လဲဟင်"

"အဘိုးကြီးက ပြောတယ်၊ ပြီးသွားတဲ့ကိစ္စကို ဘာမှ ထပ်ဆက်စရာမလိုဘူးတဲ့၊ မင်းတာဝန် ပြီးသွားပြီတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ... ဟုတ်လား”

“ဒါပေမဲ့ ... ငတိမက အတော်လည်တာ၊ အဘိုးကြီးကို ဘာပြောတယ် မှတ်လဲ”

“အင်း ... ဆိုပါဦး”

“ဟိုက အရှိန်တက်နေတုန်း ရသမျှ ချိုင်ထားချင်တယ်တဲ့လေ၊ သူ့အနေနဲ့ အဘိုးကြီးရဲ့စမောဟာ စမောပါပဲတဲ့လေ၊ ဘယ်တော့မှ မပြောင်းလဲဘူး ဆိုပဲကွ”

“အစ်ကိုဇော်မင်း”

“ဟေ”

“အစ်ကိုတို့ကိုတော့ လုံးဝ သံသယ မရှိဘူးနော်”

“အေး ... ရှိပုံမရလို့ ခပ်ကျယ်ကျယ်ပြောတာ ဖြစ်မယ်”

“ဒါဆို ... စိမ်း ဘာဆက်လုပ်ရမလဲ ဟင်၊ အစ်ကို”

“စကားများကြသေးလား”

“ညက သမီးဖျားလို့ နားပူတယ်ဆိုပြီး နည်းနည်းပါးပါး စကားများသေးတယ်”

“မနက်မိုးလင်းတော့ အေးအေးဆေးဆေးပဲလား”

“ဟုတ်ကဲ့ ... မနက်စာ စားပြီး အလုပ်သွားပြီလေ”

“သူ့အလုပ်နေရာ ညည်းသိလား”

“အောက်လမ်းမကြီးက ရှုခင်းသာတည်းခိုခန်းတဲ့ အစ်ကို”

“ညည်း မရောက်ဖူးသေးဘူးလား”

“ဟင့်အင်း ... တစ်ခါမှ မသွားဖူးဘူး”

“တုံးပါ့ကွာ၊ သွားပေးရတယ်၊ ဒါမှ ကိုချမ်းမှာ မယားရှိတယ် ဆိုတာ လူတွေ သိမှာပေါ့”





“သူ မကြိုက်မှာစိုးလို့”

“ဟ ... တမင်သွားတာမျိုးမဟုတ်ဘဲ အကြောင်းတစ်ခုခုနဲ့ပေါ့ ညီမရာ”

“ဟုတ်ကဲ့”

“ဒီနေရာမှာ ငါ့ညီမက တင်ရီအေးထက် ညံ့တယ်”

“ဟင်”

“တင်ရီအေး အဲဒီကိုသွားလို့ သူ့အဘိုးကြီးနဲ့ ပြဿနာ တက်ပြီလေ”

“အို ... ဟုတ်လား၊ လျင်လိုက်တာ၊ ကြည့်စမ်း”

“အဲဒီလို မိန်းမမျိုးတွေက သူများထက် အမြဲတမ်း တစ်ကွက် ပိုလျင်နေတတ်တာပဲကွ”

“ကျေးဇူးပါပဲ အစ်ကိုရယ်၊ ခဏကြာရင် စိမ်း သူ့ဆီသွား လိုက်ပါ့မယ်၊ သမီးအတွက် ဆေးဝယ်စရာရှိနေတယ်”

“အေး ... ကောင်းတယ်၊ သွားလိုက် ... သွားလိုက်”

“ဒါပဲနော် ... အစ်ကို၊ သမီး ငိုနေပြီ”

“အေး ... အေး”

ဖုန်းကိုချပြီး သမီးကို နို့တိုက်ရ၏။

ပြီးမှ ပုပုကို ...

“ပုပုရေ ... စိမ်း သမီးအတွက် ဆေးသွားဝယ်လိုက်ဦးမယ်”

အဝတ်အစားလဲကာ ကားလေးနှင့် ထွက်လာခဲ့၏။

ရှုခင်းသာ တည်းခိုခန်း။

အောက်လမ်းမတစ်လျှောက် ကားကို ဖြည်းဖြည်းမောင်းရင်း ကြည့်လာရာ တစ်နေရာတွင် တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကို တည်းခိုခန်းရှေ့တွင် ရပ်ပြီး ဆင်းလိုက်၏။

တည်းခိုခန်းအဝင်ဝမှ ညှော်ကြိုကောင်လေးက ပျူငှာစွာနှင့် မေးလိုက်လေသည်။

"တည်းခိုဖို့ အခန်းလိုပါသလား အန်တီ"

"ဪ ... မဟုတ်ပါဘူးကွယ်၊ ဒီက မန်နေဂျာ ဦးမင်းမေချမ်း နဲ့ တွေ့ချင်လို့ပါ။ အန်တီက သူ့ဇနီးပါ"

"ဟုတ်ကဲ့ ... ခဏလေးထိုင်စောင့်ပါ ခင်ဗျာ၊ မန်နေဂျာ အပြင် ခဏသွားနေလို့"

"ကြာမလားကွယ်"

"မကြာဘူးထင်တယ်ဗျ၊ ကျွန်တော်တို့ တည်းခိုခန်း ဝန်ထမ်း တွေဟာ အပြင်တစ်ခါထွက်ရင် တစ်နာရီထက် ပိုမသွားရပါဘူး ခင်ဗျ၊ အခု မန်နေဂျာ သွားတာ နာရီဝက်ကျော်သွားပါပြီ"

ကောင်လေးက နံရံပေါ်မှ ရှုခင်းလှလှပုံနှင့် နာရီကြီးကို မော့ကြည့်၍ ပြောလိုက်၏။

စိမ်းက ဤတည်းခိုခန်း၏ စည်းစနစ်ကြီးမှုကို သဘောကျ သွားရသည်။

"ဒါဆို ... ခဏထိုင်စောင့်မယ်နော်"

"ကောင်းပါပြီ ... အန်တီ"

ဧည့်ခန်းရှိ ကြိမ်ဆက်တီရှည်ရှည်တစ်လုံးမှာ ထိုင်လိုက်ရ၏။

တည်းခိုခန်း၏ အပြင်အဆင်များက သေသပ်သပ်ရပ်ကာ ပန်းချီကားများ၊ နံရံကပ် ပန်းအိုးများနှင့် လှပနေရ၏။

ကြမ်းခင်း ဖယောင်းပုဆိုးအစိမ်းနုနုကလည်း မျက်စိအေး စရာပင်။





"ဟာ ... ဝလိုက်တာကွာ"

ကောင်လေးသုံးယောက် စိမ်းရှေ့မှ ဖြတ်လျှောက်ရင်း တိုးတိုးလေး ပြောသွားကြ၏။

တည်းခိုခန်းဆိုတော့ ဝင်သူထွက်သူတွေ တဖွဲဖွဲပါ။

"ဟေ့ ... နုနု၊ မင်း ဝချင်တယ်ဆို၊ အဲဒီ အန်တီကြီးလောက်ဆို တော်ပြီလား"

"အမယ်လေး ... အဲလောက် ပုံပျက်ပန်းပျက်သာ နုနု ဝရင် တစ်ခါတည်း ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာပဲ"

"နို ... မင်းပဲ ဝချင်လှချည်ရဲ့ဆို"

"အသားပြည့်ပြည့်ဖြိုးဖြိုးနဲ့ ကြည့်ကောင်းအောင် ဝတာကို ပြောတာပါ နုက ပိန်တယ်မဟုတ်လား"

"မသိပါဘူးကွာ၊ ခစ် ... ခစ် ... ခစ် သိပ်ဝတာပဲနော်"

"အေးလေ ... အရမ်းပဲ၊ စိတ်ကုန်စရာကြီး"

ပြောတာကတော့ တိုးတိုးပါပဲ။

ဒါပေမဲ့ ... စိမ်းက နားအလွန်ပါးသူမို့ ပီပီသသကို ကြားလိုက် ရ၏။

"ခစ် ... ခစ် ဆန်တစ်အိတ်ထောင်ထားသလိုပဲနော်"

"အဆီပြင်တွေကလဲ ထစ်ထစ်ပြီးကို တက်လို့ကွာ"

စိမ်းမှာ တိုးတိုး တိုးတိုးနှင့် ကြားနေရသော ကဲ့ရဲ့ရယ်မော နေကြသံများကို စိတ်ဆင်းရဲစွာ နားထောင်နေရ၏။

အို ... ငါဟာ အများစုရဲ့ ကဲ့ရဲ့စရာ၊ ဟားစရာ မိန်းမ တစ်ယောက်တောင် ဖြစ်နေပါပေါ့လား။



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဆက်တီကို ခပ်လျှော့လျှော့လေး မှီချရင်း မျက်စိစုံမှိတ်ထားမိ၏။

သည်အဆီပိုတွေကို လျှော့ပစ်ဖို့ ငါ ကြိုးစားရမယ်။

ဒေါက်တာ မရွှေစင်နဲ့ သေချာဆွေးနွေးဖို့ဟာ အခြေအနေမပေးလို့ မလုပ်ဖြစ်ခဲ့ရဘူး။

ပြီးတော့လည်း ယောကျ်ားတစ်ယောက်ကြောင့် မောင့်ကြောင့်ဆိုပါတော့။

ငါ ဝသွားလို့ မောင် စိတ်ကုန်သွားတာကို ငါ မခံချင်လိုက်တာ။

သူ့အချစ်ဟာ ငါ့အလှပေါ်မှာ တည်တာကိုပဲ အထင်သေးတယ်။

တကယ့် မေတ္တာစစ်ဆိုရင် ဝတာ ပိန်တာ အဓိက မဟုတ်ပါဘူးလေ။

လင်တစ်ယောက်ကို အလှမပျက်အောင်ထိန်းပြီး ဆွဲဆောင်ထားရမယ်ဆိုရင် အဓိပ္ပာယ်မရှိတော့ဘူးပေါ့။

တွေးရင်း စိမ်း မျက်ခွံများလေးလာ၏။

ညကလည်း မအိပ်ရဘူးဆိုတော့ အိပ်ငိုက်ပြီပေါ့။

မကြာခင် စိမ်း ကြိမ်ဆက်တီပေါ်မှာ အိပ်ပျော်သွားပါတော့သည်။

အချိန်မည်မျှကြာကြာ အိပ်ပျော်နေသည်မသိ။

ပခုံးကို ခပ်ကြမ်းကြမ်းလှုပ်နှိုးခြင်းနှင့်အတူ။

"ဟော့ ... စိမ်း ... စိမ်း၊ ထစမ်းကွာ၊ တကတဲ အရှက်မရှိ အိပ်နေလိုက်တာ၊ မင်း မရှက်ဘူးလား"





မောင့် အသံစူးစူးကို ဗလုံးဗထွေး ကြားရ၏။

"ဟား ... ဟား အိပ်ရေးပျက်ရှာတယ်၊ ပိန်လို့"

"ကာလနဂါးအမေ မှတ်တယ်"

ပတ်ဝန်းကျင်မှ လှောင်ပြောင်သံများလည်း ကြားရသည်။

"ဟင် ... မောင်"

မိမိအား သုန်မှုန်စွာ ကြည့်နေသော ကိုချမ်း။

"ကဲ ... ပြောစမ်းပါဦး၊ ဘာကိစ္စလဲ"

မေးပုံက ခပ်ရင့်ရင့်မို့ စိမ်းလည်း အမြင်ကတ်ကတ်နှင့် ...

"အို ... လင်ရှိတဲ့နေရာ သူ့မိန်းမက ကိစ္စရှိမှ လာရမှာလား မောင်"

တမင်ပင် လာရင်းကိစ္စကို မပြော။

တည်းခိုခန်းမို့ လူသွားလူလာ များသဖြင့် လင်မယား အချေအတင်ပြော၍မသင့်တော်ဟု သိသော်လည်း စိမ်း မမှုချင်တော့။

ကိုချမ်းကလည်း တည်းခိုခန်း၏ ဧည့်ဆောင်မှာ လာရောက်အိပ်ပျော်နေသောဇနီးမလေးအတွက် အရှက်ရပုံနှင့် မျက်နှာကြီးနီနေတော့၏။

ပြီးတော့လည်း ခုလေးတင် သူ့မှာ တင်ရီအေးနှင့် ပူပူနွေးနွေး အပြင်သို့ တွဲခုတ်သွားသေးသည် မဟုတ်ပါလား။

သည်တော့ ရှက်ရှက်နှင့် ရမ်းတော့သည်။

"ဒီမှာကွ ... မင်း ဘာလို့ အလုပ်တိုက်ကို လိုက်လာတာလဲ၊ ကျုပ်ဟာ ခင်ဗျားလင်ကြီးမှန်း လူတိုင်းသိတယ်၊ ဘာမှ မဏ္ဍိုင်လာတက်ပြနေစရာ မလိုဘူး ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံက ရက်ရက်စက်စက်မို့ စိမ်းက ဆတ်ခနဲ ခါးထောက်ရင်း ...

"ဒီမှာ ... ကိုချမ်း၊ မယားရှိမှန်း သိလျက်နဲ့ ပြောင်နိုက်ဝံ့တဲ့ ဝိုင်းလုံးမတွေရဲ့ လှည့်ကွက်ထဲမှာ နစ်သွားမှာစိုးလို့ သိရဲ့လား"

"တော်စမ်း ... မင်း ပြန်တော့၊ ဘာမှ လိုက်ချောင်းစရာ မလိုဘူး စိမ်း"

"ကိုချမ်းက လိုက်ချောင်းရတဲ့အလုပ်ကို လုပ်နေလို့ မလုံတာလား"

"ဟေ့ ... ဒါ အလုပ်တိုက်ကွ၊ မင်းနဲ့ အချေအတင်ပြောနေဖို့ အချိန်မရှိဘူး"

"ကောင်းပါပြီလေ ... စိမ်းတို့က သိတတ်ပါတယ်"

"သိရင် ပြန်တော့"

"သမီးအတွက် ဆေးဝယ်ဖို့"

"ဘာလဲ ... ကိုယ်သွားပေးရမှာလား"

"မအားရင်လဲ ရတယ်၊ စိမ်းက အတူနဲ့ မိမှာစိုးလို့"

"ဘာဆေးလဲ"

"ကလိုရီဖင်နီကောအရည်နဲ့ ဗိုက်တာဖုံအရည်"

"ရပြီ ... ဝယ်ခဲ့မယ်"

စိမ်း ချာခနဲ လှည့်ထွက်ခဲ့၏။

သမီးအတွက်မို့သာ သည်းခံပြီး အဆင်ပြေအောင် ပြောလိုက်ရ၏။

ခက်တာက ဆေးဆိုင် အဆက်အသွယ်က ကိုချမ်းနှင့်သာ ကိုက်၏။





သည်တော့ အပြင်မှာ ဆေးကို စိမ်း စိတ်ချစွာ မဝယ်ရဲပါ။

အတုတွေ ပေါပါဘိသနဲ့၊ တော်ကြာ ဆေးတိုက်၍ ဒုက္ခပိုများမှ အခက်။

တစ်လမ်းလုံး ကားမောင်းရင်း စိမ်း စိတ်ကိုကြိုးစား ဖြေနေရသည်။

တည်းခိုခန်းမှာ အိပ်ပျော်သွားမိသော မိမိကို ဆက်ဆံသော ကိုချမ်း၏ အပြောအဆို အမူအရာတွေက စေ့စေ့တွေးလေ စိတ်နာစရာ ကောင်းလေ မဟုတ်ပါလား။

ဒါပေမဲ့ ... သည်းခံလိုက်ဦးမယ်လေ။

ကိုယ်ကလည်း ကက်ကက်လန် ပြန်ပြောခဲ့မိသည်ပဲ။

ညနေ ကိုချမ်း ပြန်လာတော့ ဆေးတွေပါလာသည်။

စိမ်း အနေဖြင့် ဘာပဲဖြစ်ဖြစ် ကိုချမ်းတစ်ယောက် အချိန်တန် အိမ်မှန်မှန် ပြန်လာသည်ကိုပင် တိတ်တိတ်ကလေး ကျေးဇူးတင်နေရသည် မဟုတ်ပါလား။

နောက်နေ့မှာ စိမ်းက ...

"ဒီနေ့ ... ဦးအောင်ဖုံရဲ့သမီး မင်္ဂလာဆောင်ရှိတယ်နော်"

ဦးအောင်ဖုံဆိုသူမှာ စိမ်းတို့နှင့်အလွန် ရင်းနှီးသော မိတ်ဆွေကြီးဖြစ်သည်။

ကိုချမ်းက ဘာမှမပြောသဖြင့် ...

"သွားမယ်မဟုတ်လား မောင်၊ မသွားလို့တော့မကောင်းဘူး"

"အေးလေ ... သွားတာပေါ့"

"မောင်တို့ တည်းခိုခန်းက အပြင်တစ်ခါထွက်ရင် တစ်ခါရှိလောက် ရတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒါဆို ... စိမ်း အဆင်သင့် စောင့်နေမယ်နော်"

"ဟင် ... စိမ်းပါ လိုက်ဖို့လား"

"အင်းလေ"

"ဟာ ... မလိုက်နဲ့ မလိုက်နဲ့၊ သူငယ်ချင်းတွေက ဝိုင်းဟား မယ်"

"ဟင် ... ဘာဖြစ်တယ်၊ ဘာပြောတယ်"

"အိုကွာ ... မင်းကိုမြင်ရင် ငါ့သူငယ်ချင်းတွေက ငါ့ကို ဝိုင်း ဟားမှာပေါ့၊ ငါ ရှက်တယ်၊ မလိုက်နဲ့၊ ငါတစ်ယောက်တည်း သွားမယ်"

"ဟင်"

မကွယ်မဝှက် ရှင်းရှင်းကြီး ပြောချလိုက်သော ကိုချမ်းစကား ကြောင့် စိမ်းမှာ ရှက်ဒေါသနှင့် နာကြည်းမှုတို့ တလိပ်လိပ် တက်လာကာ

"ဒီမှာ ... မောင်"

"ဘာလဲ"

"စိမ်း ဝတာဟာ လူတောထဲတိုးလို့ မရတော့လောက်အောင် ဖြစ်နေပြီလား၊ ဝတာဟာ အိမ်ထောင်ရေးပြစ်မှုကြီးတစ်ခုလား မောင်"

"အိုကွာ မင်းကိုယ်မင်း မှန်ထဲ ပြန်ကြည့်ပါလား၊ ဒါလောက် ပစ်စလက်ခတ် မတရားဝနေတာကို ငါ ဘယ်လိုလုပ် လူတော မျက်နှာထားရမှာလဲ"





"မောင်ဟာ သိပ်သေးသိမ်တဲ့ ယောကျ်ားပဲ"

"ဘာကွ"

"သေးသိမ်တယ်၊ သဘောထားဖျင်းတယ်လေ၊ သူများ ကြားလို့မှမတော်၊ မယားဝတာကို အပြစ်ကြီးတစ်ခုလိုမြင်ပြီး သက်သက် ရန်ရှာနေတာဟာ ဘယ်လောက်ရှက်စရာကောင်း သလဲ"

"ဟေ့ ... ရှက်စရာကောင်းလို့ ငါပြောနေရတာပေါ့ကွ၊ လူမှတ် လို့ ယူမိပါတယ်၊ တဖြည်းဖြည်း ဗြိတ္တာနဲ့ တူလာပြီ"

"ဟင် ... ဘာပြောတယ်၊ ဒါဆိုရင် ဘာဖြစ်လို့ ယူသေးသလဲ၊ အစကတည်းက ရှင် ဘာလို့ မစဉ်းစားသလဲ"

"ဒီလို ပုံပျက်ပန်းပျက် ဖြစ်မယ်မှန်းသိရင် အစကတည်းက မယူဘူးကွ"

"ဪ ... ဟုတ်လား"

"ဟုတ်တယ်"

"ကျေးဇူးတင်ပါတယ် ကိုချမ်း၊ ရှင့်စိတ်ထား ဒီလောက် သိမ်နုပ်မယ်ဆိုတာ ကျွန်မ ကြိုမတွေးခဲ့မိတာဟာ နောင်တရမိ ပါရဲ့ ဒါပေမဲ့ ရှင့်လုပ်စာ ထိုင်စားနေတဲ့ မိန်းမ မဟုတ်တဲ့အတွက် ကျွန်မ ဘာကိုမှ ဂရုမစိုက်ဘူး သိလား၊ ရှင် ကျွန်မ ဝတာကို စိတ်ဆင်းရဲပြီး လဲသေသေ ကျွန်မ စိတ်ပိုင်းဖြတ်လိုက်ပြီ ဘယ်တော့မှ ပိန်အောင် မလုပ်ဘူး"

"နေပေါ့၊ ဒါမှ အဆီပိတ်ပြီး သေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ထင်သလိုလုပ်ရအောင် ကျွန်မ ဘယ်တော့မှ ရှင့်အရင် မသေပါဘူး ကိုချမ်း၊ ရှင်သာ ကျေးဇူးကန်းတဲ့လူ၊ ဘဝမေ့တဲ့လူ၊ တစ်နေ့ကျ ဒုက္ခလှလှကြီးတွေ့မယ့်လူ ဖြစ်လိမ့်မယ်"

"စောင့်ကြည့်ပေါ့"

"မျက်လုံး ဒေါက်ထောက်ပြီး ကြည့်နေတယ်ရှင့် သိလား"

ပြောပြီး စိမ်း ချာခနဲ လှည့်ထွက်သွား၏။

ကိုချမ်းက ပခုံးလေးတွန့်၊ နှုတ်ခမ်းလေးမဲ့ရင်း ကျန်ခဲ့သည်။

စိမ်းက မီးဖိုချောင်ဝင်ကာ စီမံနေလိုက်သည်။

ကိုချမ်းကို လုံးဝ ဂရုမစိုက်တော့။

မိန်းမမာနက အစွယ်ပြူလာရပြီမို့ အောက်ကျ နောက်ကျ သိပ်မလုပ်ချင်။ ဒါပေမဲ့ ကိုယ့်ဘက်ကတော့ မယားဝတ္တရား မပျက်ရအောင် ကြိုးစားနေဆဲပင်။

အချိန်တန် ဝတ်ဖို့အသင့်။ စားဖို့အသင့်ဖြစ်အောင် စီမံထားသည်။

သူ့ဟာသူ မစားတာတော့ မတတ်နိုင်။

အခုတော့ တစ်ခန်းတည်းပင် မအိပ်တာ သမီးဖျားကတည်းကပင်။ အကြောင်းမဟုတ်ပါ။

သူ့အရှိန်နှင့်သူ လည်ချင်သလောက် လည်စမ်းပါစေ။

အချိန်တန်ရင် ချည်တိုင်ဆီ ပြန်လာစမြဲပင် မဟုတ်ပါလား။

စိမ်း စိတ်ကို အတတ်နိုင်ဆုံး လျှော့ချပစ်ထား၏။

ထစ်ခနဲရှိ စကားများ။

ထစ်ခနဲရှိ ပြဿနာတက်နှင့် မကောင်းလှပါ။





ယောက္ခမများအား တိုင်ဖို့ကလည်း ကြား၍မတော်သော အဖြစ်မို့ စိမ်း ဘာမှမပြောချင်။

လူကြီးတွေပြောမှ နားလည်ခြင်းထက် မိမိကိုယ်ပိုင် အသိစိတ်နှင့်သာ ကိုချမ်းကို သိစေချင်သည်။

သူလည်း ပညာတတ်တစ်ယောက်ပဲ။

သိတာမှ ဟိုဘက်ကမ်းတောင် လွန်သွားသေး။

နေပါစေ၊ လွှတ်ကိုထားမယ်။

ဘယ်အရှိန်ထိ လွှတ်နေမလဲလို့။

အရှိန်ကုန်ရင် ရပ်သွားမှာပဲ။

အမိကကတော့ စိမ်းကိုယ်တိုင် မီးခံသေတ္တာသော့ကို ခါးကြားက မချတော့။

အစတုန်းက ခေါင်းအုံးအောက်ထားသဖြင့် ကိုချမ်းအနေနဲ့ အလွယ်တကူ လိုသလောက် ဆွဲယူသုံးစွဲနိုင်၏။

ခု စိမ်းဆီမှာ သော့ကို ကိုယ်နှင့်မကွာ ထားကတည်းက ကိုချမ်းလည်း သူ့မာနနှင့်သူ မတောင်းတော့။

စိမ်းလည်း မသိယောင်ဆောင်ကာ အလိုက်တသိပင် မပေး။ မမေး။ ခပ်မှန်မှန်ပင် နေလိုက်၏။

မေးတစ်ခွန်းမှ ပြောတစ်ခွန်း။ တစ်ဦးနဲ့ တစ်ဦး မာနပြိုင်နေကြ၏။

တစ်လခန့်ကြာသည်နှင့် ကိုချမ်း အချိုးပြောင်းတော့၏။

အိမ်ကို ပုံမှန် ပြန်မလာတော့။



www.burmeseclassic.com

www.burmeseclassic.com



လာတစ်ရက်၊ မလာတစ်ရက် ဖြစ်လာရာမှ သုံးလေးရက်လောက် ပျောက်နေတတ်၏။

စိမ်းက ဘာမှမပြော။

အရိပ်အခြည်သာ ကြည့်နေ၏။

နောက်တော့ လုံးဝပေါ်မလာတော့။

နှစ်ပတ်လောက်ကြာတော့ စိမ်း ဖုန်းကောက်ဆက်လိုက်သည်။

အစ်ကိုဇော်မင်းဆီသို့ပါ။

"ဟလို ... ဇော်မင်းပါ"

"စိမ်းပါ အစ်ကို"

"ဟော ... စိမ်းလား အခြေအနေထူးလား"

"ဟင်"

ကိုယ်မမေးခင် သူက အရင်မေးတော့ စိမ်း ကြောင်သွား၏။

"ငါ ခုလေးတင် ခရီးထွက်ရာက ပြန်ရောက်တာ စိမ်းရေ အရေးတကြီးကိစ္စဆိုပါတော့၊ အထက်ဘက်ကို သွားလိုက်ရတာ တစ်လနီးပါး ကြာသွားတယ်လေ၊ ကဲ ဆိုပါဦး၊ ဘာထူးသေးလဲ"

"ထူးဆို ... အိမ်ကို လုံးဝမပြန်လာတော့ဘူး အစ်ကိုရဲ့"

"ဟေ"

အစ်ကိုဇော်မင်းထံမှ ဟေ တစ်လုံး ခုန်ထွက်လာကာ အံ့ဩနေလေသည်။

"ဒီတော့ နည်းနည်းစုံစမ်းပေးပါလား အစ်ကို၊ သူ ဘယ်မှာရှိနေတယ်ဆိုတာ"





"အေး ... အေး၊ သူ့အလုပ်တိုက်ကိုကော ညည်း ဖုန်းဆက်သေးလား"

"မဆက်ပါဘူး အစ်ကို၊ စိမ်း တမင် ဂရုမစိုက်ဘူးဆိုတာ သူ သိအောင် ဘာမှ မလုပ်ဘူး"

"အခုကော ... ဂရုစိုက်ချင်လာပြီလား ညီမရဲ့"

"စိမ်းက သူ့ရဲ့ တရားဝင်ဇနီးပါ အစ်ကို၊ သူ ထင်တိုင်းလျှောက်လုပ်နေသမျှ ငုံ့ခံနေမယ့် မိန်းမ မဟုတ်ပါဘူး၊ သူ့ဘက်က အခြေအနေ အတိအကျသိရရင် ကိုယ် ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ဖို့ စဉ်းစားထားရတာပေါ့"

"အေးပေါ့ကွာ ... ဆန္ဒမစောနဲ့ပေါ့ စိမ်းရာ"

"စိတ်ချပါ အစ်ကို"

ꩻ ꩻ ꩻ



www.burmeseclassic.com

www.burmeseclassic.com

"ကလင် ... လင် ... လင်"

"ဟလို ... စိမ်းပါ"

"အေး ... ငါပါဟ"

"ဟုတ်ကဲ့ ... အစ်ကို၊ ပြောပါ"

"ဟိုကောင် မောင်ငံမှာ ရှိနေတယ်ကွ"

"တင်ရီအေးဆီမှာပေါ့"

"အေး ... ဒီမှာလဲ ဦးထွန်းမောင် ဒေါကန်နေတယ်"

"ကောင်းတာပေါ့ ... ခြားခုတ်ရာ လက်ဝင်လျှိုချင်တဲ့လူ ဘယ်နေ့ လက်ပြတ်မလဲဆိုတာ စောင့်ကြည့်ရအောင်"

"ဦးထွန်းမောင်က ခပ်မိုက်မိုက်ကွ၊ အပြင်ပန်းက ချိုသလောက် အတွင်းက ကောက်ကျစ်ညစ်ပုပ်တဲ့လူကြီး"

"တင်ရီအေး ပွဲရုံ လာသေးလား"

"ဟ ... ဘယ်လာရဲတော့မလဲ၊ အဲဒါကြောင့် အဘိုးကြီး ဒေါဖောင်းနေတာပေါ့"

"ဘာတွေ ပြောနေသံ ကြားရသလဲ အစ်ကို"





"ဟာ ... အစုံပဲ၊ သတ်ပစ်မယ် တကဲကဲ ကြိမ်းနေတာပေါ့၊ ဒါပေမဲ့ ပါးစပ်ကပဲ သူ ကြိမ်းနေတာ၊ လက်တွေ့မှာက သူလဲ တိတ်တိတ်ပုန်း အမည်မဖော်ဘဲ ယူထားတာမို့ ... ပြောင် ဘယ်ပြောရဲမလဲဟာ၊ နင့်အကောင်ကို သူ အစိမ်းလိုက် ဝါးစား ချင်နေတာပေါ့"

"ဝါးစားစမ်းပါစေ၊ တစ်ပူ အေးရအောင်"

"ကဲ ... နင် အခု ဘာဆက်လုပ်မလဲ စိမ်း"

"လုပ်စရာတွေကို တစ်ခုပြီး တစ်ခု လုပ်သွားရမှာပေါ့ အစ်ကို၊ ပထမဆုံး စစ်ကိုင်းရောက်နေတဲ့ စိမ်းရဲ့ မိဘနဲ့ သူ့မိဘကို အရင် ခေါ်ရမယ်"

"အင်း"

"ပြီးရင် ... အသေးစိတ် ပြောပြမယ်၊ လူကြီးစုံရာရှေ့မှာ တရားဝင် ကွာရှင်းတော့မယ် အစ်ကို"

"နင့်စိတ် နင် နိုင်ရဲ့လား"

"ဘာကိုလဲ"

"သူ့ကို ပြတ်နိုင်သလားလို့ပေါ့"

"ဩော် ... အစ်ကိုရယ်၊ ချင်းစိမ်းနဲ့ မိတ်သလင်ပေါ့၊ သူကမှ မတွယ်တာဘဲ အရင် စည်းဖောက်သွားမှတော့ စိမ်းက ဘာလို့ လိုက်ပြီး ခယနေတော့မှာလဲ"

"ဒါလဲ ဟုတ်တာပဲ"

"ကဲ ... ဒါပဲနော် အစ်ကို၊ အခုလို စုံစမ်းပေးတာ ကျေးဇူး ပါပဲ အစ်ကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ ဪ ... ညီမရေ"

"ရှင်"

"စဉ်းစဉ်းစားစားလဲ ဆုံးဖြတ်ပါကွာ"

"လူကြီးတွေရှေ့မှာ ဆုံးဖြတ်မှာပါ အစ်ကို"

"အေးလေ ... အေးပေါ့"

တစ်ဖက်မှ ဖုန်းချသွားပါလေပြီ။

အခြေအနေ အသေးစိတ်ကို အတိအကျ သိရပြီမို့ စိမ်းမိမိလုပ်ရမည့်ကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်တော့၏။

အရေးတကြီး သံကြိုးရိုက်ကာ ခေါ်လိုက်သဖြင့် စစ်ကိုင်းမှ ဦးချမ်းသာနှင့် ဒေါ်ခင်ထားတို့ ရောက်လာသလို ကားတစ်စီးလွှတ်ကာ ချက်ချင်းလိုက်ခဲ့ပါရန် ခေါ်လိုက်သော ဦးရွှေမောင်နှင့် ဒေါ်အေးနုတို့လည်း ရောက်လာပါတော့သည်။

အံ့အားသင့်နေသော လူကြီးများကို စိမ်းက အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားပြီး အေးဆေးစွာ ဇာတ်ကြောင်း လှန်ပြရတော့သည်။

လူကြီးများက လုံးဝမမျှော်လင့်သော စကားကြောင့် အံ့အားသင့်နေကြ၏။

ပြီး ဒေါသထွက်ကြ၏။

ဦးချမ်းသာနှင့် ဒေါ်ခင်ထားတို့မှာ တရားရိပ်မှ ပူပူနွေးနွေးထွက်လာခဲ့သူများမို့ တရားသဘောနှင့်ယှဉ်ကာ ဖြစ်ပျက်ခြင်းသဘောတရားကို နှလုံးသွင်း၍ အေးဆေးစွာဖြင့် သမီးဖြစ်သူကို ဖျောင်းဖျကြ၏။





ဦးရွှေမောင်ကတော့ ... လူဖြောင့်စိတ်တိုပီပီ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းများ စုပေါင်းကာ တဆတ်ဆတ်တုန်နေလေသည်။

ဒေါ်အေးနုမှာတော့ နဂိုကတည်းက ရောဂါအခံရှိထားသူပီပီ ကြားလိုက်ရသော သတင်းကြောင့် ဗိုင်းခနဲ လဲမတတ် မျက်ရည်များကျရင်း ...

"ကိုရွှေမောင်ရယ် လုပ်ပါဦး၊ သားတော့ ကျေးဇူးကန်းပါပကော၊ ရှာပြီး ဆုံးမပါဦးရှင်၊ ကျွန်မ သေရချည်ရဲ့ ကိုရွှေမောင်ရယ် ... ဟီး"

ဒေါ်အေးနု ချုံးပွဲချ ငိုရှာပါသည်။

ဦးရွှေမောင်က မေးကြောများ တင်းနေအောင် အံကြိတ်ရင်း လက်နှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ...

"ဒီကောင် အခု ဘယ်မှာလဲ သမီး"

"အလုပ်တိုက်မှာရှိမယ် ထင်ပါတယ်"

သေချာအောင် စိမ်း ဖုန်းခေါ်ကြည့်၏။

တစ်ဖက်မှထူးသူအား မန်နေဂျာရှိပါသလားဟု မေးရသည်။

ရှိပါသည်ဟု အဖြေရသည်နှင့် ...

"ရှိနေတယ် ဦးလေး"

"အေး ... အေး"

ဦးရွှေမောင် ချာခနဲ လှည့်ဆင်းသွား၏။

"ကိုရွှေမောင်"

ဦးချမ်းသာက ခေါ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေး ဆွေးနွေးရအောင် ဒီကိုပဲ ခေါ်လာခဲ့ပါဗျာ"

"ကောင်းပါပြီဗျာ"

ဦးရွှေမောင်က ကားတစ်စီးနှင့် ထွက်သွား၏။ ဒေါ်ခင်ထားက ...

"သမီး"

"ရှင် ... မေမေ"

"အခု သမီးက ဘယ်လို ဖြစ်စေချင်သလဲကွယ်"

"ဒီအိမ်ထောင်ရေးကို သူက စပြီး ချိုးဖောက်သူမို့ သမီး ဆက်ပြီး မပေါင်းချင်တော့ပါဘူး မေမေ"

"အို ... ဘုရား"

ဒေါ်အေးနုထံမှ မျက်ရည်လည်ရွဲ ဘုရားတကာ ရင်ဘတ်ဖိခြင်းနှင့်အတူ ...

"စဉ်းစားပါဦး သမီးရယ်၊ အမေ့မြေးလေးမျက်နှာထောက်ပြီး စဉ်းစားကြပါဦးကွယ် နော်"

ခြေဖက်မတတ် တောင်းပန်လိုက်သော ယောက္ခမဖြစ်သူအား စိမ်းက ...

"စိမ်း သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာပါ ဒေါ်လေး၊ ဦးလေးနဲ့ ဒေါ်လေးတို့ကို စိမ်း အမြဲလေးစားသွားမှာပါ၊ သမီးအတွက်လဲ မပူပါနဲ့ရှင်၊ စိမ်း တာဝန်ယူနိုင်ပါတယ်"





"တာဝန်ယူနိုင်တယ်ဆိုတာ ဒေါ်လေး သိပါတယ် သမီးရယ်၊ ဒါပေမဲ့ မြေးလေးမှာ အမိအဖနဲ့ ရှင်ကွဲ ကွဲပြီး မျက်နှာငယ်ရမယ့်အဖြစ်မို့ ..."

"အဲဒါကိုလဲ စိမ်း ကိုချမ်းကို ပြောပြဖူးပါတယ်ရှင်၊ ဒါပေမဲ့ သူမှ မထောက်ထားတာ၊ စိမ်းဘက်က အတိုင်းအတာ ကုန်နေပါပြီ ဒေါ်လေးရယ်"

"ဟင်း ... ဒုက္ခပါပဲ"

"သမီး"

"ရှင် ... ဖေဖေ"

"ကိုချမ်း အခြေပျက်နေတာ ဘယ်အချိန်ကတည်းကလဲ"

"ပွဲရုံမရောင်းခင်ကတည်းကပါ ဖေဖေ"

"ဟင် ... ဒါဆို ပွဲရုံရောင်းလိုက်တာဟာ ဒါကြောင့်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ... ဖေဖေ၊ ဖေဖေတို့ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျိတ်ပြီး ဖျောင်းဖျခဲ့ပါသေးတယ်၊ ဒါပေမဲ့ ..."

"အေးလေ ... သတ္တဝါတစ်ခု ကံတစ်ခုပေါ့ သမီးရယ်၊ သူလဲ ဖြစ်ချိန်တန်လို့ ဒီလိုဖြစ်သွားတာ နေမှာပေါ့၊ သမီးတို့ စကားအချေအတင်ဖြစ်ကြတဲ့အခါ ကွာမယ် ရှင်းမယ်လို့ ပြောဖြစ်ကြသေးလား"

"တစ်ခါမှ မပြောဖူးပါဘူး ဖေဖေ"

"ဒါဆို ... အခုကိစ္စမှာ ကိုချမ်းက မကွာနိုင်ဘူးဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"အို ... သူလား ဒီလိုပြောမှာ၊ ဝမ်းပန်းတသာနဲ့ လက်ခံမယ့်လူပါ ဖေဖေ"

"ဟင်း ... ဟင်း ဒါက သမီးအထင်ကိုး"

ဦးချမ်းသာက တစ်စုံတစ်ခုကို သဘောပေါက်လာသလိုနှင့် ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

"ဟော"

ဒေါ်အေးနုက ဆင်ဝင်အောက်သို့ ကျွိခနဲ ဆိုက်လာသော ကားပေါ်မှ လင်နှင့်သားကို မျက်နှာပျက်လှစွာ လှမ်းကြည့်လိုက်၏။

ဦးရွှေမောင်က ဖျတ်ခနဲ ဆင်းလာရင်း ကိုချမ်းကို ...

"လာ"

တစ်ခွန်းတည်းခေါ်ကာ ရှေ့မှ ထွက်လာလိုက်၏။

ကိုချမ်းကတော့ ဧည့်ခန်းထဲမှ လူကြီးများကို တွေ့လိုက်ရသဖြင့် တန့်ခနဲ တစ်ချက်တော့ ဖြစ်လိုက်၏။

ပြီးမှ ... ခပ်တည်တည်ပင် ဝင်လာပါသည်။

တစ်ယောက်မှ သူ့ကိုမကြည့်။ အဲ သူ့မိခင် ဒေါ်အေးနု တစ်ယောက်သာ မျက်ရည်လည်ရွဲနှင့် သူ့အား မချိတင်တဲ ဖြစ်လှစွာ ကြည့်နေသည်ကိုမြင်ရတော့ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားမိ၏။ ဦးရွှေမောင်က သူ့ဘေးမှာ ဝင်ထိုင်သော ကိုချမ်းကို –

"ကဲ ... ရှည်ရှည်ဝေးဝေး မပြောချင်ဘူး သား၊ သမီးပြောလို့ သိရတဲ့ အဖေတို့မှာ ဘယ်လောက်ရှက်ရတယ်၊ ဝမ်းနည်းရတယ် ဆိုတာ မင်းအမြင်ပဲ၊ ဒီတော့ ... မင်း ဘာပြောမလဲ ပြောစမ်း"





"စိမ်းက ဘာတွေပြောထားလဲ"

ကိုချမ်းက စိမ်းကိုလှမ်းကြည့်ပြီး ခပ်ဆတ်ဆတ်မေးသဖြင့်...

"ဖြစ်နေတဲ့ဟာတွေ အားလုံးပြောလိုက်တယ်လေ"

"ကဲ ... ဒီတော့ စိမ်းက ဘာဖြစ်စေချင်တာလဲ"

စိမ်းက မပြောမီ ဦးရွှေမောင်က ...

"ဟေ့ ... ဒီမှာ၊ သမီးကို မင်း ဘာမှ ပြောနေစရာမလိုဘူး၊ မင်း အမျိုးကို မင်း မြင်မလား၊ မမြင်ဘူးလားလို့ တစ်ခွန်းပဲပြော"

"ကျွန်တော်က ဘာဖြစ်နေလို့လဲ အဖေ"

"အောင်မယ် ... ဟေ့ကောင်၊ အခု ... ငါကိုယ်တိုင် လက်ပူးလက်ကြပ် မြင်ခဲ့တာတောင်မှ မင်းက မုန်လာဥ လုပ်ချင်တုံးပဲလား"

"ကျွန်တော်တို့က ရိုးရိုးပါ"

"တောက် ... တော်စမ်းကွာ၊ မင်း ခုထိ ဝန်မခံသေးဘူးလား ကိုချမ်း၊ ယောကျ်ားမဟုတ်ဘူးလားကွ၊ မင်း လုပ်ရဲရင် ခံရဲရတယ်ကွ၊ မင်းအစား ငါ ရှက်တယ် ကိုချမ်း"

"သားရယ် ... အမေတို့မျက်နှာကို ထောက်ပါဦးကွယ်၊ ကိုယ့်ကျေးဇူးရှင်တွေအပေါ်မှာ ပြစ်မှားရင် အပြစ်ထိုက်တတ်တယ်သား"

ဒေါ်အေးနုကလည်း တုန်ယင်စွာ ပြောပါသည်။

မိခင်စကားကြောင့် ကိုချမ်းမှာ ဆတ်ခနဲဖြစ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့မှာ အဲဒီကျေးဇူးရှင်ဆိုတဲ့ အစွဲတွေ မြဲနေသမျှ ကာလပတ်လုံး ကျွန်တော်တို့ဘဝ နွားနဲ့မခြား ဖြစ်နေရတာပဲ မဟုတ်လား"

"ဟင်"

"ဟာ"

"အို"

ဦးချမ်းသာ၊ ဒေါ်ခင်ထားနှင့် စိမ်းတို့ထံမှ အာမေဋိတ်များပါ။ ကိုချမ်းစကားကြောင့် သူတို့ အထူးအံ့သြသွားကြ၏။

ဩော် ... သူ့မှာ စကားချက်နှင့်ပါလားဟူသော အတွေးက ကိုယ်စီရှိဖြစ်ကြ၏။

"ဟော့ကောင်"

ဦးရွှေမောင်က မိုးခြိမ်းသံလို ခေါ်လိုက်ပြီးမှ ...

"ခွပ် ... ခွပ်"

"အမယ်လေး"

"အို ... ကိုရွှေမောင်"

"မလုပ်နဲ့ ... မလုပ်ပါနဲ့ ကိုရွှေမောင်ရယ်"

စိတ်မြန်လက်မြန် ထိုးချလိုက်သဖြင့် ကိုချမ်းမှာ ဗိုင်းခနဲ လဲကာ နှုတ်ခမ်းထောင့်စွန်းမှ သွေးတွေ စီးကျလာပါသည်။

"မင်း ... မင်း ... ခွေး ... ခွေးစကားပြောတယ်"

ဦးရွှေမောင်မှာ ဒေါသကြောင့် တုန်ခါနေလေသည်။

ကျန်လူများက ဦးရွှေမောင်ကို ဝိုင်း၍တားသော်လည်း လူရိုးကြီး ဦးရွှေမောင်မှာ အဆက်သခင် ကျေးဇူးရှင်များရှေ့ဝယ် ရှက်ရွံ့သိမ်ငယ်လှစွာ ခံစားရရင်း ဦးချမ်းသာအား ...





"အစ်ကိုကြီး"

"ပြောပါ ... ကိုရွှေမောင်"

"ကျွန်တော် သိပ်ရှက်တယ် အစ်ကိုကြီး၊ သူ့ကို ကျွန်တော် သားလို့တောင် ပြောချင်စိတ် မရှိတော့ပါဘူးဗျာ၊ ဒီကိစ္စကို အစ်ကိုကြီးတို့ ဆန္ဒရှိသလိုသာ စီမံကြပါတော့၊ လာ ... အေးနု တို့ သွားကြစို့"

"ကိုရွှေမောင်"

ဒေါ်အေးနုက ထိတ်လန့်ရှက်ရွံ့စွာ ခေါ်ပါသော်လည်း ဦးရွှေမောင်မှာ လုံးဝ လှည့်မကြည့်ပါတော့။

ချာခနဲ အောက်ဆင်းသွားပါပြီတည်း။

ဒေါ်အေးနုက အပြေးလေး လိုက်သွားရတော့၏။

သားဖြစ်သူအား ကြေကွဲစွာ တစ်ချက်ကြည့်လိုက်သော ဒေါ်အေးနု၏ မျက်ဝန်းမှာ ယူကျုံးမရခြင်း၊ ဝမ်းနည်းခြင်းများစွာ နှင့် ဖြစ်လေသည်။

ဦးချမ်းသာက ခေါင်းငုံ့နေသော ကိုချမ်းအား ...

"ကိုချမ်း"

ပြန်မထူး။ မော့မကြည့်သော်လည်း နားထောင်နေမည်ကို သိသဖြင့် ဆက်၍ပြောလိုက်၏။

"ခုနက မင်းပြောလိုက်တဲ့ စကားတစ်ခွန်း ဦးကြီးတို့ အတော်လေး အံ့ဩမိတယ်ကွာ၊ ဘာတဲ့ ... ကျေးဇူးရှင်ဆိုတဲ့အစွဲ တွေ မြဲနေသမျှကာလပတ်လုံး ကျွန်တော်တို့ဘဝ နွားနဲ့မခြား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရတယ်၊ ဟုတ်လား ... ကိုချမ်း၊ အေးကွာ ... မင်းတို့ မိသားစုတွေအပေါ် တို့များ ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ သေသေချာချာ ပြန်တွေးကြည့်ပေါ့၊ မင်းမှာ ဒီလို ကျိတ်ပုန်းခံစားချက်ရှိနေတာ တစ်ခုတည်းနဲ့ပဲ အိမ်ထောင်ရေး အဆင်မပြေဖြစ်ရတယ်ဆိုတာ ဦးကြီးတို့ သဘောပေါက်ပါပြီကွာ၊ ကဲ ဒီတော့ မင်းတို့ရဲ့ ကိစ္စကို လူကြီးတွေအနေနဲ့ ဘယ်လိုမှ ဝင်ပြီး စီမံဖန်တီးပေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ရိုးမြေကျ လက်တွဲပေါင်းဖက်သွားရမယ့် ကိစ္စမှာ ကာယကံရှင်နှစ်ဦးရဲ့ ဆုံးဖြတ်ချက်သာ အဓိကလို့ ဦးကြီးတို့ သဘောပေါက်ထားတဲ့အတွက် မင်းနဲ့ သမီး ပွင့်ပွင့်လင်းလင်း ဆွေးနွေး၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ကြပေါ့၊ အဲဒီ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုပေးမယ် ဟုတ်လား၊ လာ ... ခင်ထား၊ သူတို့ချင်း ဆွေးနွေးကြပါစေ"

ﻌ ﻌ ﻌ

ဉာဏ်ဝင်းစာပေ

လူကြီးများ ထွက်သွားကြပြီ။

ဧည့်ခန်းထဲမှာ ကိုချမ်းနှင့် စိမ်းတို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

တစ်ယောက်နဲ့တစ်ယောက် ဘေးတိုက်အနေအထား ထိုင်နေရာမှ စိမ်းက မျက်နှာချင်းဆိုင်နေရာကို ရွှေ့ထိုင်လိုက်ပြီး

"ကဲ ... ပြောပါ ကိုချမ်း၊ ကိုချမ်းဆန္ဒက ရှေ့ဆက် ဘယ်လိုဖြစ်ချင်တယ်ဆိုတာကိုပဲ ပြောပါ"

သူ့မှာ ကြီးမားသော အတွင်းကျိတ်အစိုင်အခဲကြီးက ဘွားခနဲပေါ်လာပြီမို့ စိမ်းဘက်က နွဲ့နေ၍ ရဦးမှာလား။

ကိုချမ်းက စိမ်းကို မကြည့်ဘဲ ...

"ကိုယ်တို့ လက်ထပ်လိုက်ပြီ"

"ဩော်"

ရင်ဝကို မီးနဲ့တို့သလို ပူပူစူးစူးကြီး နစ်ဝင်သွားစေသော စကား

ဒါပေမဲ့ ... ကိုယ်သိပြီးသား ကိစ္စပဲလေ။

စိမ်းက ဟန်မပျက် ပြန်မေးလိုက်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ... စိမ်းနဲ့က ဘယ်လိုရှင်းမလဲ"

"ဘာဆိုင်လဲ ... စိမ်းဟာ စိမ်း၊ အေးဟာ အေးပဲ"

"ဩော် ... လင်လုပ်တဲ့လူ မယားငယ်နေတာကို မယားကြီးက သြဘာပေးရဦးမယ်လား ဟင် ... ပြောစမ်းပါဦး"

"မယားငယ်လို့ မပြောပါနဲ့ကွ"

"မယားငယ်မဟုတ်ရင် ကြောင်တောင်နိုက်မပေါ့"

"မင်း မရိုင်းနဲ့ စိမ်း"

"ရှင် အော်စရာမလိုပါဘူး ကိုချမ်း၊ မယားငယ်ဟာ မယားငယ်ပဲ၊ ရှင် ဘာမှ နာစရာမရှိဘူး"

"မယားငယ် မဟုတ်ဘူးကွ၊ မယားပြိုင် မယားပြိုင် သိလား မြန်မာ့ထုံးတမ်းစဉ်လာ ဥပဒေမှာ ယောကျ်ားတစ်ယောက်ဟာ သူ လုပ်ကျွေးနိုင်ရင် မယား ဘယ်နှယောက်ယူယူ ကန့်ကွက်လို့ မရဘူးကွ"

"ဟင် ... ရှင် လူမှ ဟုတ်ရဲ့လား၊ ကိုချမ်း ရှင် ယုတ်မာလှချည်လား"

"ဘာယုတ်မာရမှာလဲ၊ မင်း ငါ့ကို မစွပ်စွဲနဲ့ စိမ်း"

"ဟင်း ... ဟင်း မယားကြီးစည်းစိမ်တွေနဲ့ မယားငယ်ကို ရှင် မျက်နှာလို မျက်နှာရ လုပ်လို့ရမယ် မှတ်နေသလား"

"မင်းပစ္စည်းတွေ ငါလက်ဖျားနဲ့တောင် မတို့ဘူးဟေ့ သိလား"

"ဟွန့် ... စကားကို ဆင်ခြင်ပြောမှပေါ့ရှင့်၊ ချမ်းသာပွဲရုံက ရင်းနှီးမြှုပ်နှံထားတဲ့ အသားတင်ငွေ ငါးသိန်းကျော်ကျော်





မြှုပ်ထွက်သွားတာ ရှင် မတို့သေးလို့သာပဲနော်၊ ကိစ္စမရှိပါဘူး၊ စိမ်းတို့မှာ ငါးသိန်းလောက် ရှုံးတာ ငါးပြားလောက်ပဲ မှတ်တယ်၊ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို ငွေငါးသိန်းနဲ့ တန်ဖိုးဖြတ်ပြီး သိလိုက်ရတဲ့အတွက် ကျေးဇူးပဲပါရှင်"

"ဟေ့ ... မင်းတို့ချမ်းသာဖို့ တို့တွေ ကျွန်ခံပြီး ကုန်းရုန်း လုပ်ပေးခဲ့တာကကော ဘယ်တော့မှ ထည့်မပြောဘူးလား"

"ဩော် ... ကျုပ်တို့ ပေးကမ်းပံ့ပိုးထားတာတွေ ပြန်ကြည့်ဦးလေ"

"မဖြစ်စလောက်လေး ပေးတာကို ပုံကြီးမချဲ့ပါနဲ့ကွ"

"ရှင် ကျွန်မအပေါ် ဒီလိုစိတ်ပုပ်စိတ်ယုတ်နဲ့ကြံပြီး လက်ထပ်တာကိုပဲ အသည်းနာလို့ မဆုံးဘူး သိလား"

"မကျေနပ်ရင် ကွာလိုက်လေ၊ အေး ... မယားပစ္စည်းကို လင်လဲ တစ်ဝက်ပိုင်တယ်နော်"

ပြောရင်းနဲ့ ဇာတိပြလာပေပြီ။

"လိုချင်တယ်ပေါ့"

ခနဲ့တဲ့တဲ့ မေးလိုက်၏။

"ဒါ တရားသဖြင့်ပဲ"

"ဟား ... ဟား တရားသဖြင့်တဲ့လား၊ ဒီမှာ ... ကိုချမ်း၊ ရှင် ကွာချင်ပေမယ့် ကျွန်မက မကွာနိုင်ပါဘူး ဆိုရင်ကော"

တမင်ပင် ကလိလိုက်၏။

"ငါ့ကိစ္စမှာ မင်း ဘာမှ ဝင်မရှုပ်နဲ့ စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အို ... လင်ဆိုးမယား တဖားဖားတဲ့လေ၊ လင်အဖိုးတန်ကြီးကို စိမ်းတို့ကလဲ ရှားရှားပါးပါး ရထားတာ ဘယ်လက်လွတ်ခံလို့ဖြစ်မလဲ"

"မင်း လူကို မရွဲ့ပါနဲ့ကွ"

"မှန်တာပြောတာပါ၊ စိမ်းက ပုံပျက် ပန်းပျက်ကြီးဖြစ်သွားပြီ ဆိုတော့ နောက်ထပ် လင်တစ်ယောက် ထပ်ရဖို့ မလွယ်တော့ဘူးလေ၊ ဒါကြောင့် ... ရှိတဲ့ဟာကိုပဲ အတင်းကုပ်တွယ် ဖက်ကပ်ထားမှ ဖြစ်တော့မှာပေါ့ အဟင်း ... ဟင်း အစက ဒီခန္ဓာကိုယ်ကြောင့် စိတ်ပျက်သွားတယ် မှတ်နေတာ၊ လက်စသတ်တော့ ကိုချမ်းက ပွဲရုံဖြုတ်လိုက်တာနဲ့ မီးခံသေ့တွဲ ချုပ်ကိုင်ယူလိုက်တာကို အတော်လေး ပေါက်ကွဲသွားတာကိုး ဟွန်း ... ဟွန်း"

စိမ်းက မထီတရီပုံစံနဲ့ ပြောလေ ကိုချမ်းမှာ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်လေပင်။

"အေး ... မင်းကို စိတ်ကုန်နေတာ ကြာလှပြီကွ"

"ဩော် ... ဟုတ်လား၊ ကျွန်မကလဲ ရှင့်လို လူ့သိုက်တူးသမားကို စိတ်ကုန်သင့်နေတာ ကြာလှပြီပဲ"

"ဒါဆိုရင် ကွာလိုက်မယ်လေ ... ကဲ"

"ရှင်က အရင် ကွာရှင်းခွင့်တောင်းတာနော်"

"အေး"

"ကောင်းပြီ ... တရားရုံးတော်မှာ တက်ပြီး ကွာရမယ်ပေါ့"

"ဘာဆိုင်လဲ နှစ်ဦးသဘောတူ ပြတ်စဲပါတယ်ဆိုရင် ပြီးတဲ့ကိစ္စကို"





"ရှင်ပဲ ကျွန်မပစ္စည်းတွေကို တစ်ဝက်လောက် ပိုင်ချင်သေးတယ်ဆို"

"အေးလေ ... မင်း ခွဲပေးပေါ့ကွ"

"ဟွန်း ... ဟွန်း၊ ဩော် ... ကိုချမ်း ကိုချမ်း အစက မသိလို့ အထင်ကြီးမိပါတယ်၊ ခုမှ နွားမှ တကယ့်နွားပါလားနော်"

"ဘာကွ"

စိမ်းစကားကြောင့် သူ ရှူးခနဲ ဖြစ်သွား၏။

စိမ်းက သူ့အား စိမ်းစိမ်းကားကား စိုက်ကြည့်ရင်း ...

"ဒီမှာ ... မသေမချင်း မှတ်ထား၊ ကျွန်မဆန္ဒမပါဘဲ ရှင်ကပဲ ကွာရှင်းချင်သေးတယ်၊ ပြီးတော့ ကျွန်မ ပစ္စည်းတွေလဲ တစ်ဝက်လိုချင်သေးတယ်ဆိုတဲ့ လူ့ငတုံးကြီး"

"မင်းနော်"

"အို ... ဒီမှာ ကိုချမ်း၊ ရှင့်အနေနဲ့ ကျွန်မဆီက တစ်ပြားတစ်ချပ်မှမရတဲ့အပြင် ရှင့်ဆီက ကျွန်မ မယားစရိတ်၊ သားစရိတ် တောင်းပိုင်ခွင့်ရှိတယ်ဆိုတာ စဉ်းစားပါဦး"

"ဟင်"

ခုမှ သဘောပေါက်သွားပုံပါပဲ။

ခေါင်းကြီး ငိုက်စိုက်ကျသွား၏။

စိမ်းက ဆတ်ခနဲ ထကာ အသင့်ပြင်ထားသော ရှိုးကေ့စ်ပေါ်မှ စာချုပ်နှစ်စောင်ကို လှမ်းယူလိုက်ပြီး

"ကဲ ... ရော့ ဒီမှာ ကွာရှင်းစာချုပ်"

ပြောရင်း သူ့ရှေ့မှာ ချပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ကျွန်မ ဒီဘဝ ဒီမျှသာပဲပေါ့၊ လက်မှတ်ထိုးပြီး လိုရာကို ကွဲနိုင်ပါတယ် ကိုချမ်း"

စိမ်းထံမှ တိကျပြတ်သားလွန်းသော ဆုံးဖြတ်ချက်ကြောင့် သူ တွေဝေနေ၏။

အခုမှ သူ့ဘဝ ခရုဆန်ကျွတ် ဖြစ်ရတော့မည်။

သူ့မှာ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေရသည် မဟုတ်ပါလား။

ပထမ သူ ထင်ထားတာက စိမ်း သူ့အပေါ် ဘယ်နည်းနှင့်မျှ မပြတ်စဲနိုင်ဟု။

ခုတော့ စိမ်းမှာ ပြတ်လိုက်တာမှ တိခနဲ။

ပြီးတော့ တစ်ပြားတစ်ချပ်မှ မရတော့တဲ့အဖြစ်။ သည်တော့ သူ တစ်မျိုး အကြံရလာ၏။

"ငါ လက်မှတ်မထိုးနိုင်ဘူး စိမ်း"

"ဘာဖြစ်လို့လဲ"

"ငါ စိတ်ပြောင်းသွားပြီ၊ အစက ငါ ထင်တာက မင်းက ငါ့ကို မကွာချင်ဘူးလို့ ထင်တာကိုး၊ ခုလို ပြတ်မယ်လို့လဲ မထင်ဘူးလေ"

"ဟင် ... ခု ရှင် သိပြီ မဟုတ်လား၊ ကျွန်မကလဲ ရှင့်လို လူ့ကျေးစွပ်ကြီးကို ပေါင်းသွားရမှာ သနလွန်းလို့ မြန်မြန် လက်မှတ်ထိုးပြီး ကွဲပေတော့"

"မထိုးနိုင်ဘူး"





"ကျွန်မကလဲ မယားပြိုင် အထားခံပြီး ရှင့်ကို မပေါင်းနိုင်ဘူး ရှင့်"

"ဒါဆို ... အလွယ်လေးပါကွာ"

"ပြော ... ရှင် ဘယ်လောက် လိုချင်သလဲ"

"ဟဲ ... ဟဲ မင်း အထာပေါက်လွယ်သားပဲ"

"ဒါပေါ့ ... ကျွန်မက ရှင့်လို မြက်စားတာမှ မဟုတ်တာ"

"အင်"

စိမ်းစကားက သူ့အရှိက်ကို တည့်တည့်ကြီးမှန်၏။

ဒါပေမဲ့ သူမွှန်နေပါပြီ။

တင်ရီအေး၏ အညို၊ အတာ၊ အခရာ၊ အချွဲ၊ အနွဲ့တွေမှာ သူ ယစ်မူးနေမိပြီ။

"ကိုကို့မိန်းမကို မကွာလိုက်နဲ့နော်၊ အေးတို့ တဖြည်းဖြည်း မျှဉ်းပြီး ခြွေရအောင်"

မဟာအကြံနှင့်ပါ။

သူ့မှာက ငယ်ငယ်ကတည်းက ခံစားချက်နှင့် မဟုတ်လား။

ဦးချမ်းသာတို့၏ စည်းစိမ်ပုံကြီးကို သူ့အဖေ ဦးရွှေမောင်က ဈောက်ရိုးပုံစောင့် ခွေးပမာ မစားရဘဲ အဲ ထင်သလောက် မရဘဲနှင့် စောင့်ရှောက်ပေးခဲ့ရသည်ဟု သူ့ခေါင်းထဲမှာ စွဲနေ၏။

ခုလဲ သူ့လက်ထက်မှာ ချမ်းသာပွဲရုံကြီးတစ်ခုလုံး သွန်လို သွန် မှောက်လိုမှောက် လုပ်နိုင်အောင် သူ အနစ်နာခံကာ နေပြ ခဲ့ရသည်မှာ ဦးချမ်းသာတစ်ယောက် သမက်အဖြစ်ပါ ရွေးထူ တိုးပေးခဲ့သည် မဟုတ်ပါလား။ ခက်တာက နောက်ပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မရွှေစိမ်းက သူ ထင်သလို မအ,တော့ဘဲ သူ့ခြေလှမ်းကို မျက်ခြည်မပြတ် အကဲခတ်ကာ သော့တွဲပါ ခါးက မဖြုတ်တော့တဲ့ အဆင့်ရောက်ပြီဆိုတော့ သူ့မှာ ခဲလေသမျှ သဲရေကျ ဖြစ်သွားရ၏။ သူ ငိုင်နေစဉ် စိမ်းက မိဘနှစ်ပါးကို သွားခေါ်လိုက်သည်။

"ဘယ်လိုဆုံးဖြတ်လဲ သမီး"

"လမ်းခွဲကြရုံပေါ့ ဖေဖေ"

"အင်း ... သင်္ခါရ သင်္ခါရ၊ မမြဲခြင်းတရားဆိုတာ ဒါပဲလေ"

ဦးချမ်းသာက ခေါင်းတညိတ်ညိတ်နှင့် ပါလာ၏။

ဒေါ်ခင်ထားက သမီးအား ကြင်နာစွာကြည့်ရင်း ...

"သမီးစိတ် သမီးနိုင်ရဲ့လားကွယ်၊ ဘယ်လိုမှ ညှိလို့မရတော့ ဘူးလား သမီး"

"ဟိုလဲ မပြတ်နိုင် ဒီလဲ မဖြတ်ချင်လို့တော့ မဖြစ်ပါဘူး မေမေရာ၊ ဟိုကနဲ့ လက်ထပ်ပြီးပြီတဲ့လေ"

"ဩော် ... ဟုတ်လား"

"ဟုတ်ပါတယ် ... မေမေ"

"အေးလေ ... ကံတရားပေါ့၊ ကိုယ့်ကုသိုလ်ပေါ့ သမီးရယ်"

ဧည့်ခန်းထဲရောက်တော့ ပြတ်စဲစာချုပ်နဲ့ ကိုချမ်း မလှုပ်မယှက် ထိုင်နေ၏။

"ကဲ ... ဆုံးဖြတ်ပြီးကြပြီဆိုလဲ ဦးကြီးတို့က အသိအမှတ်ပြုပြီး သက်သေအနေနဲ့ ကွာရှင်းခွင့်ပေးမယ် ကိုချမ်း"

"ဖေဖေ"

"ဘာလဲ ... သမီး"





"အခုက သမီးအနေနဲ့ လူမှုရေးဖောက်ပြန်မှုကို ကျူးလွန်တဲ့ လင်သားတစ်ယောက်ကို ဘယ်လိုမှ မပေါင်းနိုင်တော့တဲ့အတွက် လျော်ကြေးပေးပြီး ကွာရမှာပါ ဖေဖေ"

"ဟော"

ပြတ်သားလွန်းသော စကားကြောင့် ဦးချမ်းသာ အံ့ဩသွားပြီးမှ ...

"အေးပေါ့ ... အေးပေါ့ တစ်ဖက်သားမှာ နစ်နာသွားမယ့် အဖြစ်ကိုး၊ ပေးရမှာပေါ့ကွာ၊ ကဲ ... ပြော ကိုချမ်း ဘယ်လောက် လိုချင်သလဲ"

ဦးချမ်းသာ၏စကားမှာ ယဉ်ယဉ်လေးနှင့် ထိလှ၏။

ယောက်ျားမာန ဟုန်းခနဲ ထမိသော်လည်း ကိုချမ်းမှာ မိမိ မပြည့်စုံမှု ...

တင်ရှိအေး၏ လိုအင်ဆန္ဒတွေ ပြည့်ဝစေမှု ...

ရွှေ့ရေးခရီး ဖြောင့်ဖြူးစေမှုတို့က သူတို့ ဘာပဲပြောပြော အထာတ်နိုင်ဆုံး သည်းခံ အောင့်အည်းမည်ဟု ဆုံးဖြတ်ထားလိုက်ပြီမို့ ,ဒါ နောက်ဆုံးအချိန်၊ နောက်ဆုံး အခွင့်အရေးပဲ။

ငါ မိုက်ရင် ငါ ခံရမှာ။

ဒီတော့ တစ်သက်စာ ဖူလုံသွားအောင် ...

စသော စသော အတွေးများက ကိုချမ်း၏ ခေါင်းမှာအပြေးအလွှား ရှိနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ … ကိုချမ်း၊ ဘာမှ အားနာစရာ၊ ငဲ့စရာ၊ ညှာတာထောက်ထားစရာ မလိုပါဘူးကွာ၊ ကိုယ် ရသင့်ရထိုက်တဲ့ဟာကို တရားဝင် ပွင့်ပွင့်လင်းလင်း ပြောတာပဲ"

ဦးချမ်းသာ လမ်းကြောင်းပေးတော့ ကိုချမ်း၏ စိတ်ကူးဖဲရိုက်နေမှုကို တွန်းအားပေးသလို ဖြစ်သွားရကာ …

"သုံးသိန်းလောက်ဆို ရပါပြီ"

ဗလုံးဗထွေး ပြောလိုက်ပြီးမှ ရှက်သလို၊ မျက်နှာပူသလို ဖြစ်သွားရလေသည်။

"ဩော် … သုံးသိန်း ဟုတ်လား"

ခေါင်းညိတ်ပြမိ၏။

တကယ်ဆို ဦးချမ်းသာတို့၏ စည်းစိမ်းက သိန်းနှစ်ဆယ်ခန့်လောက် ချမ်းသာသည်ကို သူ အတွင်းသိမို့ ဒါလောက်လေးကို ရဲရဲ့စွာ တောင်းခံခြင်းဖြစ်၏။

"ဒီမှာ … ကိုချမ်း"

"ခင်ဗျာ"

"မင်းနဲ့ မြစိမ်းခင်နဲ့ လက်ထပ်တာ ဘယ်လောက်ကြာပြီလဲကွ … ဟေ"

"တစ်နှစ်ခွဲလောက် ရှိပါပြီ"

"အေး … ထားပါတော့ မြစိမ်းခင်မှာ ဘာလုပ်ငန်းရှိသလဲ၊ သူ့ ကိုယ်ပိုင်လုပ်ငန်းကို မေးတာနော်"

"လောလောဆယ် အစ်ချုပ်သင်တန်းနဲ့ လှရိမ်မြုံ လုပ်ငန်းရှိပါတယ်"

ဘာဏ်ဝင်းစာပေ



"အဲဒါ … မြစိမ်းခင် နာမည်နဲ့ မှတ်ပုံတင်ထားတယ်လို့ မင်းထင်နေတာကိုး"

"ဗျာ"

"ပွဲရုံလုပ်ငန်း ဖျက်သိမ်းလိုက်ရကတည်းက မသက်ာ ငါ အဖြစ်သားကွ၊ ဒါကြောင့် … နောက် လုပ်ငန်းတွေကို မင်း ဝင်မစပ်စုနိုင်အောင် သမီးကို ငါ အကြံပေးပြီး ငါနဲ့ ခင်ထား နာမည်တွေနဲ့ ဖွင့်ထားတဲ့ လုပ်ငန်းတွေပါကွာ"

"ဟင်"

ငယ်ထိပ်ကို မိုးကြိုးမှန်သကဲ့သို့ ကိုချမ်း မျက်နှာ သွေးဆုတ်သွား၏။

"အေး … မင်း နားလည်အောင်ပြောရရင် ဒီကနေ့ထိ ငါတို့ စည်းစိမ်တွေကို အမွေအဖြစ် ဘယ်သူ့ကိုမှ မလွှဲပြောင်းရသေးလို့ မြစိမ်းခင်မှာ ခြူးတစ်ပြားမှ မရှိတဲ့ မိန်းကလေးဖြစ်နေတယ်ကွ"

ဖြူလျော်သော မျက်နှာက ထားစရာနေရာမရှိ ဖြစ်ရလေပြီ။

ဦးချမ်းသာက ဆက်၍ …

"မင်းက တို့ မိသားစုတွေအပေါ် ဒီလို အမြင်လွဲနေတာ ငါ တကယ်စိတ်မကောင်းပါဘူးကွာ၊ ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး၊ အခုဆိုရင် မင်း အဖေကို လယ်တချို့နဲ့ ဥယျာဉ်တချို့ ငါ လွှဲပြောင်းပေးထားပြီးပြီလေ"

"ဟင်"

သူ ဘာမှ မသိရလောက်အောင် အခြေအနေတွေက ပြောင်းလဲနေပါလား။

ဘာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းညီမ နှစ်ယောက်လဲ ဝါသနာပါတယ်ဆိုလို့ နွေကျောင်းပိတ်ရင် အပ်ချုပ်မှာတစ်ယောက်၊ လှရိပ်မြုံမှာ တစ်ယောက် သင်ပေးဖို့ စီစဉ်ထားပြီးပြီ ကိုချမ်း၊ အခုလို ပြောနေတာဟာ မင်း စိတ်ပြန်လည်လာအောင် ပြောပြနေတာ မဟုတ်ဘူးနော်၊ အဖြစ်မှန်တွေကို မင်း သိသင့်မယ်ထင်လို့ ပြောပြတာ"

သူ မှားနေပြီလား။

မ ဘက်လိုက် မိုက်ဘက်ပါ ဖြစ်နေပြီလား။

အခုမှ သူ အရှက်ကြီး ရှက်ရလေပြီ။

ဒွါပေမဲ့ တင်ရီအေး ဆိုသော ဒေါင်းမလေး၏ ညွှတ်ကွင်းက သူ မရုန်းနိုင်ပါ။

တင်ရီအေးကို သူ အစွဲကြီးစွဲနေမိပြီကိုး။

ခုတော့ သူမှာ ဖွတ်မရ ဓားမဆုံး ကိန်း ဆိုက်နေလေပြီ။

"ကဲ ... ဒီတော့ ဒီနေ့ ဒီအချိန်ကစပြီး မင်း ချမ်းသာရိပ်မြုံကို လုံးဝ ပတ်သက်စရာမလိုတော့ဘူး၊ စာချုပ်မှာ လက်မှတ်ထိုးချင်ထိုး၊ မထိုးချင်နေ၊ မင်းကို ငါ့သမက်အဖြစ်က လုံးဝပြတ်စဲလိုက်ပြီ သမီး"

"ရှင်"

"ဖေဖေပြောတာ သမီး လက်ခံနိုင်သလား"

"လက်ခံပါတယ် ဖေဖေ၊ သမီးရဲ့ ဆန္ဒနဲ့ ထပ်တူပါပဲ"

"ကဲ... ကြားလား ကိုချမ်း၊ ဒီတော့ မင်းရဲ့ ပစ္စည်းတွေမှန်သမျှ တစ်ခုမကျန်ယူပြီး လိုရာခရီးကို ဆက်ပေတော့ပေါ့ကွာ"

ဉာဏ်ဝင်းစာပေ



ဦးချမ်းသာက ပြောပြီး ထ,သွားလေသည်။ ဒေါ်ခင်ထားက...

"ကိုချမ်းရယ် မင်း စိတ်ဓာတ်တွေ စိတ်ထားတွေက ဒေါ်ဒေါ် ဘယ်လိုမှ မမျှော်လင့်ခဲ့တာတွေပါလားနော်၊ အခုလေ ခုလို စောစောစီးစီး သိရတော့လဲ တစ်မျိုးကောင်းတာပေါ့၊ မင်းတို့ မိသားစုနဲ့ ဒေါ်ဒေါ်တို့မိသားစုတွေဟာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အမှီသဟဲပြုနေကြသူတွေလို့ သတ်မှတ်ပြီး မင်းကို နေရာပေးလိုက်တာကွယ့်၊ ရှင်းရှင်းပြောရရင် သားချင်း မောင်နှမ မရှိတဲ့ သမီးဟာ ရှိရှိသမျှ အမွေတွေကို ဆက်ခံရမယ့် သူပါပဲ၊ မင်းရဲ့ မိဘတွေကို ဒီနည်းနဲ့ ဒေါ်ဒေါ်တို့က ပြန်ပြီး ကူညီကြည့်ရှုခဲ့တဲ့ ကျေးဇူးကိုမှ မထောက်၊ မင်းမို့ တို့များအပေါ် အကြံပက်စက်စွာနဲ့ ဒီလို သဘောထားရက်တာ ဝမ်းနည်းလို့ မဆုံးဘူး၊ ဒါကြောင့် မင်းရဲ့ မျက်နှာကို ဘယ်တော့မှ မမြင်ပါရစေနဲ့တော့ကွယ် ဒါပါပဲ"

ဒေါ်ခင်ထားလည်း ထွက်သွားလေပြီ။

မြစိမ်းခင်မှာသာ ခေါင်းငိုက်စိုက်ကျနေသော ကိုချမ်းရှေ့ ခါးထောက်ရပ်ရင်း စူးရဲရှရှာစွာ နာကြည်းစက်ဆုပ်စွာကြည့်ကာ...

"ဒီမှာ ... သိုက်သမားကြီးရဲ့ ရှင် အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်ခဲ့ပုံတွေ ဘွင်းဘွင်းကြီး ပေါ်သွားပြီမို့ ရှင့်ကို အားလုံးက ရွံသွားပြီ၊ ကျွန်မအိမ်ပေါ်က မြန်မြန်ဆင်းပါတော့၊ ရှင် သွားပြီးတာနဲ့ ရှင် ကိုင်တွယ် ထိတွေ့ခဲ့တဲ့ နေရာတွေကို တရော်တင်ပွန်းရည်နဲ့ ဆေးပစ်မယ် သိလား"

စိမ်းကလည်း နာကြည်းစွာ ပြောပြီး ထွက်သွားလေတော့သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလုပ်ရမည်နည်း။

အခုမှ သူ့မှာ ခရုအဆန်ကျွတ်၊ မျောက် သစ်ကိုင်းလွတ် ဘဝမို့ အမှိုင်ကြီး မှိုင်နေမှုမှတစ်ပါး ဘာမှ မတတ်နိုင်တော့ချေ။

ဒါပေမဲ့ သူ မမှုပါ။

သူ့မှာ သူ စွဲလမ်းရသော တင်ရီအေးကို ပိုင်ဆိုင်နေရ၏ မဟုတ်ပါလား။

ခရုမှာလဲ အဆန်နဲ့၊ လူမှာလဲ အကြံနဲ့ ဆိုထားသည်မို့

သူ ဘဝသစ်[illegible]ခုကို အဆင်ပြေစွာ၊ အောင်မြင်စွာ ထူထောင်သွားရန်သာ စိတ်ပိုင်းဖြတ်လိုက်မိပါပြီ။

သည်တော့ သူ ချာခနဲ လှည့်ထွက်ခဲ့တော့၏။

သူ့ပစ္စည်း အသုံးအဆောင်တွေ ဘာမှ မယူတော့ပါ။

မျက်နှာပြောင်တိုက်၍ ယူနေရန်လည်း မသင့်ဟု ထင်သည်။

ဒီတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သူ ထွက်ခဲ့ပါပြီ။

သူ့ပစ္စည်းတွေကို မီးပဲရှို့ရှို့၊ ရေပဲမျှောမျှော၊ လုပ်ချင်သလို လုပ်ပါစေတော့။

❋ ❋ ❋



"ဟင် ... ကိုကို ဘာမှမရဘူး၊ ဘာမှလဲ မယူခဲ့ဘူး ဟုတ်လား"

တင်ရီအေးက မျက်လုံးအဝိုင်းသားကြီးနှင့် အံ့ဩစွာ မေးလိုက်တော့ သူ့ အဖြေရကျပ်သွား၏။ ပြီးမှ ...

"ဘာဖြစ်လဲ အေးရာ၊ ကိုယ့်မှာလဲ ခြေစုံလက်စုံ ရှိတာပဲ၊ မပူနဲ့၊ အေးကို ကိုကို လုပ်ကျွေးမယ်"

သူက သက်သောင့်သက်သာ ပြောပေမယ့် တင်ရီအေး ကျေနပ်ပုံမပြ။

"ကိုကိုကလဲ ခြေလက် ဘယ်လောက်ပဲစုံစုံ ငွေအရင်းအနှီး မရှိရင် ဘာနဲ့ သွားလုပ်စားမလဲလို့၊ ပြီးတော့ အေးက ဆင်းရဲတဲ့ ဒဏ်ကို သိပ်မုန်းတာ ကိုကို့ရဲ့ လှလှလေးနေပြီး သက်သက် သာသာ စားရမလားမှတ်တယ်၊ ခုတော့ အေးလဲ ဘဝဆုံးပါပြီ"

တွက်ခြေမကိုက်သော မယားငယ်တို့ ထုံးစံအတိုင်း ပေါက်ပေါက်ကွဲကွဲဖြစ်ကာ တင်ရီအေး ငိုပါလေသည်။

"အေးကလဲကွာ ... အေး နာမည်နဲ့ ကိုကို ဘဏ်မှာ ငွေ တစ်သိန်း အပ်ပေးထားတာလဲ ထည့်ပြောဦးမှပေါ့၊ အဲဒါကို အရင်းတည်ပြီး အလုပ် လုပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကိုကိုက ဒီမျက်ချေးလောက်ငွေကိုပဲ မြင်နေလိုက်တာ၊ အေးက တိုက်နဲ့ ကားနဲ့ နေချင်တာရှင့် သိလား"

"ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ အေးရာ"

"ဘာလဲ ... အေး အသက်ကြီးပြီး အိုတော့မှလား၊ အခု အရွယ်ရှိတုန်း အေးက ဖြစ်ချင်တာ ကိုကို၊ ဟိုမိန်းမကို အချိန် သတ်ပြီး စည်းရုံးထားရင် ကိုကို အခုလို ဖွတ်ကျောပြာစုဘဝမျိုး မရောက်ပါဘူး၊ အခုတော့ ..."

"ဟာ ... ဒီလောက် စိတ်ကုန်စရာကြီးကို"

"အဲဒါ ... ကိုကို မပါးနပ်လို့ပေါ့၊ ကိုကိုဖျင်းလို့ အခု တစ်ပြားမှ မရဘူး မဟုတ်လား"

တင်ရီအေးက သူ့ကို ပျစ်ပျစ်နှစ်နှစ်ကြီးပြောကာ ဂျိကျပါတော့သည်။

သူ အမျိုးမျိုး နှစ်သိမ့်ရသည်။

ကျေနပ်အောင် ကတိတွေ တစ်လှေကြီးပေးရသည်။

ဒါပေမဲ့ သူ စိတ်မပျက်ပါ။

တင်ရီအေး၏ သေးသွယ်ကျစ်လျစ်သော ကိုယ်လုံး။

ကြာမူပါသော အကြည့်၊ အညို့နှင့် တီတီတာတာ စကားကြွယ်သော အပြောတို့အကြားဝယ် သူ နစ်မျောသွားပါလေပြီ။

နောက် နှစ်ရက်လောက်မှာ ကိုချမ်းဆီသို့ ဦးလေး ဦးရွှေအောင် ရောက်လာပြီး သတင်းဆိုးတစ်ခု ပြောလိုက်၏။

"မင်းအဖေဆုံးပြီ"

"ဗျာ ... အဖေဆုံးပြီ ဟုတ်လား ဦးလေး"

ဉာဏ်ဝင်းစာပေ



"ဟုတ်တယ် ... မင်း ခွေးဇာတ်ခင်းသွားတာ ရှက်လွန်းလို့ဆိုပြီး သူ့ကိုယ်သူ ကြိုးဆွဲချ သတ်သေလိုက်ပြီကွ"

"ဗျာ"

"မင်း ... မင်း၊ ခွေးထက်တောင် ယုတ်မာညံ့ဖျင်းတဲ့ တိရစ္ဆာန် ခွေးတောင်မှ ထမင်းကျွေးတဲ့ ကျေးဇူးရှင်ကို သစ္စာရှိသေးတယ်ကွ သိလား၊ အခုတော့ မင်းလောက်ယုတ်မာတဲ့လူ လောကမှာ မရှိတော့ဘူး ကျေးဇူးရှင်တွေကို ကျေးစွပ်လို့ ပထမဆုံး မင်းအဖေဆုံးပြီ၊ မင်းအမေလဲ မင်းနဲ့ မင်းအဖေစိတ်ကြောင့် ပုန်းပုန်းလဲနေပြီကွ၊ မင်း ... မင်း ဒုက္ခပေးတဲ့အကောင် ကဲဟွာ ... ကဲကွာ"

"ခွပ် ... ခွပ်"

လူဖြောင့်စိတ်တို ဦးရွှေအောင်က ဒေါသခြောင်းခြောင်းထွက်ကာ ထိုးကြိတ်တာကို ငုံ့ခံရုံမှတစ်ပါး ဘာတတ်နိုင်မည်လဲ။

သူ ရွာကိုရောက်သွားတော့ အဖေ့ အသုဘကို မီလိုက်ရုံလေးသာ။

အစိမ်းသေမို့ ချက်ချင်းချရသည့် ရွာထုံးစံကြောင့် မြေမမြုပ်ခင် အဖေ့အလောင်းကို သူ ကြေကွဲစွာ ကြည့်လိုက်မိ၏။

အဖေ့မျက်နှာမှာ ရှက်ရွံ့ထိတ်လန့်နာကြည်းမှုတွေကို အရိပ်အယောင်မျှ မြင်မိသလိုလို သူ ထင်ရ၏။

နောက်ဆုံး အဖေ့ကို သူ ကန်တော့သည်။

သားကို ခွင့်လွှတ်ပါဟု သူ မပြောရဲ။

သူ့အပြစ်က သေရာပါ ခွင့်မလွှတ်နိုင်သော အပြစ်ဟု အဖေ သတ်မှတ်လိုက်လေပြီလား။

စန္ဒာနှင့် သီတာက သူ့ကိုမြင်တော့ ရွံရှာနာကြည်းစွာ ကြည့်ကာ မျက်နှာလွှဲသွားကြပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ နင့်ခနဲ နာသွားမိ၏။

သူဟာ အဖေသတ်တဲ့သား ဖြစ်နေပါရော့လား။

သူ့ကြောင့် အားကိုးဖွယ်ရာ မြင်းမိုရ်တောင်ကြီး ပြိုလဲသွားရပါပကော။

အသူဘာအမိ သူ အိမ်ကို မဝင်သေးဘဲ သင်္ချိုင်းဆီသို့ တိုက်ရိုက်လာခဲ့သဖြင့် အမေ့ကို မမြင်ရသေး။

အမေ ... အမေရယ်။

အမေ ဘယ်လိုဖြစ်နေရှာမလဲ။

အိမ်ကို သူပြန်လာခဲ့၏။

သူ့ကိုမြင်တော့ အမေ ကြုံကြုံပါအောင် ငိုပါလေသည်။

"သားမိုက် ... သားမိုက်၊ မင်း စိတ်ချမ်းသာဖို့အတွက် ထင်ရာ လျှောက်လုပ်လို့ မင်းအဖေ အရှက်ကို အသက်နဲ့ လဲသွားပြီ ကွယ် ... ဟီး"

"အမေ ... သားကို ခွင့်လွှတ်ပါဗျာ"

ဆို့နင့်စွာ သူပြောလိုက်တော့ ဒေါ်အေးနုက ...

"အေး ... ခွင့်လွှတ်လဲ မင်းအဖေ သေသွားပြီလေ၊ ဘာ တတ်နိုင်မတုံး၊ အခုမှ တို့သားအမိတွေ သောင်ပြင်လွှတ်တဲ့ငွေး ဖြစ်ရတော့မယ် တို့ရွှေမောင်ရဲ့"

အမေကပြောပြီး ငိုကြွေးသည်။

"ကျွန်တော် တာဝန်ယူပါတယ် အမေ ... စိတ်မပူပါနဲ့ ကျွန်တော် ရှိပါတယ်"

"ဒီမှာ ... ကိုကို"





"ဟင်"

အိမ်ပေါ်တက်လာသော စန္ဒာနဲ့ သီတာက မိခင်အနား တစ်ဖက်စီဝင်ထိုင်ကာ သူ့အား စူးရဲစွာကြည့်ပြီး အကြီးမ စန္ဒာက ခပ်ဆတ်ဆတ်လေး ခေါ်လိုက်၏။

"အိမ်ထောင်စုနှစ်ခုကို တစ်ပြိုင်နက် ပြိုကွဲပျက်စီးသွားအောင် လုပ်သွားတဲ့ ကိုကို့အဖြစ်ဟာ လူကြားလို့မှ မကောင်းတော့ပါဘူး ကိုကို၊ အိမ်ထောင်ရေး သစ္စာဖောက်မှု လူမှုရေးဖောက်ပြန် သစ္စာ မဲ့မှုတွေကို အသိတရား ကင်းမဲ့စွာနဲ့ ကိုကိုက ရှေ့က လုပ်သွား တဲ့နောက် ကိုကို့မှာ ဘာ ကိုယ်ကျင့်တရားကောင်းတာ ကျန်တော့ လို့လဲဟင်၊ အခု စန္ဒာတို့မှာ အဖေဆုံးရပြီ၊ အားကိုးရာမဲ့ ဖြစ်ရ ပြီလေ၊ ခုနက ကိုကို တာဝန်ယူပါ့မယ်လို့ အမေ့ကို ပြောနေ တယ် ဟုတ်လား"

"အေး ... အစ်ကိုကြီး အဖအရာလို့ ဆိုထားတယ် မဟုတ် လား၊ ကိုကို့တာဝန်ပေါ့"

"တော်ပါပြီ ... ကိုကို၊ မိသားစုအပေါ် တာဝန်အရပဲ၊ မကောင်းတတ်လို့ လုပ်ကျွေးနေရရင် ကိုကို့မယားငယ်က ဘယ်ကြည်ဖြူတော့မလဲ"

မှန်နေသည်မို့ ဘာမှ မပြောသာ။

"ဒါကြောင့် ... စန္ဒာတို့ သားအမိတွေရဲ့တာဝန်ကို ကိုကို ဘာမှ ယူပေးစရာ မလိုဘူး၊ စန္ဒာက အင်္ကျီချုပ်မယ်၊ သီတာက ဆံပင် ညှပ်မယ်၊ ဒါဆိုရင် ... သားအမိ သုံးယောက်အတွက် နိုင်ပြီ၊ မမစိမ်းတို့ ပေးကမ်းထောက်ပံ့ထားတဲ့ လယ်နဲ့ ဥယျာဉ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရွှေအောင်ကိုပဲ အပ်လိုက်တော့မယ်၊ ကိုကိုသာ ဘဝသစ်မှာ ပျော်ပျော်ကြီး နေပါတော့နော်၊ စန္ဒာတို့ကို ဘာမှ မစိုးရိမ်နဲ့တော့၊ တစ်ခုတော့ ပြောလိုက်ပါရစေ ကိုကို”

“ဟင်”

“ကိုကို့မယားငယ်ကို စန္ဒာတို့ လုံးဝ အသိအမှတ် မပြုနိုင်တဲ့အတွက် ရွာကို ဘယ်တော့မှ မခေါ်လာပါနဲ့”

“ဟင်”

ပြတ်သားလိုက်ပါတဲ့ စကား။

အမေ့ကို သူ ကြည့်လိုက်တော့ သူ့အား ရီဝေကြေကွဲစွာ ကြည့်နေပါသော အမေ။

“အမေ”

မျက်ရည်များနဲ့ အမေ့အား အကူတောင်းသလို သူ ခေါ်လိုက်တော့ အမေက

“ဝဋ်ကြွေးရှိရင်လဲ ဒီမျှနဲ့ပဲ ကျေသွားပါစေတော့ကွယ်၊ အရင်ဘဝတုန်းက အမေတို့ဟာ သူများ အသိုက်အမြုံကို ဖျက်ဆီးထားခဲ့ဖူးလေသလား သားရယ်၊ ဒီလို အဖြစ်ဆိုးမျိုး ခံစားရတာ ရင်တွေ ကျွမ်းလောက်အောင် ပူလောင်လှချည်ရဲ့ သားရယ်”

“အမေရယ်”

သူ့မိုက်ပြစ်အတွက် သူ နောင်တ ရချင်နေပါပြီ။

“သမီး ပြောသလိုပဲ သား၊ အမေတို့တော့ စိမ်းကိုပဲ အသိအမှတ်ပြုနိုင်တာမို့ ခွင့်လွှတ်ပါကွယ်”

“အို ... အမေရယ်”





ယောကျ်ားတန်မယ့် မျက်ရည်ကျမိပါပြီ။

ဘယ်သူ မပြု မိမိမှု မဟုတ်ပါလား။

ရက်လည်ဆွမ်းကျွေးသည်အထိ သူ နေလိုက်၏။

အမေကအစ ညီမနှစ်ယောက်စလုံး သူ့အပေါ် ဟက်ဟက်ပက်ပက် မရှိကြတော့။

သူ့ကြောင့် အဖေ ခေါက်ခနဲ သေသွားသည့် ကိစ္စအတွက် စန္ဒာနဲ့ သီတာတို့က သူ့အပေါ် စိမ်းစိမ်းကားကား ဖြစ်သွားကြပါပြီတည်း။

အမေကလဲ သားကြီး ဩရသ သူ့အား ကောင်းတိုင်ပင်ဆိုးတိုင်ပင် ဘာမှ မပြောတော့။

သူ့မှာ နေရသည်ပင် ကျဉ်းကျပ် သိမ်ငယ်နေရတော့၏။

ရွာမှလူတွေကလည်း သူ့အား မကောင်းတတ်၍သာ ခေါ်ပြော နှုတ်ဆက်နေကြရသည့်ပုံစံတွေပေါ် နေတာမို့ သူ စိတ်ဆင်းရဲ ရပါပြီ။

သူ့ဘဝဟာ နေရင်းထိုင်ရင်း လူမှုရေးဘေးစည်းသို့ အလိုလို ရောက်သွားရသလိုပါပဲလား။

ဒီတော့ ရက်မလည်ခင် သူ လူတွေနှင့် အတတ်နိုင်ဆုံး ရှောင်ရသည်။ မလွှဲမရှောင်သာ တွေ့ကြလျှင်လည်း သူ့အား ဆေးဖော်ကြောဖက် မလုပ်ချင်ကြတာမို့ သူ စိတ်ဆင်းရဲလှသည် မဟုတ်ပါလား။

ဒါကြောင့် သူ့ခြံအနောက်က မရန်းပင်ကြီးအောက်မှာ နေ့စဉ် ထိုင်ဖြစ်၏။ မရန်းပင်နှင့် ခပ်လှမ်းလှမ်းမှာ ချောင်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ... သူ ထိုင်နေစဉ် မိန်းကလေးသုံးယောက် ရေလာခပ်ကြသည်။

သူရှိနေမှန်းလည်းမသိကြသဖြင့် သူတို့လေးတွေ လွတ်လွတ်လပ်လပ် စကားပြောနေကြသည်။

"ဟော့ ... ကိုချမ်း ပြန်သွားပြီလား"

"မပြန်သေးဘူးလေ ... ရက်လည်ဆွမ်းကျွေးပြီးတဲ့အထိ နေမှာတဲ့"

"အေးဟယ် ... စံနွာတို့ ဖြစ်လဲ ဖြစ်လောက်တယ်နော်၊ ဒါလောက် မိုက်မဲတဲ့လူ"

"အင်း ... မမစိမ်းတို့ဆီမှာ သူဧွေးဘဝနဲ့နေရတာကို အားမရလို့ ခွေးဖြစ်ချင်တာနဲ့ တူပါရဲ့"

"ဘာလဲ ... သူ့နောက်မယားက ဘာတဲ့လဲဟင်"

"ဘာမှမဟုတ်ဘူးတဲ့၊ လူကြီးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်းမယားတဲ့"

"ဟွန်း ... ဒါတောင် ကိုချမ်းက မက်မက်ရက်ရက်"

"အဲဒီကောင်မမှာ ကောင်းတာရှိလို့ ဖြစ်မှာပေါ့"

"ငါတော့ အစက ကိုချမ်းကို ခင်ပါတယ်ဟာ၊ အခု အဲဒီလိုလဲ ကြားရော သိပ်ရွံတာပဲ"

"အေး ... ဟုတ်တယ်၊ ငါလဲ အဲလိုပဲ၊ နှာဘူးထတဲ့ ယောကျ်ားဆို သိပ်မုန်းတာပဲ"

"အခု ကိုချမ်းမှာ ဘာမှ မရှိတော့ဘူးတဲ့၊ မမစိမ်းနဲ့ ကွဲတာ ဘာမှ မရဘူးတဲ့"





"ကောင်းတယ် ... မရလဲ မရသင့်ပါဘူး၊ သူ ဖောက်ပြန်လို့ သူ ကွဲတာကို ပေးစရာမလိုပါဘူး"

"အဲဒါ ... သူ့နောက်မယားက ကြည်မှ ကြည်ပါ့မလား မသိဘူးနော်"

"မကြည်လဲ ပြီးသွားပြီလေ ... မကျေနပ် လဲသေရုံပေါ့၊ ငါတော့လေ အဲဒီလို သူများအသိုက်အမြုံကို ဖျက်စီးပြီးကွဲအောင် ဝင်ပြီးမွှေတဲ့ မိန်းမကို နုပ်နုပ်စဉ်းပစ်ချင်တယ် အဟုတ်"

"ကြည့်နေလေ ... ဝဋ်က မနေပါဘူး"

"သူ ဝဋ်လိုက်မှာက နောက်၊ လောလောဆယ် ဒုက္ခဖြစ်ရတာက လူကောင်းတွေ"

"အေးနော် ... အဲဒီ မိန်းမကလဲ တခြား လွတ်လွတ်လပ်လပ် ပဲ ရှာကြိုက်ပါလေ့"

"ဟဲ့ ... ကိုချမ်းမှာက စည်းစိမ်ပုံကြီးကို ဖင်ခုထိုင်ထားတာ သူ မြင်နေမှတော့ အဲဒီလို မိန်းမတွေမှာ ဘာကိုမှ မစဉ်းစားဘူးပေါ့၊ အပိုင်ကပ်ပြီး အပြတ်ကို စည်းရုံးပစ်လိုက်တာနေတော့ မှာပေါ့"

"ကိုချမ်းကလဲ ကောက်ကောက်ပါသွားတာ အံ့ရော"

"အေးနော် ... ကိုယ့်မိဘအသိုင်းအဝိုင်းနဲ့ လက်ရှိအိမ်ထောင်ရေးတွေ ဘာတွေ အားလုံး နင်းခြေပြီးကို မှောက်သွားလိုက်တာ"

"ဒါ ... ဟိုကောင်မ စည်းရုံးရေးကောင်းလို့ နေမှာပေါ့၊ ယောကျ်ားတွေဟာ အဲလိုပဲ၊ မိန်းမက နဖားအကိုင်ဧော်ရင် ကြိုက်သလို မောင်းပေတော့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု သူ့ကုပ်ပိုးကို ခွစီး၊ သူ့နားရွက်ကို ဆွဲပြီး လိုတာခိုင်းတာ နေမှာ"

"အခုတော့ ဆွေးပြီပေါ့"

"အေးနော် ... ကိုချမ်းမှာ ဘာမှမရှိတာ"

"ကြည့်နေ ... အဲဒီကောင်မ ကိုချမ်းကို ဘယ်နေ့ ကန်ထုတ်မလဲ ဆိုတာ"

"အင်း ... မကန်ဘဲ ငွေရဖို့အတွက် မသမာတဲ့နည်းတွေနဲ့ နှင်းကန် ခိုင်းစားရင်တော့ ကိုချမ်း မြန်မြန် လက်ကောက်ဝတ်ရမှာပဲ"

"ကဲ ... ကဲ သွားကြစို့၊ ရေပြည့်ပြီ"

အသီးသီး ထွက်သွားကြတော့ ကိုချမ်းမျက်ဝန်းမှာ မျက်ရည်တွေ အိုင်ထွန်းကျန်ရစ်ခဲ့တော့သည်။

ဩော် ... သူ့ဘဝဟာ အောက်ဆုံးအဆင့်ထိ နိမ့်ကျ ယုတ်ညံ့သွားရပါကလား။

အရင်တုန်းက အခြေအနေနှင့် အခုအခြေအနေ ကွာချင်တိုင်း ကွာလှပါတော့၏။

ယခင်က ကိုချမ်း ရွာတစ်ခေါက်တစ်ခါ ပြန်လာလျှင် ...

လူကြီးလူငယ် ကလေးတွေ ဝိုင်းနေတတ်ပါသည်။

သူ့ကို အထင်ကြီး အားကျသော၊ သဘောကျသော အကြည့်များ။

အခု သူ့ကို ရွံ့ရှာသော၊ အသက်မပါသော အပြုံး၊ ဝတ်ကျေတမ်းကျေ မေးထူး ခေါ်ပြောလုပ်နေကြသည်များ။





အားလုံး တစ်ခုပြီးတစ်ခု ပေါ်လွင်လာရလေသည်။

လူမှုရေးဖောက်ပြန်မှု၊ အိမ်ထောင်ရေး သစ္စာဖောက်မှု၊ ကျေးဇူးကန်းသူ၊ သစ္စာမဲ့သူ၊ အကျင့်ပျက်သူ၊ ယုတ်မာသူ စသော စွပ်စွဲချက်တွေက သူ့နားမှာ လျှံနေလေသည်။

ပြီးတော့ ဒေါ်ခင်ထားး၏ အသံများ။

"ရှင်းရှင်းပြောရရင် သားချင်း မောင်နှမ မရှိတဲ့ သမီးဟာ ရှိရှိသမျှ အမွေတွေကို ဆက်ခံရမယ့် သူပါပဲ"

"မင်းရဲ့ မိဘတွေကို ဒီနည်းနဲ့ ဒေါ်ဒေါ်တို့က ပြန်ပြီး ကူညီကြည့်ရှုခဲ့တဲ့ ကျေးဇူးကိုမှ မထောက်၊ မင်းမို့ တို့များအပေါ် အကြံပက်စက်စွာနဲ့ ဒီလို သဘောထားရက်တာ ဝမ်းနည်းလို့ မဆုံးဘူး"

စိမ်း၏ အသံများလည်း ဝင်လာပြန်ပါပြီ။

"ခု ရှင် သိပြီမဟုတ်လား၊ ကျွန်မကလဲ ရှင့်လို လူ့ကျေးစွပ်ကြီးကို ပေါင်းသွားရမှာ သနလွန်းလို့ မြန်မြန် လက်မှတ်ထိုးပြီး ကွဲပေတော့"

"ဒါပေါ့ ... ကျွန်မက ရှင့်လို မြက်စားတာမှ မဟုတ်တာ"

"ဒီမှာ ... သိုက်သမားကြီးရဲ့ ရှင် အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်ခဲ့ပုံတွေ ဘွင်းဘွင်းကြီး ပေါ်သွားပြီမို့ ရှင့်ကို အားလုံးက ရွံသွားပြီ"

"ရှင် ကိုင်တွယ် ထိတွေ့ခဲ့တဲ့ နေရာတွေ ကို တရော်ကင်ပွန်းရည်နဲ့ ဆေးပစ်မယ် သိလား"

စသော သူတောင်းစားနူနူရွဲရွဲတစ်ယောက်ကို ရွံရှာစက်ဆုပ်ပုံနှင့် ပြောလိုက်သော စိမ်း၏အသံများ။



www.burmeseclassic.com

www.burmeseclassic.com



ခုနတုန်းက ရေခပ်လာသော သူတို့ရွာမှ ကောင်မလေးများ၏ အသံများ။

"သူ့ဒွေးဘဝနဲ့နေရတာကို အားမရလို့ ခွေးဖြစ်ချင်တာနဲ့ တူပါရဲ့"

"လူကြီးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်း မယားတဲ့"

"ဟွန်း ... ဒါတောင် ကိုချမ်းက မက်မက်ရက်ရက်"

"မမစိမ်းနဲ့ ကွဲတာ ဘာမှ မရဘူးတဲ့"

"ကောင်းတယ် ... မရလဲ မရသင့်ပါဘူး၊ သူ ဖောက်ပြန်လို့ သူ ကွဲတာကို"

"ကြည့်နေ ... အဲဒီကောင်မ ကိုချမ်းကို ဘယ်နေ့ ကန်ထုတ်မလဲ ဆိုတာ"

"အို"

ကိုချမ်း နားကိုပိတ်ကာ ဒူးခေါင်းနှစ်လုံးကြား ခေါင်းချလိုက်ပြီး မျက်ရည်ပူများ တလိမ့်လိမ့်ကျနေမိတော့၏။

ငါ မှားပြီ။

နောင်မှ တသော နောင်တကား အချိန်နှောင်းခဲ့လေပြီတည်း။ လွဲမှားသော အတွေးအခေါ်ဖြင့် ကျေးဇူးရှင်များအပေါ် မိုက်ကန်းစွာ ပြုမူခဲ့မှုတွေ။

တစ်သက်လုံး လေးစား အားကိုးခဲ့ရသူ အရှင်သခင်များ အပေါ် သား၏ ယုတ်မာမှုအတွက် အရှက်ရကာ ဘဝကို အဆုံးသတ်သွားသော အဖေ။





သားမိုက်အတွက် မျက်ရည်လည်ရွဲ မချိတင်ကဲဖြစ်နေရှာသော အမေ။ တစ်အူတုံဆင်းပေမယ့် သူ့အား စိမ်းသွားသော ညီမများ။

မင်း ဘာဆက်လုပ်မလဲ ကိုချမ်း။

တင်ရီအေးဆိုတဲ့ နွံအိုင်ထဲမှာ ဘဝတစ်ခုလုံးနှစ်ပြီး ကူးခပ်ပေတော့ပေါ့။ ယောကျ်ားဆိုတာ တစ်ခါပဲမိုက်၊ တစ်ခါပဲ ယုတ်မာတာ ကောင်းတယ်ကွာ။

ဒါကြောင့် တင်ရီအေးနဲ့ ဘဝသစ်မှာ ပျော်အောင်နေနိုင်ဖို့ မင်း ကြိုးစားပေတော့ ကိုချမ်းရေ။



www.burmeseclassic.com

www.burmeseclassic.com

အဖေ့ရက်လည်ဆွမ်းသွတ်ပြီး၍ ပြန်လာတော့ တင်ရီအေးကို မတွေ့ရတော့ချေ။

စာလေးတစ်စောင်သာ သူ့ကို ကြိုနေ၏။

ကိုကို

အေး အထင်နဲ့ အမြင်တွေ တခြားစီ ဖြစ်သွားရလို့ ဝမ်းနည်းစွာနဲ့ပဲ နှုတ်ဆက်ခဲ့ပါတယ်။'

အေး ထပ်ပြောပါရစေ ကိုကို။

အေးက ဆင်းရဲတာကို သိပ်မုန်းတယ်။ ကြောက်တယ်။ အဲကြောင့် သိန်းပေါင်းများစွာ ချမ်းသာမယ့် အလားအလာရှိတဲ့ ကိုကို့ကို တမင် ကပ်ပြီး ရင်းနှီးအောင် ပေါင်းတာပါ။

အေးဘဝမှာ ချမ်းသာရင် ပြီးရော။

ဘယ်ဘဝမျိုးမှာပဲ နေရ နေရ။

အငယ်အနှောင်းပဲ ခေါ်ခေါ်။ လင်ခိုးမပဲ ဆိုဆို။ ကြောင်တောင်နိုက်မ,ပဲ ပြောပြော။ မမှုပါဘူး။

အေးလေ တိုက်နဲ့ ကားနဲ့ နေချင်တယ် ကိုကို။

ခုတော့ ... အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာတဲ့ ကိုကို့ကို အေး ဘာလုပ်ရမလဲ။

ဉာဏ်ဝင်းစာပေ



အဲကြောင့် ... အေး ဦးလေးနောက်ကို လိုက်သွားပါပြီ။

ဦးလေးဟာ တကယ်ပဲ အေးရဲ့ ဟို ခင်ပွန်းဆိုပါတော့ ကိုကို။

ချမ်းသာပွဲရုံကို ပျက်အောင်တိုက်ဖို့အတွက် အေးကို တမင်အသုံးချတာလေ။

ဆုငွေ ငါးသောင်းရတယ် ကိုကိုရေ့။

ပြီးတော့ ... ဦးလေးက အေးကို ချစ်တယ်။ အလိုလဲ လိုက်တယ်။

ကိုကို့ကို လက်ခံလိုက်တာဟာ ဦးလေးကို ရွဲ့ချင်လို့လေ။

အေးကို သူ ထင်ထင်ပေါ်ပေါ် မထားလို့။

ခုတော့ ... အေး ရည်ရွယ်ချက်တွေ အောင်ပြီ။

ဦးလေးက အေးကို အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ ထားမယ်လေ။

ကားလဲပေးမယ်။ ဗီးယက် အနီရောင်လေ။

မယားပြိုင်အဖြစ်လဲ တရားဝင် ကြေညာမယ်။

ကဲ ... ဘာလိုသေးလဲ။

ဦးလေးနဲ့ အေးရဲ့ ပဋိပက္ခကြားမှာ ဓားစာခံ ဖြစ်သွားရတဲ့ ကိုကို့ကို အေး အားလည်းနာ၊ ကျေးဇူးလဲတင်ပါတယ်နော်။

တကယ်တော့ အေး ချစ်တာ ကိုကို့ကိုပါကွာ။

အခြေအနေက ပြောင်းသွားပြီ မဟုတ်လား။

အေးရဲ့ဆန္ဒကို ဖြည့်စွမ်းပေးနိုင်တဲ့ ဦးလေးကို မျက်စိမှိတ် ရွေးချယ်လိုက်တဲ့အတွက် အေးကို ခွင့်လွှတ်ပါနော်။

အဲပါပဲ ကိုကိုရေ။

တမ်းမိက
တင်ရီအေး

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"တောက်"

စာရွက်ကို လုံးခြေရင်း သူ တောက်တစ်ချက် ပြင်းစွာ ခေါက်လိုက်၏။

ခုတော့ သူ့ဘဝမှာ အဓိပ္ပာယ်မဲ့သော လူတစ်ယောက် ဖြစ်သွားရပြီလေ။

သူ ဘာမှမတတ်နိုင်။ လုပ်လဲ မလုပ်နိုင်။

တကယ်မှာ တင်ရီအေးနှင့်သူ တရားဝင်လက်မထပ်ရသေး။

နားလည်မှုနှင့် ခဏအတူနေခြင်းမျှသာ။

တင်ရီအေး၏ လည်ပတ်ပါးနပ်မှုက သူ့ကို ချာချာလည်သွားစေသည် မဟုတ်ပါလား။

သည်တော့ ဖြစ်ချင်ရာဖြစ်တော့။ သူ့ကိုယ်သူ ဒဏ်ခတ်ရတော့မည်။

သူ့ဘဝကို ရေစုံမျှောလိုက်တော့သည်။

သူ့မှာ ခင်မင်ရင်းနှီးသော အသိုက်အဝန်းများ၏ အထင်သေးမှု လှောင်ပြောင်သရော်မှုများကို သည်းခံနိုင်စွမ်း မရှိတော့။

မော်လမြိုင်ကိုစွန့်ကာ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက် ခြေဦးတည့်ရာ နေရာဒေသအနှံ့ လျှောက်သွားနေပါတော့၏။

ကြုံသည့်နေရာ ကြုံသလိုလုပ်၊ ကြုံသလိုစား။

ခိုင်းတာလုပ်၍ ကျွေးတာစား၏။

သူ့ဘဝကား အရူးလိုလို၊ သူတောင်းစားလိုလိုနှင့် တစ်နေရာပြီး တစ်နေရာ ... တစ်မြို့ပြီး တစ်မြို့ လျှောက်သွားနေရင်းမှ





ထမင်းလည်း စော်ဖူးလှပြီ။ သေမလောက်လည်း ခဏခဏဖျား ဖူးလှပြီ။

ဆေးဝါးမပြောနှင့် ဆန်ပြုတ်ပင် မစားနိုင်သောဘဝ။

ဇရပ်တကာ၊ တန်ဆောင်းတကာကို အိပ်ရာပြုကာ တစ်နှစ်ပြီး တစ်နှစ် ကုန်ဆုံးစေခဲ့ပါသည်။

လေးနှစ်ခန့် ကြာခဲ့ပါပြီ။

ခုတော့ သူ အလိုလို အိမ်ပြန်ချင်လာသည်။

အိမ်ဆို၍ သာယာကုန်းရွာရှိရာ အမေ့အိမ်ဆီသို့ပါ။

အိမ်ရောက်တော့ များစွာ အိုမင်းသွားသော အမေ့ကို ဝမ်းနည်း ဝမ်းသာ တွေ့လိုက်ရ၏။

"သားရယ်"

မွဲခြောက်ခြောက်၊ ညှိုးသိုးသိုးနိုင်လှသော သူ့ကို အမေက မျက်ရည်ဖြိုင်ဖြိုင်ကျကာ တုန်ယင်စွာ ဆွဲခေါ်ပါသည်။

"လာပါကွယ်၊ လာပါ ... သား၊ ကြည့်စမ်း ... ရုပ်ပျက် ဆင်းပျက်နဲ့ နေမကောင်းဘူး ထင်ပါရဲ့"

တကယ်လည်း သူ ဖျားနေပါသည်။

အမေ့ဆီမှ နွေးထွေးသော အကြင်နာ၊ ယုယစွာ ဖိတ်ခေါ် ကြိုဆိုမှုတို့က သူ့မျက်ဝန်းအိမ်များမှ မျက်ရည်များ တာကျိုးသကဲ့သို့ ပိုးပိုးပေါက်ပေါက် ကျသွန်လာခဲ့တော့၏။

"ဘယ်တွေ လျှောက်သွားနေတာလဲ သားရယ် ...မောင်၊ ပျောက်သွားလိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေက ပြောရင်း သူ့မျက်ရည်များကို မျက်နှာသုတ်ပဝါဖြင့် သုတ်ပေးသည်။

သူ့လက်များကို ကိုင်ထားရင်း နဖူးစမ်း ခေါင်းစမ်းလုပ်ကာ–

"ဟင် ... ကိုယ်ပူနေပါလားကွယ်၊ မငိုနဲ့လေ၊ ခေါင်းကိုက်မှာပေါ့၊ အမေ ဆေးတိုက်မယ် နော်၊ ဟုတ့် ... ရွှေမိ"

"ရှင် ... ကြီးကြီး"

"ညည်းအစ်ကိုအတွက် ဆန်ပြုတ် ပြုတ်လိုက်ပါကွယ်"

"ဟုတ်ကဲ့ ... ကြီးကြီး"

"ငါးရံ့ခြောက်လေးလဲ ဖုတ်ပြီး ဆီဆမ်းခဲ့"

"ဟုတ်ကဲ့"

ရွှေမိမှာ သူ့နှမဝမ်းကွဲလေး ဖြစ်သည်။

အမေက ကွမ်းရွက်ပြုတ်ရည် ကမန်းကတန်းလုပ်ကာ ငန်းဆေးနှင့် ဖျော်၍ သူ့ကို တိုက်ပါသည်။

"ရေခဲနွေးပူပူ မှုတ်သောက်ပြီး စောင်ခြုံလိုက်ရအောင်၊ ချွေးထွက်မှ ပေါ့သွားမယ်"

အမေက သူ့အတွက် ပျာယာခတ် ဖျတ်လတ်သွက်လက်စွာ လုပ်ပေးလေ သူ့မှာ ဝမ်းနည်းလေပင်။

သူ့ မိုက်မဲမှုအတွက် သူ့ကိုယ်သူ ဒဏ်ခတ်သည့်အနေဖြင့် ရောက်ရာပေါက်ရာ ခြေသလုံးအိမ်တိုင်ဘဝဖြင့် လေးနှစ်ခန့် ကျင်လည်ခဲ့ပြီးပြီမို့ ...

နောက်ထပ် မိခင်အိုကြီးကို စိတ်ဆင်းရဲစေအောင် သူ မပြုမူတော့ပါ ဟူ၍ ဆုံးဖြတ်နေမိပါတော့သည်။

ဥာဏ်ဝင်းစာပေ



ဆေးသောက်ပြီး သူ မှေးခနဲ အိပ်ပျော်သွား၏။

အချိန်မည်မျှကြာအောင် သူ အိပ်ပျော်သွားသည်ပင် မသိတော့။

သူ နိုးတော့ နေပင်စောင်းလှပေပြီ။

အမေက ဆန်ပြုတ်ပန်းကန်နှင့် ဝင်လာပါသည်။

ငါးရံ့ခြောက်ဖုတ် ဆီဆမ်းအနံ့က မွှေးသင်းသင်းမို့ ဝမ်းထဲက ဆာနေပါသည်။

"ဘယ့်နှယ်လဲ သား၊ အပူတော့ ကျသွားပြီ၊ ချွေးထွက်သွားတော့ နေလို့ကောင်းသွားမှာပေါ့၊ ရော့ ... ဆန်ပြုတ်ပူပူ သောက်လိုက်ဦး"

ဆန်ပြုတ်ပန်းကန်ကို အငမ်းမရယူကာ သောက်လိုက်၏။

သူသောက်နေပုံကိုကြည့်၍ အမေ မျက်ရည်ဝဲနေလေသည်။

အငတ်ငတ်အပြတ်ပြတ်ဘဝနှင့် သူ့ကိုယ်သူ ပစ်စလက်ခတ် ပစ်ထားသည် မဟုတ်ပါလား။

ဆန်ပြုတ်တစ်ပန်းကန်က ပြိုက်ခနဲ ကုန်သွား၏။

ရွှေမိယူလာသော နောက်တစ်ပန်းကန်ကို သောက်ရင်း သူ့အိမ်ကို အကဲခတ်လိုက်၏။

အားလုံး သေသေသပ်သပ်နှင့် သန့်ရှင်းနေသော ဧည့်ခန်းက အရင်အတိုင်းပါပဲ။ တစ်စုံတစ်ခုကို သတိရစွာ အမေ့ကို မေးလိုက်၏။

"ညီမလေးတွေကော အမေ၊ မမြင်ပါလား"

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလုပ် သွားနေကြတယ်လေ၊ တစ်ပတ်တစ်ခါ ပြန်လာတယ်၊ ဒီနေ့ စနေ မဟုတ်လား၊ ညနေဆို ရောက်လာကြမယ်၊ တနင်္ဂနွေဆို အလုပ်နားတယ်"

"အလုပ်"

သူ ယောင်ယောင်ကန်းကန်း လိုက်ဆိုနေမိ၏။

ဩော် ... သူ့ညီမတွေ အလုပ်လုပ်နေကြပြီကိုး။

အေးပေါ့လေ ... လုပ်မှဖြစ်တဲ့ အခြေအနေကိုး။

"အေးလေ ... စန္ဒာက အကျီချုပ်တယ်၊ သီတာက ဆံပင်ကောက် ဆိုင်မှာ"

"ဟင်"

သူ အမေ့ကို အမိပွာယ်တစ်ခုခုနှင့် ကြည့်လိုက်မိ၏။

အမေကလည်း သိပုံရသည်။ အေးအေးဆေးဆေး ဆက်ပြောသည်။

"စိမ်းတို့ဆီမှာပဲ သား"

"ဩော်"

သူ့ 'ဩော်' က ဆွေးဆွေးမြည့်မြည့်နိုင်လှ၏။

စိမ်းတို့၏ သဘောထားကြီးမှုကို သူ ကြက်သီးထမိခမန်း ဖြစ်မိပါသည်။

"စန္ဒာနဲ့ သီတာက အမေ့ကို တစ်လ တစ်ထောင် ပေးတယ်လေ၊ တစ်ယောက် ငါးရာစီပေါ့၊ ဟိုမှာ ထမင်းကျွေးနဲ့ တစ်လကို ခြောက်ရာနဲ့ ငှားတာ၊ မုန့်ဖိုး တစ်ရာချန်ပြီး ကျန်အားလုံး အမေ့ကို ပေးကြတယ် သားရယ်"





"ဩော် ..."

"စိမ်းတို့ကလဲ သဘောထားကြီးလိုက်တာကွယ်၊ မင်းအဖေဆုံးသွားပေမယ့် အမေတို့ကို ပစ်မထားဘူးလေ၊ အစ်ကိုကြီးနဲ့ အစ်မခင်ထားကလဲ ရောရောယှက်ယှက် မမြင်ပါဘူးတဲ့၊ ခြေမမကောင်း ခြေမ ပါပဲတဲ့လေ၊ ကိုရွှေမောင်ဆုံးသွားတာ သူ့လက်ရုံးတစ်ဖက် ပြုတ်သွားသလိုပါပဲတဲ့၊ အဲဒါ လုပ်ငန်းတွေကို ကိုရွှေအောင်နဲ့ တချို့လွှဲပြီး အပြတ်ရောင်းလိုက်ကြပြီလေ"

အမေကတော့ တတွတ်တွတ် ပြောနေပါသည်။

သူမှာ ကြားရသော စကားများက သူ့ကိုယ်သူ ရှက်ရှက်ရွံ့ရွံ့ ဖြစ်ရလွန်းလှပါဘိ။ သူက ကောက်ကျစ်ခဲ့သမျှ စိမ်းတို့က မြင့်မြတ်လှပါတကား။

ညနေ ခြောက်နာရီလောက်မှာ ညီမတွေ ရောက်လာကြ၏။

သူ့ကိုမြင်တော့ ပထမ အံ့အားသင့်နေကြ၏။

"ဟင် ... ကိုကို"

"ညီမလေး"

သူ့ဘေးတစ်ဖက်စီမှာ ဝင်ထိုင်ရင်း စန္ဒာနှင့် သီတာ ငိုကြပါသည်။ သူလည်း မျက်ရည်ကျရပြန်ပါပြီ။

အမေက မီးဖိုထဲမှာ ချက်ပြုတ်နေသဖြင့် ဘာမှမသိပါ။

"ကိုကိုရယ်"

သူ့ရုပ်ရည်ကိုကြည့်ပြီး မချိတင်ကဲ ခေါ်မိကြသည်။

ယခင်က စိုပြည်တောင့်တင်းသော ကိုချမ်းမှာ ယခုတော့ ပိန်ခြောက်ညှဉ်းသိုးနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး"

"ရှင်"

"ကိုကို အသုံးမကျခဲ့လို့ ငါ့ညီမတွေ ပညာသင်ချိန်မှာ အလုပ်လုပ်နေရပြီနော်"

တုန်ယင် ဝမ်းနည်းစွာ သူ ပြောမိပါသည်။

တက္ကသိုလ်ကျောင်းသူ ဖြစ်သင့်နေသော ညီမများကို သူ နှမြောခြင်း၊ သနားခြင်းကြီးလှစွာ ကြည့်ရင်း သူ့ကိုယ်သူ နောင်တတွေ တစ်ပုံတစ်ပင် ရမိတော့၏။

"ဖြစ်သမျှအကြောင်းပေါ့ ကိုကို၊ အခုလဲ စန္ဒာတို့ စာပေးစာယူ တက်နေတာပါ"

"ဪ ... ဟုတ်လား"

"ဟုတ်ပါတယ် ကိုကို"

"ကိုကို ဘယ်အချိန်ကတည်းက ရောက်နေလဲဟင်"

"နေ့ခင်းကပါ ညီမလေး"

"ဟော ... သမီးတို့ ရောက်ကြပြီကိုး၊ ညည်းတို့ အစ်ကိုဖျားနေလို့ကွယ့်၊ အမေ ကြက်သား မြူစွမ်ပြုတ်လုပ်နေတယ်၊ ကဲ ... ကဲ ရေမိုးချိုးကြ၊ ပြီးရင် ထမင်းစားကြရအောင်"

"ဟုတ်ကဲ့ ... အမေ၊ ဒီမှာ အမေ့အတွက် ဆေး"

"အေး ... အေး"

"ရေသွားချိုးဦးမယ်နော် ကိုကို"

"အင်း ... သွား ... သွား ညီမလေးတို့ အေးနေမယ်"





ညီအစ်မနှစ်ယောက် ထွက်သွားတော့မှ အမေက သူ့ကို ကြင်နာစွာ ပြုံးပြရင်း ...

"စန္ဒာက နောက်ဆုံးနှစ်၊ သီတာက ဒုတိယနှစ် ရောက်နေပြီ သားရဲ့"

"ဪ"

သူ့ညီမတွေတောင် ကျောင်းပြီးတော့မှာပါလား။

အမေ့ကို အားနည်းစွာကြည့်ရင်း သူ ဆို့နင့်စွာ ပြောလိုက်သည်။

"ကျွန်တော် တာဝန်မကျေခဲ့လို့ ညီမလေးတွေ အရွယ်နဲ့မလိုက် အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေရတာပေါ့ အမေ"

"အိုကွယ် ... ဖြစ်ပြီးတဲ့ဟာတွေ စိတ်ဆင်းရဲအောင် မတွေးပါနဲ့တော့ သားရယ်၊ ရှေ့ဆက် ကောင်းအောင်ပဲ ကြိုးစားသွားဖို့ လိုတယ်"

"စိတ်ချပါ အမေ၊ ကျွန်တော် မိုက်ခဲ့သမျှ အတိုးချပြီး အမေတို့ကို မိုက်ကြွေးတွေ ဆပ်သွားပါ့မယ်"

"သာဓု ... သာဓု ... သာဓုပါ သားရယ်"

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို … ဘယ်တွေရောက်ခဲ့သလဲ ဟင်"

နောင်တစ်နေ့မှာ စန္ဒာနဲ့ သီတာ အလုပ်နားသဖြင့် အိမ်မှာ အေးအေးဆေးဆေး နားကာ သူ့ကို မေးကြပါတော့သည်။

ရောက်ရောက်ချင်း အပူငြိမ်းငန်းဆေး သောက်ပြီးကတည်းက သူ ပြန်မဖျားတော့။

မနက် မိုးလင်းတော့ လန်းလန်းဆန်းဆန်း ရှိနေပါပြီ။

နွေးထွေးအေးမြသော မိခင်၏ အရိပ်အောက်မှာ သူ လုံခြုံစွာ ရှိသွားပြီ မဟုတ်ပါလား။

အရင်က သူ့အဝတ်များကို ယူထုတ်ပေးရင်း အဝတ်လဲစေပါသည်။

ပရုတ်နံ့သင်းနေသော အဝတ်များက သန့်သန့်ရှင်းရှင်း။

မျက်နှာသစ်၊ မုတ်ဆိတ်ရိတ်၊ ကိုယ်လက် သန့်စင်ပြီးတော့ အိမ်မှ ထွက်သော နွားနို့စစ်စစ်နှင့် ကြက်ဥပြုတ်ကို သောက်ရသည်။

အတန်ပင် အားရှိသွားသယောင်ပင်။ ခန္ဓာကိုယ်ထဲမှ ပေါ့ပါး လန်းဆန်းသွားလေသည်။





စန္ဒာက သူ့ကို အကဲခတ်ရင်း မေးလိုက်သဖြင့် ရုတ်တရက် သူ မဖြေမိ။

"ဟင် … ကိုကို"

ဒုတိယအကြိမ်မေးတော့မှ သူက …

"ရောက်ရာ ပေါက်ရာပဲ ညီမလေးရာ၊ စိတ်လေ စိတ်ဓာတ်ကျနေတဲ့ လူတစ်ယောက်ရဲ့အဖြစ်ဟာ သူတောင်းစားသာသာ ဘဝနဲ့ နယ်စုံလျှောက်သွားနေတာပေါ့"

"အို"

ဝမ်းနည်းရိပ်သမ်းသွားသော ညီမများကို သူ့ဘဝအကြောင်း ဆက်၍ မပြောချင်သဖြင့်

"ကဲပါကွာ … ကိုကိုလဲ ဖြစ်ခဲ့သမျှတွေ ဘာမှ ပြန်မတွေးချင်တော့လို့ နောက်ကို မမေးပါနဲ့ ညီမလေးရာ"

"ဟုတ်ကဲ့ပါ … ကိုကို"

"ဒါနဲ့ … ညီမလေးတို့အလုပ်လုပ်ရတာ အဆင်ပြေသလား ဟင်"

"ပြေပါတယ် ကိုကို၊ မမစိမ်းက …"

စန္ဒာက ရုတ်တရက် ရပ်ပစ်လိုက်သည်။

သူက ဆွေးမြည့်စွာ ပြုံးရင်း …

"ပြောပါကွာ … ကိုကို သိချင်ပါတယ်"

"မမစိမ်းက သိပ်သဘောပြည့်တာ ကိုကို၊ စိမ်း အပ်ချုပ်ဆိုင် သင်တန်းနဲ့ စိမ်း ဖြူတီပါလာမှာ ညီမလေးတို့ကို လိုလိုလားလား လက်ခံပြီး ကူညီတဲ့ကျေးဇူးတော့ ဒီတစ်သက် ဆပ်လို့ကုန်မှာ မဟုတ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪော်"

ကျေနပ်ဟန်စကားဆိုသော ညီမတွေ၏ မျက်နှာကို သူ မကြည့်ရဲသလို ဖြစ်သွားရ၏။

စန္ဒာကတော့ သူ့ ကိုကို ကို အကဲခတ်ရင်း ...

"လုပ်ငန်းနှစ်ခုစလုံးက တစ်အားကို အောင်မြင်နေတာ၊ အစ်ချုပ်မှာ ဘော်ဒါ၊ ဖြူတီပါလာမှာလဲ ဘော်ဒါနဲ့ စန္ဒာတို့လို နည်းပြအဆင့်တွေ ဆယ်ယောက်ရှိတယ် ကိုကို၊ ဖြူတီပါလာမှာ နည်းပြငါးယောက်၊ မမစိမ်းက တော်ပဲ့ဆိုတဲ့ လူတွေကိုမှ နည်းပြဖို့ငှားတော့ လုပ်ငန်းနှစ်ခုစလုံး ဟိုးဟိုးကျော်နေတာပေါ့"

"ဪော်"

တော်သော ထက်သော ဇနီးကောင်းတစ်ယောက်ကို စွန့်ခဲ့မိသော နောင်တကား တမြည့်မြည့် လောင်ကျွမ်းဆဲပါတကား။

"ပြီးတော့ မမစိမ်းက အရင်တုန်းကလို မဝတော့ဘူးလေ"

"ဟင်"

"အခု အရမ်းကိုလှတာ ကိုကို၊ အမျိုးသမီးတွေရဲ့ အဓိက အရေးကြီးတဲ့ လုပ်ငန်းနှစ်ခုစလုံးရဲ့ သခင်မဆိုတော့ မမစိမ်းဟာ အမြဲသ အမြဲလှနေတာပဲ"

စန္ဒာကတော့ မြိန်ရေရှက်ရေ ဆက်ပြောပါသည်။

"ဝတာကို ပိန်အောင် ဒေါက်တာ မရွှေစင်နဲ့ စနစ်တကျ နေထိုင်စားသောက်တာ ကိုကိုရဲ့ အခုဆို မမစိမ်းအလှကို မြင်သူတိုင်းက အားကျကြတယ်၊ မမစိမ်းကလဲ အလှပြင်ဆိုင် ပိုင်ရှင်ဆိုတော့ လှအောင် အမျိုးမျိုးပြင်တယ်လေ၊ အဟင်း မမစိမ်းကို





မသိမသာတစ်မျိုး သိသိသာသာတစ်မျိုး လာပိုးတဲ့လူတွေလဲ မနည်းမနောပဲ"

"ဟင်"

သူ ဆတ်ခနဲ ဖြစ်သွား၏။

စိမ်းတစ်ယောက် နောက်ထပ်ဘဝသစ်တစ်ခုကို ထူထောင်ဖို့ တာစူနေပြီလား။

ဒါဆိုရင် ... သူ့သမီးလေး၊ သမီးလေး။

"ဒါပေမဲ့ ... မမစိမ်းက သိပ်ပြတ်တာ ကိုကိုရဲ့၊ သူ့ဘဝမှာ နောက်ထပ် ဘယ်ယောကျ်ားမှ အဝင်မခံနိုင်ပါဘူးတဲ့၊ ဟိုလေ ယောကျ်ားဆို လုံးဝအထင်မကြီးတော့တဲ့အပြင် သူ့သမီးရဲ့ ဘဝမှာလဲ ပထွေးဆိုတာ ဘယ်တော့မှ မပေါ်ပေါက်လာစေရဘူးတဲ့"

"ဪော်"

ကြက်သီးဖြန်းဖြန်း ထမတတ် သူ စိမ်းကို လေးစားသွားရပါပြီ။

စိမ်းရယ် မောင့်အပြစ်တွေကို စိမ်း ကျေနပ်တဲ့အထိ ဘယ်လိုနည်းနဲ့ပဲ တောင်းပန်ရ တောင်းပန်ရ မောင် တောင်းပန်မယ်။

"ကိုကို"

"ကိုကို"

"ဟင်"

သူ အတွေးလွန်နေရာမှ ရုတ်တရက် သတိဝင်လာရ၏။

"လာမယ့် ကျောင်းအဖွင့်မှာ သမီးလေး ကျောင်းတက်ရတော့မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အင်း ... အင်းပေါ့၊ ငါးနှစ်ပြည့်တော့မယ်ကိုး၊ ဒါနဲ့ ညီမလေး"

"ရှင်"

"ဟို ... ဟို ... စိမ်းက ကိုကို့အကြောင်း တစ်ခါမှ မပြောဘူးလားဟင်"

မဝံ့မရဲဖြစ်လှစွာ မေးမိ၏။ စန္ဒာက မဲ့မဲ့လေးပြုံး၍ ...

"မပြောဘူး ကိုကို၊ တစ်ခါမှမပြောပါဘူး၊ စန္ဒာတို့ကို အလုပ်ပေးတဲ့အချိန်က မမစိမ်း ရှင်းရှင်းပြတ်ပြတ် ပြောခဲ့ဖူးတဲ့အတွက် စန္ဒာတို့လဲ ကတိပေးပြီးကို အလုပ် လုပ်ရတာပါ"

"ဟင် ... ဘာ ... ဘာကတိလဲဟင် ညီမလေး"

သိချင်လွန်းလှစွာ အလောတကြီး သူ မေးမိ၏။

"မမစိမ်းကလေ စန္ဒာတို့ကို ဦးရွှေမောင်၊ ဒေါ်အေးနုတို့ရဲ့ သမီးတွေအဖြစ်နဲ့ အလုပ်ပေးတာပါတဲ့၊ မင်းမေချမ်းနဲ့ လုံးဝ မသက်ဆိုင်ဘူးဆိုတဲ့ အသိနဲ့ကို သူ အလုပ်ပေးသွားမှာတဲ့၊ ဦးရွှေမောင်တို့ရဲ့ သွေးရင်းသားရင်းလို ကျေးဇူးပြုခဲ့ဖူးတဲ့လူတွေအဖို့ သူ့အနေနဲ့ တုံ့ပြန်ကျေးဇူး ဆပ်သွားတယ်လို့ပဲ သဘောထားပါမယ်တဲ့၊ သူ အခုလို ညီမတို့ကို အလုပ်ပေးထားခြင်းဖြင့် တစ်နေ့နေ့မှာ ကိုချမ်းကို ပြန်ပြီး လက်ခံနိုင်စရာ အလားအလာတွေလို့ အထင်ရောက်ပြီး မျှော်လင့်ချက် လုံးဝမထားပါနဲ့တဲ့၊ သူ့ဘဝမှာ ကိုကိုဟာ သေလူလို့ သူ သတ်မှတ်လိုက်တဲ့အတွက် ခရီးလမ်းဟာ ဆုံးသွားပါပြီတဲ့၊ ဒါကြောင့် သူ့လုပ်ငန်းခွင်အရိပ်မှာ ကိုကိုနဲ့ ပတ်သက်တဲ့ အကြောင်းတွေ၊ သတင်းတွေ လုံးဝ





မပြောမိအောင် ကတိပေးရမယ်တဲ့၊ ညီမတို့ကို သူ စိတ်ရှင်းရှင်းနဲ့ ရိုးသားစွာ ကူညီလိုက်တယ်လို့ပဲ သတ်မှတ်ပါတဲ့"

"ဪ"

တိကျပြတ်သားလွန်းသော စကားကြောင့် သူ ကျဉ်ကျဉ်ဆွတ်ဆွတ်ကြီးကို နှလုံးသားထဲမှာ ခံစားလိုက်ရပါပြီ။

"ဒါပေမဲ့ ကိုကို့သမီးလေးက ... သမီးလေးကလေ"

ရင်သွေးဟူသော အသိက သူ့တစ်ကိုယ်လုံး တုန်ယင်လှိုက်မောစွာ ဖြစ်ထွန်းရ၏။

"သမီးလေးက သိပ်စကားတတ်တာ ကိုကိုရယ်၊ ဘယ်သူမေးမေး ဖေဖေ သေပြီဆိုတာပဲ ပြောတတ်တယ်"

"အို"

သူဟာ ဇနီးနဲ့ သမီးအတွက် သေလူဖြစ်နေပြီပေါ့။

"ကိုကို"

"ဟင်"

"သမီးနဲ့ တွေ့ချင်လားဟင်"

"သိပ်တွေ့ချင်တယ် ညီမလေးရယ်"

တုန်ယင်စွာ ပြောလိုက်သော သူ့အား စန္ဒာက မျက်ရည်ဝဲစွာ ကြည့်ရင်း ...

"ကူညီချင်ပေမယ့် မမစိမ်း စိတ်ဆိုးသွားမှာ သိပ်စိုးတယ် ကိုကို"

"မမစိမ်း စိတ်ဆိုးရင် သိတာတို့ ထမင်းအိုးကွဲလိမ့်မယ် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက်အား ရီဝေစွာကြည့်၍ ...

"စိတ်မပူပါနဲ့ ညီမလေးတို့ရာ၊ ကိုကို ညီမလေးတို့ဆီက အကူအညီ မယူပါဘူးကွာ၊ ကိုကို့ကြောင့် ညီမလေးတို့ဘဝ တစ်ခါပဲ လှိုင်းထစေရမှာပါ"

"တစ်ခုတော့ရှိတယ် ကိုကို"

"ဟင်"

"မမစိမ်းက တစ်ခါတလေ သမီးနဲ့ ဈေးထွက်ဝယ်တယ်"

"ဪ"

"မိုင်ဒါဈေးမှာ မယောင်မလည် စောင့်ကြည့်ပေါ့ ကိုကို"

"အင်း"

"အိမ်ကိုလိုက်ဖို့တော့ လုံးဝ မစဉ်းစားနဲ့နော် ကိုကို"

"ဟင်"

"အိမ်မှာ ခြံစောင့် ဂေါ်ရခါးစစ်သားဟောင်းကြီးနဲ့ အယ်လ်ေရှင်း ခွေးကြီးတွေရှိတယ်"

"ဪ"

"ကိုကို ထွက်သွားပြီးကတည်းက ဘယ်ယောက်ျားသား အရွယ်ရှိလူကိုမှ အဝင်မခံဘူးလေ"

"ဟင်"

စိမ်းတို့၏ နာကြည်းချက်ကို သူ ခန့်မှန်းမိပါပြီ။

"ပြီးတော့ ကိုကို၊ မမစိမ်းက ဟိုတစ်ချိန်ကတည်းက အခု အထိပဲ အစိမ်းရောင်တစ်မျိုးတည်းကိုပဲ သုံးတော့တယ်၊ ကားက အစ ဖိနပ်အဆုံးပဲ"





ဪ ... သူ မခင် တမင်တိမ်းခဲ့လေတော့ စိမ်းအဖို့ မြစိမ်းခင် ဟူသော ပညတ်သွားရာ မာတ်သက်ပါ အမည်အတိုင်း စိမ်းခဲ့ လေပြီပေါ့။

ဒါပေမဲ့ ... မောင် စိတ်မပျက်ပါဘူး စိမ်းရယ်။

စိမ်းရဲ့ ခွင့်လွှတ်မှုကို ရအောင်ကို မောင် ကြိုးစားမယ်။

စိမ်းမှာ ကြင်နာ သြာတာတဲ့စိတ်ရှိတယ်ဆိုတာ မောင် သိတယ်။

ဒါကြောင့် နောက်တစ်နေ့မှစ၍ နေ့စဉ် သူ ဈေးမှာ သွား သွားစောင့်သည်။

ငါးရက်မြောက်နေ့မှာတော့ သူ စောင့်ရကျိုးနပ်ပါပြီ။

အစိမ်းရောင်လွှမ်းသော၊ လှလွန်းပါသော စိမ်းနှင့် သမီးကို သူ တွေ့ရ၏။

အသာကွယ်၍ သူ ငေးမောကြည့်မိပါသည်။

ချစ်စရာကောင်းသော သမီးလေးကို ပြေး၍ပွေ့ချင်စိတ်များ တလိပ်လိပ် ယိုဖိတ်လျှက်ရှိသည်ကို မနည်းပင် အောင့်အည်း ထားရ၏။

စိမ်းတို့သားအမိ ကြေးအိုးသောက်တာတွေ။

ဈေးထဲမှာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဝယ်နေတာတွေ၊

မျက်တောင်မခတ် သူ ငေးမောကြည့်မိ၏။

စိမ်းတို့ ဈေးမှအထွက် ကားဆီသွားကာ ကားတံခါးဆွဲဖွင့် လိုက်ချိန်မှာတော့ သူ ဘယ်လိုမှ ထိန်းမရတော့။

www.burmeseclassic.com

www.burmeseclassic.com



အပြေးလေးသွားကာ ခေါ်မိပါတော့သည်။ အဲဒီအချိန်မှာ စိမ်း၏ ရွှဲရွှဲမှုန်းတီးနာကြည်းခါးသက်သော အကြည့်များက သူ့အား အံရည်ပျော်စေမတတ် ပူလောင်စူးရှ ခံရခက်လှသည်။

စိမ်း၏ တူးတူးခါးခါးအကြည့်နှင့် အပြောများက သူ့နားထဲက မထွက်။

"ဒီမှာ ... ရှင် အသေခံပြီး ရှေ့ကပိတ်ထားပေမယ့် ကျွန်မထောင် အကျမခံနိုင်ဘူးရှင့်"

"ရှင့်လို ယုတ်မာတဲ့လူနဲ့ ကျွန်မရဲ့ ကားနဲ့လဲ မထိချင်ပါဘူး၊ သနလွန်းလို့"

"ရှင် အရှက်မရှိတိုင်း ပေါက်ကရ လျှောက်ပြောမနေပါနဲ့၊ ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မသိခဲ့ဖူးဘူး"

စိမ်းကားပြတ်တောက်သော အပြော။

ရွံရှာမုန်းတီးသော အကြည့်များဖြင့် ဆတ်ဆတ်ခါနေသော စိမ်းအား ခြေဖက်မတတ် သူ တောင်းပန်သော်လည်း စိမ်းမှာ လမ်းပြုရဲအား အကူအညီတောင်း၍ သူ့ကို ကားရှေ့မှ မောင်းထုတ်စေခဲ့သည် မဟုတ်ပါလား။

ဪ ... စိမ်းရယ်၊ မင်း ဘယ်လောက်မုန်းမုန်း၊ မောင် သည်းခံပါ့မယ်၊ မင်း ခွင့်မလွှတ်သမျှ နောက်ဆုံးထွက်သက်အထိ တောင်းပန်ဖို့ မောင် ဆုံးဖြတ်လိုက်ပြီ စိမ်းရေ။

~ ~ ~



"ဟင်"

မြင်ရသောမြင်ကွင်းကြောင့် စိမ်း ဆတ်ခနဲ ဖြစ်သွား၏။

ပို၍သေချာအောင် အနီးရှိ မှန်ဘီလူးကို ဖျတ်ခနဲယူကာ မျက်စိရှေ့မှာ တပ်လိုက်သည်။

သေချာပါပြီ။ သူ အိမ်အထိ လိုက်လာပြီကိုး။

ခြံဝမှာ ခြံစောင့်ဦးအောနှင့် အချေအတင်ပြောနေကြသည်။

ဦးအောက ခြံအဝဘေးဘက်ထိပ်ရှိ သစ်သားတဲလေးထဲမှ ယာယီဖုန်းကို ကောက်ကိုင်လိုက်၏။

စိမ်းက အခန်းထဲရှိဖုန်းစင်မှဖုန်းကို အဆင်သင့်ယူထားရင်း...

"ကလင် ... လင်"

"ဦးအော အဲဒီလူကို လုံးဝမတွေ့ချင်ဘူး၊ ဖြစ်တဲ့နည်းနဲ့ မောင်းလိုက်ပါ။ မသေရင် ပြီးရော"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အမိန့်ကို တစ်သဝေမတိမ်း လိုက်နာတတ်သော ဦးအောပါ။

အပေါ်ထပ်ရှိ အခန်းတစ်ခုမှ ခန်းဆီးလေး အသာဟကာ စိမ်းအံကြိတ်လျက် စူးစူးစိုက်စိုက် ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သံပန်းတံခါးပေါ် တက်ရန် ကြိုးစားနေသော သူ့အား ဦးအောက နံဘေးမှ အသင့်ရှိနေသော ဝါးလုံးဖြင့် ထိုးကာ ရိုက်ချလိုက်၏။

ခြေလွတ်လက်လွတ် ဗိုင်းခနဲ ကျသွားပါသည်။

စိမ်း မဲ့မဲ့လေး ပြုံးလိုက်၏။ ပြီးမှ ခုတင်ပေါ် အသာလှဲကာ ဝတ္ထုစာအုပ်ကို ဖတ်နေ၏။

ဘယ်နှခါပဲတက်တက် ဦးအောက တာဝန်ကျေစွာဖြင့် အထဲကို မဝင်နိုင်အောင် တားဆီးထားမှာပါပဲ။

ထိုစဉ်မှာပင် ကားတစ်စီး ခြံဝသို့ ရောက်လာလေသည်။

"ပွမ်"

ကားသံကြောင့် စာအုပ်ဖတ်နေသော စိမ်း ဝေါက်ခနဲ ထထိုင်လိုက်သည်။

မေမေတို့ ပြန်လာပြီ။ မြေးအဘွားနှစ်ယောက် ဆွမ်းကျွေးသွားရာမှ ပြန်လာခြင်းဖြစ်၏။ ခြံဝကို လှမ်းကြည့်လိုက်တော့...

ကားဝင်သာရန် တံခါးဖွင့်လိုက်သောကြောင့် ကားနောက်မှ ကပ်၍ပါလာသော သူ့အား ဦးအောက လည်ကုပ်မှ ဆွဲကာ မောင်းထုတ်နေပါသည်။

စိမ်း အံတစ်ချက်ကြိတ်ကာ ဖုန်းကိုကိုင်၍ တစ်နေရာဆီသို့ အမြန်ဆုံးပြောကာ အောက်သို့ အပြေးလေး ဆင်းလာခဲ့လေ၏။

ထင်သည့်အတိုင်းပင် မေမေက လမ်းတစ်ဝက်မှ ဆင်း၍...

"ဟဲ့ ... ဟဲ့ မောင်အော ဘာဖြစ်တာလဲ၊ သူက ဘယ်သူလဲ၊ ဘာလုပ်မလို့လဲ"





"မမလေးကို တွေ့ချင်တယ်တဲ့၊ မမလေးက လုံးဝ မတွေ့ချင်ဘူးဆိုလို့ နှင်ထုတ်နေတာ"

"အို ... ဘယ်သူလဲ သူက"

မျက်နှာမှာ ဖူးရောင်နေပါပြီ။ ဦးအော လက်ချက်ပေါ့။ မသေရင်ပြီးရော ဆိုထားသည် မဟုတ်လား။

မွဲခြောက်ပိန်ကပ်နေသော ရုပ်ရည်၊ ညစ်ပေ ဖူးရောင်နေသော မျက်နှာနှင့် နီကြန်ကြန် ဖွာလန်သော ဆံပင်တို့က မှတ်မိစရာ လုံးဝမရှိ။

သူ့အား စူးစိုက်ကြည့်နေသော ဒေါ်ခင်ထားအား မော့ကြည့်၍ ...

"ဒေါ်ဒေါ်"

"ဟင် ... အလိုလေး၊ မင်း ... မင်း ကိုချမ်း"

တစ္ဆေသရဲကို တွေ့လိုက်ရသူပမာ ဒေါ်ခင်ထားက မျက်စိမျက်နှာပျက်လျှစွာ ကြည့်ကာ နောက်ဆုတ်ရင်း ...

"မောင်အော ... မြန်မြန်ဆွဲထုတ်"

ထိတ်လန့်စွာ ပြောလိုက်ပါတော့သည်။ အနားရောက်လာသော စိမ်းက မိခင်အား ...

"မေမေ"

"ဟင် ... သမီး၊ ဒီ ... ဒီမှာ"

"သမီး သိပြီးပါပြီ မေမေ၊ ရဲကို ခေါ်ထားပါတယ်၊ ဟော မေမေ"

"စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက်လှည့်ထွက်သွားသော စိမ်းအား ဖျတ်ခနဲ သူ့လက်ကို လှမ်းဆွဲကာ စိုးရိမ်တကြီး ခေါ်လိုက်သည်နှင့် ...

"အို ... ကဲ"

"ဖြန်း"

"ဟော့"

"ခွပ် ... ဒုတ်"

"အင့်"

စိမ်းက ဒေါသထွက်လှစွာ တစ်အားလွှဲကာ ပါးကိုရိုက်ချလိုက်သည်နှင့် ချာခနဲလည်ထွက်သွားသည်ကို ဦးအောကလည်း သံမဏိလို မာသော သူ့လက်သီးကြီးနှင့်ရော လက်ဝါးစောင်းနှင့်ပါ မိတ်ဖွဲ့ပေးလိုက်တော့ ကိုချမ်းခမျာ ဖွဲ့တစ်အိတ်ပမာ ပျော့ခွေကျသွားပါတော့သည်။ ဒေါ်ခင်ထားက ပူပင်စွာနှင့် ...

"ဟင် ... သေသွားပလား မောင်အော၊ ဒုက္ခပါပဲကွယ်"

"မသေပါဘူး မေမေ၊ မေ့သွားတာပါ။ ဦးအော သူ့ကို ခြံအပြင် ဆွဲထုတ်ပြီး ခြံတံခါး ပြန်ပိတ်လိုက်ပါနော်၊ ရဲတွေလာရင် ဖမ်းသွားလိမ့်မယ်"

"ဟုတ်ကဲ့ ... မမလေး"

"ရဲတွေမေးရင် တမင်သက်သက် လာနှောင့်ယှက်နေပါတယ်လို့ ပြောနော်"

"ဟုတ်ကဲ့"

"လာ ... မေမေ၊ သမီး ဆီးဖျော်ရည် လုပ်ပေးမယ်၊ မေမေ ရင်တုန်နေပြီ"





"ဟုတ်တယ် ... သမီးရယ်၊ ရင်တုန်လိုက်တာ"

"ပူစရာမဟုတ်ပါဘူး မေမေ၊ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"

"ဒီကောင့်ရန်က မသေးဘူးနော် သမီး၊ မေမေ စိုးရိမ်တယ်"

"ရပါတယ် မေမေ၊ အခုလဲ သူ့ကို ရဲကဖမ်းပြီး (၂၄) နာရီလောက် အချုပ်ထဲမှာ အိပ်ပေတော့ပေါ့"

"အသွားအလာဆင်ခြင် သမီးရယ်"

"ဟုတ်ကဲ့ပါ ... မေမေ"

ကားထဲမှ မျက်လုံးလေး ဝိုင်းနေသော သမီးငယ်နှင့် မိခင်ကို ခေါ်ကာ စိမ်း အိမ်ထဲ ဝင်လာခဲ့သည်။ သမီးငယ်က ...

"မေမေ ... ဟို အရူးသူတောင်းစားကြီးလားဟင်"

"သမီးရယ်"

စိမ်းရင်ထဲ နင့်ခနဲနေအောင် ကျဉ်တက်သွားရပါသည်။

ဒေါ်ခင်ထားက ...

"လာ ... လာ မီးမီး၊ ခုနက လူကြီးက ဖမ်းသွားတတ်တယ်နော်၊ အပြင်ထွက်မဆော့နဲ့၊ ကြားလား ... မြေး"

"ဟုတ်ကဲ့ ... ဘွားဘွား"

သုံးရက်လောက် ကြာသွားသည်။

သည်နေ့တော့ စိမ်း လုပ်ငန်းရှိရာ နေရာသို့ ကားလေး မောင်းရင်း ထွက်လာခဲ့၏။ အပ်ချုပ်နှင့် လှရိပ်မြုံကို တွဲလျက်ဖွင့်ထားပြီး မျက်နှာလွှဲရသော ကိုယ်စားလှယ်နှင့် စိတ်ချရသည် ဆိုသော်လည်း စိမ်း တစ်ရက်ခြား နှစ်ရက်ခြားလောက်တော့ အမြဲလာတတ်ပါသည်။ မေမေက ...



www.burmeseclassic.com

www.burmeseclassic.com



"မြစ်ပါ့မလား သမီးရယ်"

"ရပါတယ် မေမေ၊ သမီးအခြေအနေနဲ့ သူ လာနှောင့်ယှက်ရင် ပုတ်ဝန်းကျင် လက်ချက်နဲ့ အသက်ပျောက်သွားမှာပေါ့၊ သူ ဒီလောက် မရမ်းရဲပါဘူး"

"ဂျက်ကီကိုခေါ်သွား သမီး"

စိမ်းအချစ်တော် ဂျက်ကီခေါ် အယ်လ်ဇေးရှင်းခွေးကြီးကို ကားနောက်ခန်းထဲ တည့်ကာ ခေါ်ခဲ့ရ၏။

ဆိုင်ထဲဝင်တော့ ဂျက်ကီကို ကားထဲမှာပင် သော့ခတ်၍ ထားခဲ့သည်။ လူတွေကြောက်မှာ စိုး၍ပါ။

ဆိုင်ထဲမှာ လူဝင်လူထွက်တွေနှင့် စည်နေပေပြီ။

စိမ်းက မိမိအခန်းထဲမှာ ဝင်ထိုင်ကာ စာရင်းဇယားများကို လှန်ကြည့်နေသည်။ ပထမ အပ်ချုပ်လုပ်ငန်းမှ စာရင်းများ။

သင်တန်းဝတ်စုံများအတွက် ငွေချေထားသော ဘောက်ချာများကို စစ်ဆေးပြီး လှရိပ်မြုံမှ အော်ဒါလက်ခံထားသော နေ့စွဲများကို ထပ်မံစစ်လိုက်သည်။ မင်္ဂလာဆောင်၊ ရှင်ပြု၊ ကင်ပွန်းတပ်၊ မွေးနေ့ စသော အခမ်းအနားများသို့လည်း အပြင်အဆင်များ လက်ခံသဖြင့် လက်မလည်နိုင်အောင်ပင်။ သစ်ဆန်းလှပကာ ခေတ်မီသော အဆင်အပြင်များကြောင့် စိမ်း နာမည်ကြီးနေရသည် မဟုတ်ပါလား။

စာရင်းထဲမှာ ခေါင်းငုံ့ကာ စိတ်ဝင်စားနေသော စိမ်း တစ်ယောက် ဆင်နားရွက်တံခါးလေး လှုပ်သွားသည်နှင့် ဆတ်ခနဲ လှမ်းကြည့်လိုက်၏။





ဝင်လာသော လူက သူ လုံးဝမမြင်ချင်သောသူမို့ ငေါက်ခနဲ နေအောင် ထရပ်ကာ စက်ဆုပ်စွာကြည့်ပြီး ...

"ရှင် ရမ်းကားလှချည်လား၊ ဘယ်သူ့အမိန့်နဲ့ ဒီအထဲကို ရှင် ဝင်လာသလဲ ထွက်သွား၊ အခု ထွက်သွား"

ဒေါသကြောင့် စိမ်း မျက်နှာမှာ နီရဲနေပါသည်။

ကိုချမ်းက စိမ်း စားပွဲရှေ့ရှိ ကုလားထိုင်မှာ အေးဆေးစွာ ဝင်ထိုင်ရင်း ...

"စိမ်းနဲ့ အေးအေးဆေးဆေး ဆွေးနွေးပါရစေ စိမ်းရယ်"

တောင်းပန်တိုးလျှိုးစွာ ပြောလိုက်သူအား စိမ်းက မုန်းတီးစွာ မျက်နှာလွှဲပစ်လိုက်ပြီးမှ ...

"ကျွန်မမှာ ရှင်နဲ့ ဆွေးနွေးစရာ ဘာအကြောင်းမှ မရှိဘူး၊ အားလဲ မအားဘူး၊ ရှင် ကျွန်မအခန်းထဲက ထွက်မလား၊ မထွက်ဘူးလား"

"မထွက်နိုင်ဘူး စိမ်း"

"မထွက်နေပေါ့၊ ကျွန်မ ရဲကို ခေါ်လိုက်ရုံပဲ"

"စိမ်း"

စားပွဲပေါ်ရှိ တယ်လီဖုန်းကို မကိုင်ခင် သူ အရင်ကိုင်ကာ သူ့အနားသို့ ဆွဲယူလိုက်ပြီးမှ ...

"မောင် တောင်းပန်ပါတယ် စိမ်းရယ်။ မောင် သိပ်ကို မှားခဲ့ပါတယ်၊ အဲဒီအပြစ်တွေအတွက် မောင့်ကို စိမ်း ကြိုက်သလို အပြစ်ပေးပါနော်၊ မောင် ခံပါ့မယ်၊ စိမ်းဆီ မောင် ပြန်ခွင့်ပါရစေ စိမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဂရုမစိုက်ဟန်ဖြင့် စိမ်းက အပြင်ထွက်သွားရန် ခြေလှမ်း ပြင်လိုက်သည်နှင့် ...

"စိမ်း မသွားပါနဲ့ဦး မောင့်စကားတွေ နားထောင်ပါဦးကွာ၊ စိမ်း အတင်းထွက်လို့ မောင် ဆွဲထားရင် စိမ်းပဲ စိတ်ဆိုးဦးမှာ၊ ရုတ်ရုတ်သဲသဲ ဖြစ်ဦးမယ်၊ စိတ်ချပါ စိမ်း၊ စိမ်းကို မောင် ဘာမှ မလုပ်ပါဘူး၊ စကားပြောရုံပါ စိမ်း၊ ကျေးဇူးပြုပြီး နားထောင်ပေး ပါနော်"

ရှောင်ထွက်သွားမည့်အစီအစဉ်ကို လက်လျှော့လိုက်ရ၏။

"စိမ်း မောင့် အပြစ်တွေအတွက် မောင် ကလေကဝအဖြစ်နဲ့ နေပစ်ခဲ့တာ လေးနှစ်ကျော်ပါပြီကွာ၊ မောင် စိမ်းတို့အပေါ်မှာ မိုက်မှားခဲ့ပါတယ်၊ မောင် တောင်းပန်ပါတယ်နော်၊ မောင့်ကို ခွင့်လွှတ်ပါ၊ စိမ်းတို့ဆီ မောင် လာခဲ့ပါရစေနော်"

သူ့စကားကြောင့် စိမ်းမှာ ရယ်စရာကောင်းလွန်းသော ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်ပမာ ဟက်ဟက်ပက်ပက် ကလေး ရယ်ပစ်လိုက်ပြီးမှ ...

"ဟား ... ဟား ... ဟား၊ ဟက် ... ဟက် ... ဟက် ဒီမှာရှင့် ရှင် ပြောနေတာတွေ ကျွန်မ ဘာမှ နားမလည်ဘူး သိလား၊ ရှင့် စကားကို နားထောင်ဖို့လဲ ကျွန်မမှာ အချိန်မပေးနိုင်ဘူး၊ ရှင်နဲ့ ကျွန်မလဲ ဘာမှ ပတ်သက်စရာ အကြောင်းမရှိတဲ့အတွက် ကျေးဇူးပြုပြီး အပြင်ကိုကြွပါ"

"စိမ်း ... စိမ်းရယ်၊ စိမ်းနဲ့ မောင်ဟာ လင်မယားပါကွာ၊ အပိုတွေ ပြောမနေပါနဲ့"





"ဘာ ... ဘာပြောတယ်၊ ဘာလင်မယားလဲ၊ ကျွန်မလင် သေသွားတာ လေးနှစ်ရှိပြီလေ၊ ရှင် မသိသေးဘူးလား"

"မောင့်ကို သေလူလို့ သဘောထားတယ်ဆိုတာလဲ သိပါ တယ် စိမ်းရယ်၊ မောင့်အဖြစ်ဟာ သေသွားတာထက် ဆိုးပါ သေးတယ်ကွာ၊ စိမ်းအပေါ် မောင် မိုက်မိုက်မှားမှား စော်ကား ခဲ့သမျှတွေကို အသက်နဲ့လဲပြီး ပေးဆပ်ရဆပ်ရ၊ မောင် စိမ်း ပေးတဲ့အပြစ်ကို ခံယူဖို့လာခဲ့တာပါ စိမ်းရယ်"

တောက်တဲ့လိုကပ်နေသူကို စိမ်း အကြံရခက်လှစွာ အံကြိတ် ရင်း မုန်းတီးရွံရှာစွာ မျက်စောင်းထိုးလိုက်၏။ ပြီးမှ ...

"ဒီမှာ ... ရှင့်ကို ကျွန်မ အသက်သေတဲ့အထိ ခွင့်မလွှတ်ဘူး၊ မကျေဘူး သိလား၊ မုန်းလိုက်ရွံလိုက်တာမှ ဘဝအဆက်ဆက် ရှင့်လို ယုတ်ကန်းတဲ့လူနဲ့ ဘယ်တော့မှ မဆုံစည်းပါစေနဲ့လို့ ဆုတောင်းတယ်၊ အခုလဲ ကျွန်မဆိုင်မှာ တခြားလူတွေ အနှောင့် အယှက် ဖြစ်သွားမှာစိုးလို့ ရှင့်လို လူသရမ်း လူယုတ်မာကို သည်းခံလိုက်ရတယ်လို့ မှတ်ပါ၊ ဟွန်း ... ဂျက်ကီကို အထဲ မခေါ်လာမိတာ မှားတာပဲ"

ကြိတ်မနိုင် ခဲမရ အံကြိတ်ကာ နာကြည်းစွာ ပြောချလိုက် သော စိမ်းအား သူက ရီဝေစွာ ကြည့်ရင်း ...

"စိမ်းရယ် ... မောင်လေ စိမ်းကို ဘယ်လိုမှ စိတ်မဖြစ်ပါဘူး ကွာ၊ စိမ်း ကျေနပ်ခွင့်လွှတ်တဲ့ အချိန်အထိတောင်းပန်ဖို့ မောင် ဆုံးဖြတ်ထားပြီးသားပါ စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ရှင် အတော်နားဝေးတဲ့လူပါလား၊ ကျွန်မ ရှင့်ကို ဘယ်အဝရောက်ရောက် ဘယ်တော့မှ ခွင့်မလွှတ်နိုင်ပါဘူးလို့ ပြောထားပြီးပြီပဲရှင်၊ လူဆိုရင် လူစကား နားလည်မှပေါ့"

"နားလည်ပါတယ် စိမ်းရယ်၊ မောင် ထပ်ပြောမယ်၊ မောင်လဲ စိမ်း မကျေနပ်မချင်း နောက်ဆုံးထွက်သက်အထိ တောင်းပန်သွားမှာပါပဲ"

"ရှင် အခုလို ငွဲ့နေပဲကြီးကြီးဖြစ်နေရတာဟာ ဘာကြောင့်လဲ ဆိုတာ ကျွန်မ ပြောရမလား"

"စိမ်းတို့ဟာ မောင်တို့မိသားစုရဲ့ ကျေးဇူးရှင်တွေဆိုတာ မောင်"

"ဟိုး ... ဟိုး တော်စမ်းပါ၊ မဟုတ်တဲ့စကားတွေ မကြားချင်ပါဘူး၊ ဒီမှာ ကျွန်မပြောမယ်၊ ရှင် အခုလို သဲကြီးမဲကြီး ဖြစ်နေရတာဟာလေ ကျွန်မရဲ့ စည်းစိမ်ပုံကြီးကိုရယ်၊ အဟင်း ဟင်း ပြီးတော့ ကျွန်မရဲ့ ဟောဒီ ခန္ဓာကိုယ်အလှအပတွေကိုရယ် လောဘရမ္မက်ဇောနဲ့ တပ်မက်ပြီး အပိုင်စီးချင်လို့ သူတောင်းစားက အဘခေါ် ရလောက်အောင် အောက်ကျနောက်ကျ လိုက်ပြီး ရှိခိုးဦးတင် တောင်းပန်နေတာ မဟုတ်လား၊ ဟွန်း"

"စိမ်းရယ်"

စိမ်းစကားတွေက မားနှင့်ခုတ်တာထက် နာစရာကောင်း ရှက်စရာကောင်းလွန်းလှသည်မို့ သူ မျက်ရည်ပေါက်ပေါက် ကျမိရပါပြီ။

စိမ်းက သူ့အား ရွံ့ရှာစွာကြည့်ရင်း ...





"ရှင့်မျက်ရည်နဲ့လဲ ကျွန်မ ခြေမဆေးချင်ပါဘူး၊ ကျွန်မ အခန်းမှာ ကျက်သရေယုတ်လွန်းလို့ အရှက်မရှိ ငိုမနေပါနဲ့၊ ရှင် နားလည်ထားဖို့က ရှင့်ကြောင့် ကျွန်မတို့မိသားစု ဘယ်လောက် ပတ်ဝန်းကျင်အလယ်မှာ အရှက်ရခဲ့သလဲဆိုတာ စဉ်းစားမိတိုင်း နုပ်နုပ်စဉ်းချင်တယ် သိလား၊ ဖေဖေဆို သူမွေးတဲ့မြောက်က သူ့ပြန်ခြောက်တယ်ဆိုပြီး ဗုန်းဗုန်းလဲသွားတာ အသက်ပါသွားတဲ့ အထိ ရှင့်လုပ်ရပ်တွေက ရိုင်းလွန်းလှတယ်"

"စိမ်းရယ်၊ စိမ်းလက်နဲ့ မောင့်ကို သတ်လိုက်ပါကွာ၊ မောင် အသေခံရဲပါတယ်"

"ရှင့်ဟာရှင် သေပစ်လိုက်တာ ပိုကောင်းတာပေါ့၊ ဘာမှ တရားခံရှာစရာ မလိုပါဘူး၊ ကျွန်မလက်နဲ့လဲ ရှင့်ကို သတ်ဖို့ မပြောနဲ့ ထိမိတာတောင် ဆနလွန်းလို့၊ ရှင့်ကို ကျွန်မ သတ်လိုက်ရင် ကျွန်မ ထောင်ကျသွားမှာပေါ့၊ လူယုတ်မာတစ်ယောက် အတွက် ကျွန်မဘဝ အဆုံးမခံနိုင်ပါဘူး၊ ကျွန်မမှာ မေမေနဲ့ သမီး ရှိသေးတယ်၊ အဖမဲ့သမီးဘဝကို အစစ အောက်မကျ အောင် ထားနိုင်ဖို့ ကျွန်မမှာ တာဝန်တွေရှိသေးတယ်"

"အဖမဲ့သမီး ဟုတ်လား ... စိမ်း၊ စိမ်းရယ်"

"ဟုတ်တယ် အဖမဲ့သမီးပဲ၊ သမီးမှာ အဖေမရှိဘူး၊ သေသွားပြီလို့ သမီးအသည်းထဲမှာ နစ်စွဲနေအောင် ကျွန်မ လောင်းသွင်း ထားပြီးသား၊ ပြီးတော့ ... သမီးကို အဖေဆိုတာ မုန်းစရာ ရွံစရာကောင်းတဲ့ လူတစ်ယောက်အဖြစ် သဘောပေါက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောထားလို့ သမီးမှာ အဖေဆိုရင် သေမလောက် ကြောက်တယ်၊ ရွံတယ်၊ မုန်းတယ်"

"အို"

သူ့အသည်းနှလုံးတွေ အစိတ်စိတ်အမွှာမွှာ ကွဲကြေစေသော စကား။

"ဒီမှာ ... ရှင် ကျွန်မကို နှောင့်ယှက်ဖို့ကြိုးစားတာ ဒါ နောက်ဆုံးဖြစ်ပါစေရှင်၊ ရှင် နောက်တစ်ခါ ထပ်ပြီး နှောင့်ယှက်ရဲရင် နှောင့်ယှက်ကြည့်၊ ကျွန်မ တစ်သက်လုံး ထိန်းသွားမယ်ဆိုတဲ့ နောက်ယောကျ်ားမယူတော့ပါဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချက်ချင်း ပြင်လိုက်မယ် ... ကျွန်မကို လက်ကမ်းနေတဲ့ လူတွေအထဲက အသင့်တော်ဆုံးလူတစ်ယောက်ကို အမြန်ဆုံး လက်ထပ်ပစ်လိုက်မယ်၊ နားလည်လား"

"ဟင် ... စိမ်း"

"ဟွန်း ... ဟွန်း၊ ရှင် မယုံရင် စမ်းကြည့်လေ၊ ကျွန်မဘဝမှာ လင်နှစ်ယောက်ဖြစ်ရတယ်ဆိုတဲ့ နာမည်ဆိုးကို အသည်းနာနာနဲ့ပဲ ခံယူလိုက်မယ်၊ ရှင် ထပ်ပြီး ကြိုးစားလဲ အပိုပဲ၊ ကျွန်မ အမြန်ဆုံး နောက်လင်ယူပစ်ဖို့ တိုက်တွန်းလိုက်တာနဲ့ အတူတူပဲဆိုတာ ရှင့်အသည်းထဲမှာ စွဲနေအောင် မှတ်လိုက်စမ်းပါ"

"စိမ်းရယ် စိမ်း ဘာတွေပြောနေတာလဲဟင်၊ စိမ်းနဲ့မောင်ဟာ တရားဝင် မကွာရှင်းရသေးပါဘူးကွာ၊ ဘယ်စာချုပ်ကိုမှ မောင် လက်မှတ်မထိုးခဲ့ရသေးပါဘူး"

ဘဏ်ဝင်းစာပေ



"ဪ ... ရှင်က ဒီလိုလား၊ အဟင်း ... ဟင်း၊ လက်မှတ်ဆိုတာ စာရွက်ပေါ်မှာတင် တရားဝင်တဲ့ သင်္ကေတတစ်ခုပါ။ ကျွန်မတို့ မိသားစုရဲ့ အသည်းနှလုံးထဲမှာ ရှင့်လုပ်ရပ်တွေဟာ လုံးဝ လက်မှတ် မထိုးဘဲနဲ့ကို ကွာရှင်းဖို့ လုံလောက်စေတဲ့အချက်တွေပါ။ ဇနီးမယားကို လေးနှစ်လုံးလုံး ရှင်ပစ်ပြီး လျှောက်လေနေတဲ့ ကာလတွေဟာ လင်မယားပြတ်စဲဖို့ အင်မတန်မှ ခိုင်လုံတဲ့ သက်သေတွေပဲဆိုတာ ရှင် သတိရပါဦးလေ"

"စိမ်းရယ် ... မောင် စိမ်းကို အဆုံးအရှုံး မခံနိုင်ပါဘူးဗျာ"

"ဒီမှာ ... ပြတ်သွားတဲ့ကြိုးကို ပြန်ဆက်ဖို့ ရှင် မိုက်မိုက်မဲမဲ မကြိုးစားချင်ပါနဲ့၊ ကြိုးအပြတ်ဟာ အကောင်းပြန်ဖြစ်မလာပါဘူး၊ အထုံးအဖုကလေးပဲ ဖြစ်လာမှာပဲ၊ ကျွန်မအနေနဲ့ ရှင့်အပေါ်မှာ အိမ်မှာ မွေးထားတဲ့ ခွေးလောက်တောင်မှ မေတ္တာရောသံယောဇဉ်ပါ မရှိတော့ပါဘူးဆိုတာ ရှင် မှတ်ထားလိုက်ပါ"

"စိမ်းရယ် ဘယ်လိုမှ တောင်းပန်လို့ မရတော့ဘူးလားဟင်"

"ရှင် တောင်းပန်စကားပြောတိုင်း ကျေရအောင် ကျွန်မက ခံစားချက်မဲ့ ကျောက်ရုပ်မှ မဟုတ်တာ၊ အသက်ရှင်နေသမျှ ရှင့်ကို နာကြည်းမုန်းတီးနေမှာပဲ"

"စိမ်းရယ် အရင်တုန်းက ကြင်နာတတ်၊ ညှာတာတတ်တဲ့ စိမ်းဟာ ခုတော့ ပြတ်သားတင်းမာပြီး စိမ်းကားလှချည်လားဟင်"

"ဟွန်း ... ဟွန်း ဟုတ်တယ်၊ အဲဒါ ရှင့်ကြောင့်လေ"

ဘဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... စိမ်း၊ အဲဒီလိုဖြစ်သွားတာ မောင် လုံးဝ မယုံနိုင်ဘူး"

"အမယ် ... ရှင် မယုံတော့ရော ဘာအရေးလဲ၊ ကျွန်မ လုံးဝ ဂရုမစိုက်ဘူး"

"မောင့်ကို ခွင့်လွှတ်ပါ၊ သနားပါ စိမ်းရယ်"

"ကျွန်မ စကားကို နှစ်မျိုးမပြောတတ်ဘူး"

"စိမ်းရယ် ဘာမှလိုမှ မပြောလို့မရတော့ဘူးလားဟင်"

"ရှင် မရှူးသေးဘူးဆိုရင် နားလည်ပေါ့"

"စိမ်းရယ် မောင် မသွားတော့ဘူးနော်၊ မောင် နေခဲ့ပါရစေ"

"ရှင် ရူးနေလား"

"ဟုတ်တယ် ... ရူးနေပြီ စိမ်းရယ်"

"ဒီမှာ ... အဓိပ္ပာယ်မရှိ ပြောမနေနဲ့၊ ကျွန်မ ပြောစရာတွေ ကုန်ပြီ"

"မောင့်မှာ ပြောစရာတွေရှိသေးတယ်"

"ကျွန်မ ချိန်းထားတဲ့ကိစ္စက ရှင့်ထက် အရေးကြီးတယ် ဖယ်"

"မသွားပါနဲ့ဦး စိမ်းရယ်"

"အို ... ရှင် လူလိုနားလည်ပါ၊ ကျွန်မမှာ ဒီလောက် လက်ခံ စကားပြောလိုက်ရတာ အချိန်တွေ ဘယ်လောက်ပုပ်သွားသလဲ"

"မောင့်မှာ စိမ်းထက် ဘာမှ အရေးမကြီးဘူး"

"အဟွန်း ရှင့်လို ခြေသလုံးအိမ်တိုင် ကလေကဝ လမ်းဘေးက တန်ဖိုးမရှိတဲ့လူနဲ့ ကျွန်မနဲ့ တူမလားရှင့်၊ ကျွန်မမှာ အချိန်တိုင်းဟာ ရွှေလို တန်ဖိုးရှိနေတာ"





"စိမ်းရယ် ... စိမ်း"

"ရှင် ရှေ့ကဖယ်နော်၊ ဒါ ကျွန်မ ပိုင်နက်ဆိုတာ နားလည်ပါ"

"မောင် မသွားနိုင်ဘူး စိမ်းရယ်"

"မသွားနိုင်လဲ နေခဲ့၊ ရဲနဲ့ ရှင်းခိုင်းမယ်"

ကာထားသော သူ့လက်ကို စိမ်းက ပိုက်ဆံအိတ်နဲ့ ရိုက်၍ ဖယ်ပစ်ရင်း ထွက်ခဲ့ရာ စိမ်းလက်ကို နောက်မှ ကမန်းကတန်း လှမ်းဆွဲကာ

"စိမ်း"

"အို ... ရှင် လွန်လှချည်လား၊ လွှတ်ပါ၊ လွှတ် ကျွန်မလက်ကို"

"စိမ်းရယ် သိပ်ကိုပြောင်းလဲသွားတဲ့ စိမ်း"

"ကဲဟယ် ... ကဲဟယ်"

"ဖြန်း ... ဖြန်း"

"နီနီရေ ... နီနီ"

ပါးရိုက်သံ၊ အော်ခေါ်သံအဆုံးမှာ အနီးဆုံး မျက်နှာပေါင်း တင်ခန်းမှ နီနီ ပြေးထွက်လာ၏။

"မမစိမ်း ဘာလဲဟင်"

နီနီဏ စိမ်းနှင့် သူ့ကို အကဲခတ်ရင်း မေးလိုက်၏။

စိမ်းက ဟန်မပျက် အေးဆေးစွာနှင့် ...

"မမစိမ်း အပြင်ထွက်မလို့၊ တံခါးပိတ်လိုက်ပါကွယ်"

"ဟုတ်ကဲ့ ... မမစိမ်း"

"ဩော် ... နီနီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်မှာ လာနှောင့်ယှက်တဲ့လူရှိရင် ချက်ချင်း ရဲစခန်းကို ဖုန်းခေါ်လိုက်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စိမ်းက ပြောပြီးသည်နှင့် ကြော့ကြော့မော့မော့လေး ထွက်သွားပါတော့သည်။ နီနီမှာ သော့ခလောက်ကြီးကို ကိုင်ထားရင်း စိမ်း၏ ကိုယ်ပိုင်ရုံးခန်းလေးပိတ်ရန် ကိုချမ်းအား အပြင်ထွက်ရန် မေးလေးဆတ်ပြလိုက်၏။ ကဲ ... ဘာတတ်နိုင်မည်လဲ။

ထွက်ရုံပေါ့၊ လေးကန်သော ခြေလှမ်းများဖြင့် သူ ထွက်လာခဲ့တော့၏။

မျက်ရည်များက တားမရ ဆီးမနိုင်ဖြစ်ကာ ကျနေသည်။

သူ မရှက်ပါ။ နောင်တများက သူ့တစ်ကိုယ်လုံး ကျွမ်းကျွမ်းမြည့်မြည့်။ သူကဲ့သို့ မျက်ရည်ကျနေသောသူနှစ်ယောက်ကတော့ မလှမ်းမကမ်း အကွယ်တစ်ခုမှ စန္ဒာနှင့် သီတာ ညီအစ်မနှစ်ယောက် ဖြစ်ပါသည်။

❦ ❦ ❦



မှုလတန်းကျောင်းတစ်ခု၏ရှေ့ဝယ် အစိမ်းရောင် ကားလှလှလေး တစ်စီး ငြိမ့်ခနဲ ဆိုက်လာသည်။

စိမ်းက သမီးလေးကို ကိုယ်တိုင် ကျောင်းလာပို့ခြင်း ဖြစ်သည်။

ကားထဲမှထွက်လာသော သမီး၏ နဖူးနှင့် ပါးနှစ်ဖက်ကို မြတ်မြတ်နိုးနိုး နမ်းရှိုက်ပြီးမှ လက်တစ်ဖက်က သမီးကိုဆွဲ၊ ကျန်လက်တစ်ဖက်က သမီး လွယ်အိတ်ကိုဆွဲကာ စာသင်ခန်းရှေ့ အရောက် ပို့ပေးလိုက်၏။

"သမီး ... အပြင်က ဘာမုန့်မှ မစားရဘူးနော်၊ နေ့ခင်းကျရင် ပုပုနဲ့ ထမင်းရယ်၊ မုန့်ရယ်၊ ကော်ဖီတွေရယ် မေမေ ပို့ခိုင်းမယ် ကြားလား"

"ဟုတ်ကဲ့ ... မေမေ"

"ကဲ ... မေမေ သွားမယ်နော်"

"တာ့တာ ... မေမေ၊ ညနေ လာကြိုနော် မေမေ"

"လာကြိုမှာပေါ့ သမီးရယ်၊ ကဲ ... တာ့တာ သမီး"

"တာ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကား ကြည်နူးစရာကောင်းလွန်းလှသဖြင့် သမီးတို့ ဆရာမလေးက နေ့စဉ် မရိုးနိုင်စွာ ကြည့်နေမြဲဖြစ်၏။

ဩော် ... သိပ်ပြီး ချစ်စရာကောင်းတဲ့ သားအမိပါလား။

တစ်ယောက်နဲ့တစ်ယောက်လည်း အရမ်းချစ်ကြပုံပါပဲလေ။

အထူးသဖြင့် ရက်ရက်စက်စက်လှနေသော သမီးတို့မေမေကို အားကျစိတ်ဖြင့် စိတ်ဝင်စားစွာ ကြည့်မိ၏။

အစိမ်းရင့်ရောင် ထိုင်းစစ် ဝမ်းဆက်နှင့် ညှပ်ဖိနပ်စိမ်းစိမ်းပါးပါးလေးက စိမ်း၏ အသားဝင်းဝင်းနှင့် ဟပ်နေရသည် မဟုတ်ပါလား။

စိမ်းက ဆရာမလေးအား ခင်မင်နှစ်လိုဖွယ် ပြုံးပြ၍ ...

"သမီးတို့ ဆရာမနော်"

"ဟုတ်ပါတယ် ... မမ"

"မမက စမ်းသော်တာခင်ရဲ့ မေမေပါ ဆရာမ"

"ဟုတ်ကဲ့ ... ကျွန်မ ဘာများကူညီရပါမလဲ မမ"

အကင်းပါးသော ဆရာမလေးအား စိမ်းက နှစ်လိုဖွယ် ပြုံးပြရင်း ...

"ကြီးကျယ်ရန်ကောလို့ မထင်ပါနဲ့နော် ဆရာမ"

"ဟုတ်ကဲ့ ... ပြောပါရှင်"

"သမီးကို နည်းနည်း ဂရုစိုက်ပေးဖို့ပါ"

သူ့စကားကြောင့် ဆရာမလေးက ပြုံး၍ ...





"စိတ်ချပါရှင် မမရယ် ... ဒါဟာ မိဘတိုင်းရဲ့ ပူပန်တတ်တဲ့ သဘာဝပါပဲ သူငယ်တန်း ကလေးဆိုတာ အမိရင်ခွင်ကနေ ပထမဆုံး ခွဲခွာခဲ့ပြီး ဘဝသစ်တစ်ခုကို အစိမ်းသက်သက်ရောက်လာကြတာမို့ ကျွန်မတို့က မိခင်များရဲ့ ကိုယ်စား သူတို့ဘဝလေးတွေ လုံခြုံချွေးထွေးစေဖို့ တာဝန်ရှိပါတယ်ရှင်၊ ဘာမှ မစိုးရိမ်နဲ့နော် မမ"

ဆရာမလေးစကားကြောင့် စိမ်းမှာ ကြည်နူးစွာ ပြုံးမိရင်း မိမိဆိုလိုချင်သောစကားကိုပြောရန် အားယူလိုက်ပြီးမှ ...

"ဟုတ်ပါတယ် ဆရာမရယ်၊ ဆရာမတို့ရဲ့ မေတ္တာနဲ့ စေတနာကို လေးစားပါတယ်နော်၊ အခု မမတောင်းမယ့် အကူအညီကတော့ သမီးရဲ့ လုံခြုံရေးအတွက်ဆိုလဲ မမှားပါဘူးလေ"

"ရှင်"

"ဒီလိုပါ ဆရာမ၊ ပွင့်ပွင့်လင်းလင်းပဲ မမ ပြောပါရစေ၊ သမီးရဲ့ ဖေဖေနဲ့ မမဟာ အကြောင်းကြောင်းကြောင့်ပေါ့လေ အတူတူ မနေကြပါဘူး ဆရာမ"

"ဩော်"

"ဒါကြောင့် ... မမတို့ မျက်စိအောက်ကနေ အပြင်လောကထဲကို ရောက်လာတဲ့သမီးလေးကို လာပြီးနှောင့်ယှက်မှာ သွေးဆောင်သွားမှာ အရမ်းစိုးပါတယ် ဆရာမရယ်၊ သမီးဟာ မမရဲ့ဘဝ မမရဲ့ အသည်းနှလုံးမို့ ကျေးဇူးပြုပြီး"

"ကျွန်မ သဘောပေါက်ပါပြီ မမ၊ ထပ်ပြီး ကတိပေးပါတယ်ရှင်၊ စိတ်ချပါလို့၊ ကျွန်မတို့ ကျောင်းဝင်းကလဲ လုံခြုံပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မမ၊ အဲ ကျောင်းချိန်အတွင်းမှာတော့ မမသမီး ဘာမှမဖြစ်စေရပါဘူးရှင်”

“ဝမ်းသာပါတယ် ဆရာမရယ်၊ ကျေးဇူးလဲ တင်ပါတယ်နော်”

“ကိစ္စမရှိပါဘူးရှင်”

“ကဲ … မမကို ခွင့်ပြုဦးနော် ဆရာမ”

“ကောင်းပါပြီ မမ”

ဆရာမလေးကို နှုတ်ဆက်၍ စိမ်း ကားလေးကို မောင်းထွက်ခဲ့၏။

ထိုအခြင်းအရာများကို အစမှအဆုံး လိုက်၍ကြည့်နေသူ တစ်ဦးရှိပါသည်။ သူကား ကျောင်းရှေ့ ကုက္ကိုပင်အောက်မှ ငှက်ပျောသီး၊ မာလကာသီးများကို အထမ်းနှင့် ရောင်းနေသော ကိုချမ်း ဖြစ်ပါသည်။

စိမ်းတို့သားအမိ ရောက်လာပုံ၊ သမီးကို နမ်းရှုပ်ပြီး နှုတ်ဆက်ပုံ၊ ဆရာမလေးနှင့် စကားပြောပုံများကို မသိမသာလေး ကြည့်နေသဖြင့် မြင်ရပါသည်။

သူ့အား မည်သူကမှ မသင်္ကာမဖြစ်ကြ။

ပုဆိုးတိုနွမ်းနွမ်း၊ အင်္ကျီ ခပ်ဟောင်းဟောင်းနှင့် ဝါးခမောက်ကို ခပ်ငိုက်ငိုက် ခပ်ကွယ်ကွယ် ဆောင်းထားသဖြင့်လည်း သာမန်ဈေးရောင်းသမားတစ်ယောက်နှင့် မခြားပါ။

စိမ်းအား နောက်ဆုံး သူ တွေ့ရန် ကြိုးစားခဲ့စဉ်တုန်းက စိမ်း၏ ပြတ်တောင်းသော ခြောက်လုံးကြောင့် သူ အမှန်ပင်





နောက်ထပ်တွေ့ရန် မကြိုးစားရဲတော့။ စိမ်း၏ ခါးတောက်သော စကားက သူ့နားထဲက မထွက်ပါ။

“ရှင် နောက်တစ်ခါ ထပ်ပြီး နှောင့်ယှက်ရဲရင် နှောင့်ယှက်ကြည့်၊ ကျွန်မ တစ်သက်လုံး ထိန်းသွားမယ်ဆိုတဲ့ နောက်ယောကျ်ားမယူတော့ပါဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချက်ချင်းပြင်လိုက်မယ် … ကျွန်မကို လက်ကမ်းနေတဲ့ လူတွေအထဲက အသင့်တော်ဆုံးလူတစ်ယောက်ကို အမြန်ဆုံး လက်ထပ်ပစ်လိုက်မယ်၊ နားလည်လား”

ဒါကြောင့် … သူ နောက်ထပ် လုံးဝ မကြိုးစားခဲ့တော့ချေ။

စိမ်းမှာ ကျားနာမလေးပမာ ဖြစ်နေရပြီမို့ ပြောသည့်အတိုင်း လုပ်မှာ သေချာနေသည်။

ဤသို့ဆိုလျှင် သူ့သမီးအတွက် သူ မစဉ်းစားရဲပါချေ။

သမီးအတွက် စိမ်း အနေဖြင့် ပထွေးဟူသော လူစိမ်းတစ်ယောက် ဘယ်တော့မှ မပေါ်ပေါက်စေရပါ ဆိုထားသော်လည်း သူ့အား စိတ်နာနာနှင့် အရွဲ့တိုက်ကာ ဖွတ်လုပ်သွားမှဖြင့် သူ့မှာ ရင်ကွဲပက်လက်ဖြစ်ရပေတော့မည်။

သည်တော့ အတတ်နိုင်ဆုံး စိမ်း သူ့ကို မတွေ့အောင် သူ ကြိုးစားသည်။

သမီးနေသည့်ကျောင်းကို သိရသည်နှင့် စိမ်းနှင့် သမီးကို နေ့စဉ် သူ တွေ့နိုင်အောင် ဈေးရောင်းသမားဘဝဖြင့် မထင်မရှား ခပ်လှမ်းလှမ်းမှ သူ့ဘဝကို သူ ဖြေသိမ့်သွားပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ စိမ်းပေးတဲ့ အပြစ်တွေပါဟုလည်း သတ်မှတ်၍ ကျေနပ်စွာဖြင့် သူ ခံယူပါတော့မည်။

ဖနီးနှင့် သမီးကို မြင်သာသော အရပ်မှနေ၍ တိတ်တခိုး ကြည့်ရခြင်းဖြင့် သူ့အဖြစ်ကို သူ ကျေနပ်သွားပါတော့မည်။

တစ်ခါတစ်ရံ သမီးက သူ့အဖော်နှင့် လိုက်ကာ အပြင် ထွက်လာတတ်ပါသည်။ သည်အခါမှာ သမီးဟု ခေါ်လိုက်ချင်တာမှ အရမ်း။ ဒါပေမဲ့ သူ မခေါ်ရဲပါ။ သမီးတို့ ဆရာမလေးက ဘယ်တော့မှ သမီးကို အလွတ်မပေး။ သမီး အပြင်တစ်ခါ ထွက်တာနှင့် ကပျာကယာ ပြန်ခေါ်တတ်သည် မဟုတ်ပါလား။ ပြီးတော့ သူ့အား မယုံသင်္ကာစွာ ကြည့်တတ်သေးသည်မို့ သူ နားလည်လိုက်ပါသည်။ သူ့အား ဆရာမလေး သင်္ကာမကင်း ဖြစ်လျှင် သူ့အတွက် အခြေအနေမကောင်း။ စိမ်းကလည်း ဆရာမလေးကို တစ်စုံတစ်ခု မှာကြားထားပုံပါပဲ။

သည်တော့ သူ အနေတတ်မှ တိတ်တခိုး ချောင်းကြည့်ရသည့်ကိစ္စက ရေရှည်ခံပေတော့မည်။ တစ်နေ့ မွန်းလွဲနှစ်နာရီ အချိန်။

ခေတ္တအားလပ်ချိန်ပေးစဉ် ကလေးတစ်ချို့ အပေါ့သွားသူ၊ မုန့်ထွက်စားသူများနှင့် ရှုပ်ယှက်ခတ်နေစဉ်

"ခွေးရူး ... ခွေးရူး"

ဟူသော အသံကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

အားလပ်ချိန်နှင့် ကြုံကြိုက်နေသဖြင့် ကလေးများ အော်ဟစ် ငိုယိုပြေးလွှားနေကြသည်မှာ ကမ္ဘာပျက်မတတ်ပင်။





ကျောင်းဝင်းအဝင်ဝမှာ ဈေးရောင်းနေသော သူ ထိတ်ခနဲ ဖြစ်သွား၏။

ခွေးရူးတဲ့။ ပြီးတော့ ... သမီး။

ခုနက သမီးကို သူ ရိပ်ခနဲ မြင်လိုက်သည်မို့ ပူပန်စိတ်ဖြင့် သူ ထရပ်ကာ အခြေအနေကို အမြန်ဆုံး အကဲခတ်လိုက်၏။

"ဟင်"

စိုးရိမ်သည့်အတိုင်း ကြောက်လန့်တကြား ပြေးနေသော သမီးအပါအဝင် ကလေးတစ်သိုက်မှာ ခြေဦးတည့်ရာ ကျောင်း အဝင်ဝဆီသို့ ဦးတည်နေပါသည်။ ခွေးရူးကလည်း ယိုင်တိ ယိုင်တိုင် လျှာထွက်လျက် သွားရည်တများများ ကျလျက် အမြီး ကုပ်ကာ နောက်မှ လိုက်လာနေပါသည်။

"အို"

သူ ဘာမှမစဉ်းစားနိုင်တော့။ ခွေးရူးက သမီးနှင့် အနီးဆုံးမို့..

သူ့မှာ တစ်ဟုန်ထိုးပြေးသွားကာ လက်ထဲက အသင့်ကိုင် ထားသော ထမ်းပိုးဖြင့် တစ်အား ဖြတ်ရိုက်ချလိုက်ပါတော့သည်။

ထိတော့ ထိသည်။ သမီးဇောနှင့် စိတ်က စောနေသဖြင့် ချက်ကောင်းကို မချိန်နိုင်သဖြင့် ခွေးရူးမှာ တစ်ပတ်လည်ကာ နာခဲ ခဲသည့်အနေဖြင့် သူ့အား ဆတ်ခနဲ ထိုးဟပ်လိုက်၏။

ကမန်းကတန်း ရှောင်သော်လည်း ခြေသလုံးမှာ အနည်း ငယ် ခြစ်မိသွားသည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် လှည့်ရှောင်ရင်း ဒုတိယအကြိမ် ထမ်းပိုးနှင့် ထပ်ရိုက်လိုက်တော့ ခွေးရူးမှာ ခေါင်းကို မိမိရရကြီး အရိုက်ခံရသဖြင့် ဗိုင်းခနဲ လဲကာ မထနိုင်တော့ချေ။

ထိုအခါမှ နံဘေးမှ ကြက်သေသေ ငေးကြောင်နေကြသူများ အသက်ဝင်လာကြကာ ဝိုင်းရိုက်လိုက်မှ ခွေးရူးဇာတ်သိမ်းသွားလေတော့သည်။

"ခင်ဗျားကို ကိုက်မိသွားတယ် မဟုတ်လား"

"ဆေးရုံ အမြန်ဆုံး သွားမှ"

"ဟိုကလေးမလေးသာ ဒီလူ ဝင်မကယ်ရင် မတွေးရဲဘူး"

"ဟုတ်တယ် ... တစ်လုံးလောက်တောင် မကျွာတော့ဘူးလေ"

"ဒီလူ တကယ် သတ္တိကောင်းတယ်"

"အေးလေ၊ ခွေးရူးဆို တော်ရုံလူ ဘယ် ရင်ဆိုင်ချင်ကြမလဲ"

"ဟေ့လူ ... ဘာငိုင်နေတာလဲ၊ ဆေးရုံသွားဗျ"

"ဟုတ်တယ် ... ကာကွယ်ဆေး မြန်မြန်ထိုးမှဗျ"

တစ်ယောက်တစ်ပေါက်နှင့် ပွက်လောရိုက်နေကြ၏။

ထိုစဉ် သမီးတို့ဆရာမ အပြေးလေး ရောက်လာကာ အငိုမတိတ်သေးသော သမီးကို အသာပွေ့ထားရင်း ချော့မော့နှစ်သိမ့်ပြီး ...

"ကျေးဇူး အထူးပဲတင်ပါတယ်ရှင်၊ ကျွန်မတို့ရဲ့ ကလေးကို အခုလို ကယ်တင်ပေးတဲ့အတွက် ကျောင်းက အစီအစဉ်နဲ့ ဆေးရုံပို့ပေးပါရစေနော်၊ ဘယ်နား ကိုက်မိသွားပါသလဲ ရှင်"

"ကိစ္စမရှိပါဘူးဗျာ"





"အို ... မဟုတ်တာ၊ ခွေးက ခွေးရူး မဟုတ်လား၊ အရေးကြီးတယ်၊ ခဏနော်၊ ဆရာကြီးကို အကျိုးအကြောင်း ပြောပြပြီး ကျွန်မ ဆေးရုံလိုက်ပို့မယ် ဟုတ်လား"

"ဆရာမ"

ထွက်သွားဟန် ပြင်နေသော ဆရာမအား သူက လှမ်းခေါ်ရင်း ...

"ကျွန်တော့်ဘာသာ ကျွန်တော် သွားပါ့မယ်ဗျာ၊ နည်းနည်းခြစ်မိသွားရုံလောက်ပါ။ ဟို ငိုနေတဲ့ သမီး အဲ့ ကလေးကိုသာ အကြောက်ပြေသွားအောင် ချော့လိုက်ပါဗျာ၊ ပြီးတော့ ဆရာမကို ကတိတစ်ခု တောင်းပါရစေ"

"ရှင် ... ဘာကတိလဲ"

"အခုလို ဖြစ်သွားရတဲ့ကိစ္စမှာ ကျွန်တော် ကယ်လိုက်တာလို့ သမီး ... အဲလေ ... ကလေးရဲ့မိခင်ကို လုံးဝ မသိပါစေနဲ့ဗျာ"

"ရှင် ... ဘယ်လို"

ဆရာမ သူ့ကို အထူးအဆန်းပမာ ကြည့်ရင်း မေးလိုက်၏။

"ကျေးဇူးပြုပြီး မပြောပါနဲ့ ဆရာမရယ် နော်၊ တကယ်လို့ သူ သိသွားရင် ကျွန်တော်လေ ဒီနေရာမှာ ဈေး လာရောင်းရတော့မှာ မဟုတ်ဘူး ဆရာမ"

"ရှင် ... ဘာဖြစ်လို့လဲ ရှင်"

"ဘာဖြစ်လို့လဲဆိုတာ ကျွန်တော် မပြောနိုင်တာ ခွင့်လွှတ်ပါ ဆရာမရယ်၊ ကျွန်တော့်ကို သူ သိလို့ တွေ့လို့မဖြစ်ဘူးဆိုတာလောက်ပဲ ပြောပါရစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ ... ဒါဖြင့် ရှင် ... ရှင်ဟာ"

ဓာတ်စုံတစ်ခုကို သတိတရနှင့် ဆရာမလေးက သူ့အား အထိတ်တလန့် မေးလိုက်မိ၏။

လူတွေ ရှင်းကုန်ပါပြီ။

ဆရာမနှင့် သူ ပြောသော စကားကို မည်သူမှ စိတ်မဝင်စား ကြတော့။

ဆေးထိုးရန်ပြောနေသည်ဟုပင် ထင်ကြပေလိမ့်မည်။

သူက အားနည်း ရီဝေစွာ ပြုံးရင်း ...

"ဟုတ်ပါတယ်၊ သမီးရဲ့ ဖခင်ပါ"

"အို ... ဘုရား"

သူ့အား အံ့ဩ ထိတ်လန့်စွာ ကြည့်မိရင်း ဆရာမလေးမှာ သနားလာပုံရ၏။

"ဖြစ်မှ ဖြစ်ရလေရှင်၊ ကျွန်မ စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး ဆရာမ၊ ဒါလောက်ဆို ဆရာမလဲ သဘော ပေါက်ပါလိမ့်မယ်ဗျာ၊ သမီးနဲ့ သူ့ကို နေ့တိုင်း မြင်ရဖို့ဆိုတာ ကျွန်တော့်မှာ ဒီတစ်နည်းပဲရှိတာမို့ ကျွန်တော့်ကို တွေ့သွားတာ နဲ့ တစ်ပြိုင်နက် အခြေအနေတွေ ပြောင်းကုန်တော့မှာပါ ဆရာမ၊ ဒါကြောင့် ကျွန်တော် မထင်မရှားဘဝနဲ့ ဖြေသိမ့်နေရ တဲ့ ဝေဒနာတစ်ခုကို ဆရာမအနေနဲ့ ဘာမှ ပူပင် စိုးရိမ်စိတ် မရှိဘဲနဲ့ သံသယရှင်းစွာနဲ့ ကျွန်တော့်ကို ကတိပေးစေချင်ပါ တယ်ဗျာ"





"ကျွန်မ နားလည်ပါပြီရှင်၊ ရှင်လဲ ကျွန်မကို ကတိပေးရ လိမ့်မယ်နော်"

"ဗျာ"

"ဩော် ... သမီးကို လုံးဝ မနှောင့်ယှက်ပါဘူး ဆိုတာရယ်..."

"စိတ်ချပါဗျာ၊ ကျွန်တော့်ဘဝက အဝေးကနေ မျှော်လို့ မြင်နေရတာကိုပဲ ကျေနပ်ရမယ့် ဘဝမို့ ကျွန်တော် လုံးဝ မနှောင့်ယှက်ပါဘူးဆိုတာ ယုံပါ ဆရာမ"

"ပြီးတော့ ... ကျန်သေးတယ်ရှင့်"

"ဗျာ"

"ရှင့်ခြေထောက်က ခြစ်ရာ ရှသွားတဲ့ ဒဏ်ရာကို ဆေးရုံ အမြန်ဆုံးသွားပြီး ကာကွယ်ဆေး အကုသခံပါမယ်လို့ ကတိပေး ရမယ်"

"ကျွန်တော် မသေချင်သေးပါဘူး ဆရာမရယ်"

"ကဲ ... ဒါဆိုလဲ ဆေးရုံ သွားတော့လေ"

"ကောင်းပါပြီဗျာ"

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

"မေမေ"

"ဟင် ... ဘာလဲ သမီး"

"ဒီနေ့လေ သမီးတို့ကျောင်းမှာ ခွေးရူးတစ်ကောင်ဝင်တယ်"

"အို ... ဘုရား ... ဘုရား၊ သမီးရယ် ဘယ်သူတွေကို ကိုက်မိသွားသေးလဲကွယ်"

"ကလေးတွေကို မကိုက်မိပါဘူး မေမေရဲ့၊ ငှက်ပျောသီးရောင်းတဲ့ လူကြီးတစ်ယောက်ကို ကိုက်မိတာပါ"

"ဟင် ... ဟုတ်လား၊ သနားပါတယ်ကွယ်၊ အတော်များများကိုက်မိသွားလား သမီး"

"နည်းနည်းပဲလို့ ပြောပါတယ် မေမေရဲ့၊ သမီး သေချာမကြည့်ရဲလို့၊ ခြေသလုံးမှာ သွေးနည်းနည်း စို့နေတာတော့ မြင်လိုက်တယ် မေမေ"

"အို ... သမီးက ဘာဖြစ်လို့ အဲဒီနားထိ သွားကြည့်တာလဲ၊ မတော်တဆ ခိုက်မိမှဖြစ်မှာကွယ်"

"အဲဒီလူကြီးက သမီးကို ကယ်လိုက်တာ မေမေရဲ့"

"ဘာ ... ဘယ်လို၊ ဘာဖြစ်တယ် သမီး"





"နေ့ခင်း အားလပ်ချိန်ပေးတော့ သမီးတို့ ရှုရှုသွားပေါက်တယ် မေမေရဲ့"

"အင်း ... ပြောပါဦးကွယ်"

"ရှုရှုလဲပေါက်ပြီးရော ဟိုဘက်နားက ခွေးရူး ခွေးရူးဆိုပြီး အော်သံကြားရတယ်လေ"

"ဟင်"

စိမ်း အသက်မရှူရဲတော့။ သမီးက ဆက်၍ ...

"ဒါနဲ့ ... သမီးတို့လဲ ကျောင်းဆီပြေးမယ်အလုပ် ခွေးရူးက ဘွားခနဲ ပေါ်လာတာ မေမေရဲ့"

"အမယ်လေး ... သမီးရယ်၊ ပြောစမ်းပါဦး မေမေ ရင်ထိတ်လိုက်တာ"

"ခွေးရူးကြီးက သမီးတို့ရှိတဲ့ဘက်ကို လျှာထွက်ပြီး ပြေးလာနေတော့ သမီးတို့လဲ အော်ငိုပြီး ပြေးမိပြေးရာ ပြေးကြတော့တာပေါ့"

"ဘုရား ... ဘုရား"

"ခွေးရူးက သမီးနဲ့ အနီးဆုံးအချိန်မှာ ကျောင်းအဝင်ပေါက်ကို ရောက်ခါနီးနေပြီ မေမေရဲ့"

"ဟင်"

"အဲဒီအချိန်မှာ ခုနက သမီးပြောတဲ့ ငှက်ပျောသီးရောင်းတဲ့ လူကြီးက လွှားခနဲ ခုန်ဝင်လာပြီး ထမ်းပိုးကြီးနဲ့ ခွေးရူးကြီးကို ရိုက်လိုက်တာ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို … အသည်းယားစရာကွယ်၊ ခွေးရူးကြီး ပွဲချင်းပြီး သေရောလားဟင် သမီး"

"မသေဘဲနဲ့ လှမ်းခုန်ဟပ်လို့ အဲဒီလူကြီးမှာ နည်းနည်း ခြစ်ရာရသွားတယ် မေမေ၊ နောက်တစ်ခါ ထပ်ရိုက်မှ ကျန်စတဲ့ လူတွေက ဝိုင်းရိုက်လိုက်တာ၊ သမီးဖြင့် ကြောက်လွန်းလို့ တုန်နေတာပဲ၊ ဆရာမ ရောက်လာလို့သာပဲ မေမေရဲ့"

"အင်း … ဖြစ်မှ ဖြစ်ရလေ သမီးရဲ့"

သမီးအား ညင်သာစွာ ထွေးပွေ့ရင်း စိမ်းက ညည်းညူလိုက်၏။ ပြီးမှ …

"ကျောင်းဆင်းဆင်းချင်း မေမေ့ကို ပြောရောပေါ့ သမီးရယ်၊ သမီးရဲ့အသက်ကို ကယ်လိုက်တဲ့လူကြီးကို ကျေးဇူးတင်စကား ပြောရတာပေါ့ကွယ်"

"မရှိတော့ဘူး မေမေရဲ့"

"ဟင် … ဘယ်ရောက်သွားလဲ"

"ဆရာမက ဆေးရုံသွားပို့ဖို့ပြောတာ သူ့ဟာသူ သွားမယ် ဆိုပြီး သွားလိုက်ပြီ မေမေရဲ့"

"ဩော် … ဟုတ်လား၊ မနက်ဖြန်မှ အကျိုးအကြောင်းမေးပြီး ဆေးဖိုးဝါးလေး ကူညီရမယ်ကွယ်၊ သူ့ခမျာ ဈေးရောင်းပြီး မိသားစုတာဝန် ထမ်းနေရတဲ့လူဆိုရင် ဒုက္ခဖြစ်ပြီပေါ့၊ အင်း သမီးအသက်ဟာ အဲဒီလူကြီး ပေးတဲ့အသက်ပဲ ရှိတော့တာပါလားကွယ်၊ ထိုက်ထိုက်တန်တန်ကို ကျေးဇူးဆပ်ရမယ် သမီးရေ"

"ကောင်းတယ် … မေမေ၊ ကောင်းတယ်"





နောက်တစ်နေ့ သမီးကို ကျောင်းပို့တော့ စိမ်းက …

"ဆရာမရယ် မနေ့က သမီးကို ခွေးရူးလိုက်တယ်ဆို"

"အို"

ကွက်ခနဲပျက်သွားသော ဆရာမလေး၏မျက်နှာကို တွေ့ရသော်လည်း စိမ်းက သူ့အဓိပ္ပာယ်နှင့် သူပါ။

သူက ဆရာမလေးအား သမီးကို ဂရုစိုက်ပေးပါရန် တကူးတက မှာကြားအားသူ မဟုတ်ပါလား။

ခုတော့ … ဆရာမလေး မျက်နှာပျက်သွားပုံက မိမိအား မျက်နှာပူသွားသည်ဟုသာ သာမန်ကာလျှံကာတွေးလိုက်ပြီး …

"ဟိုလေ … သမီးကို ကယ်လိုက်တယ်ဆိုတဲ့ ငှက်ပျောသီး ရောင်းတဲ့ လူဆိုတာ အခု ရှိနေသေးလားဟင် ဆရာမ၊ မမက ကျေးဇူးဆပ်ချင်လို့ပါ"

"ရှင်"

သူ့စကားကြောင့် ဆရာမလေး ဆတ်ခနဲဖြစ်သွား၏။ ပြီးမှ

"ဒီ … ဒီနေ့ အဲဒီလူ မလာပါဘူး မမရယ်"

"အို … ဟုတ်လား၊ အနာကြောင့်များလားကွယ်"

"အနာက ခြစ်သွားရုံလောက်ပါ မမ"

"ခွေးရူးဆိုရင် ခြစ်ရာလဲ အရေးကြီးတာပါပဲ မဟုတ်လား ဆရာမရယ်"

"ဟုတ်ပါတယ် မမ၊ ဒါပေမဲ့ … ဒီနေ့ ဘာဖြစ်လို့လဲ မသိဘူး အဲဒီလူ မလာပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲကွယ်၊ မမက ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်ချင်လို့ ဒါနဲ့ ... အဲဒီလူ ဘယ်မှာနေတယ်ဆိုတာကော ဆရာမသိလားဟင်"

"ကျွန်မ မသိပါဘူး မမ"

"တခြားလူတွေများ သိမလားမသိဘူး"

"မနေ့က ကျွန်မ မေးပါတယ် မမ၊ ဘယ်သူမှ ရေရေရာရာ မပြောနိုင်ကြပါဘူး"

"ဟင် ... ဟုတ်လား၊ ဘယ်လိုလူလဲကွယ်၊ သူတို့အချင်းချင်းတောင် မသိဘူးဆိုတော့"

"အဲဒီလူက လူသစ် မေမေရဲ့ ဒီနှစ်မှ လာရောင်းတယ်လို့ အတန်းကြီးတဲ့လူတွေပြောတာ သမီး ကြားရတယ်"

"ဟုတ်လား"

"ဟုတ်တယ် ... မေမေ၊ ပြီးတော့ ချောလဲပေါတယ်တဲ့"

"ဪ ... ဟုတ်လား၊ သူ့ခြံထွက်တွေနေမယ်၊ ကဲပါ ဆရာမရယ်၊ နောက်နေ့တွေ အဲဒီလူကြီး ကျောင်းလာရင် သူနေရပ်လိပ်စာကို ကျေးဇူးပြုပြီး ရအောင် မေးပေးပါနော်၊ မမနဲ့ ကြုံရင်ပိုကောင်းမယ်ကွယ်၊ မမက သူ့ကို ကျေးဇူးတင်လွန်းလို့ ငွေနဲ့ ဆေးဖိုးပေါ့လေ၊ ပစ္စည်းတချို့တောင် ယူလာသေးတယ်"

"ဟုတ်ကဲ့ ... ကျွန်မ မေးထားပေးပါ့မယ် မမ"

"ကဲ ... သွားဦးမယ်နော်"

"ကောင်းပါပြီ ရှင်"

"သမီး ... တာ့တာ"





"တာ့တာ ... မေမေ"

သမီး၏ နှဖူးနှင့် ပါးကို ငုံ့မွှေးပြီး စိမ်း ထွက်လာခဲ့ပါတော့သည်။

ဆရာမလေးခမျာ သက်ပြင်းလေးချရင်း ကျန်ရစ်ခဲ့၏။

ဒီနေ့ တကယ်ပင် သမီး၏ဖေဖေ မလာပါ။

ဘာဖြစ်လို့ပါလိမ့်။

နေထိုင်မကောင်း၍များလား။

အနာကြောင့်များလား။

ဆေးပင် သွားမှ ထိုးပါရဲ့လား။

စသော သောကတွေ အလိုလို ဝိုင်းလာမိ၏။

ဪ ... ချစ်စရာကောင်းသော စိမ်းသော်တာခင် ဆိုသော သမီးလေး၏ ဘဝမှာ ...

အမိအဖ စုံလင်သိုက်ဝန်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်စုတစ်ခု ဖြစ်စေချင်လွန်းလှပါဘိတော့။

အခုတော့ သမီးတို့ဖေဖေ ပေါ်မလာပါ။ ခွေးရူးကာကွယ်ဆေး ဆိုလျှင် ချက်ပတ်လည် ဆေးဆယ့်လေးလုံး ထိုးရတတ်သည်ဟု သိထားဖူးပါသည်။

သမီးတို့ဖေဖေ ဆေးရက်မှန်မှန် သွားထိုးဖြစ်ပါစေ။

ပြီးတော့ မိသားစု ပျော်ရွှင် ချစ်ခင်စွာနဲ့ အမြန်ဆုံး နေနိုင်ကြပါစေ။

ဪ ... သမီးတို့၏ ဆရာမအနေဖြင့် ဤမျှသာ ဆုတောင်းပေးနိုင်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးငယ်များ၏ ကိုယ်စိတ် ဖွံ့ဖြိုးမှုသာ အနာဂတ် ရတနာလေးများကို ပုံသွင်းနေပါသော ဆရာမလေးတို့၏ သင်ကြား အုပ်ချုပ်ရေး အောင်မြင်စေမည် မဟုတ်ပါလား။

"ဒေါင် ... ဒေါင် ... ဒေါင်"

ကျောင်းတက်ခေါင်းလောင်းထိုးမှ အတွေးများ လွင့်နေသော ဆရာမလေးမှာ လက်ရှိ အခြေအနေကို သတိတရနှင့် စာသင်ခန်းထဲဝင်ကာ သင်ကြားရေးလုပ်ငန်းကို စတင်လိုက်ပါတော့သည်။

သမီးကို ကျောင်းပို့အပြီး စိမ်းမှာ မေမေ့ကို ကြိုရန် တောင်ပေါ်လမ်းအတိုင်း ကားကို မောင်းခဲ့လေသည်။

ဒေါ်ခင်ထားက ဝါတွင်း ဝါပ ဥပုသ်နေ့ဟိုင်း ဥပုသ်စောင့်နေကျမို့ မနေ့က ဥပုသ်နေ့ဖြစ်သဖြင့် သည်နေ့ မေမေ ဥပုသ်ထွက်မည် ဖြစ်လေသည်။

စိမ်းတို့ ကိုးကွယ်သော ဘုန်းကြီးကျောင်းက တောင်ပေါ်ဘုရားဖြစ်သော ကျိုက်သန်လန်စေတီအနီးရှိ ဘုန်းကြီးကျောင်းဖြစ်ပါသည်။

မေမေ့ကိုတင်ပြီး စိမ်း တောင်ပေါ်လမ်းကလေးအတိုင်း ကားကို မောင်းခဲ့လေသည်။

မေမေက ပုတီးစိပ်ရင်း မျက်စိမှိတ်ပါလာပါသည်။

စိမ်းက တောင်ပေါ်ကားလမ်းပြေပြေလျှောလျှောလေးအတိုင်း ဂရုတစိုက် ဖြည်းညင်းစွာ မောင်းနေမိလေသည်။

မေမေက ကားမောင်းမြန်တာကို လုံးဝ မကြိုက်သဖြင့် အတတ်နိုင်ဆုံး ညင်သာအောင် စိမ်း မောင်းတတ်စမြဲ။





တောင်ပေါ်လမ်းမို့ လူသွား လူလာ ပြတ်လှ၏။

စနေ၊ တနင်္ဂနွေနေ့များတွင် လူအနည်းငယ် စည်တတ်ပါသည်။

"ဟင်"

"ကျွိ"

စိမ်း ကားဘရိတ်ကို ကမန်းကတန်း အုပ်လိုက်ကာ ...

ကားရှေ့မှ လူသုံးယောက်ကတော့ စပ်ဖြဲဖြဲနှင့် အသက်ဘေးကို လုံးဝ မမှုသည့်ပုံ။ ကားရှေ့မှာနှစ်ယောက်၊ တစ်ယောက်က ကားဘေးသို့ ဖျတ်ခနဲ ရောက်လာပြီး

"ကျွန်တော်တို့ အလှူခံအဖွဲ့တွေပါ၊ ပါသမျှလေး ကျေးဇူးပြုပြီး တစ်ဆိတ်လောက် မ,စသွားပါလို့ ဟဲ ... ဟဲ"

စိမ်း မျက်နှာ ထွက်ခနဲ ပျက်သွား၏။

ဓားပြတွေပါလား။ မေမေကတော့ ကြောက်လွန်း၍ တဆတ်ဆတ် တုန်နေပါပြီ။

"ပေးပါ့မယ်ကွယ် ... ပေးပါ့မယ်၊ လူကိုတော့ ရန်မရှာပါနဲ့ မောင်တို့ရယ်"

မေမေက တုန်ယင်စွာပြောရင်း ပန်ထားသော စိန်နားကပ်ကို တုန်တုန်ချည့်ချည့် ဖြုတ်နေပါသည်။

စိမ်းက ပတ်ဝန်းကျင်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

တောင်တွေ သစ်ပင်တွေမှလွဲ၍ ဘာမျှမရှိ။

လူပြတ်သော နေရာကောင်းမှနေ၍ ဘွားခနဲ ထွက်ကာ နှောင့်ယှက်သည့် ဓားမြများအား မိန်းမသားတွေဖို့ မည်သို့ အန်တုရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ကားကို တစ်အားမောင်းပြေးရန်လည်း စိတ်ကူးမိ၏။

"ဟေ့ … ဟိုကောင်မ၊ ဘာအကြံထုတ်နေလဲ၊ ဖြုတ်လေ မြန်မြန် ဒီမှာတွေ့လား၊ နင့်မျက်နှာလှလှကို ဓားမြှောင်နဲ့ မွှေ့ခံထိသွားမယ်၊ ဟင်း … ဘာမှတ်နေလဲ"

စိမ်းအကြံကို ရိပ်မိပုံရသော ဓားပြက မြည့်မြည့်ထက်နေသော ဓားမြှောင်လက်လက်ဖြင့် မျက်နှာရှေ့ ဝဲပြကာ ပြောလိုက်တော့ မမေ့ခမျာ သတိလစ်မတတ် ကြောင်သွားပြီး …

"မလုပ်ပါနဲ့ကွယ်၊ မလုပ်လိုက်ပါနဲ့နော်၊ သမီး … မြန်မြန်ချွတ်ပေးလေ၊ မြန်မြန် ချွတ်လိုက်ပါကွယ်"

"ချွတ် … ချွတ် … မြန်မြန် အချိန်ကုန်တယ်"

စိမ်း အံကိုကြိတ်ရင်း လက်စွပ်ကို ချွတ်လိုက်၏။ မြလက်စွပ်က နည်းနည်း ကျပ်နေသဖြင့် ရှောရှောရှူရှူ မထွက်ချင်။

ဓားပြကလည်း ပတ်ဝန်းကျင်မှ မတော်တဆ တစ်စုံတစ်ယောက် ပေါ်လာမည်စိုးသဖြင့် ခပ်လောလော။

ဒေါ်ခင်ထားမှာ နားကပ်နှင့် လက်စွပ် ချွတ်ပြီးပြီမို့ တဘက်ပေါ်တွင် ပုံထား၏။ စိမ်းက မြလက်စွပ်ကို ခက်ခက်ခဲခဲ ချွတ်ပြီးမှ ဆွဲကြိုးကို ဖြုတ်လိုက်၏။ တစ်ကျပ်သားရှိ ရှမ်းဘတ်ကြိုးနှင့် စိန်ရံထားသော မြလော့ကတ်သီးလေး။ ပြီးမှ နားကပ်ကို ချွတ်ရန် ပြင်လိုက်စဉ် …

"ဟေ့ လူတွေ၊ ဒါ ဘာလုပ်တာလဲ ဟင်"

အကွယ်ချိုးလေးတစ်ခုမှ ဘွားခနဲ ပေါ်လာသော လူတစ်ယောက်။





ဝါးခမောက်ကို ဆောင်းထား၏။

အခြေအနေကို ရိပ်မိပုံနှင့် အနီးဆုံးလူကို ဝင်လုံး၏။

ဒေါ်ခင်ထားနှင့် စိမ်းတို့မှာ မမျှော်လင့်သော ကယ်တင်ရှင်ကြောင့် စိတ်ထဲ ထိတ်ခနဲ ဝမ်းသာသွားပါသည်။

သို့သော် … သုံးယောက်နှင့် တစ်ယောက်မို့ အားကခပ်ငယ်ငယ်ပါ။

ဝါးခမောင်နှင့်လူ၏ အသတ်အပုတ်က ကျွမ်းကျင်လှ၏။

ဓားပြသုံးယောက်လည်း အခြေအနေက ရုတ်တရက် ပြောင်းသွားသဖြင့် ကျားနာခဲခဲကာ သုံးယောက်တစ်ယောက် သဲသဲမဲမဲ သတ်ပုတ်နေကြလေသည်။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းမှ ကားတစ်စီး လာနေသဖြင့် ဓားပြသုံးယောက်မှာ သတ်ပုတ်နေရာမှ ဖြုန်းခနဲ ရုပ်ကာ အနီးရှိ ချုံတောထဲသို့ လျင်မြန်စွာ ပြေးဝင်သွားကြပါတော့သည်။

ကားကလည်း ကျွီခနဲ လာရပ်ပြီး ဒရိုင်ဘာက မေးလိုက်သည်။

"ဘာဖြစ်တာလဲဗျ"

ဝါးခမောက်ကို သွားကောက်နေသော လူက တိုတောင်းစွာ ပြန်ဖြေ၏။

"ဓားပြတွေပါ"

"ဒီကောင်တွေ တော်တော် အတင့်ရဲတာပဲ"

"မိန်းမသားချည်းပဲကိုး"

"ကဲ … ကဲ သွားစို့ … သွားစို့၊ နောက်ကျနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ပြောရင်း ထိုကား မောင်းထွက်သွား၏။

စိမ်းက ကျောခိုင်းထားသူ ဝါးခမောက်နှင့်လူအား နောက်မှ...

"ဒီ ... ဒီမှာ ... အစ်ကိုကြီး၊ သိပ်ကို ကျေးဇူးတင် ... ဟင် ရှင် ... ရှင်"

မျက်နှာမြင်တော့ စိမ်းစကားက တစ်ဝက်တစ်ပျက် ရပ်သွားပြီး လျင်မြန်စွာ ကားထဲဝင်လိုက်ကာ တစ်ဟုန်ထိုး မောင်းထွက်ခဲ့ပါတော့သည်။ ဒေါ်ခင်ထားမှာ အံ့ဩစွာနှင့် ...

"ဟဲ့ ... သမီး၊ ဘာဖြစ်တာလဲ၊ ဘယ်သူလဲဟင်"

"ဘယ်သူရှိရမလဲ မေမေ၊ ဟိုလူပေါ့၊ ဟွန်း ... ဒါ သူ့ဉာဏ် အကုန်ပဲ ထင်တယ်"

ဒေါသဖြစ်စွာ ပြောလိုက်သော စိမ်း၏ စိတ်ထဲမှာ ကိုချမ်း အကွက်ဆင်ခြင်းပေပဲဟု။

ဒေါ်ခင်ထားမှာ ရင်ဘတ်ဖိရင်း စိတ်ညစ်ညူး တုန်လှုပ်စွာ ရေရွတ်မိတော့၏။

"ဘုရား ... ဘုရား"

❦ ❦ ❦



"ကျွန်မလဲ နေ့တိုင်း မျှော်နေတာပါပဲ မမရယ်၊ အဲဒီနေ့ ကတည်းကစပြီး အခုထိပဲ လုံးဝ အစပျောက်သွားလိုက်တာ အခုဆို ရက်ပေါင်း နှစ်ဆယ်လောက် ရှိတော့မယ်ပေါ့"

"တစ်ခုခုများ ဖြစ်နေသလား မသိဘူး ဆရာမရယ်၊ မမတ သမီးရဲ့ ကျေးဇူးရှင်ဟာ မမရဲ့ ကျေးဇူးရှင်အဖြစ် နှလုံးသွင်းပြီး ညတိုင်း မေတ္တာပို့ပါတယ်၊ ကျေးဇူးလဲ ဆပ်ချင်လွန်းလို့"

စိမ်းစကားကြောင့် ဆရာမလေးမှာ တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် ချင့်ချိန်နေ၏။ ပြီးမှ ဆုံးဖြတ်ချက်ရသွားဟန်နှင့် –

"မမ"

"ဟင် ... ဘာလဲ ဆရာမ"

"ဒီစကားကို ပြောသင့်မယ်ထင်လို့ ကျွန်မ ပြောပါရစေတော့ ရှင်"

"ဟင် ... ဘာစကားများလဲ ဆရာမရယ်၊ ပြောပါ ... ပြောပါ ဆရာမ"

"သမီးရဲ့ ကျေးဇူးရှင်ဟာ တခြားလူ မဟုတ်ပါဘူး မမ၊ သမီးရဲ့ ဖခင်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သူမှန်း မမ မသိပါစေနဲ့လို့ ကျွန်မမှာ ကတိတောင်းထားပေမယ့် ဒီနေ့အထိ လုံးဝမပေါ်လာတော့လို့ ကျွန်မ စိတ်ပူမိပါတယ် မမ"

"အို"

စိမ်း တုန်လှုပ်ရပါလေပြီ။ ဒါဆို သူဟာ မိမိတို့ကို မြင်သာအောင် စေ့စပ်လုပ်ပြီး ရုပ်ဖျက်ထားတာပါလား။

ပြီးတော့ ... ဟိုနေ့က တောင်ပေါ်ဘုရားလမ်းမှာ သဲသဲမဲမဲ သတ်ပုတ်နေကြသော သုံးယောက်နှင့် တစ်ယောက် မြင်ကွင်းများ။

သူဟာ မိမိတို့အတွက် အသက်ကို စွန့်ဝံ့တဲ့အထိ သက်သေပြလိုက်ခြင်းပေလား။ ခုတော့ မိမိတို့၏ အသက်သခင် ဖြစ်နေသော သူ့အား တိတိကျကျ အမှန်ကို သိရပေပြီ။ မိမိ ဘာလုပ်ရမည်နည်း။

"စောစောက ပြောရောပေါ့ ဆရာမရယ်"

"ကျွန်မ သိပ်ပြောချင်ပါတယ်၊ ဒါပေမဲ့ သမီးရဲ့ ဖေဖေက မဖသိရင် သူ ဒီမှာ အခုလို လာရောင်းရတော့မှာ မဟုတ်တော့ဘူးတဲ့၊ ဈေးရောင်းတာကို ဗန်းပြပြီး တကယ်တော့ သူဟာ မမနဲ့ သမီးကို နေ့စဉ် အဲဒီ ကုက္ကိုပင်အောက်က ငေးငေးပြီး ကြည့်ရတာပါတဲ့၊ ဒီလိုမှ သူ မကြည့်ရရင် သူ့ဘဝဟာ ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်တော့ဘူးတဲ့"





"တော်ပါတော့ ဆရာမရယ် ... တော်ပါတော့နော်၊ မမ ဘာလုပ်ရမယ်မှန်း မသိတော့ပါဘူးကွယ်"

ကယောင်ကတမ်းဖြင့် သူ ပြောမိ၏။ ဆရာမက ...

"မမရယ် ... အရင်က ဖြစ်ခဲ့တာတွေကို ရှေ့ဆက်ပြီး ဘယ်လိုပဲ စဉ်းစား စဉ်းစားပေါ့လေ၊ ကျွန်မ ဘာမှ ဝင်ပြီး အကြံမပြုလိုပါဘူးရှင်၊ လောလောဆယ် အခြေအနေက သူ နေမကောင်းရှဲလားဆိုတာဟာ သိပ်အရေးကြီးနေပြီလို့ ကျွန်မ ထင်ပါတယ် မမ"

"ဟင်"

"ဆေးမှန်မှန် မထိုးရင်တော့ ဒုက္ခပဲ မမရယ်၊ ခွေးရူးပြန်တယ်ဆိုရင် သေတာပဲ များတယ် မဟုတ်လား၊ ဆိုးရွားတဲ့ အဖြစ်မျိုး ဖြစ်လာမှာ ကျွန်မ သိပ်စိုးမိပါတယ်ရှင်"

"အို"

ခွေးရူးပြန်၊ ခွေးရူးပြန် ဆိုပါလား။

မဖြစ်ဘူး။ မဖြစ်ဘူး။ငါ ငါ အမြန်ဆုံးသွားပြီး ကြည့်မယ်။ ကြည့်မယ်။ စိမ်း ဆတ်ခနဲ ထရပ်လိုက်ပြီး ...

"ဆရာမ ... မမ သူ့ဆီသွားမယ်"

"ဟင်"

အံ့ဩဝမ်းသာသွားသော ဆရာမလေး၏ မျက်နှာကို ကျောခိုင်းကာ သူ ထွက်လာခဲ့၏။ မေမေ့ကို အကျိုးအကြောင်း ပြောပြပြီး သူ သာယာကုန်းသို့ သွားမည်။ အိမ်ရှေ့ရောက်သော် သူမ လုံးဝ မမျှော်လင့်သောသူတစ်ယောက် ရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒေါ်လေး အေးနု"

ဒေါ်အေးနု၏ အငိုမျက်နှာက သူမ၏ စိုးရိမ်ထိတ်လန့်မှုကို ဆထက်တိုးနေစေပြီ။

ဒေါ်အေးနုက သူမအား မြင်သည်နှင့် မျက်ရည်များ သွယ်သွယ်ကျကာ ...

"သမီးရယ် ... သားကို မတယ်နိုင်တော့ဘူးလားဟင်၊ မကယ်နိုင်တော့ဘူးလားကွယ်"

"ဟင် ... ဟင် ... ဘာ ... ဘာဖြစ်လို့လဲ ဒေါ်လေး"

မေးသာမေးရ၏။ အဖြေကို သူ သိသလိုလို မသိသလိုလိုမို့ စိတ်ထဲမှ အို ... ဟင့်အင်း မဖြစ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့ ဘုရား။

သို့သော် သူမ၏ ဆုတောင်းကား မပြည့်ပါချေ။ ဒေါ်အေးနုက ...

"သမီးရယ် ... သားလေ အခု ခွေးရူးပြန်နေပြီကွယ့်၊ ခွေးရူးပြန်နေပြီ ဟီး ... ဟီး"

"ရှင်"

စိမ်း တစ်ကိုယ်လုံး ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလို ကျောက်ရုပ်အလား ငြိမ်သက်သွားရတော့၏။ ဒေါ်ခင်ထားက မျက်ရည်စများကို တို့သိမ်းရင်း ...

"ကာကွယ်ဆေး မထိုးဘူးလား မအေးနုရယ်"

"ဖြစ်ဖြစ်ချင်း ကျွန်မတို့လဲ မသိပါဘူး အစ်မ ခင်ထားရယ်၊ ဆေးတစ်ရက် နှစ်ရက်လား ထိုးတယ်တဲ့၊ ကြားမှာ မိုးမိပြီး ဖျားလိုက်တော့ ဆေးထိုးပျက်သွားတာနေမှာပေါ့ရှင်၊ ကျွန်မတို့လဲ





သူ ဘာမှ မပြောဘူးလေ၊ ဖျားနေတုန်း နှိပ်ပေးတော့ ခြေသလုံးက ခြစ်ရာမြင်လို့ မေးမှ ခွေးကိုက်တာလို့ သိရတာပါပဲ၊ အဲဒီအချိန်အထိ ခွေးရူးမှန်း ကျွန်မတို့ မသိသေးပါဘူးရှင်၊ ဟိုတစ်ရက် နှစ်ရက်လောက်ကမှ သူ့တစ်ကိုယ်လုံး ယားလာတာရယ်၊ ပြူးတူး ကြောင်တောင် ဖြစ်လာတာရယ်၊ စစ်ဆေးလိုက်တော့မှ သူ့ကို ကိုက်တာ ခွေးရူးဆိုတာ သိရတာပါပဲ အစ်မရယ်၊ ဒါပေမဲ့ ... အချိန်က လွန်သွားပါပြီရှင်"

ပြောရင်း ဒေါ်အေးနု သည်းသည်းခိုက်ခိုက် ငိုပြန်ပါသည်။ စိမ်း မျက်ရည်ဝဲရင်း ...

"အခု ဘယ်လိုထားခဲ့သလဲဟင် ဒေါ်လေး"

"ကြိုးနဲ့ တိုင်မှာ ချည်ထားခဲ့ရတယ် သမီးရယ်"

"အို"

"သူ သတိ တစ်ချက် တစ်ချက်လည်လာရင် အကောင်းပကတိပဲ၊ သူ ဖောက်ချင်လာတဲ့အခါဆိုရင် သူ့ဟာသူ တိုင်နားပြေးကပ်ပြီး အတင်းကြိုးနဲ့ ချည်ခိုင်းတော့တာပဲကွယ်၊ စိတ်ဖောက်လာရင် တွေ့ကရာ မြင်ကရာ လိုက်ကိုက် လိုက်ဟပ်ချင်တာ သမီးရဲ့ သားတော့ ဘဝဆုံးပါပြီကွယ်၊ ဆုံးပါပြီ ဟီး ...ဟီး"

ဒေါ်အေးနုက ပြောပြောငိုငိုဖြင့် ထရပ်ရင်း ...

"ဒေါ်လေး သွားတော့မယ်နော်"

"အို ... စိမ်းလဲ လိုက်ပါ့မယ် ဒေါ်လေးရယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"စိမ်း လိုက်သွားမယ်နော် မေမေ"

"အေး ... အေး သတိထားနော် သမီး"

"ဟုတ်ကဲ့ပါ ... မေမေ"

"လာ ... ဒေါ်လေး"

ကားလေးဖြင့် စိမ်းတို့ ထွက်လာခဲ့ကြ၏။

အတတ်နိုင်ဆုံး စိတ်ကို ငြိမ်အောင်ထား၍ ကားကို မောင်းရသည်။

အိမ်ရောက်တော့ တွေ့ရပါပြီ။

လူတွေ အုံနေသော ကိုချမ်း။

စိမ်းရင်ထဲ နင့်ခနဲ ဆို့သွားမိပါပြီ။

ကိုချမ်းက ကိုယ်နှင့်တိုင်ကို ကြိုးများဖြင့် ရစ်နှောင်ပတ်ချည်ထားလျက်က ရုန်းကန်နေလေသည်။

ကြောင်တောင်တောင်နှင့် ပြူးနေသော မျက်လုံး၊ ဖွာလန်ကြဲနေသော ဆံပင်များ၊ ဂနာမငြိမ် ဟိုကြည့် ဒီကြည့်နှင့် ပခုံးမှ လာနားသော ယင်ကောင်ကို လိုက်ဟပ်နေသည်မှာ တကယ့်ခွေးတစ်ကောင်ပမာ။ မြင်ရသည်ပင် ရင်နာစရာ ကောင်းလှ၏။

"မမစိမ်း"

စန္ဒာနှင့် သီတာ အပြေးလေးရောက်လာပြီး ငိုပါသည်။

စန္ဒာနှင့် သီတာ ခွင့်တစ်ပတ်စီ ယူထားကြမှန်း မနေ့ကမှ သူ သိရ၏။

တွေတွေထူးထူး သူ မစဉ်းစားမိ။ တစ်နေရာရာသို့ သွားစရာရှိ၍ ခွင့်ယူကြသည်ဟုပင် သူ တွေးလိုက်၏။





"ကိုကို့ကို ကြည့်ပါဦး မမစိမ်းရယ်"

"သားရယ် ... အမေ မချိတော့ဘူး သား"

ကိုချမ်းက မလှမ်းမကမ်းမှာရှိနေကြသော အမေ၊ ညီမများနှင့် စိမ်းတို့အား မှတ်မိသိရှိနိုင်စွမ်းသည့် ပင်ကိုစိတ် မရှိတော့ပါပြီ။

"ဝူး ... ဝူး ... ဝူး ... အီး"

ခွေးလို အော်လိုက်၊ ရုန်းလိုက်နှင့် ကြိုးနှင့်တုပ်ထားသောနေရာများမှ အသားနီများပင် လန်ကာ သွေးခြင်းခြင်းနီနေလေသည်။

ဒေါ်အေးနုနှင့် စန္ဒာတို့ ညီအစ်မမှာ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ရင်ကွဲပက်လက် ငိုရှိုက်ရင်း ခပ်လှမ်းလှမ်းမှ မချိတင်ကဲဖြစ်လှစွာ ကြည့်နေရုံမှတစ်ပါး ဘာမှလုပ်၍ မရတော့ချေ။

"မနေ့ကထက် ပိုဆိုးလာတယ်"

"အနား လုံးဝမကပ်နဲ့နော် လှမ်းကိုက်လိမ့်မယ်"

"ဟော ... အမြှုပ်တွေ တစီစီ ထွက်နေပြီ"

ကိုချမ်းမှာ တစ်အားရုန်း တစ်အားအော်ထားသမျှ မောပန်းကာ ပျော့ပျော့ခွေခွေနှင့် မှိန်းနေရင်းမှ အမြှုပ်များ ပါးစပ်မှ တစီစီထွက်ကာ မပီမသသောအသံများဖြင့် တစ်ချက် အော်နေသေးသည်။ နံဘေးမှ လူတွေကလည်း တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ စိမ်းမှာ ကိုချမ်းကို ကြည့်ရင်း ယူကျုံးမရစိတ်များ အလိပ်လိပ်တက်လာပါတော့သည်။ အဆိပ်ပိုးများက ဦးနှောက်အထိ ပျံ့နေပါပကော ကိုချမ်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... တစ်ချိန်က ချစ်ခဲ့ဖူးသော၊ လက်ထပ်ပေါင်းသင်းခဲ့ဖူးသော ကိုချမ်း၊ ကျေးဇူးရှင်များအပေါ် အထင်အမြင်လွဲမှားကာ လမ်းမှားလိုက်သွားသော ကိုချမ်း။ အမှားကိုသိ၍ နောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့် အောက်အောက်ကျို့ကျို့ ဝန်ချတောင်းပန်နေပုံများ။

ဇနီးနှင့် သမီးကို တိတ်တခိုး ချောင်းကြည့်ကာ မိမိဘဝကို ဈေးရောင်းသမားအဖြစ်နှင့် မထင်မရှားနေကာ ဝေဒနာကို ဖြေသိမ့်ခဲ့ပုံများ။

မိမိနှင့် မေမေ့ကို ဓားပြများလက်မှ ကယ်တင်ခဲ့ပုံများ။

သမီးကို ခွေးရူးရန်မှ စွန့်စွန့်စားစား ကာကွယ်ခဲ့ပုံများ။ စသည် စသည်တို့က ပုံရိပ်ထင်ကာ တစစ ပီပြင်လာရသည်နှင့် စိမ်းမျက်ဝန်းမှ မျက်ရည်များကလည်း တားမရ ဆီးမရ ကျလာပါတော့သည်။

"ကိုချမ်းရယ် ... စိမ်း ဘာလုပ်ပေးရမလဲရှင်"

ခေါင်းစိုက်ကာ မှိန်းနေသလား၊ အိပ်ပျော်နေသလား၊ မောပန်းနွမ်းနယ်နေသလားပင် မသိနိုင်သော ကိုချမ်းအား စိမ်းက ကြင်နာစွာ ငေးကြည့်နေမိ၏။

"ကိုချမ်းရယ် အဖြစ်ဆိုးလိုက်တာကွယ်"

"သမီး"

"ရှင် ... ဒေါ်လေး"

"သားလေးအတွက် ဘဝကူးကောင်းအောင် အမေ ဘုန်းကြီးတွေပင့်ပြီး ကောင်းမှုလေးတစ်ခု လုပ်လိုက်ချင်တယ်ကွယ်"





"အို ... လုပ်ပါ ဒေါ်လေးရယ်၊ အမြန်ဆုံးလုပ်ပါရှင်၊ အခုသူ ငြိမ်နေတယ်နော်၊ သတိရနေသလား မသိဘူး ဒေါ်လေးရယ်၊ ကိုချမ်းရယ် ကိုချမ်း၊ စိမ်းလေ ... စိမ်းကို သိတယ်နော်"

စိမ်းက အနီးဆုံးသို့ တိုးသွားကာ ခေါင်းငိုက်နေသော ကိုချမ်းကို ခေါ်လိုက်သည်။

ကိုချမ်းက ဟိုဟိုဒီဒီကြည့်ပြီးမှ ...

"ဝူး ... အူး ... အူး ... ဝူး ... အီး ... အစ်"

အော်လိုက် ရှုန်းလိုက်နှင့် အသိဉာဏ်များ ပျောက်ဆုံးကုန်ပါပကောလား ကိုချမ်းရယ်။ မကြာမီ သံဃာတော်များ ကြွလာပါသည်။

ကိုချမ်းကား အသက် မျှဉ်းမျှဉ်းရှူ၍ ငြိမ်သက်နေ၏။ ဝေဒနာကြောင့် နွမ်းလှပေပြီ။ မလှမ်းမကမ်းမှ သီလပေးနေသော အသံ၊ ပရိတ်တရားတော်အသံများကို နားထောင်လျက် ကိုချမ်း ခေါင်းငိုက်စိုက်ကျနေလေသည်။

တရားကျ၍ ထုလိုက်သော ကြေးစည်သံနှင့်အတူ ကိုချမ်း၏ အသိအာရုံများသည် အဝေးသို့ လွင့်လွင့်မျောမျော ထွက်ခွာသွားကြပါပြီတည်း။

"အမယ်လေး ... သားရယ်"

"ကိုကို့ရဲ့"

သံဃာတော်များ ပြန်ကြွပြီးချော့ အသက်မဲ့ ငြိမ်သက်နေသော ကိုချမ်း၏ ကိုယ်ခန္ဓာအား အမြန်ဆုံး သန့်ရှင်းစင်ကြယ်စေအောင် ဝိုင်းဝန်းလုပ်ဆောင်ကြပါတော့သည်။ ထမင်းမှုန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ၊ တင်းမှန်းမသိသောဘဝဖြင့် ဝေဒနာခံစားနေရရှာသော ကိုချမ်း၏ ပိန်လှီနေသော ခန္ဓာကိုယ်က မွဲမွဲခြောက်ခြောက် အရိုးငေါ်နေလေသည်။ စိမ်းမှာ တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ကိုင်နေကြသူများကြားမှ ကိုချမ်းကို မျက်တောင်မခတ် ငေးကြည့်နေမိပါသည်။

ကိုချမ်းရယ် ဆိုးရွားတဲ့ အဖြစ်မျိုးနဲ့ကို ဆုံးရပါလားနော်။

ခုတော့လဲ အားလုံးကို အရှုံးပေးပြီး ထွက်ပြေးသွားပြီလား ကိုချမ်းရယ်။

ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အိပ်ပျော်နေသလိုပါလားရှင်။

အလောင်းစင်နံ့ဘေးက စိမ်း တစ်ယောက် ကိုချမ်းအား မမှိတ်မသုန် ကြည့်နေပါသည်။

"အဲဒါ ... သူ့မိန်းမလေ၊ လင်မယား ကွဲနေတာ"

"ကိုချမ်း ဖောက်ပြန်သွားလို့ ပြတ်သွားတာ"

"ခုတော့လဲ သံယောဇဉ် ရှိသားပါလား၊ လာရှာတယ်နော်"

"ကိုချမ်းကို ကိုက်တဲ့ခွေးရူးက သူ့သမီးကို မကိုက်မိအောင် သူ ဝင်ပြီးကယ်လို့ ဖြစ်ရတာတဲ့"

"အို ... ဖြစ်မှ ဖြစ်ရလေကွယ်"

သူများတွေ ဘာပဲပြောပြော စိမ်း ဂရုမစိုက်နိုင်ပါ။

ကိုချမ်းရယ် အခုလိုဖြစ်တာ စိမ်း ကြောင့်များလား ရှင်။

အို ... စိမ်း မတွေးရဲပါဘူး။

"ကျေးလူရှင်တွေပြစ်မှားမိလို့ ကိုချမ်း အပြစ်ထိတာ သိလား"





"စိမ်းတို့က သိပ် သဘောကောင်းတာ"

"ကိုချမ်းက ဘဝ မေ့သွားတာကိုး"

"ခုလို ဖြစ်သွားရတာလဲ သနားမိပြန်ရော"

တစ်ယောက်တစ်မျိုး တိုးတိုးတိုးတိုးနှင့် ဝေဖန်နေကြပါတော့သည်။

စိမ်းမှာတော့ မျက်ရည်ကျရင်း ကိုချမ်း၏ စကားများကို ပြန်လည် ကြားယောင်နေမိပါတော့သည်။

"မောင် တောင်းပန်ပါတယ်နော်၊ စိမ်းတို့ဆီ မောင် လာခဲ့ပါရစေနော်"

"မောင် ထပ်ပြောမယ်၊ စိမ်းကို မကျေမချင်း နောက်ဆုံး ထွက်သက်အထိ တောင်းပန်သွားမှာပါပဲ"

"စိမ်းလက်နဲ့ မောင့်ကို သတ်လိုက်ပါကွာ၊ မောင် အသေခံရဲပါတယ်"

"အဖမဲ့သမီး ဟုတ်လား၊ စိမ်း ... စိမ်းရယ်"

"စိမ်းနဲ့မောင် တရားဝင် မကွာရှင်းရသေးပါဘူးကွာ"

"မောင်လေ ... စိမ်းကို ဘယ်နည်းနဲ့မှ အဆုံးအရှုံး မခံနိုင်ပါဘူးဗျာ"

"စိမ်းရယ် ဘယ်လိုမှ တောင်းပန်လို့ မရတော့ဘူးလားဟင်"

"ဟင့်အင်း ... စိမ်း အဲဒီလိုဖြစ်သွားတာ မောင် လုံးဝ ယုံနိုင်ဘူး"

"မောင့်ကို ခွင့်လွှတ်ပါ၊ သနားပါ စိမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းမေချမ်း

အသက် ၂၉ နှစ်

နီရဲသော နှင်းဆီပွင့်ကားကားများက ရဲရဲစိုစိုနှင့် တောက်ပလွန်းလှ၏။

အုတ်ဂူလေးပေါ် ပန်းစည်းကိုအသာချရင်း စိမ်းနှင့် သမီးက ထိုင်၍ ကန်တော့လိုက်ကြသည်။

သမီးလေးက မိခင် ကန်တော့သလို လိုက်၍ ကန်တော့၏။

စိမ်းက ကန်တော့ပြီး လက်အုပ်ချီလျက်က တိုးတိုးလေး ပြောနေမိပါသည်။

"ကိုချမ်းရယ် အတုံ့အလှည့်တွေ၊ ဝဋ်ကြွေးတွေ ရှိခဲ့ရင် ဒီဘဝ ဒီမျှနဲ့ပဲ ကျေပါစေတော့လို့ စိမ်း ဆုတောင်းပါတယ်ရှင်။

စိမ်းတို့လဲ ကိုချမ်းအပေါ် ခွင့်လွှတ်ပါတယ်။ ပြေချိန်တန်လျက်နဲ့ မပြေနိုင်တဲ့ စိမ်းတို့ရဲ့ အမှားအတွက်လဲ ခွင့်လွှတ်ပါလို့ စိမ်း အနူးအညွတ် ရှိခိုးတောင်းပန်ပါတယ် ကိုချမ်းရယ်။

ဘဝဆက်တိုင်း ဒီလို ဆိုးရွားလွန်းတဲ့ အဖြစ်မျိုးနဲ့ ကိုချမ်း ဘယ်တော့မှ မကြုံပါစေနဲ့တော့ရှင်။

ကိုချမ်းအတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးပါ့မယ် ကိုချမ်းရယ်။

ရောက်ရာဘဝက သာဓု ခေါ်ပေတော့နော်"

ဖြူဖွေးသော အုတ်ဂူလေးက တစ်ခု။ ထိုအပေါ်မှ နှင်းဆီနီနီရဲရဲကလေးက တစ်စည်း။ နံဘေးမှာတော့ ဖွေးနု ဖူးဥ





နေအောင် လှလွန်းပါသော မျက်နှာနွမ်းကလေးနှစ်ခုက မြင်ရသူတိုင်း ရင်ထဲ ဆွတ်ဆွတ်ကျဉ်ကျဉ်နှင့် နင့်နင့်ဆို့ဆို့မျှ ခံစား ကြရမည်မှာ မလွဲပါတည်း။

လေတစ်ချက်အဝှေ့မှာ အပင်ပေါ်မှ အရွက်တချို့ ဝဲခနဲ ကြွေကျလာကြသည်။

ကြွေချိန်တန်လို့ ကြွေသည်ပဲလေ။

ကြွေချိန်မတန်ဘဲနဲ့ အကြွေစောသွားရလေသူ ကိုချမ်းအဖို့မှာတော့ ... အုတ်ဂူနံဘေးမှာ လက်တွဲကာ ရပ်နေကြသော စိမ်းနှင့် သမီးလေးတို့၏ အသွင်က လွမ်းမော ကြေကွဲစရာ ကောင်းသော ပန်းချီကားတစ်ချပ်ပမာသာတည်း။

ရှင်လန်းချမ်းမြေ့ကြပါစေ

စာရှုသူများရဲ့ မေတ္တာရိပ်မြဲ

ခင်သူဇာ



www.burmeseclassic.com